
www.burmeseclassic.com

# သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ အမှတ်(၁၇)

# ဝမ်ခသစ် ဖေါ် ကော်မူးရာ
# စခန်းသိမ်းတိုက်ပွဲကြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ

အမှတ် (၁၇)

BURMESE CLASSIC

# ဝမ်ခသစ် ခေါ် ကော်မူးရေ

# စခန်းသိမ်းတိုက်ပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဝမ်ခသစ် ခေါ် ကော်မူးရာ စခန်းသိမ်းတိုက်ပွဲကြီး


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| ၁။ | ကော်မူးရာနိဒါန်း | ၁၇ |
| ၂။ | ကော်မူးရာတိုက်ပွဲကြီး | ၃၉ |
| ၃။ | ကရင်ပြည်နယ်သားတစ်ဦး၏ | ၁၄၄ |
| | ကေအင်ယူအယ်လ်စာအုပ်မှ ကောက်နုတ်ချက်များ | |
| ၄။ | တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ | ၂၄၇ |
| ၅။ | နောက်ဆက်တွဲဖော်ပြချက်များ | ၂၈၈ |
| ၆။ | နိဂုံးချုပ်ဖော်ပြချက် | ၃၆၅ |


## စာရေးသူ၏အမှာ

လက်ရှိဒီမိုကရေစီအစိုးရ၏ ဖြေလျှော့ပေးမှုကြောင့် ဂာပေမူဝါဒများ ပြောင်းလဲလာခဲ့လေသည်။ အရင်ကလို ဘင်းကြပ်မှုများ မရှိတော့။

ထိုအခါ ကျွန်တော်၏ ထုတ်ခွင့်မရခဲ့သော KNU နှင့်တိုက်ခဲ့သည့် တိုက်ပွဲစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ထွက်လာ၏။

ပထမက မဲသဝေါတိုက်ပွဲ
ဒုတိယက မြဝတီတိုက်ပွဲ
တတိယက အင်းစိန်တိုက်ပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ KNU ဗဟိုကို သိမ်းသည့် မာနေပလောတိုက်ပွဲကြီး။

စာအုပ်များမှာ တကယ့်ဖြစ်ရပ်မှန် စစ်မှတ်တမ်းများဖြစ်ရုံမက ကျွန်တော် တစ်ယောက်တည်းသာ မဟုတ်ဘဲ ထိုတိုက်ပွဲများတွင် ပါဝင်ခဲ့သူ အသီးသီးမှ ပိုင်းဝန်းရေးသားကြရာ ရှုထောင့်အဖုံဖုံမှ သုံးသပ်ရေးသားကြသဖြင့် အတော်ပင် ဝေဝေဆာဆာဖြစ်ခဲ့ပါသည်။ စာဖတ် ပရိသတ်ကြီးမှ ထိုစာအုပ်များကို တစ်ခဲနက် အားပေးကြရာ အကြိမ်ကြိမ်ပြန်လည် ရိုက်နှိပ်ခဲ့ရပါသည်။

KNU နဲ့တိုက်သည့် တိုက်ပွဲစာအုပ်များ အဆက်မပြတ် ထွက်လာတော့ မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများက ...

"ကိုသောင်းဝေဦး လုပ်လှချည်လား။ KNU နဲ့တိုက်တဲ့ တိုက်ပွဲစဉ်တွေက မကုန်သေးဘူးလား" ဟု မေးလှာကြသည်။

ဟုတ်ကဲ့။

မကုန်သေးပါဘူးခင်ဗျာ။ ကျန်ပါသေးတယ်။

မြန်မာနိုင်ငံအလယ်ပိုင်း ရှမ်း၊ ကယား နယ်စပ်မှ



သည့် ကော့သောင်း၊ ရနောင်းနားအထိ KNU စခန်းတွေ တန်းစီနေတာပါ။ အဲဒီတိုက်ပွဲတွေ တစ်ပွဲပြီး တစ်ပွဲ ရေးနေခင်ကိုပဲ စာအုပ် ၂၀ အစိတ် သုံးဆယ် ဖြစ်လာပါလိမ့်မည်။

အခုလည်း KNU ရဲ့ နောက်ဆုံးခံစစ်စခန်းကြီးဖြစ်တဲ့ ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီးကို မြန်မာ့တပ်မတော်က တိုက်သိမ်းတဲ့ တိုက်ပွဲကြီးအကြောင်းကို ကျွန်တော်ကိုယ်တိုင် မြေပြင်ဆင်းကြည့်ပြီး ရေးလိုက်ပါပြီ။

ရေးဖြစ်တဲ့အကြောင်းလေးလည်း နည်းနည်း ပြောချင်ပါသည်။

ယခုနှစ် နှစ်စ ဖေဖော်ဝါရီလက မြဝတီမြို့မှ စာပေဟောပြောပွဲ ဖိတ်၍ သွားပြီးဟောပြောခဲ့သည်။ ဘားအံမြဝတီက ကားတွေ တစ်ရက်တက် တစ်ရက်ဆင်း Alternate လုပ်ရသည်။ ဒေါနတောင်တက်လမ်းက အတက်အဆင်း ရှောင်တိမ်းရ အလွန်ခက်၍ ယခုကဲ့သို့ စီစဉ်သွားခြင်း ဖြစ်သည်။ ကားအတက်အဆင်း ကိစ္စကြောင့် ဟောပြောပွဲအပြီး မြဝတီမှာ တစ်ရက်နားလိုက်ရသည်။ အားနေသည်။

ထိုအခါ မြဝတီစာပေနဲ့ စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



နဲ့အဖွဲ့ဝင်များက ...

''အဘ တစ်ရက်အားတာ ဘာလုပ်ချင်သလဲ'' ဟု မေးလာ၏။

''အနီးအနားက တပ်စခန်းတွေ သွားကြည့်ချင်တယ်''

''ဘယ်သွားကြည့်ရင်ရမလဲ။ ဖြစ်နိုင်ရင် မြဝတီမြောက်ဘက်ပေါ့''

ဘယ်စခန်းကြည့်လို့ရမလဲဆိုတာ သူတို့လည်း ရေရေရာရာတော့ မပြောနိုင်ကြ။

ထို့ကြောင့် ထုံးစံအတိုင်း တပ်ကို လှမ်းဆက်ရသည်။ သဃ်နန်းညီနောင် အခြေချ စစ်ဗျူဟာကို ဆက်သွယ်လိုက်သည်။ ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးခိုင်မှာ ကျွန်တော် တပ်မ (၃၃) မှာ ဗျူဟာမှူးနဲ့ နေခဲ့စဉ်က ရင်းနှီးဖူးသည်။ ထိုစဉ်က သူက ခလရ (၇၆) မျက်ပါးရပ်တပ်ရင်းက ဖြစ်လေသည်။ လိုတာ ကူညီပါမည်။ စခန်းတွေလည်း အကြောင်းကြားပေးမည်။ Staff တစ်ယောက်လည်း ထည့်ပေးပါမည်ဟု အကြောင်းပြန်လာ၏။

''ကဲ ... ဒါဆိုရင်လည်း သွားကြတာပေါ့။



ခရောက်သလောက်ပေါ့''

နောက်တစ်နေ့တွင် မြဝတီခရိုင် အုပ်ချုပ်ရေးမှူးဒုမှူးကြီးတင့်ဝေသုန် (ငြိမ်း)၏ စီစဉ်ပေးမှုဖြင့် ရွှေ မြန်မာကားသင်းမှ ကားတစ်စီးငှား၍ စာပေဥက္ကဋ္ဌကိုသက်ဦးနှင့်အတူ နေ့ခင်းတွင် ထွက်ခဲ့ကြ၏။ သဃ်နန်းညီနောင် ဗျူဟာခင် သတင်းပို့တော့ ဗျူဟာမှူးက ခရီးထွက်နေသည်။ ဦးစီးအရာရှိ ဗိုလ်ကြီး သိန်းဇော်ထွန်းတစ်ဦးတည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါလာ၏။

''ကဲ ... ဗိုလ်ကြီး ဘယ်အထိသွားကြမလဲ။ အချိန် သိပ်မရှိတော့ နီးနီးနားနားပေါ့''

''ဒီနားမှာ အနီးဆုံးကတော့ ဝမ်ခသစ်လို့ခေါ်တဲ့ ကော်မူးရာစခန်းကြီး ရှိပါတယ်။ အဲဒီသွားကြတာပေါ့ခင်ဗျာ။ ဆယ်မိုင်ကျော်ကျော်ပါပဲ''

''ကောင်းတယ်လေ။ သွားကြတာပေါ့''

ကော်မူးရာ အသံကြား၍ ကျွန်တော် ဝမ်းသာသွားသည်။ မာနေပလောပြီးတော့ ကျွန်တော်တို့တစ်တွေ KNU က ဘယ်တော့မှ မကျဘူးဆိုတဲ့ ကော်မူးရာကို တိုက်ခဲ့သည်။ မာနေပလောကျပြီး တစ်လခန့်အကြာ ၁၉၉၅



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာ ကော်မူးရာကို သိမ်းနိုင်ခဲ့သည်။ တကယ်တော့ ကျွန်တော်တို့ တပ်တွေက မာနေပလောတိုက်ဖို့ စီစဉ်ကတည်းက ကော်မူးရာ စခန်းကြီးကို ကြိုပြီး ထိန်းတိုက်နေပါပြီ။ မာနေပလောကို သွားမကူနိုင်အောင်ပါ။

ကျွန်တော့်ခရီးစဉ်လေးကို ဆက်ပါဦးမည်။

ကျွန်တော်တို့သည် နေ့လယ်တစ်ချက်ခွဲလောက်တွင် သယ်န်းညီနောင်မှ ထွက်ခဲ့ကြ၏။ ပထမဆုံး ဝေ့ရှမ်းရွာကြီး ရောက်သည်။ ဝေ့ရှမ်းကား ဂုံရှမ်းလူမျိုးတို့နေသော ရွာကြီး ဖြစ်၏။ ဂုံရှမ်းတွေကား ကျိုင်းတုံ ရှမ်းတွေဖြစ်။ သူတို့သည် ထိုင်းနိုင်ငံ ဇင်းမယ်ရှမ်းနှင့် မျိုးတူ၊ စကားတူ၊ စာပါ တူကြပါသည်။ အသားဖြူပြီး ရုပ်တွေကလည်း ချောကြ လှကြ၏။ ဒီရွာကြီးမှာ ၁၉၉၅ ခုနှစ် မတ်လ လောက်တုန်းက ဗျူဟာမှူးဘဝ တပ်ရင်းတစ်ရင်းနှင့် လေးငါးဆယ်ရက် ခဏနေခဲ့ဖူးပါသည်။

ဝေ့ရှမ်းကျော်တော့ မဲပလဲ။ ၁၉၇၄ ခုနှစ် မြဝတီတိုက်ပွဲကာလက KNU နဲ့ PDP အင်အားလေးငါးရာ ဝင်တိုက်သွားတဲ့ ရွာကြီး။ ယခုတော့ အေးချမ်းနေပါပြီ။





လမ်းများမှာ ဟိုတုန်းကလို ကျောက်ခင်းလမ်းမဟုတ်။ ကတ္တရာလမ်းတွေ ဖြစ်နေပါပြီ။ တစ်လမ်းလုံး လမ်းပြင်တဲ့အဖွဲ့၊ ကတ္တရာလောင်းတဲ့အဖွဲ့များကို တွေ့နေရသည်။ လမ်းတွင် ထီးချားရားရွာကြီးကို ဖြတ်ပြီး သိပ်မကြာမီမှာပင် သောင်ရင်းမြစ်ကို နောက်ခံထားသည့် ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီးကို ရောက်ပါတော့သည်။

စခန်းထိပ်၌ ဘုရားတစ်ဆူ။ ထို့နောက် အမှတ်တရကျောက်စာတိုင်များ တွေ့ရသည်။ စခန်းဝ၌ စခန်း တာဝန်ခံ အရာရှိလေးမှ ဆီးကြိုနေသည်။ တမျှော်တခေါ် မြင်နေရသည့် ကော်မူးရာစခန်းကြီးကို တစ်နာရီကျော် လှည့်လာခွင့်ရခဲ့သည်။ KNU တို့၏ ခံစစ်ယူထားပုံကို မျက်ဝါးထင်ထင်မြင်တွေ့ခွင့် ရခဲ့သည်။ စခန်း အခြေအနေနှင့် မြေပြင်အခြေအနေကို မျက်ဝါးထင်ထင် မြင်ပြီးသည်နှင့် **“အင်း ... ဒီကော်မူးရာတိုက်ပွဲကြီးတော့ ရေးမှ ရမယ်”** ဟု ဆုံးဖြတ်ခဲ့ပါသည်။ ကော်မူးရာမှအထွက်တွင် စခန်းဝ၌ မှတ်တမ်းတင်ဓာတ်ပုံများပါ ရိုက်ခဲ့၏။ အပြန်တွင် DKBA စောချစ်သူ၏ နာမည်ကျော် ရွှေကုက္ကိုကိုလည်း ခဏ ဝင်ခဲ့သည်။ ရွှေကုက္ကိုကား တကယ့်မြို့ကြီး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေပြီ။ သပ်ရပ်သန့်ရှင်း၍ လျှပ်စစ်မီးများပါ ထိန်လင်းနေပြီး ကတ္တရာလမ်းများဖြင့် သွားလမ်းလာလမ်း လွယ်ကူလှရာ တောကြိုအုံကြား၌ မြို့ကြီးတည်ထားသည်မှာ တကယ့်အံ့တစ်ပါးပါပေ။ စောချစ်သူကို ချီးကျူးမိပါသည်။

ထိုနေ့က ညနေ ငါးနာရီလောက် မြဝတီ ပြန်ရောက်သည်။ ကော်မူးရာတိုက်ပွဲကြီးကို ရေးရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ရန်ကုန်ပြန်ရောက်တော့ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ စုရတော့၏။ ဘယ်က မှ လွယ်လွယ်ကူကူ မရပါခင်ဗျာ။ ရတခအပါအဝင် တိုင်းတပ်မများကို စာရေးအကူအညီတောင်းကြည့်၏။ စစ်ကျောင်းကြီးတွေကို အကူအညီတောင်းကြည့်၏။ လိုက်လိုက်လှဲလှဲ ကူညီသူတစ်ဦးမှ မရှိပါ။ စာရွက်စာတမ်းတွေ ပေးရမှာ ကြောက်နေကြသလားတော့ မပြောတတ်။ နောက်ဆုံးတော့ ကော်မူးရာကို တိုက်ခဲ့သည့် ကျိုက်ထိုရှိ တပ်မ (၄၄) ကို လှမ်းဆက်သွယ်တော့ လာခဲ့ပါ ကူညီနိုင်တာ ကူညီပါမယ်ဟု အကြောင်းပြန်လာသည်။ သို့ဖြင့် မတ်လ နောက်ဆုံးပတ်တွင် ကျိုက်ထိုတပ်မ (၄၄) သို့ တစ်ညအိပ်သွားရောက်ကာ အချက်အလက်များ စုဆောင်း



ရယူခဲ့သည်။ တပ်မမှူး ဗိုလ်မှူးချုပ် ခင်မောင်သန်းမှာ ပိန္နဲ့တော လေးကေဘက်ရောက်နေသဖြင့် ဖုန်းဖြင့် စကားပြောခဲ့ရသည်။ ကျေးဇူးတင်ကြောင်း အဓိကပါပေ။ တပ်မဌာနချုပ်တွင်ရှိနေသည့် ဂျီဝမ်း ဒုဗိုလ်မှူးကြီးအောင် ကိုလတ်နှင့် ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ထွန်းမြင့်တို့ ဦးစီးသည့် တစ်ဖွဲ့လုံးက ဧည့်ဝတ်ကျေကြသဖြင့် အားနာခဲ့ရပါသေးသည်။

ကျိုက်ထိုက ပြန်ရောက်ပြီးနောက် စာရွက်စာတမ်း အထောက်အထားများ ထပ်ရှာရ စုရသေးသည်။ တစ်လကျော်ကြာမှ ဟိုကရ ဒီကရနဲ့ အားလုံးပေါင်းလိုက်ရာ စာအုပ်တစ်အုပ်ဖြစ်လောက်သည့် အနေအထား ရောက်လာသဖြင့် ဂျီဝမ်ခသစ် ခေါ် ကော်မူးရာစခန်းသိမ်း တိုက်ပွဲကြီးအကြောင်းကို ကြိုးစားရေးသားတင်ဆက် လိုက်ပါသည်။ လွယ်လွယ်ကူကူနှင့် ဤစာအုပ်ဖြစ်လာခြင်း မဟုတ်ကြောင်းကို စာရှုသူများ သိသာနိုင်ပါရန် အမှာစာအား အတော်ရှည်ရှည်လျားလျား ရေးသားလိုက်ခြင်း ဖြစ်ပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၁၂/၄/၂၀၀၄

www.burmeseclassic.com

# အခန်း (၁)

## ကော်မူးရာနိဒါန်း

ကော်မူးရာဆိုသည်မှာ

၁၉၉၂ ခုနှစ် နှစ်စ ကျွန်တော် နည်းဗျူဟာမှူး ခြ်လျှင် ဖြစ်ချင်းပင် KNU ဗဟို မာနေပလောကို တောင်ဘက်မှနေပြီး ဝင်တိုက်ခဲ့ရသည်။

အနောက်ဘက်က တပ်မ (၆၆) က ဗျူဟာ ၂ ဖြင့် ပွိုင့် ၄၀၄၄ ခွေးအိပ်တောင်ကို တိုက်နေသည်။ အချိန်အတော်ကြာနေပြီ။ မရသေး။ ထို့ကြောင့် စစ်ရုံးက



www.burmeseclassic.com

www.burmeseclassic.com



စစ်မျက်နှာနှစ်ဖက် ဖွင့်ရန် စီစဉ်၍ ဗိုလ်မှူးချုပ် လှရွှေ ဦးစီး တပ်မ (၃၃) မှ ဗျူဟာ ၂ ခုကို တပ်ရင်း ၆ ရင်းနှင့် တောင်ဘက်မှ သွင်းသည်။

ကျွန်တော် ဦးစီးသည့် နည်းဗျူဟာ (၃၃၁) နှင့် တပ်ရင်း ၃ ရင်း၊

ဗိုလ်မှူးကြီးသန်းပို ဦးစီးသည့် နည်းဗျူဟာ (၃၃၃) နှင့် တပ်ရင်း ၃ ရင်း။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလ သင်္ကြန် အပြီးထိ ၂ လကျော်ကြာအောင် ဘိနုနော်တ အူမူခီး ကြယ်ပြောင်ကုန်းတို့အား အပြင်းအထန် ဝင်တိုက်ကြသည်။ အကျအဆုံးများလှ၏။ အပြင်းအထန် ထိုးစစ်ကြီး ဆင်နွှဲ နေစဉ်မှာပင် နိုင်ငံခေါင်းဆောင် အပြောင်းအလဲကြောင့် ကျွန်တော်တို့ ထိုးစစ်ကို ရပ်ခဲ့ရ၏။

အထက်အမိန့်အရ တပ်တွေ ပြန်ရုပ်ခဲ့ရသော်လည်း အောင်မြင်မှုရခါနီးမှ တပ်တွေ ပြန်ခေါက်ခဲ့ရသဖြင့် တောက်တခေါက်ခေါက်နှင့် မကျေမနပ်ဖြစ်ခဲ့ရသည်။

နေနှင့်ဦးပေါ့ကွာ။ မကြာခင် ပြန်တွေ့ကြဦးမှာပါ။

စိတ်ထဲမှာ မှတ်ထား တေးထားခဲ့သည်။





ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြရဦးမည်။

သည်းခံပြီး စောင့်နေမည်။

သုံးနှစ်စောင့်လိုက်ရသည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီတွင် ကျွန်တော်နှင့် နည်းဗျူဟာ (၃၃၁) တပ်ရင်းများ သထုံ ဖာပွန် ရိက္ခာပို့ ကိစ္စ ဆောင်ရွက်နေစဉ်မှာပင် မာနေပလောစခန်းကြီး၏ အနောက်ဘက် ခံစစ်စည်း ခွေးအိပ်တောင်ဒေသသို့ အမြန် ချီတက်ရန် ညွှန်ကြားချက်ရတော့သည်။ ဇန်နဝါရီ တတိယ ပတ်တွင် ဖြစ်၏။

ခွေးအိပ်တောင်ကို အပြင်းချီတက်သွားသည်။

တောင်ထိပ်ပေါ်၌ ရတခ တိုင်းမှူး ဗိုလ်ချုပ် ဘက်စိန်နှင့် အမြောက်နဲ့ သံချပ်ကာယန္တရားကျောင်း၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး လွန်းသိတို့ ရှိနေကြသည်။

တပ်မ (၆၆) နှင့် **DKBA** များက မာနေပလောကို အနောက်ဘက်မှ အပြင်းအထန် ဝင်တိုက်နေကြသည်။ တပ်မ (၂၂) နှင့် ကျန် **DKBA** များကလည်း တောင်ဘက်မှ ဗျူဟာသုံးခုနှင့် အလုံးအရင်းနှင့် ကျွန်တော်တို့ မရခဲ့သည့် ဘိနု၊ နော်တ အူမူခီး၊ ကြယ်ပြောင်ကုန်းတို့အား အတင်း



www.burmeseclassic.com

www.burmeseclassic.com



တရကြမ်း ဝင်တိုက်နေသည်။ ပမာဆိုသော် ဒုတိယကမ္ဘာစစ်က ဘာလင်မြို့သိမ်းတိုက်ပွဲကြီး ဆင်နွှဲနေသည့် အိုက်စစ်ဟောင်ဝါ ဦးစီး မဟာမိတ် စစ်ကြောင်းကြီးများနှင့် ဇူးကော့ ဦးစီး ရုရှား ဆိုဗီယက်စစ်ကြောင်းကြီးများနှယ်ပါပင်။ မာနေပလောကို နှစ်ဖက်ညှပ်၍ တိုက်နေကြသည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မာနေပလောစခန်းကြီး ကျသွားပါတော့သည်။ တပ်မ (၆၆) နှင့် တပ်မ (၂၂) တို့ မာနေပလောမှာ သွားဆုံကြသည်။

ရတခ တိုင်းမှူး ဗိုလ်ချုပ် ကက်စိန်က စစ်ဆင်ရေးကို အနီးကပ် ကြီးကြပ်နေခဲ့ခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီး လွန်းသီက အမြောက်လက်နက်ကြီးများအား ကိုယ်တိုင် အနီးကပ် ကြီးကြပ်၍ KNU ဗဟို မာနေပလောကို ထိန်းချုပ် ပစ်ခတ်နေခြင်း ဖြစ်သည်။

၁၉၉၂ ခုနှစ်က သိမ်းမရခဲ့သော KNU ဗဟို မာနေပလောစခန်းကြီးကို ကျွန်တော်တို့ ရပြီ။ နောက်ထပ် ဒီလိုစခန်းကြီးတွေ KNU မှာ ရှိသေးသလား၊ ကျန်သေးသလား၊ တိုက်စရာလိုသေးသလား။

ရှိပါသေးတယ်ခင်ဗျာ။ ဒီလိုစခန်းကြီးမျိုးရှိပါသေးတယ်။





အဲဒီစခန်းကြီးကတော့ KNU ဗဟိုမာနေပလောလို အလွန်ကြီးကျယ်ပြီး KNU တွေက ဘယ်တော့မှ အစိုးရလက် မကျစေရဘူးလို့ ကြွေးကြော်ထားတဲ့ ဝမ်ခသစ်လို့ ခေါ်တဲ့ ကော်မူးရာစခန်းကြီးပါခင်ဗျာ။

ကော်မူးရာ ခေါ် ဝမ်ခသစ်စခန်းကြီးက မြဝတီမြို့ရဲ့ မြောက်ဘက် ၁၀ မိုင်ကျော်ကျော်လောက်မှာပါ။ သောင်ရင်းမြစ်ရဲ့ ၅ဝ အိုမီဂါပုံသဏ္ဌာန် အကွေ့လေးထဲမှာ ခံစစ်တည်ဆောက်ထားတာပါ။ သောင်ရင်းမြစ်ကို ထိုင်းမြန်မာ နယ်နိမိတ်အဖြစ် သဘာဝတရားက ဖန်တီးပေးထားတာပါ။ ဒေါနတောင် တောင်ခြမ်း ပွိုင့် ၆၈၂၃ မူလရစ်တောင်ခြေ တနဲလေး မောခီးဒေသမှ မြစ်ဖျားခံသော ထိုင်းအခေါ် မိုးအိမြစ် မြန်မာအခေါ် သောင်ရင်းမြစ်သည် ထူးထူးဆန်းဆန်း တောင်မှမြောက်သို့ ပြောင်းပြန်စီးလေသည်။ ထိုင်းနှင့်မြန်မာတို့က သောင်ရင်းမြစ်ကို သဘာဝကပေးသော နယ်နိမိတ်ဟု မှတ်ယူကြ၏။ သောင်ရင်းမြစ်သည် မိုင် ၂၀၀ ခန့် တောင်မှမြောက်သို့ စီးဆင်းသွားပြီး အသွန်ခရိုင် ကူးဆိပ်နှင့် ကတိုင်တိရွာများ၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင် မြောက်မှ တောင်သို့ စီးဆင်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ကြီးထဲသို့ စီးဝင်လေသည်။

တောင်များ၊ မြစ်များသည် သဘာဝကပေးသော နယ်နိမိတ်များဖြစ်၏။ သောင်းကျန်းသူများသည် ထိုတောင်များ မြစ်များကို မှီခိုနေထိုင်ကြလေသည်။ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း ထိုင်းမြန်မာနယ်စပ်တွင် အစိုးရကို ထောင်ထားခြားနားနေကြသည့် KNU နှင့် KNPP စခန်းများ အများအပြား ဟိုရှေးပဝေသဏီကပင် ရှိခဲ့လေသည်။ အထူးသဖြင့် KNU စခန်းကြီးများ ဖြစ်ကြ၏။

ကျွန်တော်သိသလောက်ပြောပါမည်။

| | |
|---|---|
| ဖာပွန်ခရိုင် သံလွင်မြစ်ဘေးက | ခိုကြာခိုစခန်း |
| ဖာပွန်ခရိုင် သံလွင်မြစ်ဘေးက | ဒါးကွင်းစခန်း |
| လှိုင်းဘွဲမြို့နယ်က | မာနေပလောစခန်းကြီး |
| လှိုင်းဘွဲမြို့နယ်က | မဲသဝေါစခန်း |
| ရွှေဂူမြို့နယ်က | မဲထရီစခန်း |
| ရွှေဂူမြို့နယ်က | မော်ဖိုးကေစခန်း |
| မြဝတီမြို့နယ်က | မဲလစခန်း |
| မြဝတီမြို့နယ်ကကော်မူးရာ ခေါ် | ဝမ်ခသစ်စခန်း |
| မြဝတီမြို့နယ်က | ဖလူးစခန်း |

မြရတနာစာပေ



| | |
|---|---|
| မြဝတီမြို့နယ်က | ဝေါလေစခန်း |
| ထားဝယ်ခရိုင်က | မင်းသမီးစခန်း |
| ရေးမြို့နယ်က | နတ်အိမ်ထောင်စခန်း |

ဒီစခန်းတွေထဲက KNU ဗဟိုမာနေပလောက အကြီးကျယ်ဆုံး၊ အရေးအပါဆုံး။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလကုန်မှာ မာနေပလောကျသွားပြီးတော့ နောက်ထပ်အရေးကြီးတာ ဝမ်ခသစ်လို့ ခေါ်တဲ့ ကော်မူးရာပဲ ကျန်ပါတော့သည်။ KNU တွေက ကော်မူးရာကို ၁၉၅၆ ခုနှစ်လောက်ကတည်းက လုပ်ခဲ့တာတဲ့။ ကမ္ဘာ့အဆင့်မီ ခေတ်တမ်း ခံစစ်စခန်းကြီးတဲ့။ ဘယ်တော့မှ မကျစေရဘူးတဲ့။ မြေအနေအထားကလည်း သိပ်ကောင်းတာတဲ့။ ခံစစ်ဆင်သူတွေကလည်း KNU ရဲ့ Special Force အထူးတပ်ရင်း (၁၀၁) တဲ့။ တပ်မှူးက KNU မှာ နာမည်ကြီး Figher ဗိုလ်မှူးချုပ် ထောလတဲ့။ ဟုတ်မှာပါ။ KNU တွေက ခံစစ်မှာ အလွန်တော်တာ သူတို့ကို တကယ်တိုက်ခဲ့တဲ့ ကျွန်တော် သိပါသည်။

သို့ရာတွင် KNU တွေ မသိသေးတာရှိပါသည်။

မြရတနာစာပေ

www.burmeseclassic.com

အဲဒါကတော့ ဘယ်လောက်ကောင်းတဲ့ ခံစစ်ဖြစ်ဖြစ် တကယ်တိုက်ရင် ကျတာပါပဲ။

ဥပမာ - မြန်မာ့ရာဇဝင်မှာ

သုဝဏ္ဏဘူမိခံစစ် မနူဟာလက်ထဲက အနော်ရထာ တိုက်တာကျရော။

သံလျင်ခံစစ် မွန်ဘုရင်တွေလက်ထဲက အလောင်းဘုရားတိုက်တာ ကျရော။


ဒုတိယကမ္ဘာစစ်မှာ

အာဖရိကစစ်မြေပြင်မှာ ဗြိတိသျှတွေရဲ့ တိုဘရုပ် မဆုတ်တမ်းခံစစ်ကြီး ဂျာမန် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် တိုက်တာ ကျရော။

အရှေ့ဘက်စစ်မျက်နှာမှာလည်း ဗြိတိသျှတို့ရဲ့ စင်္ကာပူခံစစ်ကြီးကို ဂျပန်ဗိုလ်ချုပ်ကြီး ယာမာရှီတာ တိုက်တာကျရော။

ဒုတိယကမ္ဘာစစ်ပြီးတော့ ဗီယက်နမ်စစ်ပွဲမှာ ပြင်သစ်တွေရဲ့ ကမ္ဘာကျော် ဒင်ဗင်ဖူးခံတပ်ကြီးကို ဗီယက်နမ် ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီယက်နဲ့ ဗီယက်မင်းတွေက ဝိုင်းတိုက်ကြတာ ရက်ပေါင်း ၅၀ ကျော်နဲ့ ကျပါလေ

မြရတနာစာပေ




ကော်မှူးရာတိုက်ပွဲကြီးကို ရေးသားရန် ဝမ်ခသစ်ခေါ် ကော်မှူးရာစခန်းသို့ရောက်နေသည့် စာရေးသူ
၂၀၀၄ - ခုနှစ်၊ ဖေဖော်ဝါရီ

www.burmeseclassic.com



ကော်မူးရာစခန်းတွင်း မှ စာရေးသူတို့အဖွဲ့
၂၀၁၄ - ခုနှစ်၊ ဖေဖော်ဝါရီ



ဝမ်ခသစ်ခေါ်ကော်မူးရာစခန်း သို့ စာရေးသူရောက်ရှိစဉ်ကအတူတွေ့ရသူများ
ဘယ်မှ ညာ ဗိုလ်ကြီးသိန်းဇော်ထွန်း၊ ဝမ်ခစခန်းမှူး၊ စာရေးသူ နှင့် ဒုစခန်းမှူး
၂၀၁၄ - ခုနှစ် ဖေဖော်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com




ကော်မှူးရာစခန်းအတွင်း သောင်းရင်းမြစ်ကမ်း၌ စာရေးသူ နှင့် စခန်းတာဝန်ခံများ ဆွေးနွေးနေစဉ်
၂၀၀၄ - ခုနှစ်၊ ဖေဖော်ဝါရီ



ကော်မှူးရာခေါ် ဝမ်ခသစ်စခန်း တာဝန်ခံအရာရှိမှ စာရေးသူတို့အဖွဲ့အား ၁၉၉၅ - ခုနှစ်က
ကော်မှူးရာတိုက်ပွဲကြီးအကြောင်း ရှင်းလင်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com




ရွှေကုက္ကိုမြို့ အဝင်တွင်တွေ့ရသည့် စာရေးသူ




ကော်မှူးရာခေါ်ဝမ်ခသစ်စခန်း မှ အိုမီဂါရိပ်သာသို့ စာရေးသူတို့အဖွဲ့ရောက်ရှိစဉ်
၂၀၁၄ - ခုနှစ်၊ ဖေဖော်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာစခန်းဘေးမှ သောင်းရင်းမြစ် ကိုတွေ့မြင်ရပုံ
၂၀၁၄ - ခုနှစ်၊ ဖေဖော်ဝါရီ



ရွှေကုက္ကိုမြို့ အဝင်ဝတွင်တွေ့ရသည့် စာရေးသူတို့အဖွဲ့
ဘယ်မှ ညာ ဗိုလ်ကြီးသိန်းဇော်ထွန်း၊ စာရေးသူ နှင့် မြဝတီစာပေဥက္ကဋ္ဌ ကိုသက်ဦး

www.burmeseclassic.com

www.burmeseclassic.com




ကော်မှူးရာစခန်းအတွင်းမှ သောင်းရင်းမြစ်ကမ်း ကိုကျော်၍ ထိုင်းနိုင်ငံကိုတွေ့မြင်ရပုံ
၂၀၁၄ – ခုနှစ်၊ ဖေဖော်ဝါရီ



၁၉၉၆ – ခုနှစ်တွင် တပ်မ(၁၀၁)မှ တည်ထားကိုးကွယ်ခဲ့သည့် ကော်မှူးရာ စခန်းအဝမှ
အကျွတ်အလွတ်အောင်စေတီ

www.burmeseclassic.com

www.burmeseclassic.com






ကော်မှူးရာ စခန်းအဝတွင် ခမရ (၁) မှ စိုက်ထူခဲ့သည့် ကမ္ဗည်းကျောက်စာတိုင်



ကော်မှူးရာမှ အပြန် ဒေါနတောင်တစ်နေရာတွင် တွေ့ရသည့် စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com




မျက်မှောက်ခေတ် တိုးတက်ဖွံ့ဖြိုးနေသော ရွှေကူကွိမြိုင်



မျက်မှောက်ခေတ် တိုးတက်ဖွံ့ဖြိုးနေသော ရွှေကူကွိမြိုင် ဈေး

www.burmeseclassic.com

www.burmeseclassic.com





ရောလား။ ဗိုလ်ချုပ် ၁၄ ယောက်နဲ့ လူ တစ်သောင်းကျော် အဖမ်းခံလိုက်ရတယ်။

အဲဒီလိုပါပဲ။ ဒီကော်မူးရာကို တကယ်တိုက်ရင် ကျမှာပါ။ မတိုက်သေးလို့ပါ။ တိုက်တော့တိုက်ရမည်။ ကော်မူးရာက အန္တရာယ်ရှိသည်။ မြဝတီကို အချိန်မရွေး ခုန်ပေးနိုင်သည်။ တောင်ဘက်က ဖလူး။ မြောက်ဘက်က ကော်မူးရာ။ ဒီစခန်းကြီး ၂ ခုလုံးက မြဝတီနဲ့ ၁၀ မိုင် သာသာပဲ ဝေးတာ။ ဒီအတိုင်းထားလို့က မရ။ ဖလူးကို တော့ သိမ်းထားပြီးပြီ။ ကော်မူးရာပဲ ကျန်သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်က ၁၉၉၅ ခုနှစ် မာနေပလော မတိုက် ခင်ကတည်းက DKBA သတင်းတွေ သဲ့သဲ့ကြားရကတည်း က ကော်မူးရာကို ဝိုင်းပတ် ပိတ်ဆို့ထားခဲ့သည်။ ပြီးရင် အပြတ်ရှင်းနိုင်အောင် စီမံချက်များ ရေးဆွဲခဲ့သည်။ ထို့နောက် သွေးတိုးစမ်းတိုက်ပွဲများ ဆင်နွှဲသည်။ သွေးတိုး စမ်းတိုက်ရာမှ နောက်ပိုင်းတွင် တကယ်အပြတ်တိုက်သည်။ အနီးကပ် ထွေးလုံး ရစ်ပတ် Bull fight Dog fight တိုက် ရသဖြင့် သူ့ဘက် ကိုယ့်ဘက် သေကြေကြကြသည်။ တိုက်ပွဲချိန်ကြာသွား သည်။ သို့ရာတွင် နောက်ဆုံးကျတော့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘကြီးတို့ နိုင်တာပါပဲခင်ဗျာ။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် KNU တို့၏ ကမ္ဘာကျော် မဆုတ်တမ်း ခံစစ် စခန်းကြီးဖြစ်သော ကော်မူးရာစခန်းကြီးသည် မြန်မာ့ တပ်မတော် လက်တွင်း သက်ဆင်းခဲ့ရပါသည်ခင်ဗျား။

**ကော်မူးရာ၏တည်ရာဓနထား**

ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီးသည် မြဝတီ မြို့၏ မြောက်ဘက် ၁၀ မိုင်ခန့်အကွာ သောင်ရင်း မြစ်၏ အနောက်ဘက်ကမ်း ၁၁ အိုမီဂါ အကွေးကလေးထဲတွင် တည်ရှိနေလေသည်။

ပထဝီသဘောအရ ပြောရမည်ဆိုပါက မြောက်လတ္တီတွဒ် ၁၆ ဒီဂရီနှင့် ၁၇ ဒီဂရီကြား၊ အရှေ့ လောင်ဂျီတွဒ် ၉၈ ဒီဂရီနှင့် ၉၉ ဒီဂရီကြားတွင် ရှိ၏။

ကော်မူးရာစခန်းကြီး၏ အရှေ့ဘက် ထိုင်းနိုင်ငံ အတွင်းတွင် ၆ မိုင်ခန့်အကွာ၌ ဘန်ဆိုင်းမြို့ရှိလေသည်။ မဲဆောက်ခရိုင်အောက်မှ မြို့ဖြစ်လေသည်။ သောင်ရင်း မြစ်နှင့်အပြိုင် ထိုင်းနိုင်ငံအတွင်း၌ တောင်မြောက်တန်း





နေသည့် ကတ္တရာလမ်းရှိရာ ထိုလမ်းသည် မြောက်ဘက် က မဲစရီယန်ခေါ် မိုင်းလုံးကြီးအထိ သွား၍ရသည်ဟု ဆိုကြလေသည်။ မဲသဝေါ်အရှေ့ဘက်ကမ်းက ဒါဆောင် ဆန် မြို့လေးကိုလည်း ဖြတ်သွားသည်။ မာနေပလော အရှေ့ဘက်က ထီးဝါးလူးဖွေဘောလူးရွာများကိုလည်း ဖြတ်သွားသည်ဟု ပြောကြပါသည်။ စာရေးဆရာကြီး မောင်စင်ကြယ်ကတော့ အဲဒီလမ်းက ဇင်းမယ်အထိ သွား၍ရသည်ဟု ဆိုပါသည်။ သူ သွားဖူးသတဲ့။

ကော်မူးရာကို မြေအနေအထားအရ အချက်အချာ ကျပြီး ခံစစ်အတွက် Terrain ကောင်းသည်ဆို၍ ၁၉၅၆ ခုနှစ်ကတည်းက KNU ဥက္ကဋ္ဌကြီး ဗိုလ်မြကနေရာ ရွေးထားခဲ့သည်။ ထို့နောက် ၁၉၈၀ ခုနှစ်လောက်တွင် နိုင်ငံရပ်ခြားမှ ကြေးစား Mercenary များဖြင့် သူတို့ အကူအညီ အကြံဉာဏ်များယူပြီး ကော်မူးရာခံစစ်ကြီးကို တောင်တည်ထောင်လေသည်။ ဒီအရင်က ဤစခန်းကြီး၏ တောင်ဘက်တွင် ဝမ်ခစခန်းဟောင်း ရှိသည်။ ၎င်းစခန်း မှာ ချဉ်းကပ်ရလွယ်၍ တပ်မတော်မှ ခဏ ခဏ လာတိုက် ပြီး ခဏ ခဏ ကျခဲ့ရာ နောက်ဆုံးတော့ KNU တို့က



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံဘက် တံတားအထိ ကိုက် ၈၀၀ ခန့် ရှိပေသည်။ ထို့ကြောင့် ကော်မူးရာစခန်းကြီးတစ်ခုလုံးမှာ ၄ စတုရန်း ကီလိုမီတာခန့် သို့မဟုတ် ၂.၄ စတုရန်းမိုင်ခန့် ရှိလေသည်။ သို့မဟုတ် ဧက ၁၅၀ ခန့် ကျယ်ဝန်းလေသည်။

မြန်မာနိုင်ငံဘက်မှ အဝင်ဝ ဗူးဝနေရာ၌ ကန့်လန့် ဖြတ်ပြီး အခိုင်အမာအင်္ဂတေ ဘန်ကာကြီးများ တည် ဆောက်ထားသည်။ အားလုံး ၃ လုံးဖြစ်ပြီး အလျား ၁၀ ပေ၊ အမြင့် ပေ ၅၀ ရှိ၏။ ထုမှာ မယုံကြည်နိုင်စရာ ၁၀ ပေခန့်ပင် ထူလေသည်။ ဘန်ကာကြီးများကို လက်နက် ကြီးဒဏ် ခံနိုင်ရန် ကျွန်းတုံးကြီးများနှင့် ဝိုင်းပတ် အကာ အကွယ်ပေးထား၏။ ဘန်ကာအပေါ်ထပ်တွင် ၅၇ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်များပစ်ရန်နှင့် အလယ်တွင် ပွိုင့်ဖိုက် စက်သေနတ်ကြီးပစ်ရန် အပေါက်များ လုပ်ထား ၏။ အောက်ဆုံးထပ်တွင် လက်နက်ငယ်ပစ်ရန် လူ လေးငါးခြောက်ယောက် နေရာ ယူနိုင်ရန် ပြုလုပ်ထား၏။ ပစ်ပေါက်များပိတ်ရန်၊ လက်ပစ်ဗုံးပစ်မသွင်းနိုင်ရန် Shut-ter များလည်း ရှိပေသည်။ ညာဘက်၌ ၃ ထပ် ဘန်ကာ ကြီးရှိပြီး အလယ်နှင့် ဘယ်တွင် ၂ ထပ်ဘန်ကာများ

မြရတနာစာပေ



ရှိလေသည်။

စခန်းကြီးပတ်ပတ်လည်အား သံဆူးကြိုး Barbed wire လေးထပ်နှင့် ဝါးချွန်စည်းရိုးတစ်ထပ် ကာရံထားသည်။ ချွန်စည်းရိုးများကြား၌ မိုင်းကွင်းများ ခင်းကျင်းထားသည်။ ပြောင့်များထောင်ထားသည်။ ပြောင့်နှင့် သံဆူးကြိုးများ နောက်တွင်မူ အနက် ၇ ပေခန့်ရှိ ဆက်သွယ်ရေးမြောင်း ကြီးအား စခန်းကြီးတစ်ခုလုံးကို ပတ်၍ တူးထားလေသည်။

မြန်မာနိုင်ငံဘက်အဝင် ဗူးဝတွင် ကိုက် ၁၅၀ ခန့် သတ်ကွင်းအား အပြောင်ရှင်း၍ မိုင်းများ ခင်းကျင်းထား သည်။ ၎င်းနောက်သံဆူးကြိုး ၁၁ ထပ် အဆင့်ဆင့် ကာရံ ထားသည်။ ပြောင့်ကျင်းများလည်း တူးပြီး ထားရှိသည်။ ချွန်စည်းရိုးရှေ့၌ ၄ လက်မသံချောင်းများ၊ ပြောင့်သံများ အောက်က ရိုက်ထားသည့် ကျွန်းပြား ကြီးများကို လက် ယှက်ထိုး ချထားပြန်သည်။

စခန်းတွင်း၌မူ ၇ ပေခန့်နက်သော ဆက်သွယ်ရေး မြောင်းကြီးအား ပတ်ပတ်လည် တူးထားသည်။ စခန်း ဘယ်ခြမ်းမှ ညာခြမ်းသို့လည်း ဆက်သွယ်ရေးဖြတ်မြောင်း ကြီး တစ်ခု တူးထားသေးသည်။ ယမ်းတိုက်၊ လက်နက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုက်နှင့် ကွပ်ကဲမှုနေရာများတွင် အခိုင်အမာ ကွန်ကရက် ဘန်ကာများ ပြုလုပ်ထားပြီး သဲအိတ်များ၊ ကျွန်းလုံးကြီးများဖြင့် အခိုင်အမာကာကွယ်ထားသည့် **Over Head Bunker** ကြီးများ ဖြစ်သည်။

ဘန်ကာကြီးများ၏ ပစ်ပေါက်များအား အတွင်းမှ ကျဉ်းထား၍ အပြင်မှ ကျယ်သွားပြီး မိမိမှ မြင်ကွင်း ကောင်း၍ ရန်သူဘက်မှ ပစ်မှတ်ကျဉ်းသွားအောင် စီစဉ်ဆောက်လုပ်ထားခဲ့သည်။

ပေါက်ကွဲနိုင်သည့် အရေးကြီးခဲယမ်းများကိုမူ မြေအောက် ဘန်ကာကြီးများပြုလုပ်၍ မြေအောက်မှာပင် ထည့်သွင်းသိုလှောင်ထားခဲ့သည်။ စက်သုံးဆီများ၊ ခဲယမ်း ဗုံးသီးများ အဓိကဖြစ်သည်။

**မြေအခြေအနေ**

ဝမ်ခသစ်ခေါ် ကော်မှူးရာစခန်းသည် မြန်မာ ထိုင်းနယ်စပ် သောင်ရင်းမြစ် အနောက်ဘက်ကမ်း၊ သောင်ရင်းမြစ်၏ ဂငယ်ပုံလိုလို အိုမီဂါပုံလိုလို အကွေ့လေး ထဲတွင် ရှိသည်။ စခန်းပတ်ဝန်းကျင်တွင် ပေ ၁၀၀၀ ခန့်ရှိ





တောင်ကုန်းငယ်လေးများ ရှိသည်။ စခန်း၏ အနောက် ဘက် မြန်မာဘက်ခြမ်းတွင် ခပ်ဖလူး တောင်ကုန်း ပွိုင့် ၁၀၀၈ နှင့် ကာလူးတောင်ကုန်း ပွိုင့် ၁၀၂၀ တို့ ရှိလေ သည်။ ပတ်ဝန်းကျင်တွင် ကွက်ကြား ကွက်ကြား ကျွန်းတော များ၊ အင်တောများရှိသည်။

သောင်ရင်းမြစ်သည် နွေရာသီ၌ ရေခန်းခြောက်ပြီး ရေအနက် ၃ ပေမှ ၅ ပေအထိသာ ရှိ၍ လူများ ဖြတ်ကူး နိုင်သည်။ မိုးရာသီတွင် မြစ်ပြင်တစ်ခုလုံး ရေပြည့်လျှံ၍ ရေအပြင်အကျယ်မှာ ကိုက် ၂၀၀ ခန့် ရှိလေသည်။ ရေ အနက်မှာလည်း ပေ ၅၀ ခန့် ရှိသည်။ ရုံဖန်ရုံခါတွင် မိုးကြီး၍ မြစ်ဘေး ဘယ်ညာသို့ ရေလွှမ်းမိုးတတ်သည်။ ရေလွှမ်းမိုးမှုမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းကာလများ အထိ ရှိတတ်လေသည်။

**သဘာဝပေါက်ရောက်ပင်များ**

မုတ်သုန်သစ်တောများတွင် ပေါက်တတ်သည့် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာများ ပေါက်သည်။ အချို့ နေရာများတွင် အင်တောကြီးများရှိသည်။ အောက်ခြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရွက်ကြွေတောများ ဖြစ်သည်။ သစ်တောအတော် များများမှာ KNU တို့ ခုတ်ပြီး ရောင်းစားထားကြသဖြင့် နေရာအတော်များများမှာ တောင်ပြောင်များ ဖြစ်နေပါပြီ။

**လမ်းပန်းဆက်သွယ်ရေး**

ကော်မူးရာမှ အဓိက ဆက်သွယ်ရေးမှာ သောင်ရင်းမြစ်အတွင်း စက်လှေဖြင့် သွားလာခြင်း ဖြစ်သည်။ အရှေ့ဘက်တွင် ထိုင်းနိုင်ငံသို့ သွားရန် ကားလမ်း ရှိသည်။ ဘန်ဆိုင်းမြို့သို့ သွား၍ရသည်။ ဘန်ဆိုင်းမှနေပြီး မြောက်ဘက် မဲဆရိယံသို့လည်းကောင်း၊ တောင်ဘက် မဲဆောက်သို့လည်းကောင်း အရှေ့ဘက် ဖင်းမယ် ဘန်ကောက် အဝေးပြေးလမ်းမကြီးသို့လည်းကောင်း သွားလာနိုင်ပေသည်။

မြန်မာနိုင်ငံအတွင်းဘက်၌မူ တောင်ဘက် မြဝတီ သင်္ဃန်းညီနောင်သို့ ကားလမ်းရှိပြီး မြောက်ဘက် ထီးဝကလေးနှင့် ပိုင်ကျုံသို့ လူသွားလမ်းများရှိလေသည်။ ကားလမ်းများ ဖောက်ထားခြင်း မရှိသေးပါ။





**တပ်ချထားမှု**

ကော်မူးရာတွင် တပ်ချထားမှုမှာ ၁၉၈၀ ခုနှစ် နောက်ပိုင်း အခိုင်အမာ စခန်းစဆောက်ပြီးကတည်းက အထူးတပ်ရင်း (၁၀၁) တပ်ရင်းမှူး ဗိုလ်မှူးကြီးထောလကို တာဝန်ပေးထားခဲ့သည်။ သူ့တပ်ရင်းတွင် လူအင်အား ၅၀၀ ခန့် ရှိသည်။

၁၉၉၂ ခုနှစ် KNU ဗဟို မာနေပလော အတိုက်ခံရပြီးသည့်နောက်ပိုင်းတွင် အထူးတပ်ရင်း (၁၀၁) မှ အင်အားများသာမကတော့ဘဲ တပ်မဟာ (၆) ဗိုလ်မှူးကြီးရွှေဆိုင်းထံမှ တပ်ရင်း (၁၆)၊ ABSDF တပ်ရင်း (၂၀၁) နှင့် ရခိုင်လွတ်မြောက်ရေးအင်အားစု၊ မွတ်ဆလင် သောင်းကျန်းသူအင်အားစု စုစုပေါင်း ၃၀၀ ခန့် ထပ်မံ ဖြည့်တင်းခဲ့လေသည်။

ထို့ကြောင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာမှစ၍ ကော်မူးရာတိုက်ပွဲကြီး ဖြစ်ပွားချိန်၌ ကော်မူးရာစခန်းတွင် လူ အင်အား ၈၀၀ ခန့် ရှိလေသည်။

လက်နက်များမှာ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး ၂ လက်၊ ၈၁ မီလီမီတာနှင့် ၈၂ မီလီမီတာ စိန်ပြောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



၈ လက်၊ ၆၀ မီလီမီတာ စိန်ပြောင်း ၇ လက်၊ ၅၇ မီလီမီတာ နောက်ပွင့် ၄ လက်၊ ၁၀၇ မီလီမီတာ လောင်ချာ ၂ လက်၊ ပွိုင့်ဖိုက်စက်သေနတ်ကြီး ၂ လက် စသည်တို့ ချထားသည်။

သံချပ်ကာယာဉ် ၃ စီးလည်း ရှိသည်။

**ရာသီဥတု**

စစ်ဆင်ရေးကာလမှာ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၂ လခန့် ကြာမြင့်ပါသည်။ ရာသီဥတုမှာ ခြောက်သွေ့၍ ပွင့်လင်းမှုရှိသော ဆောင်းနှောင်းနှင့် နွေဦးကာလ ဖြစ်ပါသည်။ ထို့ကြောင့် မနက်ပိုင်း ၀၉း၀၀ နာရီအထိ နှင်းမြူများ ကျတတ်ပြီး သွားလာနေထိုင်မှုမှာ လွယ်ကူပါသည်။ သို့ရာတွင် မနက်ပိုင်းတွင်မူ အကဲကြည့်ရန်နှင့် လေကြောင်းအကူတောင်းခံရန် မြင်ကွင်းကန့်သတ်ချက် ရှိပါသည်။

သာမန်အားဖြင့်မူ ဤဒေသသည် မုတ်သုန်ရာသီ လွှမ်းမိုးသော ဒေသဖြစ်ပြီး ဧပြီ၊ မေတွင် မိုးစရွာ၍ မိုးရေချိန် ၈၀ လက်မခန့်ရှိပါသည်။ နိုဝင်ဘာတွင် မိုးပြတ်ပါသည်။





ဒီဇင်ဘာမှ ဧပြီအထိ ပွင့်လင်းရာသီ ဖြစ်ပါသည်။ ပူအိုက်ထွတ်စိုသောဒေသဟု ဆိုနိုင်ပါသည်။

မိမိတို့တပ်များ ထိုးစစ်ဆင်သောကာလမှာ ရာသီဥတု ကန့်သတ်ချက် အနည်းဆုံးကာလ ဖြစ်ပြီး ရွှေ့ပြောင်းသွားလာ ချီတက်မှု လွယ်ကူသော ကာလဖြစ်သဖြင့် အောင်မြင်မှုရရန် များစွာ အလေးသာသော ကာလဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## ကော်မှူးရာတိုက်ပွဲကြီး

**တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ**

ကော်မှူးရာတိုက်ပွဲကြီးမှာ အဆင့် ၂ ဆင့် [illegible]ာက်ဖြင့် တိုက်ခဲ့ရသည့် တိုက်ပွဲကြီးဖြစ်၏။

ပထမအဆင့်က သွေးတိုးစမ်းအဆင့်၊

ဒုတိယအဆင့်က စခန်းသိမ်းတိုက်ပွဲအဆင့်။

၁၉၈၈ ခုနှစ် နဝတအစိုးရတက်လာပြီးသည့်နောက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့နိုင်ငံ၏ စီးပွားရေးကို ကမောက်ကမ ဖြစ်စေသည့် တရားမဝင် မှောင်ခိုကုန်ကူးသန်းရောင်းဝယ်မှုအား အထောက်အကူပေးနေသော ထိုင်း-မြန်မာ နယ်စပ်မှ KNU မှောင်ခိုအကောက်ဂိတ်စခန်းများကို တပ်မတော်မှ တစ်ခုပြီး တစ်ခု တိုက်သိမ်းခဲ့သည်။


အောက်ပါအတိုင်းဖြစ်၏။

| | | | | |
|---|---|---|---|---|
| ၁၉၈၉ | ခုနှစ် | ဇန်နဝါရီ | ၁၉ ရက် | မဲထရီ |
| ၁၉၈၉ | ခုနှစ် | မတ် | ၂၆ ရက် | မော်ဖိုးကေ |
| ၁၉၈၉ | ခုနှစ် | ဧပြီ | ၁၈ ရက် | မဲလ |
| ၁၉၈၉ | ခုနှစ် | မေ | ၁ ရက် | ဝမ်ခဟောင်း |
| ၁၉၈၉ | ခုနှစ် | ဒီဇင်ဘာ | ၂၉ ရက် | ဖလူး |
| ၁၉၉၀ | ခုနှစ် | ဇန်နဝါရီ | ၃၁ ရက် | သေဘောဘိုး / ဝေါလေ |

နာမည်ကြီး မဲသဝေါကိုကား နဝတတက်ခါစက သုံးလကြာ ဘတစ်ပြန် ကျားတစ်ပြန် KNU နဲ့ မြန်မာ့ တပ်မတော် တိုက်ပြီးမှ တပ်မတော်က သိမ်းလိုက်နိုင်သည်။

၁၉၉၂ ခုနှစ်တွင် နိုင်ငံရေး အခြေအနေအရ

မြရတနာစာပေ



www.burmeseclassic.com

တိုက်မဖြစ်ဟု ဆုံးဖြတ်ပြီး KNU ဗဟိုမာနေပလော ကို တိုက်ခဲ့သည်။ တိုက်ပွဲမပြီးခဲ့။ နိုင်ငံခေါင်းဆောင် အပြောင်း လဲဖြစ်၍ ခေါင်းဆောင်သစ်က တိုက်ပွဲကို တစ်ဖက်သတ် ပ်စဲခဲ့သည်။

ဒီနောက် နှစ်ဖက်ငြိမ်သက်သွားကြ၏။ နဝတ ိုးရ ခေါင်းဆောင်သစ်က ငြိမ်းချမ်းရေးကမ်းလှမ်း က်သည်။ အဓိကကတော့ အင်အားကြီးအဖွဲ့အစည်းများ ်သည့် KNU, KIA နဲ့ SSA။ ဗကပကတော့ သူ့အလိုလို သူ့ဘောင်းဘီစ သူနင်းပြီး ပြိုသွားခဲ့ပြီ။ ဆွေးနွေးစရာ ိုတော့။

ငြိမ်းချမ်းရေးအတွက် စစ်ရပ်စဲထားစဉ် မထင် ာတွေက ဖြစ်လာသည်။

၁၉၉၃ ခုနှစ်မှစ၍ KNU တွင် ဗုဒ္ဓဘာသာနှင့် ်ယာန် ဘာသာရေး ပဋိပက္ခ စလာသည်။ ၁၉၉၄ ်တော့ ဗုဒ္ဓဘာသာ KNU နှင့် ခရစ်ယာန် KNU ကွဲအပြဲမှာ နက်ရှိုင်းလာခဲ့၏။ အဓိကမှာ KNU ဗဟို Consevative ဖြစ်မှု၊ စစ်မာန်ယစ်မှု၊ နိုင်ငံရေးပါးမဝတဲ့ သနာကို လိမ္မာပါးနပ်စွာ မဖြေရှင်းတဲ့ အကြမ်းဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမှုတို့က စခဲ့လေသည်။ အဓိကတာဝန်ရှိသူမှာ ဥက္ကဋ္ဌ ဗိုလ်မြဖြစ်သည်။

ထိုဘာသာရေးပဋိပက္ခအား မြစ်ဆုံအရေးအခင်းဟု ခေါ်သည်။

သံလွင်နှင့် သောင်ရင်းမြစ်ဆုံ။ သို့မဟုတ် သုမွဲထ။

သုမွဲထတွင် မြိုင်ကြီးငူဆရာတော် ဦးသုဇနမှ ဘုရားတည်ရာ KNU ဥက္ကဋ္ဌကြီး ဗိုလ်မြက Target indication ဖြစ်သည်ဆိုပြီး တားမြစ်ရာမှ ပြဿနာစသည်။ KNU ရင်း ၂၀ သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်၏။ မြိုင်ကြီးငူဆရာတော်အား အထူးကြည်ညိုသူများ ဖြစ်ရာ ရင်းကိစ္စနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌဗိုလ်မြကို သွားရောက် ၍ အရေးဆိုကြသည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလထဲ၌ ဖြစ်သည်။ အရေးဆိုသည့် ရင်း (၂၀) မှ ရဲဘော်များနှင့် ရဟန်းသံဃာများ ပြည်သူလူထုများကို ဗဟို မာနေပလောမှ လွှတ်လိုက်သည့် ရင်း (၁၀၄) မှ ဆင်ဖြူတောင်ထိပ် တွင် ဆီးကြို ပစ်ခတ်တိုက်ခိုက်တော့သည်။ ရင်း (၁၀၄) တပ်ရင်းမှူး ကျော်ခြားမှာ ခရစ်ယာန်ဖြစ်၏။ သွေးစွန်း သွားပြီဖြစ်၍ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် တိုက်ခိုက်ကြ





ပြီး KNU မှ ဗုဒ္ဓဘာသာဝင်များက ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် DKBA နှင့် ၂၁ ရက်နေ့တွင် DKBO ကို တည်ထောင်ကာ KNU မှ ခွဲထွက်ခဲ့ကြ၏။ ထို့နောက် တပ်မတော်နှင့် တရားဝင်ဆက်သွယ်လာပြီး မာနေပလော ကို ပြန်တိုက်သိမ်းယူရန် အဆိုပြုလာကြသည်။ တပ်မတော် က ဒီအခြေအနေတွေကို ၁၉၉၄ ခုနှစ် နိုဝင်ဘာလောက် ကတည်းက သိထားသဖြင့် အဖက်ဖက်က ပြင်ဆင်ပြီး စောင့်ကြည့်နေခဲ့သည်။ ယခုအခါ DKBA က တရားဝင် ဆက်သွယ်လာ ၍ တပ်မတော်က DKBA နှင့် ပေါင်းကာ မာနေပလောကို တိုက်ရန်ပြင်ရတော့သည်။

ထိုအခါ မာနေပလောမှလွဲ၍ အဓိကစခန်းကြီး ဖြစ်သော ကော်မူးရာကို လျစ်လျူရှု၍မရ။ ကော်မူးရာမှာ က လူ ၁၀၀၀ ခန့် အမြဲရှိနေသည်။ ထို့ကြောင့် တိုက် ယောင်ပြ၍ ကော်မူးရာကို ထိန်းမှရမည်။ မာနေပလော ကို စစ်ကူမသွားနိုင်အောင် ကော်မူးရာကို တိုက်ထိန်း ထားမှရမည်။ တိုက်ရမှာက ယောင်ပြတိုက်စစ်၊ Feint Attack ။

ကော်မူးရာကို တိုက်ဖို့ ဒီဇင်ဘာလဆန်းကတည်း



www.burmeseclassic.com

က မိမိတို့ဘက်မှ ပြင်ဆင်ထားခဲ့ပြီးဖြစ်သည်။ သောင်ရင်းမြစ်ရိုးတွင် KNU စခန်းများ ကုန်သလောက်ဖြစ်နေပြီ။ ယခု မာနေပလော တိုက်ရမည်ဆိုတော့ ကော်မူးရာကို ထိန်းချုပ်ပြီး **Feint Attack** လုပ်ရမည်။ တိုက်ပွဲအတွက် မိမိတို့ဘက်မှ လိုတာပြင်ရတော့၏။

**ထိုစဉ်က မိမိတပ်အခြေအနေ**

ကော်မူးရာအား တိုက်ရန်အတွက် အောက်ပါအတိုင်း လျာထားသည်။

(က) ဒုမှူးကြီးသိန်းလွင်ဦးစီး ခလရ (၂)

(ခ) ဒုမှူးကြီးဝဏ္ဏမောင်လွင်ဦးစီး ခမရ (၁)

တပ်ရင်းနှစ်ရင်းအား တာဝန်ပေးခဲ့ပါသည်။

**ရန်သူ့တပ်အခြေအနေ**

မိမိတပ်များ ကော်မူးရာအား ပထမအကြိမ်သွေးထိုးစမ်း စတင်တိုက်ခိုက်ချိန်၌ ကော်မူးရာစခန်းတွင်းတွင်အောက်ပါအတိုင်း KNU မှ အင်အားစုဖွဲ့ထားရှိခဲ့ပါသည်။





**လူ**

(က) အထူးတပ်ရင်း (၁၀၁) တပ်မှူးကြီး ဗိုလ်မှူးချုပ်ထောလ။ ဒုတပ်မှူး ဒုဗိုလ်မှူးကြီး သန်းမောင်တို့နှင့် အတူ အင်အား
၅၀၀ ခန့်

(ခ) **ABSDF** ရင်း (၂၀၁) အင်အား
၇၀ ခန့်

(ဂ) KNU တပ်မဟာ (၆) ရင်း (၁၆) အင်အား
၁၀၀ ခန့်

(ဃ) ရခိုင်လွတ်မြောက်ရေးအင်အားစု
၇၀ ခန့်

(င) မွတ်စလင်သောင်းကျန်းသူ
၅၀ ခန့်

စုစုပေါင်းအင်အား ၈၀၀ ခန့် ရှိသည်။

စခန်းအပြင်ဘက် ထိုင်းနိုင်ငံ တစ်ဖက်ကမ်း၌ ဘပ်မဟာ (၇) မှ အရန်အင်အား ၂၀၀ ခန့် အသင့်ရှိနေသည်။ ဗိုလ်မှူးကြီး မောင်ထွန်းက ကွပ်ကဲနေသည်။ မောင်ထွန်းသည် တပ်မဟာ (၇) ဒုတပ်မဟာမှူး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်

(က) ၆ဝ မီလီမီတာမှ ၁၂ဝ မီလီမီတာအထိ စိန်ပြောင်းအသေး၊ အလတ်၊ အကြီး အလက် ၂ဝ ကျော်

(ခ) ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်အသေးနှင့် ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်အကြီး စုစုပေါင်း ၁၂ လက်

(ဂ) ပွိုင့်ဖိုက် စက်သေနတ်ကြီး ၆ လက်

(ဃ) ၁ဝ၇ မီလီမီတာ ရှော့ကက်လောင်ချာနှင့် **RPG** များ

ကျန်လက်နက်ငယ်များ ဖြစ်ပါသည်။ လက်နက်ငယ်များမှာ ပိုလျှံအောင် ကိုင်နိုင်ကြပါသည်။ အဓိကအားဖြင့် **M 16, AK 47** စသည့် လက်နက်များ၊ **M 79** ခေါက်မော်တာများကိုင်ဆောင်ကြပါသည်။

**မိမိတပ်၏နောက်ဆုံးစုဖွဲ့မှု**

ပထမအကြိမ် သွေးတိုးစမ်းတိုက်ပွဲအတွက် ခလရ (၂)စစ်ကြောင်း (၁) (၂)နှင့် တပ်ခွဲ ၅ခွဲက တာဝန်ကျသည်။





တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး သိန်းလွင်ဖြစ်သည်။

ခလရ (၂) သည် မူလက ကော်မူးရာပတ်ဝန်းကျင်ခံစန်းများဖြစ်သော ခပ်ဖလူးစခန်း၊ ကာလုစခန်း တောင်ကုန်းများနှင့် ကော်မူးရာရှေ့တွင် မိမိတပ်မတော်မှ တည်ဆောက်ထားသော ဘန်ကာ ၁၊ ၂၊ ၃၊ ၄ တို့အား နေရာယူထားသည်။ ထိုစခန်းများအား အသစ်ရောက်လာသည့် ခမရ (၃၅၅) သို့ တာဝန်လွှဲပြောင်းပေးခဲ့သည်။

မိမိတပ်များကို ဘလက်စတုန်းလမ်းဆုံတွင် ပြန်လည်စုဖွဲ့၍ အသင့်ပြင်ခဲ့သည်။ ကြိုတင်ပြင်ဆင်ခြင်းအား ယအနုတ် ၃ ရက်နေ့လောက်ကတည်းက ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ခံစကူများ

ပစ်ကူများအတွက် အမတ (၈ဝ၂) မှ

၁၂ဝ မီလီမီတာ စိန်ပြောင်းကြီး ၄ လက်

၁ဝ၆ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီး ၄ လက်တို့အား ကာလုတောင်ကုန်း နောက်ဆင်ခြေလျှောတွင် နေရာချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းလက်နက်ကြီးများဖြစ်သော ၈၁ မီလီမီတာ စိန်ပြောင်းကြီး ၄ လက်အားလည်း အမြောက် တပ်နှင့် အတူ ပူးတွဲနေရာချထားခဲ့သည်။

**ကွပ်ကဲမှု**

သဃန်းညီနောင်အခြေချ ဗျူဟာမှ

ဗျူဟာမှူး မှူးကြီး သန်းထွန်းနှင့်အဖွဲ့

ပို့ငှ့် ၁၄၅၀ မှနေ၍ တိုက်ပွဲကို အနီးကပ်ကြီးကြပ် ကွပ်ကဲရန်။

**ယရက်**

တိုက်ပွဲဝင်မည့် D-Day ယရက်မှာ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်ဖြစ်သည်။

**န–နာရီ**

မနက် ၀၆း၀၀ နာရီ။





**ဒသမအကြိမ်တိုက်စစ်ဆင်ခြင်း**

ခလရ (၂) သည် တိုက်ပွဲဝင်မည့်သူများကို အထူး ရွေးချယ်ကာ အဖွဲ့ခွဲ၍ ကိုယ်စီ တာဝန်ပေးပြီး ရန်သူ့ စခန်းကို ချဉ်းကပ်ခဲ့၏။ မနက်အရုဏ်ဦးကတည်းက တဖြည်းဖြည်း ချဉ်းကပ်ထားခဲ့ကြသည်။ အပြောင် ရှင်း ထားသည့် သတ်ကွင်းကို ဖြတ်၍ ကိုက် ၂၀၀ အပေါက် ကျဉ်းကလေးကို ဝင်ရမည်။ ပြီးတော့ သံဆူးကြိုး ၁၁ ထပ် ကို ဖြတ်ရမည်။ မိုင်းကွင်းတွေကို ကျော်ရမည်။ အင်တေ ဘန်ကာကြီးများကို သိမ်းရမည်။

ယရက် နနာရီ မတိုင်မီတွင် လက်နက်ကြီးများ ကြိုတင်ပစ်ခတ်ချေမှုန်းပြီး တပ်ရင်းမှူးဦးစီး စစ်ကြောင်း (၁) နှင့် သုံးခွဲသည် ဘယ်ဘက် စစ်မျက်နှာသို့လည်း ကောင်း၊ ဒုတပ်ရင်းမှူးဦးစီးစစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲက ညာဘက်စစ်မျက်နှာသို့လည်းကောင်း အသီးသီး ချဉ်းကပ်ဝင်ရောက်ကာ ရန်သူ၏ အတားအဆီးများကို ဖြတ်ကျော်ကြပါသည်။

စစ်ကြောင်း (၁) မှ တပ်ခွဲ သုံးခွဲသည် အဝင်ဝ ဘန်ကာကြီး သုံးလုံးရှိရာသို့ အသီးသီးပစ်ခတ်ချီတက်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဘန်ကာကြီးများရှေ့တွင် ခြံစည်းရိုးကြီးများရှိလေသည်။ တိုက်ပွဲဝင်စစ်သည်များမှ ဘန်ကာရှေ့ရှိ ခြံစည်းရိုးများကို အတင်းဝင်လှဲနေစဉ် ရန်သူဘန်ကာ သုံးထပ်ပေါ်မှ ၅၇ မီလီမီတာနောက်ပွင့်များ၊ ပွိုင့်ဖိုက် စက်သေနတ်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ်ခြင်းခံရတော့သည်။ ဘန်ကာအောက်ဆုံးထပ်တွင် လက်နက်ငယ်သမားများရှိရာ ၎င်းအထပ်များမှလည်း လက်နက်ငယ်များ RPG များ၊ M 79 လောင်ချာများဖြင့် အပစ်ခံရတော့သည်။ အဖြောင့်ပစ်လက်နက်များ ဒဏ်ကြောင့် မိမိတပ်ခွဲသုံးခွဲမှ စစ်သည်များမှာ အများအပြား ထိမှန် ဒဏ်ရာရကုန်ကြ၏။ ခြံစည်းရိုး ၂ ခု၊ သုံးခုမျှသာ လှဲနိုင် ရှင်းနိုင်ခဲ့၏။ နံနက် ၁၀ နာရီခန့်အရောက်တွင်မူ မိမိဘက်မှ ထိခိုက်ဒဏ်ရာရမှု များလာပြီး ကျဆုံးသူများလည်း ရှိလာသဖြင့် ရန်သူ့ဘန်ကာများရှေ့ခြံစည်းရိုးအတွင်း ရောက်နေသူများ အားလုံး အဆင့်ဆင့် ခွာစစ်ဆင်ခဲ့ရလေတော့သည်။

ဆုတ်ခွာရာတွင် မိမိဘက်မှ လက်နက်ကြီးများ ပစ်ကူပေး၍ အဆင်ဆင့်ဆုတ်ခွာခဲ့ရ၏။

ဤပထမသွေးတိုးစမ်းတိုက်ပွဲ၌ စစ်သည် ၄ ဦး





ကျဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့လေသည်။

## ဒုတိယအကြိမ်တိုက်စစ်

ဒီဇင်ဘာ ၁၉ ရက်နေ့ ပထမတိုက်စစ်မှာ အထိအခိုက် အကျအဆုံးများနှင့် ပြန်ခွာလာကြရသည်။ ရန်သူကတိုက် ၂၀၀ ခန့် အဝင်ဝကို အပြောင်ရှင်းပြီး ပုံသေပစ်ကြောင်းများနှင့် လက်နက်ကြီးငယ်များကို ဆင်ထားသည်။ မိမိဘက်က တိုးလိုက်တိုင်း ထိကုန်ကြသည်။ ပထမမိုင်းအတားအဆီးတွေ၊ ဒုတိယက သံဆူးကြိုး အထပ်ထပ်၊ ပြီးမှ ထုထည်ကြီးမားသော ဘန်ကာကြီးများ၊ ဩဇာင့်ကျင်းများ၊ အမျိုးမျိုးသော လူလုပ် အတားအဆီးများ ခင်းကျင်းထားသည်။ ဒါတွေကို ဖြတ်ကျော်ဖို့ကတော့ လွယ်လှသည်မဟုတ်။ KNU တို့က ဒါတွေကို သိပါသည်။

ထို့ကြောင့်လည်း ကော်မူးရာသည် ဘယ်တော့မှ မကျဟု ကြွေးကြော်ထားကြသည် မဟုတ်လား။

မည်သို့ပင်ဖြစ်စေ ဒုတိယအကြိမ် တိုက်စစ်ကိုတော့ စီမံချက်ဆွဲထားပြီးဖြစ်၍ တိုက်ရပေဦးတော့မည်။

ဒီတစ်ကြိမ်ကတော့ ဒုဗိုလ်မှူးကြီး ဝဏ္ဏမောင်လွင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစီး ခမရ (၁) နှင့် တပ်ခွဲ ၅ ခွဲ။

ဒုဗိုလ်မှူးကြီးဝဏ္ဏ မောင်လွင်သည် တပ်က
စစ်ကြောင်း ၂ ကြောင်း ခွဲလိုက်သည်။ တပ်ရင်းမှူးနှ
သုံးခွဲ ညာဘက်စစ်ကြောင်း။

ဒုတပ်ရင်းမှူးနှင့် နှစ်ခွဲက ဘယ်ဘက်စစ်ကြောင်း

ပထမနေ့တိုက်စစ်က သံဆူးကြိုးအတားအဆီ
များကို မကျော်နိုင်ခဲ့ခြင်း၊ ရန်သူ့ဘန်ကာကြီးများမှာ ကြံ့ခိုင်မာ
နိုင်ခံ့လှသဖြင့် ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများပင်
မတိုးနိုင်ခြင်း၊ ရန်သူမှ သတ်ကွင်းအတွင်း ဝင်လာသည်
မိမိစစ်သည်များအား မျက်မြင်အနီးကပ် ပစ်ခတ်နိုင်ခြင်း
တို့ကြောင့် တိုက်စစ်အဟုန်ကျကာ အောင်မြင်မှုမရ ဖြစ်ခဲ့
လေသည်။ ယခု ဒုတိယတိုက်စစ်တွင် ကျင့်သုံးမည့် စစ်
နည်းဗျူဟာမှာ

– သံဆူးကြိုး အတားအဆီးများကို ညကတည်းက
ချဉ်းကပ်၍ ဖြတ်တောက်မည်။

– မိမိလက်နက်ကြီးများအား မျက်မြင်အနီးကပ်
တိုက်ရိုက်ပစ်သွားမည်။

– အတားအဆီးများကို ဘန်ဂလို တိုပီဒိုများဖြင့်





ဖောက်ခွဲဖျက်ဆီးမည်။

– ရန်သူ့ဘန်ကာကြီးများ အနီးရောက်ပါက လက်
ပစ်ဗုံးများ သုံးမည်။ ရှေ့ထွက်မိုင်းများ သုံးမည်။

အထက်ပါ အစီအမံအတိုင်း ခမရ (၁) သည်
စစ်ကြောင်း ၂ ကြောင်းခွဲကာ ဒီဇင်ဘာလ ၂၁ ရက်နေ့
၂၂း၀၀ ချိန်မှစပြီး ရန်သူ့ရှေ့မျက်နှာစာအား ချဉ်းကပ်ခဲ့
သည်။ ၀၂း၀၀ ချိန်မှ ၀၃း၀၀ ချိန်ထိ ရန်သူ့မိုင်းကွင်းအား
ဖောက်ထွင်း၍ ပထမ ခြံစည်းရိုးအား ရောက်ရှိခဲ့သည်။
ခြံစည်းရိုးများကို စဖောက်တော့သည်။ ရန်သူမှ ကော်မူးရာ
စခန်းတွင်းရှိ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများဖြင့်
၎င်းသတ်ကွင်းအတွင်း ရောက်ရှိနေသည့် စစ်သည်များကို
ပစ်ခတ်ရာ ထိမှန်ဒဏ်ရာရမှုများ ရှိခဲ့ပါသည်။ တပ်ရင်းမှူး
နှင့် ဘပ်ခွဲမှူးများမှ နောက်မဆုတ်ဘဲ ရန်သူ့ပစ်ခတ်မှုများ
ကြားမှပင် ရှေ့သို့ချီတက်ကာ သံဆူးကြိုးအတားအဆီးများ
ကို ဖြတ်တောက်ခဲ့ပါသည်။ ဗိုလ်မှူးသိန်းဝင်းနိုင် ဦးစီး
တိုက်ရွေးစင် ကွန်မန်ဒို ၂၆ ဦးသည် နေ့လယ် ၁၁း၀၀
ချိန်တွင် ခြံစည်းရိုး ၆ ထပ်အား ဖောက်၍ အတွင်းသို့ဝင်
သွားနိုင်ခဲ့ပါသည်။ ဗိုလ်မှူးသိန်းဝင်းနိုင်နှင့် ကွန်မန်ဒိုအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အား ရန်သူမှ စိန်ပြောင်းများ ၅၇ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်များ၊ ပွိုင့်ဖိုက် စက်သေနတ်ကြီးများဖြင့် အဆက် မပြတ်ပစ်ရုံသာမက ဗိုလ်မှူးသိန်းဝင်းနိုင်နှင့် မိမိကွန်မန်ဒို စစ်သည်များရှိနေသည့် သက်ကယ်တောအား မီးတင်ရှို့ရာ မိမိဘက်မှ တပ်ဖွဲ့မှူး ဗိုလ်မှူးသိန်းဝင်းနိုင်နှင့် ၄ ဦး ကျဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ပါသည်။

တိုက်စစ်အဟုန်မှာလည်း ရပ်တန့်သွားခဲ့ပါသည်။ တပ်ရင်းမှူးမှ စစ်ကြောင်း ၂ ခုကို ဘယ်ညာ ဖြန့်တိုက် စေပြီး သံဆူးကြိုး ၆ ထပ်တွင်ရှိနေသည့် မိမိကျဆုံးဒဏ်ရာ ရသူများအား ပြန်လည်ဆွဲထုတ်ခဲ့ရာ ည သန်းခေါင်ချိန်မှ အချို့ကိုသာ ပြန်သယ်နိုင်ပြီး ရှေ့ဆုံးနောက်နေသည့် ဗိုလ်မှူးသိန်းဝင်းနိုင်နှင့် ၄ ဦးအား ပြန်လည်သယ်ယူနိုင်ခြင်း မရှိဘဲ ဆုတ်ခွာခဲ့ရပါသည်။

ယခု ဒုတိယအကြိမ် တိုက်စစ်တွင် တပ်ရင်းမှူး ကိုယ်တိုင်လည်း ဒဏ်ရာရခဲ့လေသည်။

ယခုတိုက်ပွဲတွင် ခမရ (၁) မှ ၁၅ ဦးကျဆုံးပြီး ၃၃ ဦး ဒဏ်ရာရ၍ လက်နက်ငယ် ၁၄ လက်နှင့် ၉၀၆ စက်တစ်လုံး ရန်သူ့စခန်းတွင် ကျန်ခဲ့လေသည်။ ကျဆုံး

မြရတနာစာပေ



သူများထဲ၌ ခွဲမှူးဗိုလ်မှူး ဗိုလ်မှူးသိန်းဝင်းနိုင် ပါဝင်သွား ခဲ့လေသည်။

ဒီဇင်ဘာ ၂၁ ရက် ဒုတိယအကြိမ် တိုက်စစ် သည်လည်း အထိအနိုက် အကျအဆုံးများနှင့် အဆုံးသတ် ခဲ့ပြန်လေပြီ။

**Feint Attack** ဆိုသော်လည်း တကယ်တော့ **Feint** မဟုတ်ပါ။ တကယ်တိုက်ကြရခြင်း ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးနှင့် နောက်ထပ်တိုက်စစ်များကို ဆိုင်းထားလိုက်ကြရ၏။ ရန်သူအနေအစား ပျက်အောင် တော့ ကော်မူးရာစခန်းကြီးအတွင်းသို့မူ လက်နက်ကြီးများ မပြတ်ပစ်ပေးလျက် ရှိပါသည်။

မကိုက်မဖြစ်ကော်မူးရာ

မိမိတို့တပ်များမှ ကော်မူးရာစခန်းကြီးကို ဖိအား ပေးတိုက်ခိုက်နေစဉ်မှာပင် မာနေပလောဗဟို၌ **KNU** နှင့် **DKBA** အတိအလင်း ကွဲသွားကြပြီး အတိအလင်းပင် ဆင်နွှဲကြတော့၏။ ဒီဇင်ဘာမှစခဲ့သော **KNU** နှင့် **DKBA** တိုက်ပွဲများမှာ ပိုပြင်းထန်လာသည်။ ဇန်နဝါရီတွင် တိုက်ပွဲ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



များမှာ သံလွင်မြစ်ရိုးတစ်လျှောက်နှင့် ဒေါနတောင် အရှေ့ခြမ်း၊ အနောက်ခြမ်း အားလုံးအနှံ့ ဖြစ်ပွားလာတော့သည်။ **DKBA** မှလည်း တပ်မတော်သို့ တရားဝင် ဆက်သွယ်လာသည်။ တကယ်တော့ **KNU** ကို သူတို့ချည်း တိုက်လို့မရမှန်း သူတို့သိကြပါသည်။ ထို့ကြောင့်လည်း ဆက်သွယ်လာကြခြင်း ဖြစ်၏။ သူတို့အား ဒုက္ခပေးခဲ့သော **KNU** ဗဟိုနှင့် မာနေပလော စခန်းကြီးမရှိမှ အေးမည်။ မာနေပလောကို တိုက်သိမ်းမည်။ ဗဟိုကို ဖြိုမည်။ သဘောထားတင်းမာသော ဥက္ကဋ္ဌကြီးကို ရှင်းမည်။ ဒါသည်ပင် **DKBA** တို့၏ လတ်တလောဆန္ဒ ဖြစ်၏။

၁၉၉၅ ခုနှစ် ဇန်နဝါရီ တတိယပတ်တွင် ပြည်မှ တပ်မ (၆၆) ချီတက်လာသည်။ မာနေပလော စခန်းကြီး အနောက်ခြမ်းကို စတိုက်သည်။ ဘားအံမှ တပ်မ (၂၂) က မာနေပလောတောင်ခြမ်းကို တပ်မတစ်ခုလုံးနှင့် ဝင်တိုက်သည်။ တိုက်စစ်ကို ရတခ တိုင်းမှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်သည်။ စစ်မြေပြင်သို့ စစ်ရုံးမှ လူကြီးများ ကိုယ်တိုင် လိုက်လာပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မြရဟနာစာပေ



ကော်မူးရာစခန်းအား တိုက်ခိုက်စဉ်က မြန်မာ့တပ်မတော် စစ်ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာစခန်းသိမ်းတိုက်ပွဲအားတိုက်ရိုက်ကြီးကြပ်ခဲ့သည့်
မြန်မာ့တပ်မတော်ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေး



ကော်မူးရာတိုက်ပွဲအား သက်နံ့ညီနောင်တွင် အခြေချကြီးကြပ်ခဲ့သည့်
စစ်ဆင်ရေးအတူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးမောင်လှ

www.burmeseclassic.com

www.burmeseclassic.com



ကော်မှူးရာ စခန်းသိမ်းတိုက်ပွဲအား အနီးကပ်ကြီးကြပ်ခဲ့သည့်
အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်



မှူးရာတိုက်ပွဲအား သက်နှ်းညီနောင်တွင် အခြေချကြီးကြပ်ခဲ့သည့်
စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးမောင်လှ

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာ စခန်းသိမ်းတိုက်ပွဲအား အနီးကပ်ကြီးကြပ်ခဲ့သည့်
အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်



DKBA မှ အပြည့်အဝ အကူအညီရသဖြင့် ကယ်တိုက်တော့ တစ်ပတ်ပင် မကြာပါ။ မာနေပလော ခန်းကြီး ကျလေတော့သည်။

ထိုနေ့ကား ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် နေ့ပင်တည်း။

"ကဲ ... ဗဟိုမာနေပလောတော့ ရပြီ။ ကျန်တဲ့ ခန်းတွေပါ မထားနဲ့တော့။ အရေးအကြီးဆုံးက ကော်မူးရာ အောင်တိုက်ဖို့ပဲ။ မစို့မပို့ မလုပ်နဲ့တော့။ ဒီက လူကြီးတွေ အားလုံး ဆင်းကြည့်ပြီး ရအောင်တိုက်ပါ"

နိုင်ငံတော်အကြီးအကဲက အထက်ပါအတိုင်း မှတ်ချက်ပေးသည်။

■

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## စခန်းသိမ်းတိုက်ပွဲများဆင်နွှဲခြင်း

နိုင်ငံတော်အကြီးအကဲ၏ မှတ်ချက်အရ ကော်မူး
စခန်းသိမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန် စစ်ရုံးတွင် အစည်းအဝေး
များ ပြုလုပ်ခဲ့လေသည်။ အပြီးအပြတ်ရအောင် တိုက်
မည်ဖြစ်၍ လူ၊ လက်နက် စုဖွဲ့မှုများကို အသေအချာ စီ
ရတော့သည်။ ကွပ်ကဲမှုကိုလည်း စစ်ရုံးမှ လူကြီးများ
ကိုယ်တိုင် ဆင်းကွပ်ကဲရန် ဖြစ်သည်။ ဒုတိယတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ကွပ်ကဲသွားမည်။ ကျ
တပ်မှူးကြီးများလည်း ရှေ့တန်းကျကျ လိုက်ပါကြရမည်

မြရတနာစာပေ



သယ်န်းညီနောင်တွင် ကစထ (၂) မှူး ဒုဗိုလ်ချုပ်ကြီး မောင်လု ရှိမည်။

တိုင်းမှူး၊ တပ်မမှူးများ၊ ကစထမှူး စသည့် တပ်မှူးကြီးများအားလုံး ရှေ့တန်းစစ်မြေပြင်ထိ လိုက်ပါကြမည်။ ပြီးခဲ့သည့် ဒီဇင်ဘာလတိုက်ပွဲတုန်းက ဗျူဟာမှူး အဆင့်နှင့် လွှတ်ပေးခဲ့ရာ မလိုလားအပ်ဘဲ မိမိဘက်မှ အထိအခိုက် အကျအဆုံးများခဲ့ရသည်ဟု စစ်ရုံးမှ သုံးသပ်ခဲ့လေသည်။

တပ်ရင်း ၂ ရင်းသာ ထုတ်သုံးခဲ့ရာ ထိုတပ်ရင်း ၂ ရင်း အနားပေးရသည်နှင့် နောက်ထပ် အရန်တပ် မရှိသလောက်ဖြစ်ခဲ့ရ၍ တိုက်စစ်အဟုန်ရပ်တန့်သွားခဲ့သည်။ ယခု တိုက်စစ်ကတော့ ရည်မှန်းချက် မရ,ရအောင် တိုက်ရည်ဖြစ်၍ အနားပေးထားသည့် တပ်မများကို အသင့်ပြင်ခိုင်းထားသည်။

တကယ်တိုက်ရမည်က တပ်မ (၄၄)

အရန်တပ်မများက တပ်မ (၁၁) နှင့် တပ်မ (၇၇)

ပစ်ကူပေးရမည့်တပ်က အမြောက်နှင့် သံချပ်ကာယန္တရားကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးလွန်းသိ ကွပ်ကဲသော

မြရတနာစာပေ

www.burmeseclassic.com

အမြောက်တပ်ရင်းသုံးရင်းမှ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး ၂၂ လက်။ ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာ အမြောက်ကြီး ၆ လက်၊ ၁၀၆ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီး ၄ လက်၊ ပွိုင့်ဖိုက် စက်သေနတ်ကြီး ၁၀ လက်တို့ ပါဝင်ပါသည်။

တိုက်ပွဲဝင်တပ်မှူးများ တွေ့ဆုံပေါင်းစပ် ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ဖေဖော်ဝါရီလဆန်းမှာပင် တိုက်ပွဲဝင်မည့်တပ်တွေကို ကော်မူးရာစခန်းနှင့် လက်နက်ကြီးတစ်ကမ်းတွင် စုဖွဲ့နေရာချထားခဲ့၏။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ယအနုတ် ၂ ရက်နေ့တွင် တိုက်ပွဲဝင်မည့် တပ်မှူးကြီးအားလုံး မိမိအခြေပြုကြရမည့်နေရာများကို ရောက်ရှိကြပြီဖြစ်၏။

ရတခတိုင်းမှူး

တပ်မ (၁၁) တပ်မမှူး

တပ်မ (၄၄) တပ်မမှူး

တပ်မ (၇၇) တပ်မမှူး

၎င်းတို့၏ ဒုတပ်မမှူးများသည် ပွိုင့် ၁၂၇၉ တွင် အခြေပြုခဲ့ပါသည်။





ပွိုင့် ၁၄၅၀ တွင်မူ တပ်မ (၄၄) ဒုတပ်မမှူးနှင့်အဖွဲ့မှ အုပ်ချုပ်မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၏။

ယရက် **D Day** မှာ ဖေဖော်ဝါရီ ၈ ရက် ဖြစ်သည်။

**ပထမအကြိမ်တိုက်စစ်ဆောင်ရွက်ခြင်း**

ယရက် **D Day** တွင် မိမိတပ်မ (၄၄) ကွပ်ကဲမှုအောက်မှ တပ်များက အမြောက်လက်နက်ကြီးများ အကူအညီဖြင့် ကော်မူးရာစခန်းကြီးကို ဝင်ရောက်တိုက်ခိုက်မည်ဖြစ်ပါသည်။

ကွပ်ကဲမှုကို ရတခ တိုင်းမှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကွပ်ကဲသွားမည် ဖြစ်လေသည်။

ပထမအကြိမ် တိုက်စစ်အတွက် တပ်များကို အောက်ပါတိုင်း စုဖွဲ့ခဲ့သည်။

(က) ချေမှုန်းရေးတပ်။ ရန်သူ ဗူးဝရှေ့တည့်တည့်မှ ရင်ဆိုင်တိုက်ခိုက်ရန် အောက်ပါစစ်ကြောင်း ၂ ကြောင်း ကို စုဖွဲ့ခဲ့ပါသည်။

(၁) ညာဘက်စစ်ကြောင်း

(ကက) ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်

www.burmeseclassic.com



ရင်း စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ။

(ခခ) ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ။

(ဂဂ) ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁/၂) နှင့် တပ်ခွဲ ၅ ခွဲ။

(ဃဃ) အမှတ် (၄၄၁) နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့။

(၂) ဘယ်ဘက်စစ်ကြောင်း

(ကက) ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲ။

(ခခ) ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲ။

(ဂဂ) အမှတ် (၄၄၂) နည်းဗျူဟာ စစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့။

(ခ) ပစ်ကူတပ်။ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ရှေ့တန်းအမှတ် (၁၆) အမြောက်တပ်ရင်းမှ တပ်ခွဲ ၂ ခွဲ။

(ကက) ၁၂၀ မီလီမီတာ (အမ်အေ-၆)





စိန်ပြောင်းကြီး ၈ လက်။

(ခခ) ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာ အမြောက် ၄ လက်။

(၂) အမှတ် (၁၁၄) အမြောက်တပ်ခွဲ

(ကက) ၁၂၀ မီလီမီတာ (ယူဂို) စိန်ပြောင်းကြီး ၄ လက်။

(ခခ) ၁၂၀ မီလီမီတာ (ကေ-၆) စိန်ပြောင်းကြီး ၂ လက်။

(ဂဂ) ၁၀၆ မီလီမီတာ နောက်ပွင့်ရိုင်ဖယ် ၄ လက်။

(၃) အမှတ် (၁၁၉) အမြောက်တပ်ခွဲ။ ၁၂၀ မီလီမီတာ (အမ်အေ-၆) စိန်ပြောင်းကြီး ၈ လက်။

(၄) အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်။ လက်နက်ကြီးတပ်စု ပွိုင့်ဖိုက် ၁၀ လက်။

ဆင့်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခြင်း

ညာဘက်စစ်ကြောင်း

(က) ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်းမှ ယာယီ



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူး ဗိုလ်မှူးသန်းဆွေ ဦးစီးစစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲသည် ရန်သူ ဗူးဝရှေ့ ကိုက် ၃၀၀ ခန့် ကွာဝေးသောနေရာတွင် ရန်သူနှင့် စတင် ရင်ဆိုင်ထားရှိခဲ့ပြီး ၎င်း၏နောက်တွင် ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲ ၃ ခွဲ ၎င်းနောက်တွင် ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းစစ်ကြောင်း (၁/၂) တပ်ခွဲ ၅ ခွဲ အစီအစဉ်အတိုင်း တပ်ဖြန့်ထားရှိခဲ့ပါသည်။

(ခ) ပစ်ခတ်မှုစီမံချက်အတိုင်း ဝ၅း၁၆ နာရီမှ ဝ၅း၂၀ နာရီအထိ ရန်သူဗူးဝ ဘန်ကာများအားလည်းကောင်း၊ ဝ၅း၂၁ နာရီမှ ဝ၅း၂၄ နာရီအထိ ရန်သူခြံစည်းရိုးနှင့် မိုင်းကွင်းအားလည်းကောင်း၊ ဝ၅း၂၄ နာရီမှ ဝ၅း၃၀ နာရီအထိ ရန်သူ့ဘန်ကာများအပေါ်လည်းကောင်း၊ လက်နက်ကြီးများ ပစ်ခတ်နေပြီး မိမိ ချေမှုန်းရေးတပ်များ ရန်သူ့ဗူးဝသို့ ချဉ်းကပ်ခဲ့သည်။

မြရတနာစာပေ



(ဂ) ဝ၅း၃၀ နာရီတွင် မိမိတပ်များ ရန်သူ့ခြံစည်းရိုးအစပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းနေရာများမှ တစ်ဆင့် မိမိခြေမြန်တပ်ရင်း အကူလက်နက်များ ဖြစ်သည့် ၈၄ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်၊ ၄၀ မီလီမီတာ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်၍ ချဉ်းကပ်ခဲ့ရာ ဝ၅း၄၀ နာရီတွင် ရန်သူ့ဗူးဝသို့ မိမိရှေ့တန်း အမှတ် (၁၁၈) ခြေမြန်တပ်ရင်း ရှေ့ပြေးတပ်ခွဲ၊ ရှေ့ပြေးတပ်စုမှ စစ်သည်များ ရောက်ရှိခဲ့ပါသည်။ ၎င်းတပ်စု၏ နောက်တွင် တပ်ခွဲမှူး ဗိုလ်မှူးကြည်ဝင်းနှင့် ရုံးအဖွဲ့၏ နောက်တွင် ယာယီတပ်ရင်းမှူး ဗိုလ်မှူးသန်းဆွေတို့ ရှေ့တန်းကျကျ လိုက်လာခဲ့ကြသည်။

(ဃ) ရန်သူ၏ပစ်ခတ်မှုကြောင့် တိုက်ပွဲစပြီး မကြာမီမှာပင် တပ်ရင်းမှူး ဗိုလ်မှူးသန်းဆွေ၏ တင်ပါးတွင် လက်နက်ကြီး ထိမှန်ပြီး ဒဏ်ရာရရှိထားပါသည်။ သို့ရာတွင် ဗိုလ်မှူးသန်းဆွေသည် ရှေ့ပြေးတပ်ခွဲနှင့် ချဉ်းကပ်ခဲ့ပါသည်။ မိမိ ရှေ့ပြေးတပ်ဖွဲ့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကပ်လျက်လိုက်ပါလာပါသည်။ မိမိရှေ့ပြေး တပ်ခွဲ၏ ပစ်အားဖြင့် ရှေ့ပြေးတပ်ခွဲမှ တပ်စု ၂ စုသည် ခြံစည်းရိုး ၅ ထပ်အကြားထိရောက်ရှိခဲ့ပြီး ဝ၈း၀၀ နာရီတွင် ရှေ့ပြေးတပ်စု ဗူးဝရှိ အလယ် ဘန်ကာသို့ ရောက်ရှိပြီး တပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေ ရောက်ရှိလာ၍ ဘန်ကာကို လက်ဖြင့် ပုတ်ပြီး ''ငါ ဘန်ကာရပြီ ရဲဘော်တို့ ဆက် တက်''ဟု အမိန့်ပေးပါသည်။ ထို့အပြင် အိုင်ကွန် စကားပြောစက်ဖြင့် တပ်မမှူးထံ ''အဘအတွက် ဘန်ကာတစ်ခု လက်ဆောင်ပေးနိုင်ပါပြီ'' ဟု ပြောဆိုကာ ဆက်တက်ခဲ့ပါသည်။

(င) ဝ၈း၃၀ နာရီတွင် တပ်ရင်းမှူးမှ ဘယ်လက်ဖြင့် အိုင်ကွန်စကားပြောစက်ကို ကိုင်၍ ညာလက်ဖြင့် လက်ပစ်ဗုံး ပစ်ပေါက်ရန် လက်မြှောက်စဉ် ညာ လက်သို့ ရန်သူ့လက်နက်ငယ်စ ထိမှန်ခဲ့ပြီး အိုင် ကွန်စကားပြောစက်မှာလည်း အစထိမှန် ပျက်စီးခဲ့ ပါသည်။ တပ်ရင်းမှူးသည် ၎င်း၏နောက်မှ





တပ်ခွဲမှူး ဗိုလ်ကြီးသိန်းအေးထံမှ အိုင်ကွန်စက်ကို ယူပြီး ဆက်လက်အမိန့်ပေး ကွပ်ကဲခဲ့ပါသည်။ ထိုစဉ် တပ်ရင်းမှူး၏အနီးသို့ ရန်သူ့ ၆၀ မီလီမီတာ စိန်ပြောင်း ဗုံးကျရောက်ပေါက်ကွဲခဲ့ပြီး တပ်ရင်းမှူး ဗိုလ်မှူးသန်းဆွေ ကျဆုံးခဲ့ပါသည်။

ဗိုလ်ကြီးသိန်းအေးသည် တပ်ရင်းမှူးအား တက် ပြီးဆွဲထုတ်လာရာ ၆၀ မီလီမီတာ စိန်ပြောင်း ထပ်မံကျရောက်ပေါက်ကွဲခဲ့ပြီး ဗိုလ်ကြီးသိန်းအေး ထပ်မံဒဏ်ရာရရှိခဲ့ပါသည်။ ဗိုလ်ကြီးလှိုင်ထွန်းဦး ဦးစီးရှေ့ပြေးတပ်ခွဲသည် နံပါတ် (၃) ခြံစည်းရိုး အတွင်း ရောက်ရှိနေခဲ့ပြီး ရန်သူ့လက်နက်ကြီး ကျည်များ အဆက်မပြတ် ကျရောက်ပေါက်ကွဲ နေမှုကြောင့် နောက်သို့ ဆုတ်ခွာခဲ့ရပါသည်။

ရန်သူသည် ရှေ့ပြေးတပ်ရင်းအား ချေမှုန်းပစ်ခတ် နေစဉ် ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်း ၏ နောက်မှ ကပ်လျက်လိုက်ပါလာသော ရှေ့တန်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁) ခြေမြန်တပ်ရင်း၊ ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းတို့အား ပိုင်းဖြတ်ပစ်ခတ်ခဲ့ရ ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်းနှင့် ရှေ့တန် အမှတ် (၂) ခြေမြန်တပ်ရင်းတို့မှ စစ်သည်များ ထပ်မံထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြပါသည် ရန်သူသည် ဘယ်ဘက်ဖူး၀ ဘန်ကာ၊ ညာဘက် ဖူး၀ ဘန်ကာ၊ အလယ်ရှိ ခေါင်ကတုတ် ၃ ခု ပွိုင့်ဖိုက်စက်သေနတ်ကြီးများ၊ ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်လောင်ချာများတို့ဖြင့် စိတ်ကြိုက် ချေမှုန်းနိုင်ခဲ့သဖြင့် မိမိတပ်များရှေ့နှင့် နောက်တပ် အဆက်ပြတ်သွားခဲ့ပါသည်။

(၉) ၀၉း၀၀ နာရီမှ မိမိရှေ့ပြေးတပ်များ ရန်သူ့ဖူး၀ ခေါင်ကတုတ်သို့ ရောက်ရှိနေစဉ် တပ်ကြပ်ကြီး နီစိုးအောင် ဦးစီး ရှေ့ပြေးတပ်စုသည် ညာအစွန် ဘန်ကာသို့ လက်ပစ်ဗုံးများ ပစ်သွင်းပြီး တပ်သား ရွှေထွန်းလှမှ ရန်သူအား စက်လက်ဖြင့် နှိမ်နင်း ပစ်ခတ်နိုင်ခဲ့ပါသည်။ ထိုအချိန်တွင် ရန်သူ



လက်နက်ကြီးများ ကျရောက်ခဲ့ပြီး တပ်ကြပ်ကြီး နီစိုးအောင် အပါအဝင် ၄ ဦး ကျဆုံးကာ ကျန် စစ်သည်များ ဒဏ်ရာရရှိခဲ့ပါသည်။

ထိုအချိန်တွင် တပ်ကြပ်ကြီးနီစိုးအောင်၏အနီးမှ ကပ်၍ လိုက်ပါလာသော ရှေ့ပြေးတပ်ခွဲမှူး ဗိုလ်မှူး ကြည်ဝင်းအပါအဝင် စစ်သည် ၇ ဦး လက်နက် ကြီး ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ ဗိုလ်မှူး ကြည်ဝင်း ၏ ရှေ့ပြေးတပ်ခွဲ၏ နောက်မှ ထုနှင့်တိုက်စစ်ဆင် ရန် ကပ်ပါလာသော ဗိုလ်ကြီး လှိုင်ထွန်းဦး အပါ အဝင် စစ်သည်များ ခါးပြတ်၍ သတ်ကွင်းအတွင်း ရန်သူမှ ဖိ၍ပစ်ခတ်ခြင်း၊ လက်နက်ကြီးများ အဆက်မပြတ် အပစ်ခံရခြင်းတို့ကြောင့် ကျဆုံး ဒဏ်ရာရရှိခဲ့ပြီး ထပ်မံ၍ တပ် အဆက်ပြတ်သွား ခဲ့ပါသည်။

ရှေ့ပြေးစစ်ကြောင်း (၁) သည် ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲများ

www.burmeseclassic.com

www.burmeseclassic.com



အနက် တပ်ရင်းမှူး ကျဆုံးခြင်း၊ တပ်ခွဲမှူးမျ
ထိခိုက်ဒဏ်ရာရရှိခြင်း၊ စစ်သည်များ ကျဆုံး
ဒဏ်ရာရရှိခြင်းတို့ကြောင့် တိုက်စစ်အရှိန်အဟုန်
ရပ်တန့်ခဲ့ပြီး ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်
စစ်ကြောင်း (၁) တပ်ခွဲ ၃ ခွဲသည် ရှေ့ဆုံး ရန်သူ
ခြံစည်းရိုး ၁၀ ကိုက်အကွာသို့ ရောက်ရှိနေပြီ
ရန်သူ၏ ပိုင်းဖြတ်ပစ်ခတ်မှုကြောင့် အရာရှိ
သည်များ ထပ်မံကျဆုံး ဒဏ်ရာရရှိခဲ့ပါသည်။

(၄) ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်း တပ်ရင်းမှူး
သည် ရှေ့ဆုံးရှိ တပ်ခွဲ ၃ ခွဲသို့ ၎င်း၏ တပ်
(၅) အား ထပ်မံအင်အားဖြည့်ပြီး တပ်အဆက်
မပြတ်ရန် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက်
ရန်သူမှ ပို့င့်ဖိုက်စက်သေနတ်ကြီး၊ ၅၇ မီလီမီတာ
ဒုံးပစ်လောင်ချာတို့ဖြင့် ပုံသေပစ်ကြောင်းဖြ
ပစ်ခတ်နေသည့် ရန်သူ့ဗူးဝအလယ်နှင့် ညာဘက်
ဘန်ကာကို ချေမှုန်းခဲ့ပါသည်။ တပ်ခွဲ (
တပ်ခွဲမှူး ဗိုလ်ကြီး ဝင်းကျော်သည် ကန့်လန့်ဖြ





လဲကျနေသည့် သစ်တုံးကို အကာအကွယ်ယူပြီး
၆၀ မီလီမီတာ ဒုံးပစ်လောင်ချာ စက်သေနတ်
တို့ဖြင့် ကာပစ်ကို ထိရောက်စွာ ပစ်ခတ်ပေးနိုင်
ခဲ့ပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီးဝင်းကျော်ထံသို့
၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ် ပစ်ခတ်မှု
ကြောင့် တပ်သား ခင်မောင်မောင်၊ တပ်သား
မျိုးမြင့်တို့ ကျဆုံးပြီး စစ်သည်များ ဒဏ်ရာရရှိ
ခဲ့ပါသည်။

(၅) ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း တပ်ရင်းမှူး
သည် တပ်ခွဲ (၅) ၏ ရှေ့ဆုံးထိတက်ပြီး တပ်ခွဲ
(၅) အား တပ်ခွဲ (၃) ကို ကျော်ဖြတ်ပြီး ရန်သူကို
ချေမှုန်းရန် တာဝန်ပေးခဲ့ရာ တပ်ကြပ်ကြီး ထွန်းဝေ
ဦးစီး ၄ စိတ် ရှေ့သို့ ချီတက်စဉ် ရန်သူပုံသေ
ပစ်ကြောင်းအတွင်း ကျရောက်ပြီး စစ်သည်များ
ထပ်မံ ကျဆုံး၊ ဒဏ်ရာ ရရှိခဲ့ပါသည်။ ရှေ့တန်း
အမှတ် (၁) ခြေမြန်တပ်ရင်းမှ တပ်ခွဲ (၃)သည်
တပ်ခွဲ (၅) ရပ်တန့်နေစဉ် ၎င်းတပ်ခွဲ ၂ ခွဲ



www.burmeseclassic.com

www.burmeseclassic.com



သတ်ကွင်းအတွင်းမှ ဖြတ်ကျော်နိုင်ရန်အတွက် တပ်ရင်းမှူးမှ ဗိုလ်ကြီး ခင်ဇော် ဦးစီးတပ်ခွဲအား တပ်ခွဲ (၅) ၏ ညာဘက်မှ ဖြတ်ကျော်တိုက်ခိုက်ရန် ဝ၉း၄ဝ နာရီတွင် အမိန့်ပေးခဲ့ပါသည်။ တပ်ခွဲ (၁) မှ ညာဘက်မှ ဖြတ်ကျော်ရန် ကြိုးပမ်းစဉ် စစ်သည်အချို့ကျဆုံးပြီး တပ်ကြပ်မောင်မောင်မြင့်၊ ဒုတပ်ကြပ်သန်းမင်းတို့ ပွိုင့်ဖိုက်စက်သေနတ်ကြီး ထိမှန် ဒဏ်ရာရရှိခဲ့ပါသည်။ ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်း၊ တပ်ရင်းမှူး၏ ဝဲဘက်ပခုံးတွင်လည်း ပွိုင့်ဖိုက် ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။

(ဃ) ၁ဝး၃ဝ နာရီတွင် တပ်ရင်းမှူးမှ ခွဲ (၅) အား သတ်ကွင်းအတွင်းမှ ဖြတ်ကျော်၍ ရှေ့တပ်စုနှင့် တပ်ဆက်ရန် ညွှန်ကြားရာ အင်အားနည်းနေကြောင်း သတင်းပို့ချက်အရ ဗိုလ်ခင်ဇော်ဦးစီး တပ်ခွဲ (၁) အား ညာဘက်မှပတ်၍ ကိုက် ၈ဝ ခန့်အထိ အတင်းဖြတ်ကျော် ရှင်းခိုင်းခဲ့ပါသည်။ တပ်ခွဲမှူး ဗိုလ်ကြီးခင်ဇော်သည် တပ်ခွဲ၏ရှေ့မှ





အမိန့်ပေးချီတက်စဉ် ၁ဝ ကိုက်အတွင်း ရန်သူ ပွိုင့်ဖိုက် စက်သေနတ်ကြီးကျည်ဆန် ဦးခေါင်းထိမှန် ကျဆုံးသွားခဲ့ပါသည်။ အမှတ် (၁) ခြေမြန် တပ်ရင်း၏ တပ်ခွဲ (၁၊ ၃၊ ၅) တို့မှ ကျန်စစ်သည် များနောက်မှ တစ်ဆက်တည်း ချဉ်းကပ်စဉ် စစ်သည်အများအပြား ဒဏ်ရာရရှိခဲ့ပြန်ပါသည်။

(ဘ) ၁၂းဝဝ နာရီခန့်တွင် ရှေ့တန်းအမှတ် (၁) ခြေမြန် တပ်ရင်းမှူးသည် တပ်ရင်းရှိ ၆ဝ မီလီမီတာ ဒုံးပစ်လောင်ချာ၊ ၁ဝ၃ မီလီမီတာ ဒုံးပစ်လောင်ချာတို့ဖြင့် ရန်သူဘန်ကာများအား ပစ်ခတ်ရန် တာဝန်ပေးခဲ့ရာ ရန်သူမှ တန်ပြန်ပစ်ခတ်မှုကြောင့် ခွဲ (၁) မှ ခွဲတပ်ကြပ်ကြီး လွန်အွမ်ကီး ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။ နည်းဗျူဟာမှူးသည် အခြေအနေ အရပ်ရပ်ကို လေ့လာပြီး နောက်ချန်တပ်ဖြစ်သည့် ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲ (၃) အား အမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) အား ဖြတ်ကျော်တက်ရန် ညွှန်



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ပါသည်။ ၁၂း၃၀ နာရီတွင် ရှေ့တန်း အမှတ် (၂) ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးညီညီ ဦးစီးစစ်ကြောင်း (၂) သည် ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်းမှူးထံ ပူးပေါင်းပြီး တပ်ရင်းမှူးနှင့် အခြေအနေ ညှိနှိုင်းကာ တပ်ရင်း နှစ်ရင်းရှိ အင်အားများ စုပေါင်းပြီး အမြောက် ပစ်ကူနှင့်အတူ ဘန်ကာများအား အတင်းတက် ရောက်ချေမှုန်းရန် စီစဉ်ခဲ့သည်။ ထိုစဉ် ၎င်းအနီး သို့ ၅၇ မီလီမီတာကျည် ပေါက်ကွဲခဲ့၍။ ၅၇ မီလီ မီတာ နောက်ပွင့်ရိုင်ဖယ်ကျည် ကျရောက်ပေါက် ကွဲ၍ ဒုတပ်ကြပ်တင်ဝင်းမြင့်နှင့် ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းမှ စစ်သည်အများအပြား ဒဏ်ရာရရှိသွားခဲ့သည်။ နည်းဗျူဟာမှူးသည် ရှေ့တန်းအမှတ် (၁) ခြေမြန် တပ်ရင်းအား ဖြတ် ကျော်ပြီး ရှေ့တန်း အမှတ် (၁၁၈) ခြေမြန်တပ်ရင်း ကို တပ်အဆက်မပြတ်ရန် ဆောင်ရွက်ခဲ့သည်။

(တ) ၁၃း၀၀ နာရီတွင် နယ်လှည့် အမှတ် (၄၄) ခြေမြန်





တပ်မဌာနချုပ်နှင့် တိုက်ရိုက်ဆက်သွယ်မှုရရှိပြီး ဗူးလယ်ညာအစွန်နှင့် နောက်ပိုင်း ကိုက် ၁၀၀ ရှိ ပစ်မှတ်များအား အမြောက်ပစ်ကူတောင်းခံ၍ အတင်းတက်ရောက်ချေမှုန်းရန် တင်ပြခဲ့သည်။ ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းမှ ထပ်ဖြည့် တပ်ခွဲမရောက်သေးသဖြင့် စောင့်ဆိုင်းနေစဉ် ၁၄း၃၀ နာရီ ရှေ့တန်း အမှတ် (၂) ခြေမြန်တပ်ရင်း ခွဲ (၄) မှ တပ်ခွဲမှူးဒဏ်ရာရရှိခဲ့သဖြင့် ခွဲတပ်ကြပ် ကြီးနှင့် တစ်စိတ်သာ ရောက်ရှိပူးပေါင်းနိုင်ခဲ့သည်။ အမှတ် (၂) ခြေမြန်တပ်ရင်းသည်လည်း ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်းအား ဖြတ်ကျော်စဉ် ရန်သူ၏ပုံသေပစ်ကြောင်းအတွင်း ကျရောက်ပြီး စစ်သည်အများအပြားထိခိုက် ကျဆုံးဒဏ်ရာရရှိခဲ့ သည်။ အမှတ် (၄၄၁) နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုဖွဲ့မှ တပ်မမှူးထံ ရန်သူ့ပစ်မှတ်များအား ထပ်မံပစ်ခတ်ပေးရန် ပစ်ကူတောင်းခံခဲ့ရာ ၁၄း၄၀ နာရီမှ ၁၄း၅၀ နာရီ အထိ ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်များဖြင့် ပစ်ကူပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(ထ) ထိုအချိန်တွင် ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း နှင့် ရှေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းတို့ ပူးပေါင်းပြီး ဆက်လက်ချီတက်ခဲ့သည်။ ၁၄း၄၀ နာရီမှ ၁၄း၅၀ နာရီအထိ တောင့်ခံထားသော ရန်သူ့ပစ်မှတ်များအား ဟောင်ဝစ်ဇာအမြောက် များဖြင့် ပစ်ကူပေးစဉ် ရှေ့တန်းအမှတ် (၁) ခြေမြန် တပ်ရင်း တပ်ရင်းမှူးကိုယ်တိုင် ဒဏ်ရာရသွား သော ဒုတပ်ကြပ် ကျော်သောင်း၏ ပွိုင့် ၃၀ ကာဘိုင်သေနတ်နှင့် ကျည်အား ယူ၍ သတ်ကွင်း အား အတင်းပြေးတက်ဖြတ်ကျော်သွားရာ ရန်သူ အနီးရှိ ဘန်ကာသို့ တပ်ရင်းမှူးကိုယ်တိုင် ထိုး ဖောက်ရောက်ရှိသွားသည်။ တပ်ရင်းမှူးသည် လက်နက်ကြီးကျည် ကျရောက်ထားသည့် ကျင်း တစ်ခုအတွင်းသို့ တိုးဝင်နေရာယူနေစဉ် ထောက် လှမ်းရေးအရာရှိ ဗိုလ်သောင်းဟာန်မှ တပ်ရင်းမှူး နောက် ပြေးလိုက်လေရာ သတ်ကွင်းအစပ်အတွင်း ၁၀၇ မီလီမီတာ လက်နက်ကြီး ထိမှန်သွားခဲ့ပြီး ကျန်နောက်မှပါလာသူ တပ်ဖွဲ့ဝင်များမှာလည်





ပွိုင့်ဖိုက် ထိမှန်၍ အချို့ဒဏ်ရာရကာ အချို့ကျဆုံး ခဲ့ရပါသည်။ ထို့ကြောင့် သတ်ကွင်းအစပ်သို့ ပြန် ဆုတ်ခဲ့ကြရ၏။ မိမိစစ်သည်များမှာ ရန်သူ၏ ၅၇ မီလီမီတာနှင့် ပွိုင့်ဖိုက် စက်သေနတ်ကြီးတို့ ကြောင့် အထိနာခဲ့ရပါ သည်။ တပ်ရင်းမှူးတစ်ဦး သာ ခြံစည်းရိုးအတွင်း ရောက်ရှိနေခဲ့ပြီး ရန်သူမှ ဘရောင်နင်ဖြင့် ဖိပစ်နေသည်ကို ကာဘိုင်ဖြင့် ခံပစ်၍ ည ၂၃း၀၀ ချိန်ရောက်မှ အမှောင်ထုကို အကာအကွယ်ယူကာ မိမိတပ်ရင်းနှင့် ပြန်လည် ပူးပေါင်းနိုင်ခဲ့ပါသည်။ ရှေ့တန်း (၁၁၈) ခြေမြန် တပ်မှူး ကျဆုံးသွားခြင်း၊ ခမရ (၁) တပ်ရင်းမှူး ဒဏ်ရာရခြင်း၊ တပ်ခွဲမှူးနှင့် တပ်ခွဲအရာရှိများ ကျဆုံးခြင်း၊ စစ်သည်အများအပြားလည်း ကျဆုံး ဒဏ်ရာရလျက် ရှိခြင်းတို့ကြောင့် ထိုနေ့က တိုက် စစ်အဟုန်မှာ ရပ်တန့်သွားခဲ့ရပါသည်။

(ဒ) ၎င်းအချိန်တွင် ခမရ (၁) တပ်ရင်းမှူးမှာ ဒဏ်ရာ ရနေခြင်း၊ စစ်သည်များ ဒဏ်ရာရရှိမှုများပြား



www.burmeseclassic.com

www.burmeseclassic.com





နေခြင်းတို့ကြောင့် ခမရ (၂) တပ်ရင်းတစ်ရင်းလုံး
တာဝန်ယူကာ ရန်သူအား ဆက်လက်ချေမှုန်းသွာ
ရန် နည်းဗျူဟာမှူးမှ ညွှန်ကြားခဲ့ပါသည်။ ခမ
(၂) မှ ဒုတပ်ရင်းမှူး မှူးညီညီ ဦးစီးစစ်ကြောင်
(၂) ဌာနချုပ်နှင့် ခွဲ ၂/၄ တို့သည် ရှေ့တွင်ရှိသော
ရတာ ခမရ (၂) တပ်ရင်းအဖွဲ့ကိုကျော်ကာ ခမ
(၁) ရင်းမှူးထံ ၁၂း၃၀ ချိန်၌ ရောက်ရှိပူးပေါင်းနိုင်
ခဲ့ပါသည်။ ခမရ (၁) ရင်းမှူးနှင့် အသေးစိတ်
ညှိနှိုင်းပြီး အမြောက်ပစ်ကူများ ရယူပြီး ရန်သူ
ဘန်ကာများကို အတင်းဝင်လုံးရန် စီစဉ်၍ ခမ
(၁) မှ ကျန်စစ်သည်များနှင့်အတူ အတင်းဝင်
ရောက်တိုက်ခိုက်ခဲ့ပါသည်။ ရတာ ခမရ (၂) မှ
ခွဲ ၄ မှူး ဗကမျိုးညွှန့် ဦးစီးတပ်ခွဲအား ၁၃း၃
ချိန်ခန့်တွင် ရန်သူမှ ၅၇ မီလီမီတာ၊ ၆၀ မီ
မီတာဖြင့် စုပြုပစ်ခတ်မှုကြောင့် ဗကမျိုးညွှန့်
တပ်ကြပ်ကြီးစံအေး၊ တပ်ကြပ် ဇော်ဝင်း၊ တပ်ကြ
တင်ဇော်၊ တပ်ကြပ်မျိုးဝင်း၊ တပ်သားခင်ဇော်တို့
ကျဆုံးပြီး စစ်သည်အချို့ ဒဏ်ရာရခဲ့ပါသည်။ ...



(၄) မှ ဗိုလ်မင်းကြည်စိုးနှင့် တပ်ခွဲတပ်ကြပ်ကြီး
အိုက်ထွန်းစံ ဦးစီးတပ်စိတ် တစ်စိတ်၊ စစ်ကြောင်း
(၂) မှ တပ်ကြပ် တီးရယ် ဦးစီး ဒုံးပစ်လောင်ချာ
အဖွဲ့များသာ ကျန်ရှိရာ စစ်ကြောင်း (၂) မှူးအဖွဲ့
နှင့် သွားရောက်ပူးပေါင်းခဲ့ရပါသည်။ ၎င်းအဖွဲ့
သည် မိမိတို့ရှေ့ ကိုက် ၅၀ အကွာခန့်ရှိ ဘန်ကာ
များအား ၁၀၃ မီလီမီတာ ဒုံးပစ်လောင်ချာ၊ အမ်
၄၀ ဒုံးပစ်လောင်ချာများဖြင့် အနီးကပ် ဝင်ရောက်
ပစ်ခတ်ကြရာ ရန်သူမှ ပွိုင့်ဖိုက် စက်သေနတ်
ကြီးများ၊ ၅၇ မီလီမီတာ နောက်ပွင့်များ၊ RPG
များဖြင့် စုပြုပစ်ခတ်ရာ မိမိတပ်ဖွဲ့မှ တပ်ကြပ်
ထီးရယ်၊ တပ်ကြပ်ဇော်ဝင်း၊ တပ်သားကျော်စွာတို့
ပွိုင့်ဖိုက် တိုက်ရိုက်ထိမှန် ကျဆုံးခဲ့ရပါသည်။ ဗိုလ်
မင်းကြည်စိုးနှင့် တပ်သားစိုးမင်းတို့ ၈၂ မီလီမီတာ
စိန်ပြောင်းပုံးစများ ထိမှန်ဒဏ်ရာရခဲ့ပါသည်။

ရန်သူပစ်ခတ်နေစဉ် နယ်လှည့် တပ်မ (၄၄) မှ
နည်းဗျူဟာ (၄၄၁) နှင့် I.com ဖြင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ် တိုက်ရိုက်ရရှိခဲ့ရာ ခမရ (၂) တပ်ရင်း
နှင့် ညှိနှိုင်းပြီး ပူးလယ်ညာအစွန် နောက်ပို
ကိုက် ၁၀၀ ပစ်မှတ်အား အမြောက်ပစ်ကူ
အတင်းဝင်ရောက်ချေမှုန်းရန် တင်ပြခဲ့ရာ ရှေ့တွ
စစ်ကြောင်း (၂) နှင့် တပ်ခွဲတပ်ကြပ်ကြီး အို
ထွန်းစံတစ်ခွဲလုံးအား လာရောက် ပူးပေါင်းစေ
သည်။ တပ်ရင်းမှူးနှင့် ဗိုလ်ကြီး မိုးဟိန်းထွန်း
တပ်ခွဲ ရင်ဘောင်တန်းချီတက်လာစဉ် ရန်သူ
၈၂ မီလီမီတာ၊ ၅၇ မီလီမီတာ နောက်ပွင့်များ
စုပြုံပစ်ခတ်မှုတို့ကြောင့် တပ်ခွဲ (၂) မှ တပ်ကြ
ကြီးထွန်းဝင်း၊ တပ်သားကျော်မြင့်အောင်
ကျဆုံးပြီး ရှေ့တွင်ရှိ ခမရ (၁) တပ်ရင်းမှူးအဖွဲ့
ကွဲသွားခဲ့ပါသည်။ ခွဲ (၂) မှူး ဗိုလ်ကြီးမိုးဟိန်းထွ
ဒဏ်ရာရခဲ့ပါသည်။ ဗိုလ်ကြီးမိုးဟိန်းထွန်း
တပ်စိတ် စစ်ကြောင်း (၂) မှူးနှင့် ပူးပေါင်း
ရှေ့တွင်ရောက်နေသည့် စစ်သည်များနှင့်
ပူးပေါင်းပြီး ဘန်ကာများအား အတင်းဝင်တိုက်
ရန်သူမှလည်း အပြင်းအထန် ပြန်လည်ပစ်ခ

မြရတနာစာပေ



သဖြင့် မိမိတပ်မှ စစ်ကြောင်း (၂) မှူးနှင့် ဗိုလ်ကြီး မိုးဟိန်းထွန်း တပ်ခွဲတပ်ကြပ်ကြီး အိုက်ထွန်းစံတို့သည် ရှေ့တက်ပြီး နေရာယူကာ ရန်သူပစ်ခတ်မှုမှ လွတ်မြောက်ခဲ့ပါသည်။ ကျန်စစ်သည်အချို့မှာ ဒဏ်ရာရရှိကြပါသည်။

ရင်းအဖွဲ့များအားလုံးနှင့် ခွဲ ၂/၄ မှ ကျန်စစ်သည်များ ပူးပေါင်းပြီး ခမရ (၂) ရင်းမှူး ဦးစီးအဖွဲ့များပါ ပူးပေါင်း၍ အနီးကပ်ထွေးလုံးရစ်ပတ်တိုက်ခိုက်ရန် ကြိုးစားခဲ့ပါသည်။ ရန်သူမှ မိမိချဉ်းကပ်လာသည့် တပ်ဖွဲ့များအား လက်နက်ကြီးများနှင့် ပြင်းပြင်းထန်ထန် ပစ်ခတ်ပြန်ရာ တပ်သားထွေးအောင် ကျဆုံး၍ စစ်သည်အချို့ ဒဏ်ရာရရှိပြန်ပါသည်။ တပ်ရင်းမှူးနှင့် တပ်ကြပ်ကြီး မြင့်ဦး ဦးစီး လက်ဖြောင့်တပ်စိတ်သည် စစ်ကြောင်း (၂) နှင့် ပူးပေါင်းနိုင်ခဲ့ပါသည်။ စစ်ကြောင်း (၁)၊ (၂) ပူးပေါင်းအဖွဲ့များ ထပ်မံကျားထိုး၍ ထွေးလုံးရစ်ပတ်တိုက်ခိုက်ရန် ပြင်ဆင်နေဆဲမှာပင် ရန်သူ၏ လက်နက်ကြီးများ ထပ်မံပစ်ခတ်ခံရ၍ စစ်ကြောင်း (၁) မှ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်သားကြည်လွင်နှင့် ကျော်ကျော်ဦးတို့ ကျဆုံးပြီး စစ်သည်အချို့ ထပ်မံဒဏ်ရာ ရရှိပြန်ပါသည်။

(ပ) ညနေစောင်းချိန် ၁၅း၃၀ ခန့်တွင်မှ ခမရ (၂) ရင်းမှူးနှင့်အဖွဲ့သည် ခမရ (၁) စစ်ကြောင်း ဌာနချုပ်အဖွဲ့များနှင့် ဆက်သွယ်မှု ပြတ်တောက် သွားခဲ့ပါသည်။ ထိနိုက်ဒဏ်ရာရမှုလည်း များ လာသဖြင့် ကျဆုံးဒဏ်ရာရစစ်သည်များကို သယ် ဆောင်ကာ ၁၈း၀၀ ချိန်တွင် နောက်သို့ ပြန်လည် ဆုတ်ခွာ၍ ခြေကုပ်ယူခဲ့ရပါသည်။

**ဘယ်ဘက်စစ်ကြောင်း**

(က) ရတ ခမရ (၁၁၈) ဒုရင်းမှူး မှူး မောင်မောင်ထွန်း ဦးစီး စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲအား ရတ ခမရ (၁) ဒုရင်းမှူး မှူးစံရွှေအောင် ဦးစီး စက (၂) နှင့် ခွဲ ၂ ခွဲ လိုက်ပါစေလျက် ချီတက်သွာ ကြရာ ယရက် ၀၇း၀၀ နာရီ မတိုင်မီ ရန်သူ ရှေ့ ကိုက် ၅၀ အကွာ ဆက်သွယ်ရေးမြောင်းတွင် နေရာယူနိုင်ခဲ့ပါသည်။

မြရတနာစာပေ



(ခ) မိမိ လက်နက်ကြီးပစ်ကူအဖွဲ့ပျက် စီမံချက်အတိုင်း ၀၇း၁၆ မှ ၀၇း၂၀ နာရီအား ရန်သူ့ဗူး၀ ဘန်ကာ များသို့ ၀၇း၂၁ မှ ၀၇း၂၄ ထိ ရန်သူ့ခြံစည်းရိုး များနှင့် မိုင်းကွင်းများအား .၀၇း၂၄ မှ ၀၇း၃၀ ထိ ရန်သူ့ တန်းလျက်ဘန်ကာကြီးများအားလည်း ကောင်း ပစ်ခတ်ချေမှုန်းနေစဉ် မိမိ ချေမှုန်းရေး တပ်များ ရန်သူ့စခန်းဗူး၀သို့ ချဉ်းကပ်နိုင်ခဲ့ပါ သည်။ ၀၇း၃၀ နာရီတွင် ရတ ခမရ (၁၁၈) စစ်ကြောင်း (၂) မှ မှူးတင်မောင်ဆွေ ဦးစီး ခွဲ ၂ သည် ရန်သူ၏ အစွန်ဘန်ကာကို ချဉ်းကပ် နိုင်ခဲ့ပြီး ရှေ့ပြေးတပ်ခွဲသည် ရန်သူ့ခြံစည်းရိုးအား သံကြိုးဖြတ် ကတ်ကြေးဖြင့် ဖြတ်တောက်ကာ ရန်သူ့ဘန်ကာသို့ ရောက်ရှိခဲ့ပါသည်။ ရှေ့ပြေး တပ်ခွဲမှသည် ဘယ်အစွန်ဘန်ကာနှင့် ရှေ့ခံစစ် စည်းရိုးရှိ ဘန်ကာများအား လက်ပစ်ဗုံးများဖြင့် ပစ်သွင်း၍ ဘန်ဂလိုတိုပီဒိုများကို ဖောက်ခွဲကာ အမ် ၇၉ လောင်ချာများဖြင့် ရန်သူ့ဘန်ကာ ပစ်ပေါက်များကို ပစ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ရန်သူသည် မိမိမှာအမြောက်များ ပစ်နေစဉ်အတွင်း ရှေ့ဗူးဝမှ နောက်သို့ဆုတ်နေရာယူပြီး မိမိ ဘက်မှ လက်နက်ကြီး အပစ်ရပ်သွားချိန်တွင် ရှေ့ဗူး ဘန်ကာများကို ပြန်လည်နေရာယူကာ ပွိုင့်ဖိုက် ၅၇ မီလီမီတာ နောက်ပွင့် ဘရောင်နီ စက် သေနတ်၊ အမ် ၇၉ ခေါက်မော်တာများဖြင့် ပြန် လည်ပစ်ခတ်ခဲ့ပါသည်။ စခန်းအတွင်းပိုင်းမှာလည်း ၈၂ မီလီမီတာစိန်ပြောင်းများဖြင့် ပစ်ကူပေးခဲ့ပါ သည်။

(င) ရှေ့ပြေးတပ်ခွဲ (၂) မှ စစ်သည်များ ရန်သူ့ဘန် ကာသို့ ရောက်သွားကြ၍ ဘန်ကာတွင်းသို့ လက်ပစ်ဗုံးများ ပစ်သွင်းနိုင်ခဲ့ကြပါသည်။ တပ်ကြပ်ကြီးသိန်းထွန်းသည် ရန်သူဘန်ကာတွင်း လက်ပစ်ဗုံးပစ်သွင်းစဉ် ညာမျက်စေ့ ရန်သူ လက်နက်ငယ် ထိမှန်ဒဏ်ရာရသွားခဲ့ပါသည်။ တပ် ကြပ်သန်းငွေမှာလည်း ရန်သူ့ဘန်ကာအတွင်းသို့ အမ် ၇၉ ဖြင့်အနီးကပ်ပစ်ခတ်စဉ် ရန်သူပစ်လိုက်

မြရတနာစာပေ



သည့် ပွိုင့်ဖိုက် ထိမှန်ဒဏ်ရာ ရခဲ့ပြန်ပါသည်။

တစ်ချိန်တည်းမှာပင် ရန်သူသည် ဘန်ကာပေါက် များအတွင်းမှနေ၍ ပြန်လည်ပစ်ခတ်နေကြ၏။ မိမိ စစ်သည် ၅ ဦးမှာ ပွိုင့်ဖိုက် ထိမှန်ကျဆုံးသွား ပြန်သည်။ ကျန်အများအပြားမှာ ဒဏ်ရာရရှိခဲ့ကြ ၏။ နောက်သို့ ၂၅ ကိုက်အကွာသို့ ဆုတ်ခွာခဲ့ ရပါသည်။ မိမိကျည်ကျနေရာတွင်ဖြစ်ပေါ်ခဲ့သော ပစ်ကျင်းနေရာများတွင် နေရာယူပြီး အခြေအနေ ကို စောင့်ကြည့်နေခဲ့ရပါသည်။ ရန်သူပစ်ခတ်မှု အနည်းငယ် ရပ်ဆိုင်းသွားချိန်တွင် ဗိုလ်ကြီး ကိုကိုကျော် ဦးစီး ၁၀ ယောက်အား ရှေ့တွင်ရှိ သည့် ကျွန်းပင်ကြီးများခြေရင်းသို့ ချဉ်းကပ်နေရာ ယူစေခဲ့ပါသည်။

(ဆ) ဘန်ကာအတွင်းမှ ရန်သူသည် ကျွန်းပင်ခြေရင်း၌ နေရာယူထားသည့် မိမိစစ်သည်များကို ထပ်မံ ပစ်ခတ်ခဲ့ရာ ဒုတပ်ကြပ်ညဏ်ထွန်း၊ တပ်သား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းဦး၊ တပ်သား ကြေးမုံတို့ ကျဆုံးပြီး စစ်သည် ၄ ဦး ထိမှန်ဒဏ်ရာရခဲ့ပါသည်၊ မိမိတပ်ဖွဲ့များမှာ ရှေ့မတိုးနိုင်ဖြစ်ခဲ့ရပါသည်။ ထို အခြေအနေတွင် ရန်သူ့သတ်ကွင်းအတွင်း ရောက် နေသည့် မှူးတင်မောင်ဆွေ၏ တပ်ခွဲမှာလည်း ရန်သူ၏ပစ်ခတ်မှုကို ခံနေခဲ့ရပါသည်။ ၎င်းတပ်ခွဲမှ ရန်သူ့ဘန်ကာရှေ့ ၂၅ ကိုက်အကွာတွင် နေရာ ယူထားခဲ့သည့် တပ်သား မျိုးဇော်ဇော်ချို၊ တပ်သား မောင်မဲတို့ ရန်သူ့ ၅၇ နောက်ပွင့်ရိုင်ဖယ် တိုက် ရိုက်ထိမှန်ပြီး ကျဆုံးသွားခဲ့ရပါသည်။

(၈) မှူးတင်မောင်ဆွေမှ စစ်ကြောင်း (၂) မှူးထံ အကျအဆုံးများပြားနေကြောင်း သတင်းပို့ရာ စစ် ကြောင်းမှူးမှ လက်ရှိနေရာမှ လုံးဝပြန်မဆုတ်ရန် ပြောပြီး သူကိုယ်တိုင် စစ်သည် ၄ ဦးနှင့်အတူ မှူးတင်မောင်ဆွေထံ သတ်ကွင်းကိုဖြတ်ပြီး သွား ပူးပေါင်းရာ တပ်သားဇော်ဦး၊ တပ်သားကျော်ထွန်း ဦးတို့ ၂ ယောက် ရန်သူ့ပွိုင့်ဖိုက်ထိမှန်၍ ထပ်မံ

မြရတနာစာပေ



ကျဆုံးပြန်ပါသည်။ မိမိတပ်များ ရှေ့မတိုးနိုင် ဖြစ်ခဲ့ရပါသည်။

(၉) စစ်ကြောင်း (၂) မှူးသည် ညနေ ၁၇း၀၀ နာရီတွင် လူစစ်ရာ စစ်သည် ၃ ဦးသာ အကောင်းကျန်ပြီး ကျည်များလည်း လုံးဝကုန်သလောက်ဖြစ်နေသဖြင့် ကျဆုံးဒဏ်ရာရစစ်သည်များကို သယ်ဆောင်ကာ ၁၇း၃၀ ချိန်၌ ဗူးဝရှိ ဆက်သွယ်ရေးမြောင်းသို့ ပြန်လည်ဆုတ်ခွာလာခဲ့ရပါသည်။

(၁၀) ရတ ခမရ (၁) စက (၂) မှူး ဒုရင်းမှူး မှူး စံရွှေသာ ဦးစီးသောစစ်ကြောင်း (၂) နှင့် တပ်ခွဲ (၂) သည် ရတ ခမရ (၁၁၈) စက (၂) နောက်မှ လိုက်ပါလာခဲ့ပါသည်။ ရတ ခမရ (၁၁၈) ရှေ့ပြေး တပ်ခွဲသည် ၀၇း၃၀ နာရီတွင် ရန်သူနှင့် လက် တစ်ကမ်းထိတွေ့မှုဖြစ်ပြီး ၀၈း၄၅ ချိန်၌ တိုက် စစ်အဟုန် ရပ်တန့်သွားခဲ့ပါသည်။ ရှေ့သို့ ခမရ (၁) စက်မှ အကျိုးအကြောင်းလှမ်းမေးရာ ခမရ (၁၁၈) စက်နှင့် တပ်ဆက်မိသည်ဟု ပြန်သတင်းပို့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တပ်ဆက်မိသည်ဟု ယူဆပြီးနေခဲ့ပါသည်။ ထို့ကြောင့် ခမရ (၁) စစ်ကြောင်းမှူးသည် ရှေ့သို့ ဆက်မသွားဘဲ ရောက်သည့်နေရာတွင်ပင် နေရာ ယူပြီး နေခဲ့ပါသည်။ သို့ရာတွင် ၀၉း၀၀ ချိန်၌ ဆက်သွယ်မှုရရာ ရှေ့နှင့် တပ်ဆက်ပြတ်နေ ကြောင်း လိုက်ဆက်ရန် ပြောကြားချက်အရ အားလုံးတပ်ဆက်ရန် ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် ရှေ့မှသွားနေသည့် ခမရ (၁၁၈) မှ တပ်ခွဲမှ ထိနိုက်ဒဏ်ရာရသူများအား သယ်သူက သယ်၊ ရှေ့သို့တင်သူက တင်ဖြင့် ရှုပ်ယှက်ခတ်နေ ရာ ခမရ (၁) စစ်ကြောင်းမှူးသည် ရှေ့သို့ မိမိအစ် အစဉ်ဖြင့် မိမိတက်သွားခဲ့ပါသည်။ ရန်သူ့သတ် ကွင်းထိပ် ရန်သူ့ခြံစည်းရိုးရှေ့ ကိုက် ၁၀၀ ခန့် ဆက်သွယ်ရေးမြောင်းပေါင်းကွေ့တွင် ရတခမ (၁၁၈) စစ်ကြောင်းမှူးနှင့် စစ်သည် ၃ ဦးအား သွားရောက်တွေ့ဆုံပါသည်။

(၃) ထိုအခါကျမှ စစ်ကြောင်းမှူး ၂ ဦး ပူးပေါင်းပြီ

မြရတနာစာပေ




ကော်မူးရာတိုက်ပွဲတွင် ခမရ (၁၁၈) တပ်ရင်းမှ သူရဘွဲ့ရခဲ့သည့် ဗိုလ်မှူး လှိုင်ထွန်းဦး

www.burmeseclassic.com

www.burmeseclassic.com




ကော်မှူးရာတိုက်ပွဲတွင် သီဟသူရဘွဲ့ရရှိခဲ့သည့် ခမရ (၁၁၈) တပ်ရင်း
ဗိုလ်မှူးသန်းဆွေ (ကျဆုံး)



ကော်မှူးရာ စခန်းသိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့သော နည်းဗျူဟာ ၄၄၂
နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သူရအေးမြင့်
ယခု ဗိုလ်မှူးချုပ် (ငြိမ်း) လွှတ်တော်ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ - ခုနှစ်၊ ဒီဇင်ဘာလက ဒုတိယအကြိမ်ကော်မူးရာတိုက်ပွဲအားတိုက်ခို

ခမရ (၁) တပ်ရင်းမှူးဒုဗိုလ်မှူးကြီးဝဏ္ဏမောင်လွင်

(ယခု ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန)



ရန်သူ၏အခြေအနေကို လေ့လာပါသည်။ ထိုအခါ ဘယ်အစွန်ဘန်ကာသည် သတ်ကွင်းအတွင်းရှိ မိမိစစ်သည်များအား ဘယ်အစွန်နှင့် ဗူးလယ် ဘန်ကာတို့မှ ပွိုင့်ဖိုက်၊ ဘရောင်နင်စက်သေနတ်များဖြင့် ပုံသေပစ်ကြောင်းများထားကာ စိတ်ကြိုက်ချေမှုန်းပစ်ခတ်နေကြောင်းကို တွေ့ရှိရပါသည်။ စစ်ကြောင်းမှူး ၂ ဦး တိုင်ပင်ညှိနှိုင်းပြီး ခမရ (၁) မှ ၂ ခွဲသည် ဗူးဝ အလယ်ဘန်ကာကို တိုက်ခိုက်ချေမှုန်းရန် ဆုံးဖြတ်ခဲ့လေ၏။ ထိုသို့ဆုံးဖြတ်ပြီး ခမရ (၁) စစ်ကြောင်းမှူး မှူးစံရွှေသာသည် မိမိစစ်ကြောင်းမှ ခွဲ ၂ ခွဲ (၂/၄) သည် ရောက်ရှိနေရာမှ ကိုက် ၄၀ အကွာအဝေးရှိ ဗူးဝအလယ်ရှိ ၂ ထပ် ဘန်ကာကို သိမ်းပိုက်ရရှိရေး ဆောင်ရွက်ခဲ့ပါသည်။ ၁၀း၀၀ နာရီတွင် စစ်ကြောင်းမှူးသည် မိမိခွဲ ၂ ခွဲမှ စက်လတ် ၄၀ မီလီမီတာ လောင်ချာများကို စုစည်း၍ ရည်မှန်းချက်ဘန်ကာအား ပစ်ခတ်တိုက်ခိုက်စေပါသည်။ ရန်သူမှ ပွိုင့်ဖိုက်ဖြင့် ပြန်လည်ပစ်ခတ်ရာ မိမိမှ လောင်ချာကိုင် ဒုတက



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်း ထိမှန်ဒဏ်ရာရခဲ့ပါသည်။

(၄) ၁၀း၀၅ နာရီတွင် မှူးစံရွှေသာ ကိုယ်တိုင် ရှေ့
လိုက်ပါလျက် ခွဲ ၄ မှ ပွိုင့်တပ်စုကို ရင်ဘောင်
တန်း တပ်ဖြန့်၍ ဗူးဝလယ်ဘန်ကာသို့ ကိုက် ၅
ကွင်းပြောင်အား ဖြတ်ပြီး အတင်းပစ်၍ တက်ပြ
တိုက်ခိုက်ခဲ့ပါသည်။ ဘေးဘန်ကာများမှ ဝိုင်းပ
ကြသဖြင့် မိမိဘက်မှ တပ်သားသက်လွင်ဦး
တပ်သားတင်ထွန်း၊ တပ်သားအောင်နိုင်ထွန်းတ
သုံးဦး ကျဆုံးပြီး စစ်သည်အများအပြား ဒဏ်ရာ
သဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရပါသည်။

(၅) ၁၀း၃၅ ချိန်တွင် ၄၀ မီလီမီတာ လောင်ချာများ
ပစ်အားသုံးပြီး ဒုတိယအကြိမ် ထပ်မံကြိုးစား
သော်လည်း စစ်သည်များ ထပ်မံဒဏ်ရာရခဲ့ပြန်
သည်။ ၁၂း၀၀ နာရီတွင် ဒုတပ်ကြပ် ဖော်လတ်
သည် ရဲဝံ့စွန့်စားစွာဖြင့် ဆက်သွယ်ရေးမြောင်း
ပေါ်သို့ ခုန်တက်ပြီး ရန်သူ့ဘန်ကာအတွင်း ၄၀





မီလီမီတာ ဗုံးပစ်လောင်ချာကို ပစ်သွင်းရာ ရန်သူ
၏ ပွိုင့်ဖိုက်ထိမှန် ကျဆုံးသွားခဲ့ရပါသည်။

၁၃း၃၀ နာရီတွင် နယ်လှည့်တပ်မ (၄၄) နှင့် နည်း
ဗျူဟာ (၄၄၁) တို့အား တိုက်ပွဲအခြေအနေကို
တင်ပြရာ ရန်သူ့ပစ်ခတ်မှု အခြေအနေအား မေး
မြန်းပြီး အမြောက်ပစ်ကူပေးခဲ့ပါသည်။ အမြောက်
ပစ်ကူများရသဖြင့် ၁၄း၄၀ နာရီ အမြောက်ပစ်
ခတ်မှု ရပ်ဆိုင်းသွားပြီးချိန်တွင် မှူးစံရွှေသာနှင့်
ခွဲ ၂ ခွဲမှ စစ်သည်များ စုစည်းကာ ခရာမှုတ်၍
ရင်ဘောင်တန်း တပ်ဖြန့်ပြီး အော်ဟစ်ပစ်ခတ်
တက်ခဲ့ရာ ဘန်ကာများရှေ့ ကိုက် ၂၀ အကွာ
အထိ ရောက်ခဲ့ပါသည်။ ခြံစည်းရိုးများအတွင်းသို့
ရောက်သွားရာ ရန်သူမှ ဘယ်အစွန် ဗူးလယ်ရှေ့
တည့်တည့်မှ ပွိုင့်ဖိုက်၊ ၈၂ မီလီမီတာ၊ ၅၇
မီလီမီတာများဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့ရာ
မိမိမှ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ပါသည်။
ထိခိုက်ဒဏ်ရာရသူများအား ပစ်အားဖြင့် စစ်ကစား



www.burmeseclassic.com

ပြီး ပြန်လည်ဆွဲထုတ်ကာ နောက်သို့ ပြန်ပို့ခဲ့ရပါသည်။ ဤသို့ဖြင့် မိမိတပ်များ ပူးဝတွင် ပိတ်ဆို့ရပ်တန့်နေခဲ့ပါသည်။

(ဏ) ၁၉း၃၅ နာရီချိန်တွင် အလင်းရောင်ပျောက်သွားသဖြင့် ဗိုလ်ကြီးအောင်ကျော်ညွန့် ဦးစီးခဲ့ (၄) မှ စုတစ်စုအား နောက်ချန်ထားခဲ့၍ ကျန်စစ်ကြောင်း (၂) နှင့် ခွဲ ၂/၄ အင်အားစုများ ဆုတ်ခွာလာခဲ့ကြရာ ကိုက် ၁၅၀ အကွာရှိ ဆက်သွယ်ရေးမြောင်းသို့ ၂၀း၅၀ အချိန် ပြန်လည်ရောက်ရှိ ခြေကုပ်ယူနိုင်ခဲ့ပါ၏။

မိမိစစ်ကြောင်းများမှာ အမြောက်နှင့် အခြားလက်နက်ကြီး ပစ်ကူများရရှိခဲ့သော်လည်း တကယ်တမ်း အနီးကပ် တိုက်ပွဲဝင်ကြသောအခါ တပ်ဖြန့်ရန်မြေနေရာ ကျဉ်းလွန်းခြင်း၊ ရန်သူမှ သတ်ကွင်းအပြောင်ရှင်းပြီး ပိုင်းခင်းကာ သံဆူးကြိုးများ အထပ်ထပ်ချထားခြင်း၊ အဝင်ပူးဝကို ၎င်းတို့၏ ၂ ထပ်ဘန်ကာများမှ လက်နက်ကြီး၊ လက်နက်ငယ်





သေပစ်ကြောင်းများ ချထားပြီး အပိုင်ပစ်ခတ်နိုင်ခြင်းကြောင့် မိမိတို့ တိုက်ပွဲဝင်တပ်များမှာ ရလဒ်မကောင်းခဲ့ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရလေသည်။

ဖေဖော်ဝါရီ ၈ ရက်နေ့ တိုက်စစ်သည် စခန်းသိမ်းရန် အပြင်းအထန် ကြိုးစားပြီး လူကြီးတွေကိုယ်တိုင် ကပ်ကြီးကြပ်၍ တိုက်ခဲ့သည့် တိုက်ပွဲဖြစ်၏။ သို့ရာတွင် ဘက်မှ တပ်ရင်းမှူးတစ်ဦးအပါအဝင် အရာရှိ၊ အရာခံ၊ ကြပ်၊ တပ်သား အတော်များများ ကျဆုံးခဲ့ရသော်လည်း ခန်းကြီးအား မသိမ်းနိုင်ဘဲ ပူးဝမှ နောက်ပြန်ဆုတ် နေရာ၍ ရန်သူအား ရင်ဆိုင်ထိန်းချုပ်ထားခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ရက်နေ့ တိုက်စစ်ကား ရဲဝံ့စွန့်စားစွာ တိုက်ပွဲ ဝင်ခဲ့ကြသော်လည်း အောင်မြင်မှုမရဘဲ မိမိဘက်မှ တပ်ရင်းမှူးဦး ကျဆုံး၍ အခြားကျဆုံး ဒဏ်ရာရရှိမှု အများအပြား အသက်သွေးချွေးများ များစွာပေးဆပ်ခဲ့ပြီး နိဂုံးချုပ်ခဲ့ရလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးတိုက်ပွဲအတွက် အဆုံးအဖြတ်

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်အချိန်အ
သမယ။

သောင်ရင်းမြစ်ဝှမ်း၏ ဆောင်းမမည် နွေမပီသော
လောကဓံပန်းချီကားသည်ကား ယမ်းခိုး ယမ်းငွေ့များန
ဝေဝါးလျက် ရှိပေသည်။

ကော်မူးရာစခန်းသိမ်းတိုက်ပွဲကြီးကား သောင်မတ
ရေမကျ ဖြစ်နေ၏။ ဖေဖော်ဝါရီ ၈ ရက်တိုက်ပွဲမှာ
တပ်မတော်ဘက်မှ တပ်ရင်းမှူးတစ်ဦး ကျဆုံးကာ အမျ





ပြား ကျဆုံးဒဏ်ရာရဖြစ်ခဲ့သော်လည်း စခန်းကြီးကို
သိမ်းနိုင်ခဲ့ပါ။ ထို့ကြောင့် စခန်းဝ ဘန်ကာများနှင့်
ယုမ်းမကာမ်းတွင်သာ တပ်တွေကို ဝိုင်းထားပြီး ရန်သူကို
ပိုင်ထားရတော့၏။ စခန်းတွင်းသို့မူ ရန်သူအနေအစားပျက်
အောင် **Harassing Fire** လက်နက်ကြီးများ ကြိုကြား
ကြိုကြား ပစ်သွင်းပေးလျက်ရှိ၏။

"တပ်မှူးကြီးအားလုံး တိုင်းမှူးက ခေါ်ပါတယ်"

တိုက်ပွဲပြီး နောက် ၂ ရက်တွင် တိုင်းမှူးက တပ်မ
ဒုတပ်မမှူးများနှင့် အမြောက်နှင့် သံချပ်ကာ ယန္တရား
ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးလွန်းသီတို့ကို ခေါ်တွေ့သည်။

တွေ့ဆုံပွဲမှာ **Cooperation** နှင့် **Coordination**
များပါသော **Briefing** ပင် ဖြစ်ပါ၏။ ပို့ရှင့် ၁၄၅၀ တွင်
ဖြစ်သည်။

တိုင်းမှူးက ထိုနေ့ **Briefing** တွင် အောက်ပါ
အတိုင်း စပြော၏။

"ကဲ ... ဒီနေ့ဆွေးနွေးပွဲကတော့ **Briefing**
သဘောမဟုတ်ဘူး။ အလွတ်သဘောပဲ။ ဒီစခန်းကြီး
ရအောင် ဒို့ ဘယ်လိုတိုက်မလဲ။ ၈ ရက်နေ့က အမြောက်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကြီးတွေလည်း အများကြီး ပစ်ကူပေးခဲ့တယ် တပ်တချို့လည်း စခန်းထဲ ရောက်ပြီးပြီ။ ဘာကြောင့်မရ ပြန်ဆုတ်ခဲ့ရသလဲ။ တပ်ဆက်ပြတ်တာလား။ အနီးက ပစ်ကူလိုတာလား။ ဘာကဒုက္ခပေးနေတာလဲ။ အဲ ပွင့်ပွင့်လင်းလင်း တင်ပြကြပါ။ အဲဒါ သိချင်တယ်''

''ကျွန်တော့်ဆန္ဒကတော့ ပေးဆပ်မှုတွေ အများ ကြီးလုပ်ခဲ့ရတဲ့ တိုက်ပွဲဟာ ပြီးခဲ့တဲ့တိုက်ပွဲပဲလို့ပဲ မှ ချင်တယ်။ ဗဟိုမာနေ့ပလောတိုက်တုန်းကလည်း ကျွန်တေ ပါတာပဲ။ တပ်မ (၆၆) က သွေးတစ်စက်မှမကျဘဲ မာ ပလောကို ရခဲ့တာ။ အခုကျမှ အကျအဆုံးတွေများရတ ကျွန်တော် စိတ်မကောင်းဘူး။ အကျအဆုံး အထိအခိုက် မရှိဘဲ ဒီစခန်းကို ရချင်တယ်။ အဲဒါ ဆွေးနွေးပေး တပ်မှူးက အရင်စပြောပါ''

''ပြီးခဲ့တဲ့ တိုက်ပွဲတွေတုန်းက ကျွန်တော်တို့ သမားရိုးကျနည်းတွေနဲ့ ဝင်တိုက်ခဲ့ကြတာ။ အဝင်ဖ ကျဉ်းကျဉ်းကို စုပြုံတိုး တစ်သုတ်ပြီး တစ်သုတ်တက်တိုက် ဘန်ကာတွေ ဖြိုဖို့ ကြိုးစား၊ မရ၊ ပြန်လန်ကျလာလိုက်နဲ့ အဓိကတော့ အဝင်ဝ ဘန်ကာတွေကို ဖြိုမှရမယ်





အဲဒီဘန်ကာတွေက ခြေလျင်လက်နက်တွေနဲ့ ဖြိုလို့ မရပါ ဘူး။ ၇၆ နဲ့ အဖြောင့်ပစ်တာတောင် မဖြိုပါဘူး။ ဒါဖြိုမှ ရမယ်။ ဒါဖြိုပြီးရင် အတွင်းဝင်လို့ ရပါပြီ။ ကျွန်တော်က အဲဒီလို သုံးသပ်ပါတယ်''

တပ်မ (၄၄) တပ်မမှူးက တင်ပြသည်။

''ကဲ ... ဒါဆို ဘယ်လိုလုပ်မလဲ''

''ဒီဘန်ကာကြီးတွေကို အားကောင်းတဲ့ ၁၀၅ အမြောက်ကြီးတွေနဲ့ **Gun to Gun direct fire** ရှေ့တည့် တည့်က ဝင်ပစ်မှ ရမယ်ထင်ပါတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် ဗိုလ်မှူးကြီးလွန်းသီက ဆွေးနွေးပေးပါ''

''ကျွန်တော် မနေ့က အမြောက်ပစ်ကူပေးနေတဲ့ ခပ်ဖလူးက ဗိုလ်မှူးလှအေးဆီ သွားပြီးပါပြီ။ သူ့ ပစ်ချက် တွေ အလွန်ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဒါက ဒါရိုက် ဖားရား မဟုတ်ပါဘူး။ 105 ဒါရိုက်ဖားရားကလည်း အမြောက်တပ်မှာ အစဉ်အလာရှိပါဘူး။ ဒါပေမဲ့ လိုအပ်ရင် ကျွန်တော့် ၁၀၅ အမြောက်ကြီးတွကို ခပ်ဖလူး ကျောက် ဆောင်ကုန်းကြီးအထိ တက်သွားပြီး ရန်သူ့ဘန်ကာတွေကို မျက်မြင်ပြောင်းထိုး ပစ်ပေးပါ့မယ်။ ကျွန်တော်တို့ အမြောက်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရဲ့ Principle နဲ့တော့ တခြားစီပါခင်ဗျာ။ ဒါပေမဲ့ ဒါလုပ်မှ အောင်မြင်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ပါ့မယ်။ ကျောက်တောင်ကြီးပေါ် အမြောက်တွေ ရွှေ့တင်ရမယ့် အခက်အခဲနဲ့ လုံခြုံရေးကိစ္စပဲ စဉ်းစားရမှာပါခင်ဗျာ''

''ကဲ ... ကိုပြည့်စုံတို့ ဘယ်လိုလဲ''

တိုင်းမှူးက အုပ်ချုပ်မှုကိစ္စအဝဝ ဆောင်ရွက်ပေးနေသည့် တပ်မ (၄၄) ဒုတပ်မမှူး ဗိုလ်မှူးကြီးပြည့်စုံအား မေးလိုက်သည်။

''ကျွန်တော်တို့တစ်တွေ ဒီတိုက်ပွဲကြီးမှာ အရင်းအနှီးအများကြီး ပေးခဲ့ရပါပြီ တိုင်းမှူး။ ဒီအမြောက်ကြီးတွေ ဒီ ၁၀၅ အမြောက်စခန်းကြီးကနေပြီး ခပ်ဖလူးကျောက်တောင်ကုန်းပေါ်တင်တာ ကျွန်တော် တာဝန်ယူပါ့မယ်။ လုံခြုံရေးလည်း ကျွန်တော် ဖြစ်အောင်ဆောင်ရွက်ပါ့မယ်။ အားလုံး ကျွန်တော့်တာဝန်ထားပါ။ ဒီအမြောက်ကြီးတွေ ခပ်ဖလူးကျောက်တောင်ကုန်းပေါ်ရောက်မှ တိုက်ပွဲ အောင်မြင်မယ်ဆိုရင် ကျွန်တော် လုံးဝတာဝန်ယူပါတယ်ခင်ဗျာ''

''ကဲ ... ဗိုလ်မှူးကြီးလွန်းသီကရောဗျာ''

''ကျွန်တော်ကတော့ ကျောက်တောင်ကုန်းပေါ်သာ





ကျွန်တော့်အမြောက်ကြီး ၂ လက် ရောက်သွားရင် ဘန်ကာတွေကို ရအောင်ဖြိုဖို့ အစွမ်းကုန် ကြိုးစားပါ့မယ်။ ကျွန်တော့်တာဝန်ထားပါခင်ဗျာ''

''ကောင်းပြီဗျာ။ ၁၀၅ တွေ ရွှေ့မယ်။ တပ်တွေကို ပြန်စုဖွဲ့မယ်။ နည်းဗျူဟာမှူးတွေပါ တစ်ခါတည်း လိုက်ပြီး အနီးကပ်ကြီးကြပ်ပေးဖို့ ပြင်ထားပါ။ အမြောက်တွေ ရွှေ့ပြီးလို့ ပစ်နိုင်မယ့်နေ့က တိုက်ပွဲပြန်စတဲ့နေ့၊ စခန်းသိမ်းနိုင်မယ့်နေ့လို့ သတ်မှတ်လိုက်မယ်။ ကဲ ... ဘာပြောစရာရှိကြသေးလဲ''

''မရှိတော့ပါဘူးခင်ဗျာ''

''မရှိရင် လုပ်စရာရှိတာတွေ ဆက်လုပ်ကြတော့ဗျာ''

## အမြောက်ကြီးများရွှေ့ပြောင်းခြင်းနှင့်ပစ်ခတ်ခြင်း

ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစ၍ ပထမ အမြောက်စခန်းမှ ၁၀၅ မီလီမီတာ အမြောက်ကြီး ၂ လက်အား အစ်စစီဖြုတ်ပြီး ကော်မူးရာစခန်းအဝ ဘန်ကာကြီးများအား တိုက်ရိုက်မြင်နေရသည့် ခပ်ဖလူးကုန်းသို့ ဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ ဦးစီးသည့် စစ်သည်များက ပုရွက်ဆိတ်သယ်သလို တစ်စစီဖြုတ်သယ်ကြသည်။ ဟိုရောက်တော့ တစ်စစီပြန် တပ်ကြသည်။ အချိန်တစ်ပတ်ကျော်ကြာမှ အမြောက်ကြီး ၂ လက်မှာ အသားကျအောင် တပ်ဆင်ပြီးသွားတော့သည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထိုအမြောက်ကြီး ၂ လက်ဖြင့် ကော်မူးရာအဝက ဘန်ကာကြီးများကို ပစ်ဖြို ရန် သတ်မှတ်ထားသည်။

ပစ်ခတ်မှုအတွက် ဗိုလ်မှူးကြီးလွန်းသီ၊ ဗိုလ်မှူးကြီး ပြည့်စုံနှင့် အမြောက်တပ်မှူး ဗိုလ်မှူးလှအေးတို့က ခပ်ဖလူး ကုန်းပေါ်မှ တာဝန်ယူကြမည်ဖြစ်၏။

ကာလုတောင်ကုန်းရှုရပ်မှ ပစ်ခတ်မှုအား တပ် (၄၄) တပ်မမှူးမှ အမိန့်ပေးမည်ဖြစ်သည်။

၂၀ ရက်နေ့ ညနေတွင် အမြောက်ကြီးများ ပစ်ခတ် မှုနှင့် ကျန်အမြောက်၊ စိန်ပြောင်းအားလုံး ကော်မူးရာ ပေါ်တွင် ကျည်ဆန်မိုးကြီးရွာချရန် စီစဉ်ထားသည်။ အားလုံး ပစ်ဖို့ အသင့်ဖြစ်နေကြပေပြီ။

၂၀ ရက်နေ့ ၁၅း၀၀ ချိန်။

''မှူးကြီးလွန်းသီ အသံကောင်းပါသလား''





''အသံကောင်းပါတယ်ခင်ဗျာ။ ပြောပါ ဒါပဲ''

''ကောင်းပြီ။ အားလုံး အဲဒီကအဆင်သင့်ဖြစ်ရင် ...ပါ ဒါပဲ''

''အုန်းဂျိမ်း ... အုန်းဂျိမ်း ... အုန်းဂျိမ်း ... ...ဂျိမ်း''

''ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း ... ... ...ဝုန်း''

ကော်မူးရာတစ်ဝိုက်တွင် လက်နက်ကြီးသံများ ...ည့်သွားတော့၏။ ခပ်လှမ်းလှမ်းမှ ငှက်ကလေးများပင် ...သန့်တကြား ထပျံကုန်ကြ၏။ ကော်မူးရာစခန်းတွင်းကမူ ...လုံးကြီးများ အလိပ်လိပ်တက်လာနေသည်။ စခန်းကြီး ...ခုလုံး မှုန်မှိုင်းသွားတော့၏။ ဇရဲပွက်သံအလားလည်း ...မှတ်မှားရ၏။ အော်သံ ဟစ်သံတွေလည်း ဆူညံနေ ...၏။

''ဘယ်လိုလဲဟေ့ ... အကဲကြည့်လေး။ ဘာ ...လဲ''

''အဘ ... အလယ်ဘန်ကာကြီး ၁၀၅ ခွင်း ...ည် ထိသွားပြီ။ အတော်ယိုင်ယွဲ့သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ်လား။ ကောင်းတာပေါ့ကွ"

ဗိုလ်မှူးကြီးလွန်းသီက အကဲကြည့်လေးအား လှမ်းပြောလိုက်သည်။

"ဗိုလ်မှူးကြီးလွန်းသီ အသံကောင်းပါသလား"

"ကောင်းပါတယ်ခင်ဗျာ။ ပြောပါ ဒါပဲ"

ဟိုဘက်က တပ်မမှူးက ပြောနေသည်။

"ထိချက်တွေ သိပ်ကောင်းတယ်။ ဘန်ကာတွေ ပြိုကုန်ပြီ။ ထပ်ပြီး မီးစုန်းကျည် သုံးလေးလုံး ပစ်ပေးပါ ဒါပဲ"

မီးစုန်းနဲ့ပစ်ရင် ဘန်ကာတွေ မီးလောင်ပေမည်။ ဘန်ကာများတွင် ကျွန်းတုံးကြီးများ ဆင့်စီထားခြင်းကြောင့် ဖြစ်၏။

"ရထား။ ၉၆ ပါ"

"အုမ်းဂျိမ်း ... အုမ်းဂျိမ်း ... အုမ်းဂျိမ်း ... အုမ်းဂျိမ်း"

၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်ကြီး ၂ လက်မှ မီးစုန်းပုံးလေးလုံး ထွက်သွားသည်။ ချက်ချင်းပင် ဘန်ကာကြီးများမှ မီးခိုးများအူတက်လာပြီး မီးစွဲလောင်





တော့၏။

တပ်မမှူးနှင့် တပ်မှူးကြီးများက ဘန်ကာကြီးများ မီးစွဲလောင်နေသည်ကို စောင့်ကြည့်နေကြ၏။

တိုက်ပွဲဝင်မည့် စစ်ကြောင်းကြီးများကမူ အသင့်ဖြစ်နေပြီ။

"ဒီနေ့ လက်နက်ကြီးနဲ့ ချေမှုန်းပြီးတိုက်တာတော့ ထိရောက်ဖြစ်မှ လုပ်ကြတာပေါ့။ လက်နက်ကြီးပစ်တာ ထိသွားပြီ ဒီကောင်တွေ တစ်ယောက်နဲ့တစ်ယောက် ပြောနေကြတာ စက်တွေမှာ ကြားနေရတယ်"

မိမိတို့အမြောက်ကြီးများ တိုက်ရိုက်ပစ်ခတ်မှုကြောင့် ဘန်ကာကြီးများ ပြိုကျသွားရာတွင် ဘန်ကာတွင်းမှ ABSDF မှ ရဲဘော်များ၊ KNU ရဲဘော်များက အကူအညီတောင်းသံတွေ စက်ထဲမှ အတိုင်းသား ကြားနေရသည်။ ကယ်ပါယူပါ တစာစာနှင့် ဖြစ်၏။ လုပ်ကြပါဦးဟ၊ လာကြပါဦးဟ၊ ကယ်ကြပါဦးဟနှင့်။

ဒီတစ်ခါတော့ ၁၀၅ မီလီမီတာ အမြောက်ကြီးများ တိုက်ရိုက်ပစ်ခတ်မှုကြောင့် ရန်သူတို့ သွေးပျက်သွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



**နောက်ဆုံးတိုက်စစ်ကို ဆင်နွှဲခြင်း**

ဖေဖော်ဝါရီ ၂၀ ရက်တွင် မိမိမှ အမြောက်ကြီးများ တိုက်ရိုက်ပစ်ခတ်မှုကြောင့် ကော်မူးရာစခန်းဝရှိ ဘန်ကာကြီးများ ပြိုကျပျက်စီးသွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီးဖြစ်သဖြင့် မိမိတို့၏ စခန်းသိမ်းထိုးစစ်ကို ယခင်ကြိုတင်စီစဉ်ထားသည့် စီမံချက်အတိုင်း စစ်ကြောင်းကြီးနှစ်ကြောင်းဖြင့် ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ချီတက်တိုက်နိုက်ခဲ့ပါသည်။

(က) ဘုရင့်နောင်စစ်ကြောင်း။ အမှတ် (၄၄၂) နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့. နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သူရအေးမြင့် ဦးစီး၍ ဘုရင့်နောင်စစ်ကြောင်းသည် ပူးဝညာဘက်ခြမ်းတွင် တပ်ရင်းမှူး ဒုမှူးကြီး စိုးနိုင် ဦးစီး ရတ ခမရ (၃) (ရှေ့) ရတခမရ (၂) (နောက်)။ ရန်သူပူးဝတန်းနှင့် ကိုက် ၂၀၀ အကွာတွင်လည်းကောင်း။

(ခ) အောင်ဇေယျစစ်ကြောင်း။ အမှတ် (၄၄၁) နည်း





ကော်မူးရာ စခန်းသိမ်းတိုက်ပွဲကြီးတွင် အမြောက် တစ်ခေတ် ...ခဲ့သည့် အမြောက်နှင့် သံချပ်ကာ ယန္တရား သင်တန်းကျောင်းအုပ်ကြီး ...ကြီး လွန်းသိ ( ယခု ဗိုလ်မှူးချုပ် - ငြိမ်း။ လွှတ်တော်ကိုယ်စားလှယ်)

www.burmeseclassic.com



[illegible] စခန်းသိမ်းတိုက်ပွဲကြီးတွင် အမြောက်ရွေ့ပြောင်းမှု အပါအဝင်
[illegible]ချပ်မှု ကိစ္စများအား လိုလေသေးမရှိ ဆောင်ရွက်ပေးခဲ့သည့်
တပ်မ (၄၄) ဒုတပ်မမှူး ဗိုလ်မှူးကြီး ပြည့်စုံ
ယခု ဗိုလ်မှူးချုပ် အငြိမ်းစား

www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး အောင်သိန်းလင်း ဦးစီး၍ ကွပ်ကဲမှုအောက် ရတခမရ (၂) (ရှေ့) နှင့် ရတခမရ (၁) (နောက်) ဗူးတန်း ဘယ်အခြမ်းတွင် ရန်သူ့ဗူးတန်းနှင့် ကိုက် ၂၀၀ ခန့်အကွာတွင်လည်းကောင်း။

အထက်ပါအတိုင်း အသီးသီးနေရာယူပြီး ၁၉၉၅ ...စ် ဖေဖော်ဝါရီ ၂၁ ရက်နေ့ ညနေ ၁၄း၃၀ နာရီအချိန်မှ ...င်ပြီး အမြောက်ပစ်ကူရယူကာ အနီးကပ် တိုက်ခိုက် ...န်းခဲ့ပါသည်။ ၁၅း၀၀ နာရီတွင် အမြောက်ပစ်ခတ်မှု ...ဆိုင်း၍ ခြေလျင်တပ်များက စခန်းအတွင်း ဝင်ရောက် ...ိုက်ရာ ပစ်ခတ်မှုအချို့ ဖြစ်ပွား၍ ရန်သူများ သောင် ...မြစ်အရှေ့ဘက်ကမ်းသို့ ထွက်ပြေးသွားကြသဖြင့် စခန်း ...တစ်ခုလုံးအား ၁၅း၃၀ ချိန်တွင် သိမ်းပိုက်ရရှိပါ ...သည်။

ဖေဖော်ဝါရီ ၂၁ ရက်နေ့ တိုက်ပွဲအသေးစိတ်အား ...က်ပါအတိုင်း ထပ်မံဖော်ပြအပ်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှု

ခြေလျင်တပ်။ အောက်ပါအတိုင်း ချေမှုန်းရေး
ကြောင်း ၂ ကြောင်းနှင့် အရန်စစ်ကြောင်း
ကြောင်းအား ဖွဲ့စည်းခဲ့ပါသည်။

(က) ခြေမှုန်းရေးစစ်ကြောင်း (၁)

**အမည်**

ဘုရင့်နောင်စစ်ကြောင်း

**ပါဝင်သောတပ်များ**

ဗိုလ်မှူးကြီး သူရအေးမြင့် ဦးစီးနည်း
ဟာ (၄၄၂) ကွပ်ကဲမှုအောက်
ရတခမရ (၂) တစ်ရင်း
ရတခမရ (၃) တစ်ရင်း

(ခ) ချေမှုန်းရေးစစ်ကြောင်း (၂)

**အမည်**

အောင်ဇေယျစစ်ကြောင်း

**ပါဝင်သောတပ်များ**

ဗိုလ်မှူးကြီး အောင်သိန်းလင်း ဦးစီးနည်း





ဗျူဟာ (၄၄၁) ကွပ်ကဲမှုအောက်
ရတ ခမရ (၁) တစ်ရင်း
ရတ ခလရ (၂) တစ်ရင်း

(ဂ) အရန်စစ်ကြောင်း

**အမည်**

အနော်ရထာစစ်ကြောင်း

**ပါဝင်သောတပ်များ**

ဗိုလ်မှူးကြီး သက်ဝင်း ဦးစီးနည်းဗျူဟာ
(၄၄၃) ကွပ်ကဲမှုအဖွဲ့နှင့်
ရတ ခမရ (၈) တစ်ရင်း
ရတ ခမရ (၁၀၄) တစ်ရင်း

(ဃ) ပစ်ကူပေးတပ်ဖွဲ့များ

ရှေ့တန်းအမှတ် (၂၆)၊ အမြောက်တပ်ရင်း
မှ တပ်ခွဲ ၂ ခွဲနှင့် ကွပ်ကဲမှုအောက်
– ၁၂၀ မီလီမီတာ အမ်အေ ၆ စိန့်
ပြောင်းကြီး ၈ လက်



www.burmeseclassic.com

www.burmeseclassic.com



- ၁၀၅ မီလီမီတာ ဟောင်ဝစ်
အမြောက်ကြီး ၆ လက်

ရှေ့တန်းအမှတ် (၁၁၄) အမြောက်တပ်
ကွပ်ကဲမှုအောက်
- ၁၂၀ မီလီမီတာ ယူဂိုစိန်ပြောင်းကြီ
၄ လက်
- ၁၀၂ မီလီမီတာ ကေ ၆ စိန်ပြော
ကြီး ၂ လက်
- ၁၀၆ မီလီမီတာ နောက်ပွင့်ကြီး
လက်

ရှေ့တန်းအမှတ် (၁၁၉) အမြောက်တပ်
- ၁၂၀ မီလီမီတာ အမ်အေ
စိန်ပြောင်းကြီး ၈ လက်
- ၇၆ မီလီမီတာ အမြောက် ၆ လ





ကွပ်ကဲမှု
အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အရှေ့တောင်တိုင်းတိုင်းမှူး ဦးစီး ရတ ရတခအား ပွိုင့် ၁၄၅၀ တွင် အခြေပြု ထားပြီး ကွပ်ကဲမည်။

(ခ) နယ်လုံခြုံရေးတပ်မ (၄၄) ဌာနချုပ်မှ တပ်မမှူးသည် ကာလူးတောင်ကုန်းတွင် လည်းကောင်း၊ ဒုတပ်မမှူးသည် ခပ ဖလူး တောင်ကုန်းတွင်လည်းကောင်း အသီးသီး အခြေပြုကွပ်ကဲမည်။

(ဂ) နည်းဗျူဟာ ၄၄၁/၄၄၂/၄၄၃ မှ နည်း ဗျူဟာမှူးများသည် မိမိတို့ စစ်ကြောင်း များနှင့်အတူ လိုက်ပါကွပ်ကဲမည်။

(ဃ) ကွပ်ကဲမှုအောက် ပစ်ကူပေးအမြောက် တပ်ဖွဲ့များအား အမြောက်နှင့် သံချပ်ကာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး လွန်းသီမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြိုးကြပ်ကွပ်ကဲ ခြင်းတို့ ဆောင်ရွက်မည်။

ဖြင့်ဆင်ခြင်း

ပစ်ကူပေးအမြောက်တပ်ဖွဲ့များအား ဗိုလ်မှူးကြီး လွန်းသိမှ ပေါင်းစပ်ညှိနှိုင်း နေရာချထားပေးခဲ့ပါသည်။ အဖြောင့်ပစ်နိုင်သော ၁၀၅ မီလီမီတာ၊ ၇၆ မီလီမီတာ ၁၀၆ မီလီမီတာ နောက်ပွင့်နှင့် အမြောက်များကို တိုက်ရိုက် မျက်မြင်ပစ်ခတ်နိုင်ရန် နေရာချထားခဲ့ပါသည်။ တိုက်ရိုက် အဖြောင့်ပစ်နိုင်ရန်အတွက် မြေပေါ်ကတုတ်များ တည် ဆောက်ပြီးမှ နေရာချထားခဲ့ရပါသည်။

နည်းဗျူဟာမှူးများ ဦးစီးသော ချေမှုန်းရေး စစ်ကြောင်းကြီးများသည်လည်း ရနိုင်သော အချိန်အတွင်း ရန်သူ့ဗူးဝရှေ့သို့ ဆက်သွယ်ရေးမြောင်းများ လိုက်ကျင်းများ တူးဖော်ခဲ့ကြပါသည်။ တိုက်ပွဲဝင်သည့်အချိန်တွင် ရန်သူ့ ရှေ့ ကိုက် ၅၀ အရောက် ဆက်သွယ်ရေးမြောင်းများကို တူးဖော်နိုင်ခဲ့ကြပါသည်။





ဆင့်ခြေကုပ်ယူတိုက်ခိုက်ခြင်း

ရင့်နောင်စစ်ကြောင်း

နည်းဗျူဟာမှူး မှူးကြီး သူရအေးမြင့် ဦးစီး ဘုရင့်နောင်စစ်ကြောင်းသည် ဗူးဝညာဘက်ခြမ်းမှ နေရာယူချဉ်းကပ်ပြီး ဗူးဝ ဘယ်ခြမ်းဘန်ကာများ ကို ချဉ်းကပ်တိုက်ခိုက်ရမည်ဖြစ်ပါသည်။ တပ်ရင်း မှူး ဒုဗိုလ်မှူးကြီး စိုးနိုင် ဦးစီး ရတခမရ (၃) ရှေ့၊ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဝင်းစိုး ဦးစီး ရတ ခမရ (၂) နောက် ရန်သူ့ဗူးဝတွင် တပ်ဖြန့်နေရာ ယူရပါမည်။

၁၉၉၅ ခုနှစ် မေလ ၂၁၊ ၁၄း၃၀ အချိန်မှစ၍ အဖြောင့်ပစ်လက်နက်ကြီးများဖြင့် ရန်သူ့ဗူးဝ ဘန်ကာနှင့် မိုင်းကွင်းများအား ကြိုတင်ပစ်ခတ် ချေမှုန်းခြင်း စတင်ပြုလုပ်ခဲ့ပါသည်။ တစ်ပြိုင် တည်းတွင် ရတခမရ (၃) မှ ၇၅ မီလီမီတာ ၂ လက် ပွိုင့်ဖိုက် ၁ လက်နှင့် ၈၄ မီလီမီတာ ၄ လက်တို့ဖြင့် ရန်သူအား အနီးကပ် ချေမှုန်းခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းအချိန်တွင် ရန်သူမှ ၈၂ မီလီမီတာ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများဖြင့် ပြန်လည်ပစ်ခတ်ရာ မိမိဘက်မှ စစ်သည်တစ်ဦး ကျဆုံး၍ တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ၁၅း၀၀ ချိန် ပစ်ကူအမြောက်များ ပစ်နေချိန်၌ ရတခမရ (၃) သည် ဖူးဝနှင့် ညာခွန်ဘန်ကာအကြားသို့ အဖွဲ့ ၂ ဖွဲ့ကို တစ်ပြိုင်နက် ထိုးဖောက်ခဲ့ပါသည်။ ၁၅း၁၀ ချိန် ဖူးဝညာဘက်ခြမ်း၌ ဘန်ကာများကို သိမ်းပိုက်ရရှိခဲ့ပြီး KNU (၁၀၁) တပ်မှူးကြီး ထောလအခြေပြုနေသည့် KNU (၁၀၁) တပ်ရင်း ကွပ်ကဲမှုဌာနချုပ် ကျွန်းတောအုပ်အား ဆက်လက်တိုက်ခိုက်ခဲ့ပါသည်။

- ၁၅း၁၅ မှ ၁၅း၂၅ ထိ ရန်သူများသည် ကျွန်းတောအတွင်းမှ ၆၀ မီလီမီတာနှင့်လည်းကောင်း၊ လက်နက်ငယ်များဖြင့်လည်းကောင်း၊ ခုခံပစ်ခတ်ခဲ့ပါသည်။ ၁၅း၃၀ ချိန်တွင်မူ မိမိမှ ပစ်အားသုံးပြီး





အတင်းဝင်ချေမှုန်းခဲ့ရာ ရန်သူများ အရှေ့ဘက်ကမ်း ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားကြသဖြင့် ရန်သူ၏ ကော်မူးရာစခန်းကြီးကို သိမ်းပိုက်ရရှိခဲ့ပါသည်။

**...အောင်ဇေယျစစ်ကြောင်း**

- နည်းဗျူဟာ (၄၄၁) နည်းဗျူဟာမှူး မှူးကြီးအောင်သိန်းလင်း ဦးစီး အောင်ဇေယျစစ်ကြောင်းသည် ဖူးဝ ဘယ်ဘက်ခြမ်းမှ ချဉ်းကပ်ပြီး ဘယ်ခြမ်းဘန်ကာများအား တိုက်ခိုက်ရမည် ဖြစ်ပါသည်။ နည်းဗျူဟာ (၄၄၁)၏ ကွပ်ကဲမှုအောက်တွင် ရတခမရ (၂) ရှေ့၊ ရတခမရ (၁) နောက်တန်းစီလျက် ဖူးဝဘန်ကာရှေ့ ကိုက် ၂၀၀ နေရာယူပြီးဖြစ်ပါသည်။

- ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ၁၄း၃၀ ချိန်မှစ၍ ရန်သူဖူးဝဘန်ကာတန်းနှင့် ခြစည်းရိုးမိုင်းကွင်းများအား ကြိုတင်ပစ်ခတ်ချေမှုန်းခြင်းကို စတင်ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ပါသည်။ တစ်ပြိုင်တည်းတွင် ရတခမရ (၂) မှ ၇၅ မီလီမီတာ ၃ လက်၊ ပွိုင့်ဖိုက် ၃ လက် တို့ဖြင့် ရန်သူအား အနီးကပ် ချေမှုန်းပစ်ကူပေးခဲ့ပါသည်။ ရန်သူမှ ၁၂၀ မီလီမီတာ၊ ၈၂ မီလီမီတာများဖြင့် ခုခံပါသည်။

၁၅း၀၀ ချိန်တွင် မိမိပစ်ကူအမြောက်များ ကာပင်ပစ်ခတ်ခြင်း ရပ်ဆိုင်းသည်နှင့် နည်းဗျူဟာ (၄၄) နည်းဗျူဟာမှူးသည် ရတခလရ (၂) နှင့်အတူ ၂ ဖွဲ့ခွဲ၍ ရန်သူ့ ဗူးတန်းဘန်ကာများအား သိမ်းပိုက်ခဲ့ပါသည်။ ဆက်လက်၍ ရန်သူ့ဘန်ကာတန်းတစ်လျှောက် ပစ်ခတ်တိုက်ခိုက် သိမ်းပိုက်ရာ ရန်သူ ၄၀ ကျော်မှ ၁၀ မိနစ်ခန့် ခုခံပစ်ခတ်ပြီး မိမိတို့ ပစ်အားဒဏ်မခံနိုင်တော့သဖြင့် သောင်ရင်းမြစ်အရှေ့ဘက်ကမ်း ထိုင်းနိုင်ငံဘက်သို့ ဒရောသောပါး ထွက်ပြေးသွားခဲ့ကြပါသည်။





[illegible]ကူပေးဆောင်ရွက်မှုများ

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မနက် [illegible]း၁၀ နာရီတွင် ရန်သူများသည် ၁၀၅ မီလီမီတာ [illegible]ာင်ဝင်ဇာအမြောက်ကြီးများကို ထိုင်းနိုင်ငံဘက်မှနေ၍ [illegible]ကူပေးခဲ့လေသည်။ ဖေဖော်ဝါရီလ ၂၀ ရက် နေ့က [illegible]အမြောက်တပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် ဗူးဝရှိ ဘန်ကာ [illegible]များမှာ အချို့ မီးလောင်ပြီး အချို့မှာ ပြိုကျပျက်စီး [illegible]သည်။ မိမိတပ်မမှူးနှင့် အမြောက်တပ်မှူးကြီးတို့သည် [illegible]ခြေအနေကို သုံးသပ်၍ မနေ့က အတိုင်း အမြောက်ကြီး [illegible]ကို ဆက်လက်ပစ်ခတ်ပြီး ကော်မူးရာစခန်းကြီးကို [illegible]မှုန်းလျက်ရှိပါသည်။

မနက် ၁၀း၀၀ ချိန်တွင် ကာကွယ်ရေးဦးစီးချုပ်မှ–

"ရန်သူဆုတ်ပြီ တက်တော့"

ဟု ညွှန်ကြားခဲ့ပါသည်။

ထိုနေ့ မနက်ပိုင်းတွင် **BBC** အသံလွှင့်ဌာနမှ [illegible]ာက်ပါအတိုင်း အသံလွှင့်ခဲ့လေသည်။

"ကရင်တိုင်းရင်းသား လက်နက်ကိုင်များ [illegible]န်းချုပ်ထားသော ကော်မူးရာစခန်းကို မြန်မာ့တပ်



www.burmeseclassic.com

www.burmeseclassic.com



မတော်က အမြောက်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ်၍ တိုက်ပွဲများဆင်နွှဲနေကြောင်း၊ ယနေ့ နံနက်၌ အကျိုးမရှိတော့သော ထိုတိုက်ပွဲကို ဆက်လက်မတိုက်လိုတော့၍ မိမိတို့မှ စခန်းကို စွန့်ခွာလိုက်ပြီဖြစ်ကြောင်း KNU ဗဟိုမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်''

ဟူ၍ ဖြစ်ပေသည်။

ရန်သူသည် ဆုတ်ခွာနေပြီဆိုသော်လည်း အကြွင်းအကျန်များ ရှိနေသေးခြင်းကြောင့် ၁၂း၀၀ ချိန်မှ ၁၄း၀၀ ချိန်ထိ လက်နက်ကြီးများ အမြောက်ကြီးများကို ဆက်လက်ပစ်ခတ်ခဲ့ပါသည်။

၁၅း၀၀ ချိန်ထိ ဆက်လက်ချေမှုန်း ပစ်ခတ်ပေးခဲ့ပါသည်။ ၁၅း၀၀ ချိန်တွင် ပစ်ခတ်မှုများရပ်တန့်ပြီး ခြေလျင်တပ်များမှ တပ်ရင်း ၂ ရင်းဖြင့် စခန်းကြီးအား ဝင်ရောက်သိမ်းပိုက်ရာ ခမရ (၃) ညာ၊ ခလရ (၂) ဘယ်မှ ဝင်ရောက်ပြီး ရှင်းလင်းတိုက်ခိုက်ခဲ့ပါသည်။ ၁၅း၃၀ ချိန်တွင် စခန်းကြီးတစ်ခုလုံးအား ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့ရာ ၂ လခန့် ကြာမြင့်ခဲ့သည့် ကော်မူးရာစခန်းသိမ်းတိုက်ပွဲကြီး ပြီးဆုံးခဲ့ပါသည် ခင်ဗျား။





...တ်ပွဲအဆုံးသတ်နိဂုံးချုပ်

လူအင်အား ၈၀၀ ခန့် ရှိသော စခန်းကြီးအား ...မြောက်စိန်ပြောင်းကြီးများဖြင့် ၂ လကျော်ကြာအောင် ...ဥ်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KNU နှင့် မဟာမိတ်တို့သည် ...ဥ်ထိခိုက်ဒဏ်ရာရလျက် ရှိပါသည်။ ဘယ်လောက်ပင် ...ကျင်းတွေ၊ ဗုံးခိုကျင်းတွေ ကောင်းနေပါစေ ဒါတွေထဲ ...နေကုန်နေလို့ရသည်မဟုတ်ပါ။ ခဏတစ်ဖြုတ်တော့ ...ပြင်ထွက်ရသေးသည်သာ။ ၂ လခန့်ကြာလာတော့ ...လုံး ပင်ပန်းနွမ်းနယ်နေကြသည်။ စစ်ကူတွေကလည်း ...လာတော့။ KNU ဗဟိုမာနေပလောစခန်းကြီး ကျပြီး ...ာက်တွင်ကား တပ်မတော်၏ဖိအားက ပိုများလာသည်။ [illegible]အခါ KNU လူကြီးများ စဉ်းစားလာကြရ၏။ အသေ ...ပျောက်တွေ သိပ်များနေပြီ။ စခန်း စွန့်ခွာပြီး ပြေးတဲ့ ...တွေ ပြေးနေပြီ။ ဘာလုပ်ကြမှာလဲ။ အငှားလိုက်လာတဲ့ ...ပ်မဟာ (၆) က ရင်း (၁၆) က လူတွေကလည်း အငှား[illegible]အသေခံရသလိုဖြစ်ပြီး မကျေနပ်ကြတော့။ Complaint [illegible]ကြသည်။ KNU အတွက် ABSDF ကလည်း သေပေး...ကြရသည်။ ခေါင်းဆောင်ကြီး ဗိုလ်မြကတော့ အတင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ခံတိုက်ခိုင်းနေတုန်း ဖြစ်သည်။ နောက်ဆုံးတော့ ဖေဖော်ဝါရီ ၂၀ ရက်နေ့ ဗူးဝဘန်ကာကြီးများ ပြိုပြိုဆိုတာ သိသွားသည့် **KNU** ဒုဦးစီးချုပ် တာမလာဘောက ခေါ်ခံပြီး ဗိုလ်မှူးချုပ် ထောလကို ဆုတ်ခွာခွင့် ပေးလိုက်တော့သည်။ ထောလက သူ့လူတွေကို ထိုနေ့ညမှာ အကျိုးအကြောင်းခေါ်ပြောပြီး ဘုရားသခင်ထံ ဆုတောင်းကြသည်။ ဆုတောင်းပွဲမှာ ဒုတပ်မှူး ဒုမှူးကြီးသန်းမောင် မပါဝင်နိုင်တော့။ သန်းမောင်ကို ဘုရားသခင်ခေါ်သွားခဲ့တာ ကြာပြီ။ သန်းမောင်ကား တပ်မတော်လက်နက်ကြီးဒဏ်ဖြင့် ကျဆုံးသွားခဲ့ပြီးပြီ။

နောက်တစ်နေ့ ဖေဖော်ဝါရီ ၂၁ ရက်တွင် ထောလနှင့် တပ်မှူးများသည် မိုးမလင်းမီမှာပင် ရနိုင်တာ သယ်နိုင်တာတွေသယ်ပြီး ဆုတ်တော့သည်။ ခံပစ်ရန် လူအင်အားအချို့ ချန်ထားခဲ့သည်။ မိုင်းထောင်သင့်သည့် နေရာများတွင် မိုင်းထောင်သွားခဲ့ကြသည်။ ဤသည်ကို **BBC** အသံလွှင့်ဌာနက သိသွား၍ အသံလွှင့်ချက်ကို ၂ ရက်နေ့ မနက်တွင် ထုတ်လွှင့်ခဲ့သည်။ ကြားဖြတ်စက်များ လည်း ဖမ်းယူရရှိခဲ့သည်။ စစ်ရုံးကလည်း ချက်ချင်





သိသည်။ ထို့ကြောင့် တက်သိမ်းနိုင်သည်။

ဤနည်းအားဖြင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းတွင် ကော်မူးရာစခန်းကြီးကို မြန်မာ့တပ်မတော်မှ အပြီးအပိုင် သိမ်းဆည်းရရှိခဲ့ပါသည်ခင်ဗျား။

**တိုက်ပွဲအရှုံးအမြတ်**

မြန်မာ့တပ်မတော်

**ကျဆုံး**

အရာရှိ ၆ ဦး၊ စစ်သည် ၁၂၅ ဦး၊ ပေါင်း ၁၃၁ဦး

**ဒဏ်ရာရ**

အရာရှိ ၈ ဦး၊ စစ်သည် ၂၉၄ ဦး၊ ပေါင်း ၃၀၂ဦး

**ပျောက်ဆုံး**

စစ်သည် ၂ ဦး

**လက်နက်ဆုံးရှုံး**

လက်နက်ငယ်မျိုးစုံ ၁၃၀ လက်



www.burmeseclassic.com

www.burmeseclassic.com



**KNU**

**ကျဆုံး**

၂၁၂ ဦး (အလောင်းရ)

**ဒဏ်ရာရ**

၂၃၁ ဦး (မြေပြင်သတင်းနှင့်ကြားဖြတ်စက်သတင်းများအရ)

**လက်နက်**

လက်နက်ကြီးငယ် အမျိုးစုံ ၄၂၄ လက် မိမိတပ်မတော်မှ သိမ်းဆည်းရမိသည်။

**ခဲယမ်း**

ပုံးသီးမျိုးစုံ ၂၉၇၉ လုံး။ ခဲယမ်းတောင့် ၃ သိန်း

**ကြိုးကြပ်ကန့်သတ်ပစ္စည်း**

ဆက်သွယ်ရေးစက် ၂ လုံး

**ယာဉ်**


သံချပ်ကာယာဉ် ၃ စီး (ဒေသန္တရပြုပြင်ထားသည်)

**အခြားပစ္စည်းများ**

ကွန်ကရစ်နှင့် သဲအိတ်ဘန်ကာပေါင်း ၄၀၈ လုံး


သစ်သားအိမ်နှင့် လူနေတဲ စုစုပေါင်း အလုံး ၅

မြရဇာနာစာပေ





သာအစိုးရတက်ခါစက မြဝတီမြောက်ဘက်ရှိ KNU စခန်းများ

www.burmeseclassic.com




ကော်မှူးရာစခန်း ခံစစ်အခြေပြမြေပုံ


www.burmeseclassic.com



၁၉၉၄ - ခုနှစ်၊ ဒီဇင်ဘာ (၁၉)ရက် မိမိတပ်မတော်၏
ပထမအကြိမ် သွေးတိုးစမ်းတိုက်စစ်

www.burmeseclassic.com


www.burmeseclassic.com




၁၉၉၄-ခုနှစ်၊ ဒီဇင်ဘာ (၂၁)ရက် မိမိတပ်မတော်၏
ဒုတိယအကြိမ် သွေးတိုးစမ်းတိုက်စစ်


www.burmeseclassic.com

www.burmeseclassic.com



…-ခုနှစ်၊ ဖေဖော်ဝါရီ (၈) ရက် မိမိတပ်မတော်၏ တတိယ တိုက်စစ်
…တိုက်ပွဲ၌ ခမရ ၁၁၈ ရင်းမှူး သီဟသူရသန်းဆွေ ကျဆုံးခဲ့သည်)

www.burmeseclassic.com



…နှစ်၊ ဖေဖော်ဝါရီ (၂၁) ရက် နေ့ မိမိတပ်မတော်စစ်ကြောင်းများ၏
စခန်းသိမ်းတိုက်စစ်

www.burmeseclassic.com



KNU မှ စခန်းတွင်း၌ ကျန်ရစ်ခဲ့သော လက်နက် ...များကို အောက်ပါအတိုင်း သိမ်းဆည်းရမိခဲ့ပါ သည်။

| | |
|---|---|
| ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး | ၂ လက် |
| ၃. ၅ ဒုံးပစ်လောင်ချာ | ၁၁ လက် |
| ၂. ၇၅ ဒုံးပစ်လောင်ချာ | ၁ လက် |
| ပွိုင့်ဖိုက် စက်သေနတ်ကြီး | ၄ လက် |
| အာပီဂျီ | ၆ လက် |
| ဘရောင်နင်စက်သေနတ် | ၅ လက် |
| ၃လက်မစိန်ပြောင်း | ၂ လက် |
| ၈၂ မီလီမီတာစိန်ပြောင်း | ၅ လက် |
| ၈၁ မီလီမီတာစိန်ပြောင်း | ၃ လက် |
| ၆၀ မီလီမီတာစိန်ပြောင်း | ၃ လက် |
| ၅၇ မီလီမီတာနောက်ပွင့်ရိုင်ဖယ် | ၄ လက် |
| ၄၀ မီလီမီတာဒုံးပစ်လောင်ချာ | ၄ လက် |
| တရုတ်စက်လတ် M 23 | ၃ လက် |
| ၁၀၇ မီလီမီတာဒုံးပစ်လောင်ချာ | ၂ လက် |
| ၈၄ မီလီမီတာကားလ်ဂူးစတတ် | ၁ လက် |

...ဖြစ်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျန်အမျိုးအမည် အတိအကျ မဖော်ပြနိုင်ေ
လက်နက်ကြီးများ အပါအဝင် စုစုပေါင်း အလက်
ကျော်ဖြစ်ပါသည်။

**တိုက်ပွဲပြီးနောက်ပိုင်းဆောင်ရွက်ချက်များ**

တိုက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်ချက်မျာ
အောက်ပါအတိုင်းဖြစ်ပါသည်။

**မြန်မာ့တပ်မတော်ဘက်မှ ဆောင်ရွက်ချက်များ**

မြန်မာ့တပ်မတော်ဘက်မှ တိုက်ပွဲပြီးနောက်ပို
စခန်းကြီးတစ်ခုလုံးအား မူလအတိုင်း မပျက်စီးေ
ခြေရာလက်ရာ မပျက်ထားရှိသည်။ စစ်ရုံးမှ ဒုကာကွယ်
ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးနှင့် အရာရှိကြီးများ
ရောက်ကြည့်ရှုကြသည်ကို ပြသသည်။ ထို့နောက် လို
သည့် လမ်းညွှန်မှာကြားချက်များကို ဆက်လက်ေ
ရွက်ကြသည်။

ထိုစဉ်က သယ်န်းညီနောင် ဌေ့ရှမ်းမဲပုလဲမှ
တိုက်ပွဲဖြစ်ပွားသည့်နေရာများသို့ တပ်ရင်းသုံးရင်းနှင့်





ကေအင်ယူ ဘယ်လ်စာအုပ်ရေးသားခဲ့သူ
ကရင်ပြည်နယ်သားတစ်ဦး အမည်ခံ
ဒုဗိုလ်မှူးကြီးမောင်မောင်ဦး(တင်သန်းဦး)

www.burmeseclassic.com

www.burmeseclassic.com



မှ ကားလမ်းများ ဖောက်လုပ်လျက်ရှိ၏။ မိမိတပ်များ သောင်ရင်းမြစ်ကမ်းတစ်လျှောက် အနိုင်အမာ တပ်စွဲပြီး ဖက အုပ်ချုပ်ထောက်ပံ့မှု Logistics ကိစ္စများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ ထိုလမ်းဖောက်ခြင်း ကိစ္စကို ဆက်လက်ဆောင်ရွက်ကြပါသည်။ ယခုအခါ ထို လမ်းမကြီးမှာ ကတ္တရာလမ်းမကြီးအဖြစ် ရွှေကုက္ကိုအထိ ကောင်းစွာသွား၍ ရပါပြီ။ ဆက်လက်၍လည်း မြောက် ဘက်အထိ ကားလမ်းများ ဖောက်နေဆဲဖြစ်ကြောင်း ကြားခဲ့သည့် ဖေဖော်ဝါရီလ ထိုဒေသသို့ ကျွန်တော် ရောက် သွားစဉ်က တွေ့ခဲ့ရပါသည်။

တပ်မ (၄၄) သည် ကော်မူးရာစခန်းကြီးကို သိမ်းပိုက်လိုက်သောအခါ KNU ဗဟိုသည် မြဝတီမြောက် ပိုင်း၌ အခြေပြုနိုင်ခြင်း မရှိတော့သဖြင့် တောင်ဘက်သို့ ဆင်းသွားခဲ့ပါသည်။ တောင်ဘက်ရှိ ဗိုလ်ချုပ်ရွှေဆိုင်း၏ တပ်မဟာ (၆) ကနဲလေး မော်ခီးဂွင် သို့မဟုတ် သေဘော ဒိုးဒေါ်လေသို့ ပြောင်းရွှေ့အခြေပြုရန် ဖြစ်ပါသည်။ တပ်မ (၄၄) မှ KNU ဗဟို အခြေမချနိုင်ရန် ကနဲလေးမော်ခီးဂွင်ကို ဆင်ရောက်ရှင်းလင်းခဲ့ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဦးစီးသည့် နည်းဗျူဟာ (၃၃၁) သ
တပ်ရင်း ၃ ရင်းဖြင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလကု
ဒေါနတောင်အရှေ့ခြမ်း သဃ်နီးညီနောင်တွင် အခြေ
တပ်မ (၄၄) မှ နည်းဗျူဟာ (၄၄၂) အား အကူအ
ပေးခဲ့ရပါသည်။ မတ်လတစ်လ သဃ်နီးညီနောင်
အခြေပြုခဲ့ပြီးမှ သင်္ကြန်မကျမီ စစ်ကိုင်းသို့ ပြန်ခဲ့ရပါသ

တပ်မတော်က မြဝတီမြို့တောင်မြောက် သော
ရင်းမြစ်ကမ်းတစ်လျှောက် ကောက်သင်းကောက် စစ်
ရေးများ ပြုလုပ်ခဲ့ပါသည်။ စစ်ဆင်ရေးကို မရပ်နာ
နောက်ပိုင်းတွင် **KNU** တပ်မဟာ (၄) နယ်မြေ တနင်္သ
တိုင်းဒေသ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်များကိုပါ စစ်
ရေးပြုလုပ်ခဲ့ရာ **KNU** ဗဟိုသည် နောက်ဆုံး၌ မည်သ
နေရာမှ အတည်တကျ အခြေမပြုနိုင်တော့ဘဲ ထိုင်းမြ
နယ်စပ်၌ လှုပ်ရှားအဖြစ် ရပ်တည်ခဲ့ရပါသည်။ ဒုက္ခသ
စခန်းများတွင်သာ ရွှေ့ပြောင်းလှည့်လည်သွားလာ
သည်ကို တွေ့ရပါသည်။ အထူးသဖြင့် တောင်ဘက်
မနီလွိုက်။ အလယ်တွင် ဟွေကလုတ်။ မြောက်ဘက်
ဘဲဂလော့ ဒုက္ခသည်စခန်းများ ဖြစ်ပါသည်။





ဤသည်မှာ မြန်မာ့တပ်မတော်၏ ကော်မူးရာ
ပွဲအပြီး ဆောင်ရွက်ချက်များ ဖြစ်ပါသည်။ ဩြော်
ဒိုတစ်ခု ကျန်ပါသေးသည်။ ကော်မူးရာစခန်းကြီးရှေ့
ဗိုလ်မှူးကြီး ဝဏ္ဏမောင်လွင်၏ ခမရ (၁) မှ အမှတ်
ကမ္ပည်းကျောက်စာတိုင်တစ်ခု စိုက်ထူခဲ့ပြီး ၁၉၉၆
တွင် တပ်မ (၁၀၁) မှ ထိုဒေသတွင် ကျဆုံးခဲ့သူအားလုံး
က် အကျွတ်အလွတ်အောင်စေတီတော်အား တည်ထား
ည်ကို ကျွန်တော် ထိုဒေသ ထိုစခန်းကြီးအရောက်၌
ါးထင်ထင် မြင်တွေ့ခဲ့ရပါသည်ခင်ဗျား။

**KNU ဘက်မှ ဆောင်ရွက်ချက်များ**

**KNU** ဘက်မှမူ ကော်မူးရာတိုက်ပွဲပြီးသည်နှင့်
က အနီးဆုံး ဟွေကလုတ်ဒုက္ခသည်စခန်းသို့ ထွက်ခွာ
ခဲ့ကြလေသည်။ ဗိုလ်မှူးချုပ် ထောလ၏ မိသားစု
ာ ဟွေကလုတ်ဒုက္ခသည် စခန်းတွင် နေထိုင်လျက်
သည်။ အထူးတပ်ရင်း (၁၀၁) မှ အရာရှိ၊ အရာခံ၊
ကြပ်၊ တပ်သား တော်တော်များများ၏ အိမ်ထောင်စု
မှာလည်း ဟွေကလုတ် ဒုက္ခသည်စခန်းမှာပင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိကြပါသည်။

ဥက္ကဋ္ဌကြီးစောဘိုမြနှင့် KNU ဗဟိုလူကြီးများကား ဗဟိုအတွက် နေရာအသစ်ရှာရန် စုဝေးကြပါသည်။ ပထမ မဲဆောက်ရှိ ဗိုလ်မှူးကြီးစိုးစိုးနေထိုင်သည့် KNU ဆက်ဆံရေးရုံးတွင် တွေ့ဆုံကြသည်။ ထို့နောက် ဗဟိုအသစ်နေရာ ချနိုင်မည့်နေရာ လိုက်ရှာရင်း ကနဲလေးတွင် ဗဟိုမှလူကြီးများ အစည်းအဝေးလုပ်ကြသည်။ ထိုကနဲလေးမစ်ရှင်ကျောင်း အစည်းအဝေးတွင် လူငယ်အတော်များများက KNU ဥက္ကဋ္ဌကြီးစောဘိုမြအား ပိုင်းအပြစ်တင်ကြသည်။ ဥက္ကဋ္ဌကြီးကြောင့် အခိုင်အမာစခန်းကြီးများ ဆုံးရှုံးရသည်ဟု အပြစ်ဖို့ကြသည်။ ဗိုလ်မြ အား ဥက္ကဋ္ဌအဖြစ်မှ ဖယ်ပေးရန် တောင်းဆိုသူတွေက တောင်းဆိုလာကြသည်။ နောက်ဆုံး စောဘိုမြအား ဒုဥက္ကဋ္ဌနေရာထား၍ ဖဒိုစောဘသင်အား ဥက္ကဋ္ဌ တင်ခဲ့ကြသည်။ ဤတိုက်ပွဲကြီးများဂယက်ကြောင့် ဗိုလ်ချုပ်ကြီးစောဘိုမြ KNU ဥက္ကဋ္ဌနေရာမှ ဖယ်ပေးခဲ့ရသည်။

ဒါတွင် မကပါ။ ဝါဒရေးရာတိုက်ပွဲများလည်း ဖြစ်ပွားခဲ့ရသည်။ အတွင်းရေးမှူး ဖဒိုမန်းရှာနှင့် ဒေါက်တာ





ာ၊ ဖဒိုကော်စိုး၊ ဖဒိုဒေးဗစ်ထော၊ ဖဒိုကွယ်ထူး တို့က ဗိုလ်ချုပ်ကြီး စောဘိုမြအား ဝေဖန်တိုက်ခိုက် သည်။ အားလုံးထဲတွင် ဖဒိုမန်းရှာက ပြင်းပြင်းထန်ထန် န်ခဲ့လေသည်။ ဤသို့ဖြင့် ဗဟိုပြိုကွဲသွားပြီး ဗိုလ်ချုပ် သည် အသက်အရွယ်နှင့် ကျန်းမာရေးအရ မဲဆောက် ပိုင်း ခရိုင်ဒေသရှိ သူ၏ကိုယ်ပိုင်အိမ်တွင် အနေများ ည်။ အသက်အရွယ်ကလည်း ၆၈ နှစ်ရှိနေပြီဖြစ်သည်။ င် Diabetes Type two ဟုခေါ်သည့် သက်ကြီးရွယ် တွင် ဖြစ်တတ်သည့် ဆီးချိုရောဂါလည်း ရှိနေပြီ သည်။ ထိုရောဂါကိုကုရင်း အနားယူခဲ့သည်။

နောက်ပိုင်းတွင်မူ အမေရိကန် အပါအဝင် ကမ္ဘာ အများစုသို့ ဗိုလ်ချုပ်ကြီးမြသွားရောက်ပြီး KNU ၏ ဆုံးအခြေအနေကို ရှင်းပြခဲ့သည်။ သို့ရာတွင် လက် သက်ကိုင် မပြနိုင်၍ ရည်မှန်းချက်များ မအောင်မြင်ခဲ့ပါ။ ပါသွားသူ ဒေါက်တာမာတာလို လူငယ်များနှင့်လည်း ာထားမတိုက်ဆိုင်ကြသဖြင့် အမေရိကန်ခရီးစဉ်မှ သိပ်မကြာခင်ကာလမှာပင် ဒေါက်တာမာတာ၊ ဖဒို စိုး၊ ရောဘတ်ဖုံနှင့် ဒုတိယတန်းရှိ လူငယ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အတော်များများသည် အမေရိကန်နိုင်ငံသို့ အပြီး
အပိုင် ထွက်ခွာသွားခဲ့ကြလေသည်။

ဗိုလ်ချုပ်ကြီးမြကိုယ်တိုင်မှာမူ ကော်မူးရာစခန်းကြီး
ကျဆုံးပြီးနောက် စခန်းသစ်များမဖွင့်နိုင်တော့ဘဲ အစိုးရနှင့်
ငြိမ်းချမ်းရေးဆွေးနွေးနေဆဲမှာပင် ကွယ်လွန်သွားခဲ့လေ
သည်။

ဤသည်မှာ ကော်မူးရာတိုက်ပွဲကြီးအပြီး နောက်
ပိုင်း KNU ၏ ဆောင်ရွက်ချက်များ ဖြစ်ပါသည် ခင်ဗျာ။





...မူးရာတိုက်ပွဲကြီးအား ကွပ်ကဲခဲ့သည့် မိမိ တပ်မှူးကြီး
...မှူးယော်များစာရင်း

၁။ ဗိုလ်ချုပ်ကြီးမောင်အေး
ဒုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး
ဦးစီးချုပ်(ကြည်း)

၂။ ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ
ကာကွယ်ရေးဝန်ကြီးဌာနစစ်ဆင်ရေး အထူးအဖွဲ့
(၂) မှူး

၃။ ဗိုလ်ချုပ်ကက်စိန်
တိုင်းမှူး။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်



www.burmeseclassic.com

www.burmeseclassic.com



၄။ ဗိုလ်မှူးချုပ်တင့်လွင်
တပ်မမှူး။ တပ်မ (၄၄)
၅။ ဗိုလ်မှူးကြီးပြည့်စုံ
ဒုတပ်မမှူး။ တပ်မ (၄၄)
၆။ ဗိုလ်မှူးကြီးလွန်းသိ
ကျောင်းအုပ်ကြီး။ အမြောက်နှင့် သံချပ်ကာ လေ့ကျင့်ရေးသင်တန်း ကျောင်း။
၇။ ဗိုလ်မှူးကြီးသူရအေးမြင့်
နည်းဗျူဟာမှူး။ တပ်မ (၄၄)
၈။ ဗိုလ်မှူးကြီးသက်ဝင်း
နည်းဗျူဟာမှူး။ တပ်မ (၄၄)
၉။ ဗိုလ်မှူးကြီးအောင်သိန်းလင်း
နည်းဗျူဟာမှူး။ တပ်မ (၄၄)
၁၀။ ဒုဗိုလ်မှူးကြီးဝဏ္ဏမောင်လွင်
တပ်ရင်းမှူး။ ခမရ (၁)
၁၁။ ဒုဗိုလ်မှူးကြီးစိုးနိုင်
တပ်ရင်းမှူး။ ခမရ (၃)
၁၂။ ဒုဗိုလ်မှူးကြီးဝင်းစိုး

မြရတနာစာပေ



တပ်ရင်းမှူး။ ခမရ (၂)
ဗိုလ်မှူးသန်းဆွေ(ကျဆုံး)
တပ်ရင်းမှူး။ ခမရ (၁၁၈)
ဒုဗိုလ်မှူးကြီးသိန်းလွင်
တပ်ရင်းမှူး။ ခလရ (၂)
ဒုဗိုလ်မှူးကြီးအောင်ထွန်း
တပ်ရင်းမှူး။ ခမရ (၁၀၄)
ဗိုလ်မှူးလှအေး
တပ်ခွဲမှူး။ အမတခွဲ (၃၁၄)
ဗိုလ်မှူးစံရွှေသာ
ဒုတပ်ရင်းမှူး။ ခမရ (၁)
ဗိုလ်မှူးမောင်မောင်ထွန်း
ဒုတပ်ရင်းမှူး။ ခမရ (၁၁၈)
ဗိုလ်မှူးသိန်းဝင်းနိုင် (ကျဆုံး)
တပ်ခွဲမှူးဗိုလ်မှူး။ ခမရ (၁)

■

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## တရုတ်ပြည်နယ်သားတစ်ဦး၏ကောအင်ယူဘယ်လ်စာအုပ်မှ ကောက်နုတ်ချက်များ

မာနေပလောတိုက်ပွဲကြီးနှင့် ကောမူးရာတိုက်ပွဲများမှာ ၁၉၉၅ ခုနှစ်က KNU နှင့် မြန်မာ့တပ်မတော်တို့၏ ကမ္ဘာသိတိုက်ပွဲများ ဖြစ်ခဲ့ကြပါသည်။ ထိုတိုက်ပွဲကြီးနှစ်ပွဲ ပြီးဆုံးသွားသည်နှင့် KNU တို့တွင် အခိုင်အမာ စခန်းကြီးများ မရှိတော့ပါ။ ပြင်ပကမ္ဘာတွင် ပြစရာ ဘာမျှမရှိတော့ပါ။ တပ်မတော်ကလည်း ထိုစခန်းကြီးနှစ်ခုကို သိမ်းယူပြီးသည်နှင့် အခိုင်အမာတပ်များ ချထားပြီး လုံးဝဖယ်မပေးတော့ပါ။ ယခုအချိန်အခါတွင် တိုင်းမြန်မာနယ်နိမိတ် သောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းမြစ်ကမ်းနှင့် သံလွင်မြစ်ကမ်းတို့တွင် KNU အခိုင်အ
စခန်းများ မရှိသလောက် ဖြစ်ခဲ့ပါပြီ။

မာနေပလောကို ၂၇-၁-၁၉၉၅ က တပ်မတေ
က သိမ်းခဲ့သည်။ ကော်မူးရာကို ၂၁-၂-၁၉၉၅ က သိ
ခဲ့သည်။ ထိုတိုက်ပွဲကြီးနှစ်ခုမှာ တစ်ဆက်တည်း ဖြ
သဖြင့် ၎င်းတိုက်ပွဲများနှင့် ပတ်သက်ပြီး ကရင်ပြည်န
သားတစ်ဦး အမည်ခံ စာရေးဆရာတင်သန်းဦး (ဒုဗိုလ်
ကြီး မောင်မောင်ဦး)က ''ကေအင်ယူ ဘယ်လဲ'' အမည်
အခန်းဆက်ဆောင်းပါးများကို နိုင်ငံပိုင်သတင်းစာများ
၂၉-၁-၁၉၉၅ မှ ၁၀-၃-၁၉၉၅ အထိ နေ့စဉ်ရက်ဆ
ဖော်ပြခဲ့ပါသည်။ ၎င်းဆောင်းပါးများအား စုပေါင်းပြီး ၁၉
ခုနှစ် ဧပြီလတွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။

ထိုစာအုပ်ထဲမှ ကော်မူးရာတိုက်ပွဲနှင့် ပတ်သ
သည့် ရေးသားဖော်ပြချက်များမှာ များစွာဝေဝေဆာ
ရှိပြီး အချက်အလက်များလည်း ပြည့်စုံလှပါသဖြ
ကျွန်တော် ရေးသားခဲ့သည်များနှင့် နှိုင်းယှဉ်ဖတ်ရှု၍ ေ
ရန် ကူးယူဖော်ပြပေးလိုက်ပါသည်။ စာရှုသူများ ေ
လေ့လာသုံးသပ်ကြည့်ကြရန် ဖြစ်ပါသည်ခင်ဗျာ။





## ကော်မူးရာတိုက်ပွဲ

ရေးသူ - ကရင်ပြည်နယ်သားတစ်ဦး

မာနယ်ပလောစခန်းကြီးနှင့် နယ်စပ်ဒေသစခန်း
အများအပြား ကျဆုံးသွားပြီးသည့်နောက်တွင် အရေး
ကြီးဆုံးနှင့် အဓိကအကျဆုံးစခန်းမှာ ကော့မူးရာ (ခေါ်)
သံသစ်စခန်းသာ ကျန်လေသည်။ ယခု ထိုစခန်းကို
ကေဘီအိုအဖွဲ့က ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်
ခိုက်နေလေပြီ။ တပ်ရင်း (၁၀၁)၏ တပ်ရင်းမှူးနှင့် ကော့မူး



www.burmeseclassic.com

www.burmeseclassic.com




ရာ အထူးဒေသတာဝန်ခံဖြစ်သူ ဗိုလ်မှူးချုပ်ထောလသည်
ထိုစခန်းကိုကွပ်ကဲ၍ ခုခံတိုက်ခိုက်နေသည်။ ထောလ
ထိန်မောင်က သူ့အမိပ္ပာယ်နှင့်သူ အားပေးသည်။ ဗိုလ်
ကလည်း အားပေးရန် ဆုံးဖြတ်ထားသည်။

ကော်မူးရာစခန်းသည် သောင်ရင်းမြစ် (ခေါ်
မိုးအိမြစ်၏ အိုမီဂါပုံမြစ်ကွေ့ထဲတွင် ရှိနေသည်။
နေရာသို့ တက်ရောက်သိမ်းပိုက်ရန် တပ်ဖြန့်ရန် အိုမီ
အဝသည် လွန်စွာ ကျဉ်းမြောင်းပြီး သတ်ကွင်းဖြစ်နေသည်
ကော်မူးရာကို သိမ်းပိုက်ရန်မှာ ထိုင်းနိုင်ငံနယ်မြေကို ဖြ
သန်းအသုံးပြုမှသာ ဖြစ်နိုင်မည်ဟု ဗိုလ်မြနှင့် အပေါင်း
များက ယူဆသည်။ တိုက်ပွဲကာလတစ်ရက်တွင် ဗိုလ်မြ
သူ၏စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလောဝါဒီကို ခေါ်တွေ့

"သူတို့ပစ်တဲ့ကျည်တွေ သောင်ရင်းမြစ်အနော
ဘက်ကမ်းပေါ်ကိုကျပြီး ရွာတွေကို ထိရင် သိပ်ကော
မယ်။ ဒါမှ နဝတနဲ့ ထိုင်းတွေ ပြဿနာတက်ကြမှာ။
ဖဒိုမန်းရှာ ဘာလုပ်နေလဲ"

"ဗိုလ်ချုပ်ကြီးမြ ခိုင်းထားတဲ့အတိုင်း ယူဂျီတွေ
လှုပ်ရှားခိုင်းထားပါတယ်။ ယူဂျီတွေဟာ ဗုဒ္ဓဘာသာ

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com



ကော်မှူးရာစခန်းရှိဗိုလ်ချုပ်ကြီးမြ အတွက် ဆောက်ထားသော အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာ စခန်း အတွင်းမှ ဂျ၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်ပစ်ခတ်ရာ ဘန်ကာကြီး

www.burmeseclassic.com

[illegible]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သံဆူးကြိုး၊ မိုင်းနှင့် ထောင်ချောက် အထပ်ထပ်ကာဆီးထားသည့် ကော်မူးရာစခန်း

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာမှ ခိုင်ခန့်လှသော ခေါင်ကတုတ် ဘန်ကာကြီး

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးအနေနဲ့ ခရစ်ယာန်အသင်းတော်တွေ၊ ဘုရား ကျောင်းတွေကို စာတွေပို့နေတယ်။ ရန်ကုန်မှာရှိတဲ့ အချို့ ယာန်တွေတောင် လန့်ကုန်ကြပြီ''

''ကောင်းတယ်။ ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာ ပဋိပက္ခဖြစ်အောင် လုပ်ရမယ်။ ဒါမှ ငါတို့ကို ခရစ်ယာန် တွေက ကူညီမှာ။ ဒါနဲ့ စိုးစိုးဆီက ဘာသတင်းကြား

''ဗိုလ်မှူးကြီး စိုးစိုး ကားတိုက်မှုဖြစ်ပါတယ်။ ကျ်လုံးကို ထိသွားတယ်။ ပတ်တီးဖြေပြီးမှ မျက်လုံး ကောင်း, မကောင်း သိမယ်။ ခြေထောက်တွေလည်း ကုန်တယ်''

ဗိုလ်မြ ဒေါသထွက်ပြီး စိုးစိုးကို ဆဲတော့သည်။

''ဒီကောင် မဲဆောက်မှာ အရက်လျှောက်မူးလို့ တာ။ ဒီလောက်အရေးကြီးတဲ့အချိန်မှာ ဒီကောင်က မျိုး။ သတ်ပစ်ဖို့ပဲ ကောင်းတယ်။ ဒါနဲ့ ငါတို့မဟာမိတ် ဘာဆီက ဘာကြားသေးလဲ''

''ခွန်ဆာနဲ့လာပေါင်းတဲ့ မဟာမိတ် SSPP (ရှမ်း ည်တိုးတက်ရေးပါတီ) ခေါင်းဆောင် ဗိုလ်မှူးကြီး စိုင်းလိတ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဖန်နဝါရီလထဲမှာ ကွယ်လွန်သွားလို့ ခွန်ဆာလည် စိတ်မကောင်းဖြစ်နေပါတယ်။ သူလည်း စစ်တပ်ရဲ့ ထိုးစစ် ရင်ဆိုင်ချင် ရင်ဆိုင်ရနိုင်တယ်လို့ ပြောပါတယ်''

ဝမ်ခသစ် (ခေါ်) ကော်မူးရာစခန်းကြီးတွင် တို ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ကေအင် စစ်ဆင်ရေးမှူး ဗိုလ်မှူးကြီးလောဝါဒီသည် မာနယ်ပလော မှ ဆုတ်ခွာလာသူများအနက် လူ ၁၀၀ ကို ဗိုလ်ချု ထိန်မောင်ကို ပြန်ပေးရသည်။ ဗိုလ်ချုပ်ထိန်မောင် ကော့မူးရာသို့ အင်အားဖြည့်ပေးသည်။ ဒီကေဘီ ကလည်း ကော်မူးရာစခန်းကို လက်နက်ကြီးများဖြင့် ပစ်သည်။ ကေအင်ယူကို အားပေးကူညီနေသော အုပ်စု ၏ မီဒီယာများသည် တပ်မတော်က ကေအင်ယူများအ တိုက်ခိုက်ခြင်းမှာ မတရားကြောင်း အသံကုန်အော် ဝါဒဖြန့်ပေးရသည်။

မီဒီယာအချို့သည် ဗိုလ်မြနှင့် ကေအင်ယူများအ သွေးချောင်းစီး စစ်ပွဲကို ဆက်လက်ဆင်နွှဲရန် ရှူးတိုက် နေကြစဉ် ဗိုလ်မြကလည်း ကော်မူးရာသို့ စစ်ကူတွေ လွှတ်သည်။ စစ်ကူလွှတ်သည့်ကိစ္စတွင် ဗိုလ်မြသည်





သစေချင်သူများကို ရွေးပြီး ကော့မူးရာကို လွှတ်သည် ကာ ကေအင်ယူအချို့ မကျေမနပ် ဖြစ်ကြသည်။ "သချင်ရင် စိန်မစားနဲ့ ကော်မူးရာ သွား'' ဟူ၍ စကားပုံ သစ်ထွင်ရမလို ဖြစ်နေသည်။ ဗိုလ်မြ မျက်စိစပါးမွေး သူများ ကော်မူးရာရောက်ကုန်ကြသည်။

❖ ❖ ❖

သတင်းထောက် နီး(လ်)ကယ်လီသည် ကော်မူးရာ ရောက်အောင်သွားခဲ့သည်။ ကော်မူးရာမှာ လက်နက်ကြီး ားဖြင့် ခြိမ့်ခြိမ့်ညံနေသည်။ နှစ်ဖက်စလုံး အပြန်အလှန် န်ယမ်းကုန် ပစ်ခတ်နေကြသည်။ ကေအင်ယူတပ်သား သည် လုံခြုံမှုရှိသော မြေအောက်ဘန်ကာများမှနေ၍ နေကြသည်။

"သူတို့ကို ကျွန်တော် အရမ်းမပစ်နိုင်ဘူး။ ရန်သူ ကိုက် ၅၀ အကွာအဝေးကိုရောက်မှ အပိုင်ပစ်သတ် ယ်လို့ ကျွန်တော် အမိန့်ပေးထားတယ်။ ရန်သူဟာ နဲ့ထောင်ချောက်တွေကို ရင်ဆိုင်ရမှာပဲ။ သူတို့အနေနဲ့ မြစ် (သောင်ရင်းမြစ်)ကို ကူးပြီး ထိုင်းနိုင်ငံဘက်က



www.burmeseclassic.com

www.burmeseclassic.com



တိုက်မှရမှာပါ။ ဒီလိုမလုပ်ရင် ဒီစခန်းကို ရမှာမဟုတ်ဘူး ထိုင်းတွေကလည်း အဲဒီလိုလုပ်ဖို့ ခွင့်မပြုဘူးလို့ ပြော တယ်''

ဗိုလ်မှူးချုပ်ထောလက နီး(လ်)ကယ်လီကို ရှင်း သည်။

''ကျွန်တော်တို့ဆီမှာ ခဲယမ်းမီးကျောက် နည်း နေတယ်။ ကျွန်တော်တို့ဆီကို ပို့ပေးတဲ့ လက်နက်ခဲယ တွေကိုလည်း ထိုင်းဗိုလ်ချုပ်တွေက ဖမ်းပြီး သိမ်းထား တယ်။ ဒါပေမဲ့ ကျွန်တော် စိတ်ဓာတ်မကျဘူး။ ဒီစခန်း ကျွန်တော် နေလာတာ ၁၅ နှစ်ရှိပြီ။ ဘယ်တော့မှ မ စေရဘူး။ ကျွန်တော်တို့ စခန်းဟာ ကေအင်ယူထဲမှ ဒုတိယအကြီးဆုံးပဲ။ ပထမအကြီးဆုံးဖြစ်တဲ့ မာနယ်ပလော ကျသွားပေမယ့် ကော်မူးရာဟာ မကျစေရဘူး။ နောက်ဆုံး ကျွန်တော် တစ်ယောက်တည်း ကျန်တဲ့အထိ တိုက်သွား မယ်''

ကေအင်(န်)အယ်(လ်)အေ တပ်ရင်း (၁၀၁) ၏ တပ်ရင်းမှူးနှင့် ကော်မူးရာအထူးဒေသ၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးချုပ်ထောလက နီး(လ်)ကယ်လီကို ကြွားဝါလိုက်

မြရတနာစာပေ



သည်။ သူသည် ကျွန်းအိမ်အိုကြီးပေါ်မှာနေပြီး စစ်ဌာန ဖွင့်ထားသည်ဟု ဆိုသည်။ နီး(လ်)ကယ်လီက ထောလ ကျွန်းအိမ်အိုကြီးမှာ လေတိုက်တိုင်းယိမ်းနွဲ့နေသည်ဟု ခဲ့သော်လည်း တစ်ဖက်နိုင်ငံမှ ထောလပိုင် ခေတ်မီ ဆောက်အအုံများအကြောင်းကိုတော့ ထုတ်ဖော်၍ ပြောခဲ့ပေ။

''၁၈၂၄ ခုနှစ်ကို ခင်ဗျား မှတ်မိလား''

ထောလက နီး(လ်)ကယ်လီကို ရုတ်တရက် လိုက်သည်။ နီး(လ်)ကယ်လီသည် မြန်မာ့သမိုင်းကို ဝင်စားသူမဟုတ်သဖြင့် အူကြောင်ကြောင် ဖြစ်သွား သည်။

''ခင်ဗျားတို့ကို ကျွန်တော်တို့ ကူညီခဲ့တာလေ''

ထောလသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၇၀ ခန့်က ပွားခဲ့သည့် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ် အား သူကိုယ်တိုင် ကူညီခဲ့သယောင် ပြောဆိုနေခြင်းပင် သည်။ နီး(လ်)ကယ်လီအား ဒုတိယကမ္ဘာစစ်တုန်းက ည်း မဟာမိတ်များကို ကူညီခဲ့သည်ဟု ထောလက ဖြန့်ခဲ့သည်။ စင်စစ် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း နှစ် ၅၀ ပြည့်ပေတော့မည်။ ဘုန်းကြီးရှူးန လှေလှူးဟူသော စကားပုံအတိုင်းပင် ဖြစ်သည်။ ကျွန်ပြ ချင်သူနှင့် ကျွန်ခံချင်သူ လေပေးဖြောင့်ခြင်းဟူ၍သာ ဆိုရ ပေမည်။

❖ ❖ ❖

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင်ကာ ကော်မူးရာတိုက်ပွဲမှာ ပိုမိုပြင်းထန်လာသည်။ DKB ရဲဘော်များသည် ကေအင်ယူတို့၏ ရှေ့ခံစစ်စည်းအ ရဲဝံ့စွာပင် ထိုးဖောက်၍ တိုက်ခိုက်ကြသည်။ သူတို့သည် ကေအင်ယူတို့၏ အခိုင်အမာ ကွန်ကရိဘန်ကာများသို့ ရောက်ရှိလာသည်။ သို့သော် လက်နက်ကြီးများ ကျရော ပေါက်ကွဲပြီး ရှေ့ဆုံးမှ ချေမှုန်းရေးအဖွဲ့များသည် နော ပိုင်းနှင့် အဆက်ပြတ်သွားကြသည်။ DKBA တပ်သားမျာ ကျဆုံးကြသည်။ KNU များလည်း အကျအဆုံး များပြ လာသည်။

''သူတို့လူ ၁၀၀ လောက် သေသွားတယ်။ အင နှစ်ယောက်မိတယ်။ ဒဏ်ရာတွေနဲ့ ကျန်ခဲ့တာ''





ဗိုလ်မြထံသို့ ထောလက ဝမ်းသာအားရ အစီရင် သည်။

''အရှင်မိတဲ့ကောင်တွေကို ဘာဖြစ်လို့ အလုထား လဲလို့ ဗိုလ်ချုပ်ကြီးမြက မေးနေတယ် ဗိုလ်ချုပ်''

လောဝါးဒီက လှမ်းမေးသည်။

''အေးပါ ... လောဝါးဒီ။ သူတို့ကို သတ် လိုက်ပြီးပါပြီ''

ထောလက ပြန်ဖြေလိုက်သည်။ ထို့နောက် လသည် မိမိ၏အကျအဆုံးကို ဆက်လက်၍ အစီရင် ပြန်သည်။ ၈၊ ၂၊ ၉၅ နေ့က အနီးကပ်တိုက်ပွဲတွင် KNU တပ်သား ၃၈ ယောက် သေသည်။ ၁၀၅ ယောက်မှာ လောက်အောင် ဒဏ်ရာများ ရရှိထားသည်။ ၁၂၆ ယောက်မှာ ဒဏ်ရာရရှိထားသော်လည်း မစိုးရိမ်ရ။ ထိုနေ့ ဆိုင်မိက သေကျေဒဏ်ရာရသူများလည်း မနည်းလှပြီ။

''ဒဏ်ရာရတဲ့သူတွေကို ထူးဝါးလူးက ဗဟိုစစ်ဆေး ကို ပို့ပေးမယ်။ ဆေးဝါးအလုံအလောက် ရှိရဲ့လား''

''NCGUB က ဝန်ကြီးဦးစိန်းအောင် ဆေးဝယ်ဖို့ တ် ၇ သိန်းယူပြီး ဗန်ကောက်ကို တက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဲခေါက်ပြန်ရောက်နေပြီ။ အဝေးပြေးကားဂိတ်တွေမှာ ကားငှားတာ မရသေးလို့ မပို့နိုင်ဘူး။ ကားသမားတွေက ကြောက်လို့ မလိုက်ရဲကြဘူး'

''စိုးစိုးက မကူညီဘူးလား''

''ဗိုလ်မှူးကြီး စိုးစိုး အခြေအနေဆိုးနေတယ်ဆိုတာ ဗိုလ်ချုပ် မသိဘူးလား။ သူ့ ကားမှောက်ထားတယ်။ မျက်လုံးတောင် ကွယ်မယ်ထင်တယ်။ ခြေထောက်လည်း ကျိုးထားတယ်''

''ခက်တာပဲ လောဝါးဒီ။ တပ်မဟာ (၆) ကရော ဒီအတိုင်းကြည့်နေလား''

''သံလွင်မြစ်ကို ရန်သူတွေ မကူးနိုင်အောင် ပိတ်ဆို့ထားတယ်''

''ကော်မူးရာမှာတော့ စိတ်ဓာတ်ကျနေကြပြီ လောဝါးဒီ။ ဒါပေမဲ့ သူတို့ကို ငါ ကောင်းကောင်းထိန်းထားနိုင်တဲ့အကြောင်း ဗိုလ်ချုပ်ကြီးမြကို သတင်းပို့ပေးပါ''

**KNU** ဒုတိယဥက္ကဋ္ဌ ဖဒိုစံလင်း၊ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးထူးထူးလေး၊ **NLD** လွတ်မြောက်နယ်မြေမှ ဦးတင်အောင်၊ **DAB** မှ ခိုင်စိုးနိုင်အောင်တို့သည်





တိုက်ပွဲပြင်းထန်နေစဉ်မှာပင် တပ်မဟာ (၆) သို့ သွားပြီး အစည်းအဝေးလုပ်ကြသည်။ သူတို့သည် မြန်မာနိုင်ငံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ **DAB** ကို ပြန်လည်ဖွဲ့စည်းရန် ဆွေးနွေးကြသည်။ သို့သော် **DAB** ဥက္ကဋ္ဌမှာ ဗိုလ်မြ ဖြစ်နေသည်။ သူတို့လုပ်ချင်တာ လုပ်လို့မရ။ **KNU** ပြန်ဖွဲ့ရန် အဖြေရှာပြန်သည်။ **KNU** ဥက္ကဋ္ဌကလည်း ဗိုလ်မြ ဖြစ်နေပြန်သည်။

**KNU** ဗဟိုကော်မတီဝင် လူကြီးများသည် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖွဲ့ဘော်လူး၌ အစည်းအဝေး ကျင်းပကြပြန်သည်။ တပ်မဟာ (၄) မှူး ဗိုလ်မှူးကြီး အော်လီဗာသည် ဖင်းမယ်မှတစ်ဆင့် ဖွဲ့ဘော်လူးသို့ ရောက်ရှိလာသည်။ အစည်းအဝေးမှာ မပြေမလည် ဖြစ်ကြသည်။ ဗိုလ်မြကို ဖြုတ်ချချင်သူများမှာ ဗိုလ်မြရှေ့တွင် စကားမပြောရဲကြတာ ကြာလေပြီ။ သို့သော် ယခုတော့ အသံတွေ ထွက်လာသည်။ ဗိုလ်မြသည် လက်နက်ကိုင် အင်အား ၄၀၀ ကို ခေါ်ပြီး ဖွဲ့ဘော်လူးနှင့် မိုင်းလုံးကြီး (ဆေးရိုယန်) အကြားသို့ ထွက်ခွာသွားလေသည်။

**KNU** တို့၏ ယူဂျီတာဝန်ခံ ဖဒိုမန်းရှာသည်



www.burmeseclassic.com

www.burmeseclassic.com



အဖျက်အမှောင့်လုပ်ငန်းများကို အစွမ်းကုန် ဆောင်ရွက် လျက်ရှိသည်။ သူသည် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသ အပါအဝင် နေရာအတော်များများတွင် ယူဂျီများ၊ သူလျှို များ၊ အမာခံများကို မွေးမြူထားနိုင်ပြီဟု ဆိုသည်။ သူ၏ ယူဂျီများအား ဗုဒ္ဓဘာသာဝင်များအနေနှင့် ခရစ်ယာန်ဘုရား ရှိခိုးကျောင်းများသို့ စာများရေးသားကာ ခြိမ်းခြောက်စေ သည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တို့ ပဋိပက္ခ ဖြစ်ပွားစေ လေဟန် သတင်းမှားများ၊ ကောလာဟလများကိုလည်း ထုတ်လွှင့်စေသည်။

KNU တို့၏ အဆိုးရွားဆုံးလုပ်ရပ်မှာ ပိုတက်ဆီ ယမ်ဆိုင်ယာနိုဒ် အဆိပ်များအား ကျေးရွာများရှိ ရေတွင်း ရေကန်များအတွင်းသို့ ခတ်နိုင်းခြင်းပင်တည်း။ KNU တပ်မဟာ (၁) နယ်မြေအတွင်း ယူဂျီ ၄ ဦးသည် မဲသနုရွာ ကော့ဟဲရွာများရှိ ရေတွင်းများအတွင်းသို့ အဆိပ်ခတ်ရန် ကြိုးစားခဲ့ကြသည်။ စောခူလေးနှင့် ဦးကျော်နိုင် ဆိုသူ နှစ်ဦးသည် ငွေသုံးသောင်းခွဲ လက်ခံပြီး အဆိပ်ခတ်ခဲ့ကြ သည်။ DKBA အဖွဲ့သည် အဆိပ်ခတ်သူများကို ဖမ်းဆီး အရေးယူရသည်။ စင်စစ် ဖဒိုမန်းရှာ၏လူများမှာ ၁၉၉





စ်အတွင်းကပင် ပိုတက်ဆီယမ် ဆိုင်ယာနိုဒ်များ ယူ ပြီး အများပြည်သူသေကြေစေရန် အဆိပ်ခတ်ဖို့ ကြံခဲ့ဖူး ပြီ။

❖ ❖ ❖

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် င်လက်နက်ကိုင်များထဲမှ တပ်ကြပ်မောင်စိုးနှင့် အင်အား ယောက်သည် ကျော်နီ ခိုအောင်းနေကြဖြစ်သော တစ်ဖက် င် ဘဲဂလော့ ဒုက္ခသည်စခန်းကို ဝင်ရောက်စီးနင်းတိုက် သည်။ ထိုနောက် ဘားအံခရိုင်ဥက္ကဋ္ဌ ဖဒိုမန်းရှင်စိန်နှင့် က်ဖရီဝင်းတို့ကို အရှင်ဖမ်းဆီးသွားကြသည်။ တပ်ကြပ် င်စိုးတို့အဖွဲ့ကို ဗိုလ်မှူး ပိုမူးအဖွဲ့က စီဖတ်ထောရွာ တွင် တိုက်ခိုက်သည်။ KNU များသည် ဆက်သွယ်ရေး နှစ်လုံးနှင့် သေနတ်တစ်လက်ပါ ဆုံးရှုံးသွားကြသည်။

ထိန်မောင်သည် ဘဲဂလော့ ဒုက္ခသည်စခန်းကို သိန်းလိုက်ရသည်။

''ဘားအံခရိုင်မှူးနဲ့ အတွင်းရေးမှူးကို ရန်သူ သွားတယ်။ အဲဒီမှာ အုပ်ချုပ်မယ့်သူ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး။ ဘားအံခရိုင် ကော်မတီ တကွဲတပြား မဖြ
အောင် ကျွန်တော် ဝင်ထိန်းထားရတယ်။ ဗဟိုက လူရွေး
ပေးပါ။ ရွေးပေးတဲ့ခေါင်းဆောင်ကို ကျွန်တော် လွှဲပေးမယ်
ကျွန်တော်လည်း ရေရှည်မထိန်းနိုင်ဘူး။ ကော်မူးရာ
ပိုအရေးကြီးတယ်''

ဂျော်နီသည် ဤသတင်းကို ကြားရသောအခါ
စိတ်ပူသွားသည်။ ဘဲဂလေ့ဒုက္ခသည်စခန်းသည် ၎
နီအောင်းရာစခန်းပင် ဖြစ်သည်။ သူက တပ်မဟာ (၄)
မှူး ဗိုလ်ချုပ်ထိန်မောင်ထံ လှမ်း၍မေးသည်။

''ထူးခြားမှုရှိတယ်ဆို။ ကြားရတာ မကောင်းဘူး''

''၈ ရက်နေ့ည ၈ နာရီခွဲလောက်မှာ ဖြစ်တာ
ဂျော်နီ။ မောင်စိုးတို့အဖွဲ့က ဘဲကလေ့ကို ဝင်ပြီး ဆ
မန်းရင်စိန်ရယ်၊ ဖဒိုဂျက်ဖရီဝင်းရယ်ကို ဖမ်းသွားတယ်
ပြီးတော့ မင်စခန်းဟောင်းဘက်က ပြန်ထွက်သွားတယ်''

''သွားပါပြီဗျာ။ ကျွန်တော်တို့က ရှေ့တန်းမှာ
ပင်ပင်ပန်းပန်း လုပ်နေတယ်။ ဒီဒုက္ခသည်စခန်းလော
တောင် မထိန်းနိုင်ဘူးလား။ ဒီကိစ္စမှာ ရန်သူ ဖော
တပ်မတော်ပါသလား။ ဒီကေဘီအိုအဖွဲ့လား''





''ရန်သူတော့ မဟုတ်ဘူး။ ဒီကေဘီအိုတွေပဲ''

''ဘာတွေပါသွားသေးလဲ ဗိုလ်ချုပ်''

''မင်းဆီက ဝါယာလက်စက် အသေး သုံးလုံး
ပါသွားတယ်။ မင့်နွားတွေထဲက နွားသုံးကောင်လည်း ဆွဲ
သွားကြတယ်။ လမ်းမှာ ကားမှောက်တော့ အောင်မောင်
အား ပြန်ထွက်ပြေးလာရတယ်။ သူတို့ဘက်က ၂ ယောက်
သေရာရတယ်။ တို့ဘက်ကတော့ သေနတ် ၅ လက်၊ လူ
၃ ယောက်ပါသွားတယ်''

''ငွေတွေပါသွားသေးလား။ ကျွန်တော့်လူအားလုံး
ပါသွားလား''

''မင့်ငွေ ဘတ် နှစ်သိန်းကျော်လောက် ပါသွား
တယ်။ လူကတော့ ၃ ယောက်ပဲ။ လောလောဆယ် မင့်
စခန်းက ဆိတ်တွေ၊ နွားတွေအားလုံး ငါ့ကားနဲ့ ပြန်တင်
ထားတယ်။ ဘာမှမထားရဲဘူး။ လူတွေပဲ နေရာ
ချထားရတယ်။ မင်းဘက်က ဘာထူးသေးလဲ''

''ကျွန်တော် ကြိုးစားနေတယ် ဗိုလ်ချုပ်။ တစ်ရက်၊
နှစ်ရက်အတွင်း ထူးခြားလာမှာပါ''

''လောဝါးဒီက ငါ့ကို လူ ၁၀၀ ပြန်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူ ၄၀ ကို ထောလဆီ ပေးလိုက်ရတယ်။ ငါ့ဆီမှာ ...
ပဲ ကျန်တယ်။ ကော်မူးရာတိုက်ပွဲအခြေအနေ ဆိုး...
ထပ်ဖြည့်ပေးရဦးမယ်။ ဗိုလ်ချစ်မောင်နဲ့ စစ်ကြောင်း
တစ်ကြောင်းကို လက်နက်ကြီး ၃ လက်ပေးပြီး ငါ...
တပ်မဟာ တိုက်ခိုက်ရေးမှူးဆီပို့ထားတယ်။ ဒီနေ့ကစ...
ထောလ သက်သာအောင် ငါတို့ လုပ်ရမယ်။ သူတို့...
တိုက်နေတဲ့ ရန်သူတွကို ငါတို့က နောက်က ပတ်တို...
မယ်။ မင်းလည်း အသင့်ပြင်ထား ဂျော်နီ''

''ကျွန်တော်ကတော့ အသင့်ပါပဲ ဗိုလ်ချုပ်။ ဒါပေ...
ဗျာ ကျွန်တော်တို့ရှေ့မှာ ဒီလောက်လုပ်နေရတာ။ သူမျ...
နိုင်ငံမှာ အေးအေးဆေးဆေး ဖိမ်နဲ့နေနေရတဲ့ ကောင်...
က ဒုက္ခသည်စခန်းတောင် မထိန်းနိုင်ဘူး''

ဗိုလ်မှူးချုပ်ထိန်မောင်သည် တိုက်ခိုက်ရေးသ...
ဒုတိယဗိုလ်မှူးကြီးဂျော်နီကို ချော့မော့နေရသည်။ ဂျော်...
ကား သူ့ငွေနှင့် ပစ္စည်းတွေ ဆုံးရှုံးလို့ မကျေနပ်။

❖ ❖ ❖





မာနယ်ပလောစခန်းကြီး ကျဆုံးပြီး သုံးရက်အကြာ ...၉၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နိုင်ငံတော် ...မ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ...တိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ...ာင်အေးသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ...အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ...ကြီးများ၊ စစ်ဘက်အရာရှိကြီးများနှင့်အတူ ကရင်ပြည် ...ယ်ခရီးစဉ်ကို စတင်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြီး မောင်အေးက ကရင်ပြည်နယ်မြို့ ...တော် ဘားအံမြို့တွင် ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ...တိုးတက်ရေးတို့အတွက် ဒေသခံ လူထုက တပ်မတော် ... လက်တွဲကြရန် ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ကလည်း တပ်မတော် ... တစ်ဖက်သတ် ထိုးစစ်ရပ်၍ ငြိမ်းချမ်းရေးကို ကမ်း...ခဲ့သော်လည်း ကေအင်ယူအဖွဲ့က အမြတ်ထုတ် တိုက် ...ခြင်းများ ပြုခဲ့ကြောင်း၊ ကရင်ပြည်နယ် အခြေအနေမှာ ...ဆိုးရွားခဲ့ကြောင်းနှင့် ဒီကေဘီအိုအဖွဲ့က ကေအင် ... ခွဲထွက်ပြီး ပြန်လည်တိုက်ခိုက်ကြပုံများကို ရှင်းပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကေဘီအိုအဖွဲ့ကို တပ်မတော်က လိုအပ်သော
အကူအညီများ ပေးခဲ့သည်ဟုလည်း ဆိုသည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်လည်း
ကာကွယ်ရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲ ပြုလု
ပြီး ကေအင်ယူများ၏ သဘောထားမမှန်ပုံများကို ရှင်းပြ
ကြသည်။ ကေအင်ယူမှ ဒီကေဘီအိုအဖွဲ့ ခွဲထွက်ပုံကိုလည်း
ရှင်းပြသည်။ ဒီကေဘီအိုအဖွဲ့ကို တပ်မတော်က အကူ
အညီပေးခဲ့ကြောင်းကိုလည်း ထုတ်ဖော်ရှင်းလင်းခဲ့ပြီ
တပ်မတော်၏ အကူအညီဖြင့် မာနယ်ပလောစခန်း
တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းကိုလည်း ရှင်းပြကြသည်။

တပ်မတော်၏ သဘောထားမှာ လယ်ပြင်ကျ
ဆင်သွားသကဲ့သို့ ထင်ရှားနေလေပြီ။ ငြိမ်းချမ်းရေး
လျစ်လျူရှုပြီး လူထုပျက်စီးရာ ပျက်စီးကြောင်းကို
ကြိုးစားနေကြသော ကေအင်ယူများကို တိုက်ခိုက်နှိမ်
ရန်သာ ရှိတော့သည်။ တပ်မတော်သည် အစိုးရအဆ
ဆက်က မလိုက်လျောနိုင်ခဲ့သည်များကို လိုက်လျော
လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရယူခဲ့ခြ
ဖြစ်သည်။ ကေအင်ယူအဖွဲ့ကို သုံးနှစ်နီးပါး အနာ





င့်ခဲ့သည်။ ကေအင်ယူအဖွဲ့ ထင်ရာစိုင်းနေသည်ကို
က်လက်၍ လွှတ်ထားပါက တပ်မတော်သည် ပြည်သူ
ထုအပေါ်တွင် တာဝန်ကျေကြတော့မည် မဟုတ်ပေ။

တပ်မတော်သည် ကေအင်ယူတို့အား တရားသော
ဆင်နွှဲခြင်းသာဖြစ်သည်။ ကရင်လူမျိုးအပါအဝင်
င်းသား လူထုတစ်ရပ်လုံး၏ ဆန္ဒအရ တိုက်ခိုက်ရခြင်း
ည်း ဖြစ်သည်။

သို့သော် ကေအင်ယူများအပေါ်တွင် အနောက်
၏အမြင်သည် တစ်မျိုးဖြစ်ပုံရသည်။ သူတို့က ဗိုလ်မြ
ဒီမိုကရေစီသူရဲကောင်းကြီးဟု မြင်သည်။ တိုင်းရင်း
လူနည်းစုများ၏ ကယ်တင်ရှင်ကြီးဟု မြင်သည်။
မြသည် လူသတ်မှု၊ ဓားပြမှုများ အပါအဝင် ရာဇဝတ်
င်းသော ဖြစ်မှုအမြောက်အမြားကို ကျူးလွန်ခဲ့ကြောင်း
တို့ မေ့လျော့နေကြသည်။ သို့မဟုတ် မသိချင်ယောင်
င်နေကြသည်။ ထို့ကြောင့်လည်း သူတို့သည် ဗိုလ်မြ
သက်ခုပ်လက်ဝါးတီးပြီး ရှူးတိုက်ပေးနေခြင်း ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် … ဖြစ်ပွားသော ကော်မူးရာတိုက်ပွဲ၌ နှစ်ဖက်စလုံး သေကြေ… ဒဏ်ရာရမှုမှာ များပြားလှသည်။ ကေအင်ယူများ… ရှေ့ခံစစ်စည်းဖြစ်သော ကွန်ကရစ်ဘန်ကာအချို့သည် ကျဆုံးကုန်သည်။ ထောလ၏ ကျွန်းအိမ်အိုကြီးသည်လည်း လက်နက်ကြီးကျည် တိုက်ရိုက်ထိမှန်ပြီး ပေါက်ကွဲ… မီးလောင်သွားခဲ့ရသည်။ ထောလသည် ဆုတ်ခွာရန်… ပြင်ဆင်ပြီးပေပြီ။ သို့သော် ထောလသည် မဆုတ်ခွာ… တော့။

သောင်ရင်းမြစ် အရှေ့ဘက်ကမ်းမှ ပစ်ခတ်လိုက်… သော ၁၀၇ မီလီမီတာ ဒုံးကျည်များ၊ လေကွဲကျည်… များသည် ကော်မူးရာစခန်းကို သိမ်းပိုက်မည့်သူများအား… ထိမှန်စေသည်။ ကေအင်ယူဘက်မှလည်း ထိုင်းနိုင်ငံ… အတွင်းမှ ပစ်ကူပေးနေသည်။

"ကျွန်တော့်ဆီမှာ လေကြောင်းဓာတ်ပုံနဲ့ ရန်သူ… လက်နက်ကြီးနေရာတွေ ပြထားတဲ့ မြေပုံတွေ ကြိုရောက်… လာလို့ အသက်ရှူချောင်သွားတာပဲ ဗိုလ်ချုပ်။ ရန်သူတွေရဲ့ လက်နက်ကြီးတွေ ဘယ်မှာရှိတယ်၊ ဘယ်လို နေရာချထား…





…ယ်ဆိုတာ ကျွန်တော် အကုန်သိတယ်။ သူတို့ကို ကျွန်တော်တို့ ပြန်ပစ်နိုင်တယ်။ ကျွန်တော်တို့ရဲ့ မိတ်ဆွေ…ဟာ အဆင့်မြင့်နည်းပညာသုံးပြီး ရန်သူတွေရဲ့ လက်နက်ကြီးတွေ ကျည်သွားလမ်းတွေကို ထောက်လှမ်း…နိုင်တာ သိပ်အံ့သြဖို့ကောင်းတယ်" ထောလက …မောင်ကို စက်ဖြင့် လှမ်းပြောသည်။

စင်စစ် ထူးဆန်းလှသည်တော့ မဟုတ်။ အီရတ်၊ …စစ်ပွဲတွင် အမေရိကန်နိုင်ငံက အသုံးပြုခဲ့သော အဆင့်မြင့် ရေဒါများသည် ရွှေမြွေဟောက် Cobra Gold …စစ်ရေးလေ့ကျင့်မှုအပြီးတွင် တစ်ဖက်နိုင်ငံ၌ ကျန်ရစ်ခဲ့…သည်။ ထိုရေဒါများသည် နယ်စပ်သို့ ရောက်ရှိလာ…ပြီ။ ထိုရေဒါများမှ ထောက်လှမ်းရှာဖွေ၍ရသော အချက်အလက်များသည် ထောလထံသို့ မှန်မှန်ကြီး ရောက်၍ နေသည်။

"ဗိုလ်ချုပ်တို့လုပ်မယ်ဆိုတာ မလုပ်သေးဘူးလား"

"၈ ရက်နေ့က ငါတို့ကိုယ်စား မိတ်ဆွေတွေက …ပေးလိုက်တယ်လေကွာ။ အဲဒီလိုမှ မလုပ်ရင် မင်း …လည်း ဘုရားသခင်ဆီ ရောက်နေလောက်ပြီ ထောလ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်။ အဲဒီနေ့က ရန်သူရဲ့ ချေမှုန်းရေး အဖွဲ့ကို သောင်ရင်းမြစ်အရှေ့ဘက်ကမ်းကနေ ဒုံးကျည်တွေနဲ့ ပစ်တာ နှစ်ပိုင်းပြတ်သွားတယ်။ ကျွန်တော်တို့ဆီ ပြတ်ကျန်နေတဲ့ကောင်တွေကို ကျွန်တော်တို့ ချေမှုန်းပစ်လိုက်တယ်လေ''

နိုင်ငံတကာ အသံလွှင့်ဌာနအချို့က မြန်မာတပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီးများ တစ်ဖက်နိုင်ငံထဲသို့ ကျကုန်ပြီဟု အသံကုန်အော်နေခဲ့ကြသည်မှာ ကြာပေပြီ။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မြန်မာနှင့် ထိုင်းနိုင်ငံ နယ်ခြား ကော်မတီချင်း ညှိနှိုင်းဆွေးနွေးကြသည်။ ထိုင်းနိုင်ငံသို့ ကျည်ကျခဲ့လျှင် မြန်မာဘက်က တားဆီးထိန်းသိမ်းပေးရန် တာဝန်ယူသည်။ အကယ်၍ ကျည်ကျခဲ့လျှင် ထိုင်းနိုင်ငံက ချက်ချင်းဆက်သွယ်ရမည် ဖြစ်သည်။ ထို့နောက် အန္တရာယ်မရှိသော မီးခိုးပုံးများ မီးကျည်များဖြင့် သတိပေးပစ်ခတ်ရမည် ဖြစ်သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ မြေပေါ်မှ လက်နက်ကြီးများ၊ ဒုံးကျည်ပစ်စင်များသည် ဝါယာလက်စက်ဖြင့် ကြိုတင်ဆက်သွယ်ခြင်း

မြရတနာစာပေ



ကျည်၊ မီးခိုးပုံးတို့ဖြင့် ကြိုတင်သတိပေးပစ်ခတ်ခြင်းများ ပြုလုပ်တော့ဘဲ လူကို သေစေနိုင်သော ခွင်းပုံးများဖြင့် ပစ်ခတ်ကြခြင်းပင် ဖြစ်သည်။ လူကြီးတွေကတော့ KNU ကို မကူညီပါ။ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီလောက်ပါပဲဟု ပြောနေကြသည်။ အောက်ခြေ ...င်မှု **KNU** ဘက်မှ အားတက်သရော ကူညီနေကြတာတွေ ရှိသည်။

မည်မျှပင် သူခိုးအားပေးလုပ်မှုများ ရှိနေပါစေ ထောလ၏ အခြေအနေမှာ မလွယ်လှ။ ၈.၂.၉၅ ရက်နေ့တိုက်ပွဲတွင် သူ့လူတွေ အမြောက်အမြား ကျဆုံးကုန်သည်။ ဒဏ်ရာရသူတွေလည်း မနည်းလှ။ ရာနှင့်ချီ၍ ရှိနေသည်။ သူ အလွန်အားကိုးရသော ဒုရင်းမှူးသန်းမောင် ကျဆုံးသွားရာ ထောလအဖို့ လက်ရုံးတစ်ဖက် ပြုတ်သွားခဲ့သည်။ သန်းမောင်ကို ဝမ်ခသစ်ရှိ ခရစ်ယာန်သင်္ချိုင်းမှာပဲ ...မြန်မြန် သင်္ဂြိုဟ်လိုက်ရသည်။

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဲဂလော့ဒုက္ခသည်စခန်းမှ ဘားအံခရိုင်တာဝန်ခံ ဖဒိုမန်းရှင်းစိန်တို့၏ သတင်းကလည်း နားမသက်သာ စရာပင် ဖြစ်သည်။

စင်စစ် DKBA မှ တပ်ကြပ်မောင်စိုးတို့ လူစု ဘဲဂလော့ကို ရောက်ရှိလာရခြင်းမှာ ဖဒိုမန်းရှင်စိန်က ဆက် သွယ်ခေါ်ယူခြင်း ဖြစ်နေသည်။ မောင်စိုးတို့လူစုသည် ဖဒိုမန်းရှင်စိန်၏တူဖြစ်သူ ဝင်းပို၊ ဂျက်ဖရီဝင်းနှင့် အောင် မောင်အေးတို့ကို ကားတစ်စီးဖြင့် တင်ခေါ်သွားကြသည်။ ဗိုလ်မှူးပိုမှူးက လမ်းမှ ဖြတ်၍တိုက်ခိုက်ရာ ကားမှောက် ပြီး အောင်မောင်အေး လွတ်မြောက်လာခဲ့ရသည်။ ဂျက်ဖရီ ဝင်းသည် လမ်းတွင် ပစ်ခတ်ခုခံပြီး ထွက်ပြေးသည်။ DKBA က အသေပစ်ဖမ်းသည်။

ဖဒိုမန်းရှင်စိန်နှင့် ဝင်းပိုသည် မြိုင်ကြီးငူဆရာ တော်ထံ သွားရောက်ကြည်ညိုဖူးမြော်ကြပြီး ဒီကေဘီအေ အဖွဲ့နှင့် သစ္စာရေသောက်ကာ ပူးပေါင်းလိုက်သည်။ KNU ဘားအံခရိုင်ကော်မတီကား လုံးဝ ပြိုကွဲသွားပေပြီ။

ကားမှောက်ပြီး လွတ်မြောက်လာသူ အောင်မောင် အေးက နုတ်သံနှောပြီး တင်ပြသမျှကို ကြားရသော ထိန်





မောင်သည် ဒေါသအထွက်ကြီးထွက်ရတော့သည်။ သူသည် ဂျော်နီကို အဆက်အသွယ်ယူရသည်။

"ဂျော်နီ ... မင်း တစ်ရက် နှစ်ရက်အတွင်း အစ်ခုခုလုပ်ပြမယ်ဆို"

"ကျွန်တော် ကြက်တူရွေးရွာကြီးကို ဝင်တိုက် မယ်။ ရန်သူက လက်နက်ကြီးတွေနဲ့ အကြီးအကျယ် ခံတယ်။ ရန်သူနှစ်ယောက် အသေမိတယ်။ ရန်သူနှစ် ယောက် အရှင်မိတယ်။ ကျွန်တော် ရှင်းပစ်လိုက်ပြီ"

တကယ်တော့ ဂျော်နီ ဖြီးနေခြင်းဖြစ်သည်။ ကြက် တူရွေးရွာတွင် တိုက်ပွဲမဖြစ်။ ဂျော်နီသည် ကြက်တူရွေး ရွာအနီးသို့ပင် မကပ်နိုင်ခဲ့။ ကြက်တူရွေးရွာနှင့် ခပ်လှမ်း လှမ်းတွင် တွေ့ဆုံပစ်ခတ်မှု အနည်းငယ်ဖြစ်ပွားပြီး ဂျော်နီ သည် ဆုတ်ခွာသွားခဲ့သည်။ ဤဖြစ်စဉ်ကို ထိန်မောင် သိသည်။ သူသည် ဂျော်နီအပေါ်တွင် မည်ကဲ့သို့ သဘော ထားရမည်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။ ဂျော်နီ သည် ဒီကေဘီအိုအဖွဲ့နှင့်သာမကပဲ တပ်မတော်နှင့်ပါ ဆက်အဆက်အသွယ်ယူ၍ ပူးပေါင်းလိုကြောင်း ပြောနေတာ ကို ထိန်မောင် ကြားထားသည်။ ဂျော်နီကတော့ လှည့်စား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်ကြောင်း ပြောနေလေသည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ကော်မူးရာရှိ တပ်ရင်း (၁၆) မှ KNU တပ်သား ၇ ယောက် တိုက်ပွဲကို ဆက်လက်တိုက်ခိုက်လိုခြင်း မရှိတော့သဖြင့် ထွက်ပြေးကြတော့သည်။ နောက်တစ်နေ့တွင် ယောက်ခန့် ထွက်ပြေးကြပြန်သည်။ တပ်ရင်း (၁၆) ထွက်ပြေးသူပေါင်းမှာ ၄၀ ကျော်ပင် ရှိလေပြီ။

ကော်မူးရာတိုက်ပွဲမှ ထွက်ပြေးကြသူများ ဗုဒ္ဓဘာသာဝင်များရော၊ ခရစ်ယာန်များပါ ဖြစ်သည်။ သူတို့သည် အဓိပ္ပာယ်မဲ့ စစ်ပွဲကို မတိုက်လိုကြတော့ ညီအစ်ကိုအချင်းချင်း သွေးချောင်းစီးစစ်ပွဲ ခင်းကျင်း ရသည်ကို မလိုလားနိုင်ကြတော့။

❖ ❖ ❖

ဖွေဘော်လူးမှ ထွက်ခွာလာသော ဗိုလ်မြနှင့် KNU လက်နက်ကိုင်များသည် ထိုင်းနိုင်ငံ သံလွင်မြစ် အရှေ့ ဘက်ကမ်းကို ရောက်လာသည်။ သို့သော် သံလွင်မြစ် အနောက်ဘက်ကမ်းမှ သစ်ခိုးထုတ်ရာစခန်းကြီး များ



ဆုံးကုန်လေပြီ။ ဗိုလ်မြသည် မော်တော်ကားများအား နောက်ပြန်လှည့်စေသည်။ သူသည် သောင်ရင်းမြစ် အရှေ့ဘက်ကမ်းအတိုင်း တောင်ဘက်(မြစ်ဖျားဘက်)သို့ ဆန်တက်လာသည်။

တပ်မဟာ (၆) တပ်မဟာမှူး ရွှေဆိုင်းလည်း မချ၊ သူ့ကို အခံပြီး ငြိမ်းချမ်းရေးယူချင် ယူသွား သည်။ ထို့ကြောင့် သူသည် ရွှေဆိုင်းကို အနီးကပ် ထိန်းထားရမည်ဖြစ်သည်။ ထို့အပြင် တပ်မဟာ (၆) ဌာန ချုပ်သည်လည်း လုံခြုံမှု အတန်အသင့်ရှိသော စခန်း ဖြစ်သည်။

ဗိုလ်မြတို့အဖွဲ့သည် ထိုင်းနိုင်ငံ အုန်းဖန်ဒေသကို ရောက်လာသည်။ ထိုဒေသနှင့် မျက်နှာချင်းဆိုင်မှာ မြန်မာ နိုင်ငံ မော်ခီးဒေသရှိသည်။ ဝါလေသစ် အကောက်ဂိတ် ရှိသည်။ ဗိုလ်မြတို့လူစုသည် တပ်မဟာ (၆) ဌာနချုပ်အနီးရှိ ခဲလေးစခန်းနှင့် ထီးဒူးစခန်းများတွင် ယာယီတဲနန်းများ ထိုးကာ စံမြန်းကြရသည်။ တပ်မဟာ (၆) တွင် ဖဒို စောင်းနှင့် ဗဟိုကော်မတီဝင်များသည် KNU အဖွဲ့ကြီး၏ ညီးပုံနှင့် စည်းမျဉ်းကို ပြန်လည် ရေးဆွဲကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မှု ပြောင်းလဲရေးကိုလည်း ဆွေးနွေးကြသည်။ ခက်သည်က အလွန်ပူလောင် လှသော ပြဿနာခေါင်းကြီး ဖြစ်သည့် ဗိုလ်မြပင် ဖြစ်သည်။ ဗိုလ်မြကို KNU ဥက္ကဋ္ဌ အဖြစ် ဆက်၍ထားမည်လော။ သို့မဟုတ် ဘယ်နေရာ ထားမည်နည်း။

ဗန်ကောက်ရှိ အမေရိကန်စစ်သံ (ရေတပ်) ဗိုလ်မှူးကြီးတယ်ရီဟင်ဆန်သည် KNU အဖွဲ့၏ အခေ အခင်းနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ ရှေ့ ဘာဆက်လုပ်ရန် ရည်ရွယ်သည် စသည်တို့ကို အထူးဆက်သားနှင့် မေးမြန်းခဲ့သည်။ ဗိုလ်မြက ၁၉၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဟင်ဆန်ထံသို့ အကြောင်းကြားစာ ပို့လိုက်သည်။ စင်စစ် ဟင်ဆန်သည် အကျိုးအကြောင်းကို သိတန်သလောက် သိပြီးပြီ။ အဘယ်ကြောင့်ဆိုသော် သူ၏ဇနီးသည် မာနယ်ပလော ပြန်လာသည်မှာ မကြာသေးပေ။ သူမသည် သံလွင် မြစ် စက်လှေဖြင့် လျှောက်သွားနေသောကြောင့် ဒီကေဘီအေ အဖွဲ့၏ တားဆီးခြင်းကို ခံခဲ့ရသူဖြစ်သည်။

စင်စစ် ဟင်ဆန်သည် ဗိုလ်မြကို မေးနေ





ဆိုပေ။ သူသည် မြိုင်ကြီးငူ ဆရာတော်၏ တပည့်များ ကြသော ဒီကေဘီအိုအဖွဲ့သားများကိုသာ မေးမြန်းလျှင် အဖြေမှန်ကို သိမည်သာ ဖြစ်လေသည်။

ဝမ်ခသစ် (ခေါ်) ကော်မူးရာစခန်းတွင်ကား တိုက်ပွဲသည် ပြီးဆုံးခြင်း မရှိသေးပေ။ လက်နက်ကြီးများ သည် အိုမီဂါပုံ သောင်ရင်းမြစ်ကွေ့အတွင်းသို့ အဆက် ပြတ် ကျရောက်ပေါက်ကွဲနေဆဲပင် ဖြစ်သည်။ ထိုအချိန် တွင် တပ်မဟာ (၆) မှ စစ်ကူပို့ထားသည့် တပ်ရင်း (၁၆) ရဲဘော်များသည် သေနတ်တွေကို ပစ်ထားပြီး တဖွဲဖွဲ ထွက်ပြေးနေကြသည်။

ထောလသည် အနောက်အုပ်စု မီဒီယာများထံမှ စိတ်ဓာတ်ရေးရာ အကူအညီတွေ ရရှိနေသည်။ မြန်မာ အား ဖြိုခွဲပစ်လိုသူများထံမှ လက်နက်ခဲယမ်း အပါ အဝင် ရုပ်ပိုင်းဆိုင်ရာ အကူအညီတွေ ရရှိနေသည်။ သို့သော် သားများမှာ စိတ်ဓာတ်တက်ကြွခြင်း မရှိ။ လက်နက်ကြီး ၍ အတုံးအရုံး သေကြေနေကြသော အလောင်းများကို ပစ်နိုင်ခြင်းကလည်း စိတ်ဓာတ်ကျစရာပင် ဖြစ်သည်။ နက်ခဲယမ်းများမှာ ပို၍ပင် နေသည်။ ကိုင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



မည့်သူပင် မရှိ။ မိမိတို့သည် တဖြည်းဖြည်း လုံးပါး… ကုန်ကြတော့မည်ကို ထောလ စိုးရိမ်နေသည်။

သို့သော် ထောလသည် ကိုယ့်စကားနှင့်ကိုယ်… ဒုက္ခရောက်နေလေသည်။ သူသည် ကော်မူးရာစခန်း… တစ်ဖက်နိုင်ငံ နယ်မြေထဲမှ တိုက်ခိုက်မှသာလျှင် ရနိုင်… ဟု ယုံကြည်နေသည်။ သူတို့ခေါ်ထားသော နိုင်ငံခြားသား… နည်းပြ **Mercenary** စစ်ဗာရီများကလည်း ဤအတိုင်း… ပြောသည်။ ၈-၂-၉၅ ရက်နေ့တိုက်ပွဲတွင် မြန်မာတပ်ဖွဲ့များ… ထိုင်းနိုင်ငံသို့ ကျူးကျော်လာသဖြင့် ထိုင်းနိုင်ငံ နိုင်ငံခြား… စောင့် တပ်ဖွဲ့များနှင့် အပြန်အလှန် တိုက်ပွဲဖြစ်ပွားသည်… ဘီဘီစီအသံလွှင့်ဌာနက ၉-၂-၉၅ ရက်နေ့ နံနက်… အသံလွှင့်သွားသည်။

ထိုင်းနိုင်ငံမှ တိုက်ခိုက်ခြင်းမှာ ပထမအကြိမ်… ဖြစ်သည်ဟု သတင်းထောက်များက ပြောကြသည်။ စစ်… ထိုင်းနိုင်ငံသို့ မည်သူကမျှ မကျူးကျော်သည်ကို ထော… သိသည်။ ထိုင်းနိုင်ငံမှနေ၍ သူတို့အား ကူညီပစ်ခတ်… ပေးသူများသည် မိမိတို့ တာဝန်မဖြစ်စေရန်အတွက်… ကြိုတင်ကာကွယ်ကြရခြင်း ဖြစ်သည်။ ဤသို့ဖြစ်ရသည်…





…ပထမအကြိမ်ဟုဆိုသော်လည်း စင်စစ် ထောလအား …ကူညီပစ်ခတ်ပေးသည်မှာ ၁၂ ကြိမ်ပင် ရှိနေလေ သည်။

ကော်မူးရာတွင် လက်နက်ခဲယမ်းလည်း ပြည့်စုံ…သည်။ ကျောထောက်နောက်ခံလည်း ကောင်းသည်။ …ရေးအရလည်း မိမိတို့၏ မြေအနေအထားမှာ လွန်စွာ …သာနေသည်။ သို့တိုင်အောင် မိမိတို့၏ တပ်သား…သည် အဘယ်ကြောင့် လက်နက်များကို စွန့်ပစ်၍ …ပြေးနေကြပါသနည်း။ ဖဒိုမန်းရင်စိန်တို့လို အစဉ်…ရှိသော လူကြီးများကလည်း အဘယ်ကြောင့် …ဘီအိုနှင့် သွားပေါင်းနေကြသနည်း။

ထောလသည် အခြေအနေကို စဉ်းစား၍မရပေ။ …သော် သူသည် ဗိုလ်မြ၏အလိုကျ တိုက်ပွဲဝင်ရမည်သာ…သည်။ ဗိုလ်မြသည်လည်း သူ့ဆရာများ၏ အလိုကျ …လက်မိုက်တွင်းနက်ရန် ကြိုးပမ်းနေရသည်။

ကော်မူးရာတွင် တည်ဆောက်ထားသည့် …ရစ်တန်ကာအချို့သည် အခိုင်အမာ သုံးထပ်တန်ကာ… ဖြစ်သည်။ ပွိုင့်ဖိုက်စက်သေနတ်ကြီးနှင့် ၅၇ …တာနောက်ပွင့် ရိုင်ဖယ်တို့ကို တစ်ဖက်စီတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ်တွင် လူရှိအောင်းသည်။ ဘန်ကာအများ
မှာ ကွန်ကရစ်ဘန်ကာကြီးတွေ ဖြစ်သည်။ အပေါ်ထ
တွင် လက်နက်ကို တင်သည်။ အောက်ထပ်မှ ကြိုးနှင့်ဆွဲ
ပစ်သည်။ သေနတ်များမှာ မီတာ ၂၀၀ ခန့်သာ
ကျယ်ဝန်းသည့် အိုမီဂါအဝကို အသေချိန်ထားသဖြ
ပစ်စရာမလိုပေ။ ကြိုးကို မှန်မှန်ဆွဲပေးရုံသာ ရှိသည်။

ထောလသည် ရှေ့ဆုံးဘန်ကာမှ ရဲဘော်များအ
သံခြေကျင်းတွေ ခတ်ခိုင်းလိုက်သည်။ သူတို့သည် ဆု
ပြေး၍ မရ။ သူတို့ကို အစာရေစာ မှန်မှန်ပို့ပေးသည်
ကျန်းမာရေး ကောင်းမွန်စေရန်ဆိုကာ စိတ်ကြွဆေးပေ
တိုက်သည်။ ဤနည်းမှာ ပြီးခဲ့သည့်နှစ်က မုံးကျွတ်တိုက်
တွင် မဟာမိတ်ခွန်ဆာအသုံးပြုသည့်နည်း ဖြစ်သည်
ထောလသည် ကေအင်ယူရဲဘော်များ တိုက်ပွဲစွန့်
ထွက်ပြေးခြင်း မပြုနိုင်ရန် နည်းမျိုးစုံဖြင့် စီစဉ်ရသည်။

"တိုက်ပွဲက ထွက်ပြေးတဲ့သူ သေဒဏ်ပဲ။ ငါ့အ
မစောင့်နဲ့။ ပြေးတာနဲ့ အနီးဆုံးလူက ပစ်သာ ပစ်
တော့"

ထောလ၏ အမိန့်ပင်ဖြစ်သည်။ သူသည် သူက

မြရတနာစာပေ



ထားသည့်အတိုင်း သူကိုယ်တိုင် အသေခံတိုက်ပြမှ
မည်။ သို့သော် သူ မသေခင်တွင် ကေအင်ယူ ရဲဘော်
များ၏ အသက်သွေးများကို စတေးရပေမည်။

ကော်မှူးရာ (ခေါ်) ဝမ်ခသစ်စခန်းတိုက်ပွဲနှင့်
သက်၍ အနောက်အုပ်စု အသံလွှင့်ဌာနများ၊ စာနယ်ဇင်း
များ၏ ဝါဒဖြန့်ချက်များမှာ ပလူပျံ၍နေသည်။ အနောက်
အုပ်စု မီဒီယာများသည် ကော်မှူးရာကို လာရောက်
တိုက်ခိုက်သူများ ကျဆုံးကုန်သဖြင့် ဝမ်းသာအားရဖြစ်နေ
ကြောင်း ပေါ်လွင်အောင်ပင် ဝါဒဖြန့်နေကြသည်။ ၁၀-
၁၁ ရက်နေ့က အသံလွှင့်ချက်တစ်ခုတွင် ကော်မှူးရာကို
တိုက်ခိုက်သူ ၆၀ ခန့် ကျဆုံးပြီး လာရောက် တိုက်ခိုက်သူ
တွင် ဒီကေဘီအေအဖွဲ့မှ ၃၀၀ ခန့် ပါဝင်သည်ဟု
သည်။ ဘီဘီစီဆောင်းပါးရှင် ဒဲရစ် ဘရူ(စ်) ဝေဘယ်(လ်)
ကလည်း မြန်မာနိုင်ငံသည် ကေအင်ယူများအား တိုက်ခိုက်
ခြင်းဖြင့် နိုင်ငံတကာ၏ ဆန့်ကျင်မှုကြုံတွေ့ရလိမ့်မည်ဟု
ရေးသားခြောက်သည်။ ဘီဘီစီသတင်းထောက် အီယင်
ဆောင်ကလည်း ကေအင်ယူများသည် ကော်မှူးရာကို
ထွက်ခွာသွားမည် မဟုတ်ပေဟု သတင်းလွှာပေးပို့ကာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပင့်ပေးခဲ့ သည်။

❖ ❖ ❖

ဒေါက်တာနိုင်အောင် ခေါင်းဆောင်သော ABSD
တစ်ခြမ်းပဲ့အဖွဲ့၏ ဗဟိုဌာနချုပ် ဖြစ်သော ဒေါင်း
(ဒါးကွင်းစခန်းကို အမည်ပြောင်းထားသော)စခန်း ကျ
သွားရသော သတင်းမှာ ဖုံးမရ ဖိမရ ပေါ်ပေါက်လာသည
ထိုင်းနိုင်ငံအစိုးရသည် မြန်မာ့စစ်တပ်ကိုသော်လည်
ကောင်း၊ KNU ကို သော်လည်းကောင်း သူတို့ပိုင်န
ထဲမှ တိုက်ခိုက်မှုကို လုံးဝခွင့်မပြုနိုင်ကြောင်းကိုလည်း ၁
၂–၉၅ ရက်နေ့တွင် ထပ်မံ အသံလွှင့် ကြေပြန်သည
သို့သော် ဤအချက်ကို မည်မျှတိတိကျကျ လိုက်နာနိုင
သနည်း။ ဘေးလူ မကူကြေး တိုက်ကြ ခိုက်ကြစေ
ဆို လျှင် KNU များ ကွယ်ပျောက်သွားသည်မှ
ကြာလောက်ပေပြီ။

ထိုင်းကြေးစားသတင်းထောက် ယင်ဒီးလက်ချ
ချွတ်သည်လည်း ဤကိစ္စတွင် လက်မနေးခဲ့ပေ။ သူမသည
၁၀–၂–၉၅ ရက်နေ့ထုတ် နေရှင်းသတင်းစာတွင် နဝထ

မြရတနာစာပေ



ကော်မူးရာစခန်းမှ KNU စစ်သည်များစခန်းမကျမီတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာ စခန်းတွင်းမှ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး ပစ်သည့်နေရာ



ကော်မူးရာ စခန်း အတွင်းရှိ ဘန်ကာတစ်ခုမှ တပ်မတော် ချေမှုန်းရေး တပ်များအား ပစ်ခတ်တိုက်ခိုက်နေသည့် KNU စစ်သည်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကော်မှူးရာ စခန်း တွင်းမှ ပစ်ပေါက်ကျည်း ကွန်ကရစ် ဘန်ကာ



ကော်မှူးရာ စခန်း အတွင်းသို့ တပ်မတော်မှ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကော်မူရာ စခန်း အတွင်းသို့ တပ်မတော်မှ စိန်ပြောင်းကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်နေစဉ်



ခဝ်ဖလူးကုန်းပေါ်မှ မိမိတပ်မတော်လက်နက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကော်မှူးရာ စခန်း အတွင်းသို့ တပ်မတော်မှ ချီတက်ရှင်းလင်းနေစဉ်



...ကြီးတွေ သဘောထားကွဲလွဲနေပြီဟု ရေးသားခဲ့သည်။ ...ာနိုင်ငံမှ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ ...ယူသည့်ကိစ္စကိုလည်း ဝိုင်းဝန်း အပြစ်တင်ကြသည်။ ...သော် ထိုင်းနိုင်ငံမှ အစိုးရခေါင်းဆောင်များကိုယ်တိုင် ... တစ်ယောက်တစ်ပေါက်စီ ပြောဆိုနေကြသည်ကို ...ရသည်။ နိုင်ငံရေးဝန်ကြီးဌာနတစ်ခုတည်းမှာပင် ဝန်ကြီး ... တစ်မျိုး၊ ဒုတိယဝန်ကြီးက တစ်မျိုး လူသိရှင်ကြား ...ကျင်ဘက်ပြောဆိုနေကြသည်။ KNU ကိစ္စတွင် နဝတ ...ရသည် သဘော ထားကွဲလွဲမှု မရှိဘဲ လုပ်စရာရှိ ...ကို တက်ညီလက်ညီ လုပ်နေခြင်းသာ ဖြစ်ပြီး ...ယ်တမ်း သဘောထား ကွဲလွဲသည်မှာ ထိုင်းနိုင်ငံမှ ...ယ်များ ဖြစ်နေသည်။

၁၁-၂-၉၅ နေ့တွင် ကော်မှူးရာကို လာရောက် ...ခိုက်သူများသည် စစ်ယူနီဖောင်းဝတ်ထားသော ...တာများ ဖြစ်နေသည်ဟု အဓိပ္ပာယ်မဲ့စွာ အသံလွှင့် ...သည်။ KNU တို့အား ပြတ်ပြတ်သားသား လမ်းခွဲခဲ့ ... ဒီကေဘီအိုအဖွဲ့မှာ အင်အား ၃၀ ခန့်သာ ရှိသည် ...သည်း မျက်စိစုံမှိတ်၍ အသံလွှင့်သည်။ ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com



လ ၈ ရက်နေ့တွင် မြန်မာလက်နက်ကိုင် ၅၀ သောင်ရင်းမြစ်ကို ဖြတ်ကူးလာသဖြင့် ထိုင်းနိုင် လက်နက်ကြီးဖြင့် ၁၀ ချက်ထက် မနည်းပစ်ခတ်ရသည် ဟုလည်း ဆိုသည်။ အဖြစ်မှန်မှာ ထိုင်းနိုင်ငံမှ လေ ဒုံးကျည်များ မြန်မာ့မြေပေါ်သို့ ကျရောက်လာပြီး KN များကို ကူညီခြင်းဖြစ်ကြောင်း ကျဆုံးသူတို့၏ သွေးစက် က သက်သေတည်လိမ့်မည်ဖြစ်သည်။

အနောက်အုပ်စု မီဒီယာများက လေပုပ်ထ ဆေးများ မှိုင်းနေကြချိန်တွင် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် အမှုထမ်းခဲ့သည့် အမေရိကန်စစ်မှုထ ဟောင်းများအနက်မှ နောက်တစ်ဖွဲ့ မြန်မာနိုင်ငံ လာဦးမည်ဆိုသော သတင်းထွက်ပေါ်လာရာ ဗိုလ်မြ အပေါင်းအပါများ မခံချိ မခံသာဖြစ်သွားရပြန်သည် ပြည်ပြေးများက ဂျပန်အစိုးရအနေနှင့် မြန်မာအစိုး ရှုတ်ချဖို့ မေတ္တာရပ်ခံချက် သတင်းသည်ပင် ဗိုလ်မြ နှစ်သိမ့်နိုင်စွမ်းမရှိ။ စင်စစ် KNU အဖွဲ့ကြီး ပြိုကွဲခြင်း နောက်ဆက်တွဲ ပြဿနာများကို နဖူးတွေ့ ဒူး ရင်ဆိုင်ရသူမှာ ဗိုလ်မြသာ ဖြစ်သည်။





ကော်မူးရာတွင် ထောလကို မြှောက်ပေးပြီး တိုက်နိုက်ခိုင်းထားရလင့်ကစား KNU အဖွဲ့၏ အခြေအနေမှာ ဆိုးသည်ထက် ဆိုးနေလေပြီ။ လက်နက်တွေ စွန့်ပစ်ပြီး ထွက်ပြေးသူက ပြေးသည်။ လက်နက်ပါ ယူသွားပြီး တပ်မတော်ထံ လက်နက်ချသူက ချသည်။ ဖဒိုမန်းရှင်စိန်တို့လို လူကြီးအချို့က ဒီကေဘီအိုနှင့် သွားရောက် ပူးပေါင်းသည်။ ဗိုလ်မြသည် တပ်မဟာ (၆) နယ်မြေတွင် ဗဟိုဌာနချုပ်ဖွင့်လှစ်ရန် ကြိုးစား၍နေသည်။ သို့သော် ဗဟိုဌာနချုပ်အသစ်သည် အရေးမကြီးလှ။ ကော့မူးရာသာ အရေးကြီး၍ နေသည်။

ကော်မူးရာတွင် တိုက်ပွဲမှာ အပြင်းအထန်ဖြစ်ပွားနေပြန်သည်။ ၈-၂-၉၅ ရက်နေ့ တိုက်ပွဲသည် ညနေ ၅ နာရီတွင် ပြီးဆုံးပြီးနောက် ၂၄ နာရီသာလျှင် ငြိမ်သက်သည်။ ပစ်ခတ်မှုများ၊ ပေါက်ကွဲမှုများ ပေါ်ပေါက်လာပြန်သည်။ အိုမီဂါပုံသောင်ရင်းမြစ်ကွေ့လေးအတွင်းမှ ကော်မူးရာ (ခေါ်) ဝမ်ခသစ်စခန်းသည် လက်နက်ကြီး ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာရသော ဖုန်လုံးကြီးများ၊ ယမ်းခိုးယမ်းငွေ့များ၏အောက်တွင် အကျည်းတန်စွာ နစ်မြုပ်၍



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထောလသည် ပထမအကြိမ် အနီးကပ်တိုက်ပွဲကို သူတစ်ပါး၏ အကူအညီဖြင့် တွန်းလှန်နိုင်ခဲ့ပြီး ဖြစ်သည်။ ဒုတိယအကြိမ်ကို သူ တတ်နိုင်ပါဦးမည်လား။ ဒုတိယအကြိမ်နှင့်ရော ပြီးပြတ်ပါမည်လား။ တတိယအကြိမ် စတုတ္ထအကြိမ်များကို ရင်မဆိုင်ရဘူးဟု ပြောနိုင်မည်လား။ စင်စစ် ထောလသည် သူ့တစ်သက်တာတွင် အပြင်းထန်ဆုံးသော တိုက်ပွဲနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။ သူသည် နှုတ်၏ စောင်မခြင်းထက် လက်၏စောင်မခြင်းကို ပို၍ လိုအပ်နေသည်။ လူအင်အား အကူအညီလည်း အရေးကြီးလှသည်။ သူ့လူတွေ ကုန်တော့မည်။ သေနတ်များပင် လျှင် ကိုင်ဆောင်သူ မရှိသဖြင့် ပိုနေလေပြီ။

ထောလသည် ထိန်မောင်နှင့် အဆက်အသွယ် ရအောင် ကြိုးစားရသည်။ သူ့ကို အနီးကပ် အကူအညီ ပေးနေသည်မှာ တပ်မဟာ (၇) ဖြစ်သည်။ တပ်မဟာ (၇) ကို KNU များက မိခင်တပ်မဟာဟု ခေါ်ကြသည်။ ဤတပ်မဟာမှာ ဗိုလ်မြ၏ အမာခံလူများ စုဝေးနေသည့် တပ်မဟာဖြစ်သည်။





"တပ်မဟာ (၆) က ဘာမှလုပ်မပေးဘူးလား ဗိုလ်ချုပ်။ သူတို့ဘက်က တိုက်ကွက်ဖော်မှ ကျွန်တော် အသက်ရှုချောင်မှာ"

"တပ်မဟာ (၆) ကို ဗိုလ်ချုပ်ကြီးမြကိုယ်တိုင် အနီးကပ် ကွပ်ကဲနေတယ်။ ဗဟိုဌာနချုပ်လည်း အဲဒီမှာ [illegible]မယ်"

"ဒါဆို ပိုဆိုးသွားမှာပေါ့။ ရန်သူက ဗဟိုဌာနချုပ်ကို ထပ်ပြီး တိုက်လာရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော် ဗိုလ်ချုပ်ကြီးမြအတွက် စိတ်ပူနေတယ်။ အပြင်ကသာ ကျွန်တော်တို့ကို ချီးကျူးနေတာ။ ကျွန်တော်တို့အထဲမှာ တော့ ..."

"ဒါတွေ မင်းပူစရာမလိုဘူး ထောလ။ ဒါတွေက လူကြီးတွေရဲ့အလုပ်ပါ။ သူတို့ အကောင်းဆုံးဖြစ်အောင် လုပ်ကြမှာပါ"

"လူကြီးတွေ ဘာလုပ်နေကြသလဲဆိုတာ ကျွန်တော် သိချင်တယ်"

"သူတို့အစည်းအဝေးလုပ်နေကြတယ်"

"လုပ်ကြပါ။ တစ်သက်လုံးပဲ အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြပါ။ ကြာရင် ကျွန်တော်လည်း သန်းမောင်လို ဘုရားသခင်ခေါ်တဲ့နောက်ကို လိုက်ရမှာပဲ''

ကရင့်တော်လှန်ရေး၏ နောက်ဆုံးနှစ်တွင် အသေ တိုက်မည်ဆိုသော ထောလက ပြောလိုက်ခြင်းဖြစ်သည်။ ထောလသည် ဝမ်ခသစ် (ခေါ်) ကော်မူးရာစခန်းကြီးအား ခုခံကာကွယ်ရတော့မည် ဖြစ်သည်။ ထိုစခန်းကို KNU အားလုံးက သူတို့၏နောက်ဆုံးစခန်းဟု သဘောထား ကြသည်။ ကော်မူးရာထက် ကောင်းသော စခန်းကြီးတစ် ဖွင့်လှစ်နိုင်မည်ဆိုလျှင်ပင် သူတို့သည် ကော်မူးရာကဲ့ အလေးအနက် မထားနိုင်ကြတော့။

ထောလသည် ကော်မူးရာစခန်းတွင် ကြံ့ကြံ့ခံ ကာကွယ်နိုင်ပါမည်လော။

ဗိုလ်မြနှင့် အပေါင်းအပါများသည် မည်ကဲ့သို့ ဆ လက်ဆောင်ရွက်ကြမည်နည်း။ ပြိုကွဲပျက်စီးနေသော KN အဖွဲ့ကြီး၏ သပွတ်အူတမျှ ရှုပ်ထွေးနေသည့် အတွင်း ကိစ္စများမှာ ပို၍ပင် စိတ်ဝင်စားစရာ ကောင်းနေလေတော့ သည်။

❖ ❖ ❖





၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ည သည်။

ဘီးလင်းမြို့နယ်အတွင်းရှိ လေးကေရွာမှာ တစ်ရွာ ချမ်းချမ်းစီးစီးနှင့် အိပ်မောကျနေကြသည်။ KNU ယောက်သည် အမှောင်ထုကို အကာအကွယ်ယူကာ နီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေကြသည်။ ရွာထဲမှ င်အောင်၏မိသားစုနှင့် ဦးအောင်သန်း၏ မိသားစုတို့ မိမိတို့၏ အိမ်များပေါ်တွင် အိပ်မောကျနေကြသည်။

ည ၁၂ နာရီခွဲ။

သန်းခေါင်ထက်နက်သော ည၏ အမိုက်တိုက်က မ်းလေပြီ။

KNU ၁၀ ဦးသည် မိမိတို့တွင်ပါလာသော င်ချာများ၊ လက်နက်ငယ်များဖြင့် မှောင်မည်းနေသော ရွာအတွင်းသို့ ရမ်းသန်း၍ ပစ်ခတ်ကြတော့သည်။ ်ကွဲသံကြီးနှင့်အတူ ဦးအောင်သန်းတို့ အိမ်မှာ သိမ့်သိမ့် သွားရသည်။ အိပ်မှုန်စုံမွှားဖြင့် အိပ်ရာမှ ထလာသော အောင်သန်းသည် လက်ဝဲဘက်ရင်အုံကို လက်ယာလက် ဖိကာ လဲကျသွားရတော့သည်။ ဦးအောင်သန်းသည်

www.burmeseclassic.com



သေအံမူးမူးအချိန်တွင် ၁၀ နှစ် အရွယ် သမီးငယ်လေ
မူမူကို လှမ်းခေါ်သည်။

မူမူသည် KNU တို့၏ လက်နက်ကြီး ပေါက်
မှုကြောင့် ကိုယ်အောက်ပိုင်းတစ်ခုလုံး သွေးတွေရွှဲနေသည်

ဦးအောင်သန်းနှင့် သမီးဖြစ်သူ မမူမူတို့ သားအ
နှစ်ယောက်စလုံး KNU တို့၏လက်ချက်ကြောင့် သေဆ
ကြရတော့သည်။

ဦးတင်အောင်တို့၏ အိမ်ကိုလည်း လက်နက်ကြ
ထိမှန်လေရာ ဦးတင်အောင်၏သမီး မပြုံးနိုင် အသ
၂၀ နှစ်မှာ ပွဲချင်းပြီးသေဆုံးရပြန်သည်။ အသက်
နှစ်ရှိ အမယ်အိုကြီး ဖြစ်သူ ဒေါ်နုမှာ ညာခြေချင်းဝတ်
ညာလက်ဖျံတွင် ဒဏ်ရာများ ရရှိသွားသည်။ လေးကော
ရွာမှာ အိပ်ရာမှ လှုပ်အနှိုးခံလိုက်ရသည်။ KNU တို့
လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူသုံးဦးမှာ မိမိတို့
အဖြစ်ဆိုးကိုပင် မိမိတို့ မသိနိုင်ဘဲ ကြေကွဲဝမ်းနည်းဖွယ်
သေဆုံးကြရရှာသည်။

အရပ်ဘက်ပစ်မှတ်များအား တိုက်ခိုက်ရေး
ညွှန်ကြားချက်မှာ ဗိုလ်မြ၏ ညွှန်ကြားချက်ပင် ဖြစ်သည်



ဗိုလ်မြသည် KNU စခန်းများကို အတိုက်ခံရတိုင်း တန်ပြန်
တိုက်စစ်အဖြစ် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ရန်
စေခိုင်းလျက်ရှိသည်မှာ ယခုမှမဟုတ်။ ကရင်ပြည်နယ်
အတွင်းရှိ မြို့ပြများ၊ ကျေးရွာများမှ ကရင်လူထုမှာ ဤကဲ့သို့
သော အဖြစ်ဆိုးမျိုးကို ကြုံနေကျပင်ဖြစ်သည်။

ဗိုလ်မြသည် မိမိအသုံးမကျမှုကြောင့် KNU အဖွဲ့
ကြီး ပြိုကွဲခြင်းအပေါ်တွင် အဖတ်ဆယ်နိုင်ရန် အယုတ်မာ
ဆုံး၊ အကောက်ကျစ်ဆုံးနည်းလမ်းများကို သုံးရန် ဆုံးဖြတ်
ထားပြီး ဖြစ်သည်။ သူသည် မြို့ရွာများကို မီးရှို့ဖျက်ဆီးရန်
ညွှန်ကြားခဲ့သည်။ မြိုင်ကြီးငူဆရာတော်ကို လုပ်ကြံခိုင်း
သည်။ စစ်ရေးအရ တုံ့ပြန်မှုအားလုံးမှာ အရပ်ဘက်ပစ်မှတ်
များသာ ဖြစ်သည်။ အနောက်အုပ်စုမှ မီဒီယာများက
သူတို့၏စောင်မခြင်းဖြင့် လက်ခုပ်တီးပြီး ရှူးတိုက်ပေးနေချိန်
တွင် လက်၏စောင်မခြင်းဖြင့် ကူညီသူက ကူညီကြသည်။

ကော်မူးရာတိုက်ပွဲတွင် သောင်ရင်းမြစ်တစ်ဖက်
ကမ်း ထိုင်းနိုင်ငံဘက်မှ ၁၅၅ မီလီမီတာ အမြောက်
ကြီးများသည် လေကွဲကျည်များဖြင့် KNU တို့ဘက်က
ကူညီပစ်ခတ်ပေးသဖြင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ဗိုလ်မြကို ဒီမိုကရေစီသူရဲကောင်းကြီး၊ လူမျိုးစုငယ်များ၏ ကယ်တင်ရှင်ကြီး၊ လူ့အခွင့်အရေးဘက်က မားမားမတ်မတ် ရပ်တည်သူကြီးအဖြစ် အထင်ကြီးကာ အကူအညီတွေ ပုံအော၍ ပေးနေသူများသည် မိမိတို့၏ လုပ်ရပ်အတွက် တစ်နေ့ နောင်တရကြရဦးမည်ပင် ဖြစ်သည်။ သို့မဟုတ် သိလျက်နှင့် ကူညီနေသည် ဟု ဆိုလျှင်ကား မိုက်တွင်းအနက်ဆုံး လူသားများပင် ဖြစ်သည်။

ဗိုလ်မြနှင့် သူ၏ဆရာများသည် ကော်မူးရာ (ခေါ်) ဝမ်ခသစ်စခန်းတွင် ခုခံကာကွယ်နေသော ထောလနှင့် KNU များ အသက်ရှုချောင်စေရန် နည်းမျိုးစုံဖြင့် ကြိုးစားနေကြသည်။ အိုမီဂါပုံသောင်ရင်းမြစ်ကွေ့လေးထဲတွင်ကား လက်နက်ကြီးပေါက်ကွဲသံများဖြင့် ဆူညံ၍နေသည်။ နှစ်ဖက်တပ်များသည် ရှေ့မတိုး နောက်မဆုတ်ဘဲ ရင်ဆိုင်ကာ အပြန်အလှန် ပစ်ခတ်နေကြလေသည်။

❖ ❖ ❖





ကော်မူးရာစခန်းအတွင်း တိုက်ပွဲပြင်းထန်နေသည့် တစ်နေ့။

ထောလသည် လက်နက်ကြီးပစ်ခတ်သူ လှမင်း ံ ရောက်သွားသည်။

"လှမင်း ... မင်း ဘယ်လိုပစ်နေတာလဲ"

"ခတ်ဖလူးကုန်းနဲ့ ကာလူးကုန်းကို ပစ်နေတာ ည်ချုပ်။ အဲဒီမှာ ရန်သူရှိနေတယ်"

"ရန်သူကိုချည်းပဲ မပစ်နဲ့။ မြစ်အရှေ့ဘက်ကမ်းကို ည်း ပစ်ဦး။ ဒါမှ သူများနိုင်ငံထဲ လက်နက်ကြီး ကျပြီဆို း နဝတအစိုးရကို ကန့်ကွက်လို့ရအောင်"

"ကျွန်တော့်လက်နက်ကြီးတွေက အသေချိန် ားတာ"

ထောလက လှမင်းကို ဆဲလိုက်သည်။

"မင်း တော်တော်စကားရှည်တယ်။ ငါပြောတဲ့ တိုင်းလုပ်။ သောင်းတင်ကိုလည်း ပစ်ခိုင်း"

ထောလသည် လှမင်းနှင့် သောင်းတင်တို့ကို ိုင်းနိုင်ငံအတွင်းသို့ မကြာ မကြာ ပစ်ခတ်ပေးရန် ညွှန်ကြားသည်။ ဗိုလ်ကြီးချစ်တင်ကလည်း သူ့လက်နက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို ထိုင်းနိုင်ငံထဲသို့ပါ ပစ်နိုင်းသည်။ ထိုင်းနိုင် နယ်ခြားကော်မတီသည် မြန်မာနိုင်ငံ နယ်ခြားကော်မ အား ကန့်ကွက်တော့သည်။ မြန်မာနိုင်ငံမှ နယ်ခြား ကော်မတီကလည်း ကေအင်ယူများဘက်မှ ကူညီပစ်ခတ် ပေးမှုများအတွက် တစ်ရက်လျှင် ၅ ကြိမ်၊ ၆ ကြိမ် ကန့်ကွက်နေရသည်။

မဲဆောက်ကော်မတီနှင့် မြဝတီကော်မတီ အပြ အလှန် ကန့်ကွက်နေကြစဉ် ကြိတ်ပြုံးနေသူက ထော

၈-၂-၉၅ ရက်နေ့ ကော်မူးရာတိုက်ပွဲတွင် သူတစ်ပါး အကူအညီဖြင့် တွန်းလှန်လိုက်နိုင်သော ထော သည် အပြီးသတ် အောင်မြင်မှုကို ရရှိသေးသည်မဟုတ် သူတို့ကို တိုက်ခိုက်နေသူများသည် တိုက်ခိုက်ခြင်း ရပ်စဲ အပြီးအပိုင် ဆုတ်ခွာသွားခြင်း မဟုတ်။ မီတာ ၂၀၀၊ ၃၀ အကွာတွင် နေရာယူကာ ရင်ဆိုင် ထိန်းချုပ်ထားခြင်း ဖြ သည်။ လက်နက်ကြီးကျည်များက မိုးသီးမိုးပေါက်ပမာ တ ကျရောက် ပေါက်ကွဲနေသည်။

ကော်မူးရာနှင့်ကပ်လျက် သောင်ရင်းမြစ်အရှေ့ ဘက်ကမ်းတွင် ထောလကို ကူညီနေသူများ ရှိသည်





အင်ယူ ဖဒိုတစ်ဦးသည် သူလို့အချို့နှင့်အတူ ဒဏ်ရာ နာများကို စောင့်ကြိုနေသည်။ လာဘ်ထိုးထားနိုင် ကြောင့် ထိုင်းလက်နက်ကိုင်များကလည်း အကူအညီ သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကော်မူးရာမှ ဒဏ်ရာရ လူနာ ၄၉ ဦးသည် ထိုင်းနယ်ခြားရဲအချို့၏ ခြံချက်ဖြင့် မဲဆောက်ဆေးရုံသို့ ချောမောစွာ ရောက်ရှိ ကြသည်။

သောင်ရင်းမြစ်၏ အရှေ့ဘက်ကမ်းခြေတွင် ထိုင်း မှ လက်နက်ကိုင်တပ်အချို့သည် ကေအင်ယူများနှင့် တကွရှိနေကြသည်။ သူတို့တွင် ဆက်သွယ်ရေး ကြီး သုံးလုံးပါသည်။ သူတို့သည် တစ်ဖက် ရန်သူ၏ သွယ်မှုများကို ကြားဖြတ်ဖမ်းယူ၍ နားထောင်ကြ ။ မယ်တော်ရွာသူကြီး အကြိုင် အပါအဝင် အခြား များက ဘာသာပြန်ပေးကြရသည်။ ရရှိသည့်သတင်း အလက်များကို ထောလဆီပို့သည်။ ထိုင်းနိုင်ငံမှ ကားကြီးများနှင့် သယ်ဆောင်လာသော လက်နက် များက ဝမ်ခသစ်ထဲ လွယ်လွယ် ကူကူ ရောက်ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထောလသည် ရေဒါများ ကြားဖြတ်ကြေး သတင်း၊ လေကြောင်းဓာတ်ပုံများဖြင့် အဆင့်မြင့်န ပညာများကို အကူအညီရနေခြင်း ဖြစ်သည်။ ဝမ်ခသ ထိုင်းနိုင်ငံမှ ဝင်ပေါက်နှစ်ခု ရှိနေသည်။ သို့သော် အဆ နည်းပညာများသည် မိမိ၏လူများကို အဆင့်မြှင့်ပေ ခြင်း မရှိတော့။ တပ်ရင်း (၁၆) သည် တစ်ပြေးတ ပြေးနေသည်။ အစုလိုက် အပြုံလိုက်ပင် တိုက်ပွဲကို ရှ နေကြသည်။

ထောလသည် စိုးစိုးထံ ဆက်သွယ်သည်။ သည် ကားမှောက်ထားသောကြောင့် ဒဏ်ရာ ရထား လည်း အငြိမ်ထိုင်မနေနိုင်။

''စိုးစိုး ... မင်းတို့ ဘာမှမတတ်နိုင်ဘူး

''ထိုင်းနိုင်ငံက ဒုတိယဝန်ကြီးချုပ် ရန်ကုန် မယ့် ခရီးစဉ်ကို ရွှေ့လိုက်ပြီလေ။ ဒုတိယဗိုလ်ချု ခင်ညွန့်ရဲ့ ဘန်ကောက်ခရီးစဉ်လည်း ရွှေ့ဆိုင်းထားတ

''အဲဒါ မင်းလုပ်တာလား''

''ကျွန်တော်လည်း လုပ်လို့တောင် မရတဲ့ကြ ကြိုးစားရတာ''

မြရတနာစာပေ



''ဒါဆိုရင် ရန်ကုန်ကို အမေရိကန်တွေ မလာ အောင် လုပ်ပါလား။ အခု မူးယစ်ဆေးဝါး အတွက်နှုန်း ကောက်ဖို့ အမေရိကန်တွေ လာဦးမယ်ဆို''

''အဲဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး ဗိုလ်ချုပ်''

ထောလက စိုးစိုးကို ဆဲလိုက်သည်။ စိုးစိုး၏ တဟဲဟဲရယ်သံကို ထောလ ကြားနေရသည်။

''ဗိုလ်ချုပ် ဘာမှမပူနဲ့၊ နော်ဝေက ဒုတိယနိုင်ငံခြား ရေးဝန်ကြီး မစ္စတာရန်ထက်ကလိုင်းက နဝတကို ပြစ်တင် ရှုတ်ချတဲ့ ကြေညာချက် ထုတ်လိုက်တယ်''

''အဲဒါ ငါက ဘာလုပ်ရမှာလဲ''

''ကေအင်ယူ ဒုက္ခသည်တွေအတွက် အရေးပေါ် အကူအညီ ဒေါ်လာတစ်သိန်း ခုနစ်သောင်းကိုလည်း NCGUB က ဒေါက်တာစိန်ဝင်းလက်ကို အပ်လိုက်ပြီလို့ မစ္စတာရန်ထက်ကလိုင်းက ပြောတယ် ဗိုလ်ချုပ်''

''သွားပါပြီကွာ။ ကေအင်ယူကို ကူညီချင်ရင် ငါတို့ လက်ထဲထည့်ပါလားကွ။ စိန်ဝင်းလက်ထဲ ရောက်ရင် သူ့အိတ်ထဲပဲ ရောက်မှာပေါ့။ ဒီကောင် တော်တော်ပွသွား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ငါတို့ဗဟိုက ဘာလုပ်နေလဲ''

''၉၄ အောက်တိုဘာမှာ ကြေညာထားတဲ့ ငြိမ်းချမ်းရေးအစီအစဉ်အတိုင်းပဲ ရပ်တည်မယ်လို့ ကြေညာချက်ထုတ်ထားတယ်''

''ဘာလဲ။ တိုက်ျပြီးမယ် ဆွေးနွေးမယ်ဆိုတာလား။ ဒီမှာ စိုးစိုး နဝတက ပြည့်ပြေးတွေနဲ့ရော ဆွေးနွေး မယ်လို့ ထင်နေလား''

လက်နက်ကြီးများ အပြင်းအထန် ကျရောက်ပေါက်ကွဲလာသဖြင့် ထောလသည် စိုးစိုးနှင့် အဆက်အသွယ် ပြတ်သွားရသည်။ ထောလသည် ဆက်သွယ်ရေးမှူးချုပ်ထံသို့ လက်နက်ကြီး၊ လက်နက်ငယ် ကျည်မျိုးစုံနှင့် လက်ပစ်ဗုံးများ ရနိုင်သရွေ့ အမြန်ပို့ရန် ကြေးနန်း တစ်စောင်ဖြင့် တင်ပြလိုက်သည်။ စင်စစ် ဤကြေးနန်းမှာ ထောလနေ့တိုင်း ပို့ပေးနေရသော ကြေးနန်းပင်ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် အကျည်းတန်စွာပင် ကုန်ဆုံး၍နေသည်။ ထောလသည် ညနေစောင်းတွင် လောဝါးဒီနှင့် အဆက်အသွယ်ရသွားသည်။

''အခြေအနေ ဘယ်လိုလဲ ဗိုလ်ချုပ်''






KNU နှင့် ပူးတွဲတိုက်ပွဲဝင်ရင်းသေဆုံးခဲ့သည့် ABSDF ကျောင်းသားတပ်မတော်မှ ရဲဘော်များ

www.burmeseclassic.com

www.burmeseclassic.com




ကော်မူးရာ စခန်းတွင်းမှ သိမ်းဆည်းရမိသော လက်နက်ခဲယမ်းများ



KNU နှင့် ပူးတွဲ တိုက်ပွဲဝင်နေသည့် ABSDF ကျောင်းသားတပ်မတော်မှ ရဲဘော်များ

www.burmeseclassic.com

www.burmeseclassic.com





"လက်နက်ခဲယမ်း အခြေအနေကောင်းပါတယ်။ ...တွေကတော့ သေတာနဲ့ ဒဏ်ရာရတာနဲ့ ထွက်ပြေးတာ ...လျော့ကုန်ပြီ။ ငါ့ဆီမှာ လူ ၈၀၀ လောက်ပဲကျန်တယ်"

"ကျွန်တော် ဗိုလ်မှူးကြီး ရွှေဆိုင်းနဲ့ ညှိနှိုင်းထား...တယ်။ တပ်မဟာ (၆) က လူတွေကို သောင်ရင်းမြစ် ...ရှေ့ဘက်ကမ်းကနေ ကားနဲ့ပို့ပေးမယ်"

"မလုပ်နဲ့ လောဝါးဒီ မလုပ်နဲ့။ တပ်မဟာ (၆) ...က ကောင်တွေ စုပြုပြီးရောက်လာရင် အန္တရာယ်ရှိတယ်။ ...ကောင်တွေကို ငါ မယုံဘူး။ ဒီကောင်တွေက ဗိုလ်ချုပ်ကြီး ...ကို မကျေနပ်ဘူး။ မင်း ပို့ချင်ရင် တပ်ရင်း (၁၀၄) က ...လူတွေ မြန်မြန်ပို့။ ငါ့နားမှာ ဂျီပရောင်းနဲ့ ဖောဒိုတို့လူ ...၀ စီနဲ့ ရှိနေကြတယ်"

"ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားပါ့မယ်"

"ဗဟိုက ဘာလုပ်နေလဲ"

"**KNLA** ရဲ့ အရိယာဝိဇ္ဇာတပ်ဖွဲ့ (၁) ကို မနေ့က ...တယ်။ ဘုန်းကြီးနိုင်အောင်လု ခေါင်းဆောင်တယ်။ ...ည်းရုံးရေးတိုက်စစ် တန်ပြန်လုပ်ဖို့ပဲ"

"နိုင်အောင်လုက ဘုန်းကြီးမှမဟုတ်တာ"

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''သူတို့အတွက် သီးခြားတာဝန်ရှိပါတယ်''

''လူနာတွေ ဘယ်ကိုပို့သလဲ။ ထူးဝါးလူဒုက္ခသည် စခန်းလား''

''မဟုတ်ဘူး။ ခေါင်းဝါတွေ ပြန်ပေးလာဆွဲ စိုးရတယ်။ ဒါကြောင့် ဒီနေ့ပဲ ဗိုလ်မှူးကြီး စိုးစိုးကို ထူး လူက အိမ်နှစ်လုံး အမြန်ပြောင်းဖို့ ညွှန်ကြားထားတယ်''

ထောလသည် လောဝါဒီနှင့် အဆက်အသွယ် ဖြ လိုက်ရသည်။ အခြားကြောင့်မဟုတ်။ တပ်ရင်း (၁၆) KNU ၁၀ ယောက် ထွက်ပြေးသွားကြပြန်ကြောင်း ထ ရောက်သတင်းပို့သောကြောင့် ဖြစ်သည်။ ထောလသည် စိတ်တိုစွာဖြင့် တပ်မဟာ (၇) မှူး ထိန်မောင်ကို က တုတ် ဆဲလိုက်ပြန်သည်။ ထိန်မောင်ထံမှ စစ်ကူလွှတ်လို သူများမှာ သူ့အတွက် အသုံးမတည့်သည့်အပြင် ဝန်ထု ဝန်ပိုးပါ ဖြစ်နေသည်။ ထိန်မောင်၏ တပ်မဟာ (၇) လည်း သူတို့ကို တိုက်နေသည့် ရန်သူများအား ဘေးနှ နောက်ပိုင်းမှ ပတ်တိုက်မည်ဆိုပြီး ဘာတစ်ခုမျှ အကော အထည် မပေါ်ပေ။

❖ ❖ ❖





ကော်မူးရာတွင် တိုက်ပွဲပြင်းထန်နေစဉ်ကာလ မောင်သည် ဂျော်နီကို ဆက်သွယ်လိုက်သည်။

''ဂျော်နီ ... မင်း ဘာမှမလုပ်နိုင်ဘူးလား''

''ကျွန်တော် လုပ်မှာပါ''

''မင်းကိုပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ဒီမှာ ကို ကြေးနန်းတစ်စောင် အခုရောက်လာမယ်။ အဲဒါ မင်း နားလည်ရောပေါ့''

''အခု ပြောလို့မရဘူးလား''

''ရန်သူ နားထောင်နေမှာပေါ့။ ခေါင်းဝါတွေက ကတွေအကြောင်းသိနေတာပဲ။ ညွှန်ကြားချက် အတိုင်း လုပ်ပေ့။ မနေ့ညက ငါတို့ အပြည့်အဝ စီစဉ်ပြီးပြီ။ ရေးထိခိုက်မှာတွေ ဘာတွေ ဂရုမစိုက်နဲ့။ ကျည်ဆန် ပြော''

''ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ။ ကျည်ဆန်သယ်ဖို့ ကျွန်တော့်လူ ထပ်လွှတ်ဦးမယ်။ အခု ပါတာ မရှိသေးဘူး။ ဗိုလ်မှူးထောလေကို ပြောထား လည်း ရှိတယ်။ ကျွန်တော့်ဆီက အစီရင်ခံစာ လာရင် ဗိုလ်ချုပ် သိမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''အရင် လုကော်ပစ်နေကျ မြို့တွေကို မင်း
တယ်နော်''

''ကျွန်တော် သိပါတယ်''

''၄၂ ၁၀၇ မီလီမီတာ ကျည်တွေပို့ပေးမယ်
လုကော်လုပ်နေကျအလုပ်ကို လုပ်ကွာ''

''ကျွန်တော်လည်း အဲဒီမြို့ကို သိမ်းနိုင်အော
ကြိုးစားမယ်။ နောက်ပိုင်းမှာ ဒီကောင်တွေ မရှိဘူ
ရဲလောက်ပဲ ရှိမှာပါ''

ဂျော်နီက ကြုံးဝါးပြလိုက်သည်။

တပ်မဟာ (၇) မှူး ထိန်မောင်သည် ဂျော်နီ
သာမကဘဲ သူတပည့် တိုက်ခိုက်ရေးသမားများ ဖြစ်
သော ဗိုလ်မှူးထောလေ၊ ဗိုလ်မှူးထူးကျော်တို့ကိုပါ ညွှ
ကြားချက် ထုတ်ပြန်သည်။

''မင်းတို့ ယူသွားတဲ့လက်နက်ကြီးကျည်တွေ
ရန်သူစခန်းကြီးဖြစ်ဖြစ်၊ စခန်းလေးဖြစ်ဖြစ် အကုန်
မြို့ကြီးဖြစ်ဖြစ်၊ မြို့လေးဖြစ်ဖြစ်၊ ရွာကြီးဖြစ်ဖြစ်၊ ရွာ
ဖြစ်ဖြစ် အကုန်ပစ်ပြီး မီးရှို့။ အကုန်ဖျက်ဆီးပစ်။
KNU ကို နိုင်ငံရေးအရ ထိခိုက်မှာ လုံးဝမစိုးရိမ်နဲ့။





NU ဟာ နိုင်ငံတကာမှာ သူရဲကောင်းဖြစ်နေပြီ။ မင်းတို့
တဲ့အတိုင်းလုပ်။ ဗိုလ်ချုပ်ကြီးမြကိုယ်တိုင်က အရပ်ဘက်
မှတ်တွေကို ဦးစားပေးပြီး တိုက်ဖို့ အမိန့်ပေးပြီးပြီ။
ဗိုလ်ချုပ်ကြီးမြရဲ့ အမိန့်အတိုင်း လိုက်နာကြ။ လုပ်ရမယ့်
နေရာတွေက ကော့ကရိတ်၊ လှိုင်းဘွဲ၊ ဘားအံ၊ ဒုံရင်း၊
မမောင်း၊ ရွှေဂွန်း၊ ဒေါ်လန်း၊ နဘူးနဲ့ ကျန်တဲ့မြို့တွေ
ရွာတွေပဲ။ ကိုယ်က ကြောက်သလို ဖြစ်နေတယ်။
ကြောက်နဲ့။ ရဲရဲသာလုပ်''

ဂျော်နီက ထိန်မောင်ကို ပြန်လည် တင်ပြသည်။

''ကျွန်တော် တိုက်ကွက်ဖော်ဖို့ လုပ်နေတာ အောင်
ခါနီးပြီ။ ကျန်တဲ့နယ်မြေတွေက ပြဿနာ မရှိဘူး။
ကျုံက ကျွန်တော်တို့ကို ဆန့်ကျင်တယ်။ ဒီတစ်ပွဲပြီးရင်
ကျုံအလှည့်ပဲ။ ကျွန်တော့်လူတွေ စိတ်ဓာတ်တက်လာဖို့
ကျွန်တော် တိုက်မယ် ဗိုလ်ချုပ်''

''လက်မနှေးနဲ့ ဂျော်နီ။ နိုင်ငံရေးထိခိုက်မှာ
စိုးရိမ်နဲ့နော်။ ဒါဟာ ဗိုလ်ချုပ်ကြီးမြရဲ့ အမိန့်ကွ။ မြို့တွေ
မြန်မြန် မီးရှို့ပစ်။ လုပ်တဲ့နေရာမှာ ရက်ရက်စက်စက်
။ မိန်းမဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မညှာနဲ့။ သတ်စရာရှိတာတွေ အကုန်သတ်ပစ်''

''ကျွန်တော့်လူတွေ တစ်နာရီအတွင်း ဆောင်ရွ... လိမ့်မယ် ဗိုလ်ချုပ်''

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ည ၈ နာရီထိုး... တွင် ကေအင်ယူ ၁၅ ယောက်သည် ကော့ကရိတ်မြို့... အနားသို့ အမှောင်ထု၏ အကာအကွယ်ကိုယူကာ ချဉ်းကပ်... သွားကြသည်။ သူတို့သည် မကောင်းသူထိပ်၊ ကောင်း... ထိပ်ချိန်ကာ အာ(ရ်)ပီဂျီဖြင့် နှစ်ချက်ပစ်သည်။ ဒုံးကျည်... နှစ်စင်းသည် ကော့ကရိတ်မြို့စွန်ရှိ ခနိမ့်မူရပ်ကွက်တွင်း... ကျရောက်ပေါက်ကွဲတော့သည်။ လူနေရပ်ကွက်အတွင်း... အိမ်သုံးလုံး မီးကူးစက်လောင်ကျွမ်းကုန်သည်။ ကေအင်ယူ... များက မီးရောင်မြင်သည့်နေရာသို့ နှစ်မိနစ်ခန့် လက်နက်... ငယ်များဖြင့် တရစပ်ပစ်သည်။ ထို့နောက် ပြောက်ကျား... နည်းဖြစ်သည့် ပစ်ပြေးလုပ်ငန်းစဉ်အတိုင်း ခြေကုန်သုတ်၍... ပြေးကြသည်။

ခနိမ့်မူရပ်ကွက်မှ ဦးသောင်းထွန်း ၄၂ နှစ်... မသီတာဝင်း ၁၈ နှစ်၊ မမို့မို့ဝင်း ၂၀ နှစ်တို့ လက်နက်... ငယ် ကျည်ဆန် ထိမှန်ဒဏ်ရာရတော့သည်။ ဂျော်နီ...





...မှောင်ထဲသို့ ပြန်သတင်းပို့သည်။

''ကျွန်တော်တို့ချလိုက်တာ ကော့ကရိတ် ရဲစခန်း ...ပြီး ပြာပုံဖြစ်သွားပြီ။ ရဲသုံးယောက်လည်း သေသွား...။ ကျွန်တော့်လူတွေ စိတ်ဓာတ်တက်သွားပြီ''

အရက်မူးနေသူများကို စိတ်ဓာတ်တက်ကြွနေသူ...ဟု ဂျော်နီ ထင်နေသည်။ ဗိုလ်မြသည် ဂျော်နီ၏ ...ဘောင်အထည်ဖော်မှုကို များစွာ ကျေနပ်အားရ...နေသည်။

''ဖဒိုမန်းရှင်စိန်ရဲ့သတင်း ဘာကြားလဲ''

''ခေါင်းဝါတွေက သတ်ပစ်လိုက်မှာပေါ့ကွာ''

အစဉ်အလာရှိသော ကေအင်ယူခေါင်းဆောင် ...ဖြစ်သူ ဘားအံခရိုင် ဥက္ကဋ္ဌဖဒိုမန်းရှင်စိန်သည် ၁၉၉၅ ... ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြိုင်ကြီးငူဆရာ...၏ ရှေ့မှောက်တွင် သင်္ကန်းဆီးသွားပေပြီ။ သူသည် ...တော်လှန်ရေးကို စိတ်ကုန်သွားပြီဖြစ်သည်။ သို့သော် ...ကာက်အုပ်စု မီဒီယာများအဖို့ကား ဖဒိုမန်းရှင်စိန်သည် ...ကြီးပြဿနာ ဖြစ်နေသည်။ ကတုံးပေါ် ထိပ်ကွက်ခံရ... ကေအင်ယူများဘက်မှနေ၍ မခံချိမခံသာ အော်...

www.burmeseclassic.com



ကောင်းနေဆဲပင်ဖြစ်သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့ ည နာရီခွဲတွင် ကေအင်ယူအမာခံ သူလျှိုများက ပဲခွယ်ကုန်း မြို့ ဓာတ်ဆီဆိုင်ကို လက်ပစ်ဗုံးဖြင့် ပစ်ပြီး ထွက်ပြေးသွား သည်။ လက်ပစ်ဗုံးနှစ်လုံး ပေါက်ကွဲသော်လည်း ဓာတ်ဆီ ဆိုင်မှ မှန်နှစ်ချပ်သာ ကွဲသွားခဲ့ရသည်။ လူသူထိခိုက်မှု မရှိ။ စင်စစ် ပဲခွယ်ကုန်းမြို့ကို မီးလောင်တိုက်သွင်းရန် အကြံပက်စက်စွာ ကြိုးစားကြခြင်းပင်။

❖ ❖ ❖

ဗိုလ်မြသည် ဝဖီးလွန်းသော ကိုယ်ခန္ဓာကြီးအား မနိုင့်တနိုင် လှုပ်ရှားလိုက်သည်။

"လောဝါးဒီ ... စိုးစိုးနဲ့ အဆက်အသွယ်ရလား"

"သူ တာဝန်ထမ်းဆောင်နေပါတယ် ဗိုလ်ချုပ် ကြီး"

"အေး ... ငါ့လူတွေအားလုံး မြို့တွေ၊ ရွာတွေကို လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ဖို့ ညွှန်ကြားပြီးပြီ။ နေရာတကာမှာ ဗုံးခွဲဖို့လည်း ညွှန်ကြားပြီးပြီ။ လူတွေသုံး





နေတွင်း၊ ရေကန်အားလုံးကိုလည်း ပိုတက်ဆီယမ်ဆိုင် ယာနိုဒ် အဆိပ်တွေ ခတ်နိုင်းပြီးပြီ။ ငါ တစ်ခုလုပ်ဖို့ ကျန် သေးတယ်"

"အမိန့်ရှိပါခင်ဗျ"

"စိုးစိုးကို ပြောထားတဲ့ ဓာတုဗေဒဗုံးတွေ မရသေး ဘူး။ ဒါတွေကို ငါတို့ လူတွေကြားထဲမှာခွဲရမယ်။ ကော်မူးရာ မှာ ခွဲရမယ်။ တို့ကောင်တွေ လေးငါးခြောက်ယောက်တော့ သေမှာပေါ့ကွာ။ အဲဒီအလောင်းတွေကို ဓာတ်ပုံရိုက်နိုင်း မယ်။ ဗီဒီယိုရိုက်နိုင်းမယ်။ နဝတစစ်တပ်က အဆိပ်ဗုံးတွေ သုံးနေပြီဆိုပြီး အထောက်အထား ခိုင်ခိုင်လုံလုံပြဖို့ ဂျပန် နှစ်ယောက်ကို ခေါ်နိုင်းထားတယ်။ ဒါဆိုရင် နဝတအစိုးရ ဟာ အီရတ်လို ဖြစ်သွားမယ်ကွ။ အီရတ်က ဘာဖြစ်လဲ ခင်း သိလား"

"နိုင်ငံတကာက ကုန်သွယ်ရေးပိတ်ဆို့မှုတွေကို ခံရပါတယ် ဗိုလ်ချုပ်ကြီး"

"အေး ... သူတို့က အဲဒီလိုပြောတာပဲ။ ကဲ ပိုတက်ဆီယမ်ဆိုင်ရာနိုဒ်အဆိပ်တွေရယ်၊ အဆိပ် ဗုံးတွေ ရယ်၊ ရောဂါပိုးပါတဲ့ဗုံးတွေရယ် မြန်မြန်ရအောင်လုပ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လောဝါးဒီသည် မျက်လုံးပြူးသွားရသည်။ သူသည် ဗိုလ်ချုပ်ကြီးမြ၏ အကြံအစည်ကို ဒုတိယဗိုလ်ချုပ်ကြီး တာမလာဘောထံ ပြောပြလိုက်သည်။ တာမလာဘောခမျာ စိတ်မချမ်းမသာ ဖြစ်သွားရသည်။ ထောလတို့လူစုသည် ဗိုလ်မြ မြှောက်ပေး၍ အသေခံတိုက်နေရခြင်းဖြစ်သည်။ ယခုတော့ တိုက်ရင်းခိုက်ရင်း မသေဘဲ အဆိပ်ငွေ့ဖြင့် သေရဦးမည်။ တာမလာဘောသည် ပြတ်သားသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်လေသည်။

❖ ❖ ❖

ကော်မူးရာတွင်ကား တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေဆဲပင်တည်း။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့။

ကော်မူးရာစခန်းပေါ်သို့ လက်နက်ကြီး ကျည်များ စုပြုံ၍ ကျရောက်လာသည်။ ပစ်ခတ်မှုမှာလည်း ခါတိုင်းနေ့များထက် ပို၍ထိရောက်လာသည်။ အခိုင်အမာ ဘန်ကာများမှာ တစ်ခုပြီးတစ်ခု ပြိုကျပျက်စီးကုန်သည်။ အကျအဆုံးကလည်း များလှသည်။ ထောလသည် ဘာလုပ်ရမှန်း





…သိတော့။ ထိုင်းနိုင်ငံဘက်က ကူညီပစ်ခတ်ပေးပါရန်သာ …သနားခံရတော့သည်။ ထိုင်းတစ်ဖက်ကမ်းမှ ပစ်ခတ်မှု …းလည်း မထိရောက်တော့။ သူသည် ထိတ်လန့်၍လာ …ည်။ သူ့လူများသည် တစ်ယောက်ပြီးတစ်ယောက် …ဆုံးကုန်နေကြသည်။ သောင်ရင်းမြစ်ကို လက်ပစ်ကူးပြီး …ပြေးသူက ပြေးနေသည်။

ဒုတိယဗိုလ်ချုပ်ကြီး တာမလာဘောက သူ့ကို …က်သွယ်ရေးစက်ပေါ် တက်နိုင်းသောအခါ သူ အား …က်သွားသည်။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ပင် …စ်သည်။ တာမလာဘောသည် ဒုတိယစစ်ဦးစီးချုပ် ဖြစ် …ည်။ စစ်ရေးတွင် ဒုတိယခေါင်းဆောင်ပင်တည်း။

"ဗိုလ်ချုပ်ကြီးခင်ဗျား ... ကျွန်တော့်အတွက် …စ်ကူတွေ ဒီညရောက်နိုင်မလား"

"စစ်ကူကို မျှော်မနေနဲ့တော့ ထောလ။ တပ်မဟာ … ကလည်း မကူညီနိုင်ဘူး"

ထောလ အားငယ်သွားရသည်။ တာမလာဘော၏ …သံကလည်း တစ်မျိုး ဖြစ်နေသည်။

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆုတ်တော့"

"ခင်ဗျာ။ ကျွန်တော် ဆုတ်ရမှာလား။ ဗိုလ်ချုပ်ကြီး မြရဲ့အမိန့်လား"

"မင်းအထက်က တာဝန်ရှိတဲ့သူအနေနဲ့ ငါ အမိန့် ပေးနေတာ။ ဒီနေ့ညက စပြီး ဆုတ်။ မင်း မဆုတ်နိုင်ရင် မင်း သေမှာပဲ"

"ကျွန်တော် ဘယ်ကို သွားရမလဲ"

"ဟွေကလုတ် ဒုက္ခသည်စခန်းကို သွား။ အဲဒီက နေ တပ်မဟာ (၆) ခွင်ထဲ ပြန်ဝင်ဖို့ ကြိုးစားရမယ်"

"တပ်မဟာ (၆) နဲ့ ကျွန်တော်နဲ့ မဖြစ်ဘူး ထင် တယ်"

"ဒါဆိုလည်း ဟွေကလုတ်မှာပဲနေပေါ့ကွာ"

"ကျွန်တော်"

"မပြောနဲ့တော့။ မင်းကို ဘုရားသခင် ကောင်းချီး ပေးမှာပါ။ ဆက်လုပ်။ အချိန်မရှိတော့ဘူး"

ထောလသည် တာမလာဘော၏အမိန့်ကို အမြန် ဆုံးလိုက်နာရန် လွယ်ကူစွာပင် ဆုံးဖြတ်လိုက်သည်။ သူ သည် အလောင်းကောင်များနှင့် ပြည့်နှက်နေသော ကော်မူ





ရာကို သံယောဇဉ်မရှိတော့ပေ။ သူသည် နောက်ဆုံး တစ်ယောက်တည်းကျန်တဲ့အထိ အသေခံတိုက်မယ်ဟု တစ်ကမ္ဘာလုံးကြားအောင် ကြွေးကြော်ခဲ့သော စကားကို သည်း မေ့သွားပေပြီ။ ကရင်တော်လှန်ရေး၏ နောက်ဆုံး နှစ်တွင် နောက်ဆုံးတိုက်ပွဲကို တိုက်ရန် သူသည် စိတ်မကူး တော့ပေ။

ထောလသည် ခေါင်းဆောင်ပိုင်းကို စုဝေးလိုက် သည်။ သူသည် ယခုမှပင် ထာဝရဘုရားသခင်ကို သတိရ လာသည်။ သူတို့လူစု ထာဝရဘုရားသခင်ထံတွင် အသက် ဘေးမှ လွတ်ရန် ကယ်မပါမည့်အကြောင်း ဆုတောင်းကြ သည်။ ည ၁၀ နာရီကျော်ကျော်တွင် ဆုတောင်းပွဲပြီးသည်။ ထို့နောက် ဆုတ်ခွာရန် ပြင်ကြရသည်။ ဒဏ်ရာရသူတွေကို သောင်ရင်းမြစ်တစ်ဖက်ကမ်းသို့ ပို့ရသည်။ လက်နက် ကြီးတွေ ဖြုတ်ပြီး ရွှေ့ပြောင်းရသည်။ လုံခြုံမှုရှိစေရန် ခြံပစ်သူကတော့ ပစ်ရပေဦးမည်။ နောက်ချန်ပြီး အသေခံ တိုက်ဖို့ လူတွေလည်း ရွေးရသည်။ ဒါမှ သူတို့ လွတ် လွတ်ကျွတ်ကျွတ် ဆုတ်နိုင်ပေမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဗိုလ်ချုပ်ကြီး တာမလာဘောသည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက် ၃ နာရီကျမှ KNU ဥက္ကဋ္ဌ ဗိုလ်မြနှင့် ဒုတိယဥက္ကဋ္ဌ ဖဒိုစံလင်းတို့ထံ အစီရင်ခံစာ တစ်စောင် ပို့နိုင်းလိုက်သည်။

**''ကော်မူးရာစခန်းမှ စစ်သားများကို တပ်မဟာ (၆) ခွင်ထဲသို့ အထက်တပ်မှူးတစ်ယောက် အနေနှင့် ကျွန်ုပ်က ဆုတ်ခွာခိုင်းလိုက်သည်''**

KNU များမှာ အံ့အားသင့်ကုန်ကြသည်။ လောဝီးဒီသည် ဝမ်ခသစ် တစ်ဖက်ကမ်းသို့ ရောက်နေသော စိုးစိုးကို အဆက်အသွယ်လုပ်သည်။

''ဘယ်လိုဖြစ်သွားတာလဲ ဗိုလ်မှူးကြီး။ ဘယ်အချိန်ကစပြီး ဆုတ်နေကြတာလဲ။ ဘယ်သူ့အမိန့်လဲ။ ဗိုလ်ချုပ်ကြီးမြ ဒေါကန်နေတယ်''

''မနက် ၆ နာရီလောက်မှာ စပြီး ဆုတ်လာကြတယ်။ တပ်ရင်း (၁၀၁) က စက်နဲ့လည်း အဆက်အသွယ် မရတော့ဘူး။ ခင်ဗျားဆီ လာမယ်ထင်တယ်။ ဒုဦးစီးချုပ်ရဲ့အမိန့်လို့ ရဲဘော်တွေက ပြောတယ်''

''မာနယ်ပလောအတိုင်းပဲလား''





''အဲဒီထက်ဆိုးမယ်။ အိုဗာဟက်ဘန်ကာအားလုံး ကျော်စီးကုန်ပြီ။ ရန်သူက တရကြမ်းပစ်တုန်းပဲ''

''ရန်သူတက်လာပြီလား''

''လာတော့မယ်''

ကော်မူးရာစခန်းမှ KNU များသည် သောင်ရင်းမြစ်တစ်ဖက်ကမ်းသို့ အလုအယက်ပင် ဆုတ်ခွာနေကြသည်။ တိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံ ကျည်လွတ်မြေတွင် ခိုအောင်းကာ အမိန့်အမျိုးမျိုးပေးနေကြသော KNU ခေါင်းဆောင်များသည် ကော်မူးရာစခန်း ကျဆုံးတော့မည်ဆိုသောအခါ အကြီးအကျယ် အံ့အားသင့်နေကြသည်။

ကော်မူးရာစခန်း၏ တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သော အိုမီဂါပုံမြစ်ကွေ့၏ အဝသည် မီတာ ၂၀၀ ခန့်သာ ကျယ်ဝန်းသည်။ ထိုဝင်လမ်းကို သွပ်ဆူးကြိုး ၁၁ ထပ် ကာရံထားပြီး သွပ်ဆူးကြိုးများအကြား၌ မိုင်းနှင့် ထောင်ချောက်များက မရေမတွက်နိုင်အောင် ရှိနေသည်။ သွပ်ဆူးကြိုးကို ကျော်လာသည်ထားဦး။ ဆက်သွယ်ရေးမြောင်း သုံးထပ်နှင့် ပစ်ကျင်းတွေရှိသည်။ ရှေ့ခံစစ်စည်း



www.burmeseclassic.com

www.burmeseclassic.com



တွင် လူ ၆ ဦး၊ ၇ ဦးစီ ပစ်ခတ်နိုင်သော အခိုင်အမာ ကွန်ကရစ် ဘန်ကာကြီး ၁၀ လုံးက မားမားမတ်မတ် ရပ်တည်နေသည်။ ကျွန်းလုံးကြီးများဖြင့် အခိုင်အမာဆောက်လုပ်ထားသော ဘန်ကာကြီးများကလည်း လက်နက်ကြီးဒဏ် ခံနိုင်ရည်ရှိသည်။

ဤမျှတောင့်တင်းခိုင်မာလှသော စခန်းကြီး အဘယ်ကြောင့် ကျဆုံးရပါသနည်း။

ကော်မူးရာတိုက်ပွဲမှ ထွက်ပြေးလာသူများကတော့ အဖြစ်မှန်ကို သိနေကြသည်။ သွပ်ဆူးကြိုး ၁၁ ထပ် ပြတ်တောက်ကုန်သည်မှာ ကြာပြီ။ မိုင်းကွင်းများပေါ်တွင် လက်နက်ကြီးတွေ ကျကွဲသဖြင့် ပြောင်တလင်းခါကုန်သည်မှာလည်း ကြာပြီ။ ကွန်ကရစ်ဘန်ကာတွေလည်း ပြိုကျကုန်ပြီ။ လူတွေလည်း သေသူသေ၊ ပြေးသူပြေးနှင့် လျော့ကုန်ပြီ။ တပ်မဟာ (၇) မှ စစ်ကူတွေမရောက်၊ လမ်းမှာပင် ရှောင်တိမ်းကုန်သည်။ ဘေးက နောက်က ပတ်တိုက်မည်ဆိုတာလည်း ဘာမှမလုပ်ကြ။

"နောက်ဆုံးတော့ လူကုန်၊ ကျည်ကုန်၊ ငွေကုန် ဖြစ်သွားမှာပဲ"





...မူးရာတိုက်ပွဲတွင် စခန်းအား စွန့်ခွာရန် မိမိသဘောနှင့် မိမိ ဆုံးဖြတ်ပြီး ...မိန့်ပေးခဲ့သည့် KNU ဒုစစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီးတာမလာဘော

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရေတိုက်ပွဲ ကာလက ကော်မူးရေ အထူးဒေသ နှင့် ကော်မူး
တာဝန်ခံ ဗိုလ်မှူးချုပ် ထောလ




ာ်မူးရေတိုက်ပွဲတွင် စခန်းမကျအောင် အပြင်စည်းမှ လှည့်လည်တိုက်ခိုက်
ပေးခဲ့ရသည့် KNU တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးချုပ် ထိန်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာ တိုက်ပွဲတွင် တပ်ရင်းတစ်ရင်း စေလွှတ်ပေးခဲ့ရသည့်
ကေအင်ယူ တပ်မဟာ (၆) တပ်မဟာမှူး ဗိုလ်ချုပ်ရွှေဆိုင်း



ကော်မူးရာ စခန်းဝမှ မိုင်းကွင်း

www.burmeseclassic.com



ကော်မှူးရာ စခန်းအဝင်တွင် ပုံပါအတိုင်း သံချောင်းကြီးများရိုက်ထားသည့် ပျဉ်ချပ်ကြီးများကို
အတားအဆီးအဖြစ်ချထားသည်



ကော်မှူးရာ စခန်းတွင်းမှ သိမ်းဆည်းရမိ သံချပ်ကာကား

www.burmeseclassic.com

www.burmeseclassic.com

ကော်မူရာ စခန်း ရောက် နိုင်ငံခြားသားတစ်ဦး အား KNU စစ်သည်များ နှင့် အတူတွေ့ရစဉ်







ကော်မူရာ စခန်းအတွင်းမှ KNU စစ်သည်တစ်ဦး RPG ဖြင့် တပ်မတော်ချေမှုန်းရေးတပ်များအား ပစ်ခတ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com




ကော်မူးရာ စခန်းအတွင်း မှခံစစ်ဆင်နေကြသည့် KNU စစ်သည်များ



ကော်မူးရာ အဝင်ဝ သတ်ကွင်းအတွင်းမှ မြန်မာ့တပ်မတော် ကျဆုံးစစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅ - ခုနှစ်က ကော်မူးရာ စခန်းတွင်းမှ လက်နက်ကြီးထိမှန်ပျက်စီးနေသော ဘန်ကာတစ်ခု



ထောလသည် ဗိုလ်ချုပ်မောင်မောင် ပြောခဲ့သော ကားကို သတိရနေမည် ဖြစ်သည်။ စင်စစ် သူတို့သည် ကော်မူးရာမှ မဆုတ်လို့လည်း မဖြစ်တော့ပေ။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မိမိတို့ ၉၇ ယောက် ကျဆုံးခဲ့ရသည်။ ပြင်းထန်စွာ ဒဏ်ရာ သဖြင့် သောင်ရင်းမြစ်အရှေ့ဘက်ကမ်းကို ၁၁၈ ယောက် ပို့လိုက်ရသည်။ ရုပ်မှန်သူ ၂၅၀ ခန့်ရှိမည်။ ထိုသူများမှာ သည်း သွေးလွန်လျှင် သေမည်သာ ဖြစ်သည်။ ဆေးဝါး သမှု မခံယူလို့လည်း မဖြစ်။

ဤ ၄ ရက်အတွင်းမှာပင် ပျက်စီးကုန်သည့် လက်နက်ကြီးတွေ ရှိသည်။ မီးလောင်ကုန်သည့် လက်နက် ငယ်တွေ ရှိသည်။ သူတို့သည် လက်နက်ကြီး ၄၂ လက်နှင့် လက်နက်ငယ် အလက် ၄၀၀ ကျော် ဆုံးရှုံးခဲ့ရသည်။ ဆုံးရှုံးသည့်မှာ သူတို့သည် အောင်မြင်စွာ စနစ်တကျ ဆုတ်ခွာခြင်းကို မပြုလုပ်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ တိုက်ပွဲ စစ်လျှောက်လုံး ကောင်းစွာ တိုက်ခိုက်ခြင်းမပြုဘဲ တစ် ယောက်ပြီးတစ်ယောက် ထွက်ပြေးနေခဲ့ကြသော တပ်ရင်း (၁၁) သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ညသန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com



တွင် လက်နက်များကို စွန့်ပစ်ကာ တစ်ယောက်မကျ ထွက်ပြေးသွားကြလေပြီ။

ကော်မူးရာစခန်းတွင် ကျန်ရစ်သော တပ်ရင်း (၁၀၁) မှ ကေအင်ယူများသည်လည်း ခုခံပစ်ခတ်ရန် စိတ်ကုန်နေလေပြီ။ စိတ်ဓာတ်မှာ သုညအောက်သို့ ကျဆင်းနေပေပြီ။ ထောလသည်လည်း ဆုတောင်း ပြီးကတည်းက ဘယ်ရောက်နေမှန်း မသိတော့။ ရှိသည် သူက ဖြစ်သလို ကွပ်ကဲရသည်။ အောင်မြင်စွာ စနစ် တကျ ဆုတ်ခွာခြင်း မဟုတ်ဘဲ ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲဆုတ်ခွာခြင်းသည် သူတို့ကို အကျအဆုံး ပိုမိုများပြား စေတော့သည်။

❖ ❖ ❖

ဗိုလ်မြသည် ကော်မူးရာ (ခေါ်) ဝမ်ခသစ်စခန်းအား ထိန်းချုပ်တိုက်ခိုက်နေသူများအား နောက်ပိုင်းမှ ပတ်၍ တိုက်ရန် တပ်မဟာ (၇) ကို အကြိမ်ကြိမ်ပင် အမိန့်ပေးခဲ့ သည်။ ထိန်မောင်သည် ဝေ့လည်ကြောင်ပတ်သာ လုပ်နေ ခဲ့သည်။ လက်တွေ့တွင် မလုပ်နိုင်ခဲ့။ ဗိုလ်မြသည် တပ်မဟာ





(၆) ကို ခိုင်းပြန်သည်။ တပ်မဟာ (၆) သည် မာနယ်ပလော ဒေသနာမှ စတင်ကာ တိုက်ပွဲများနှင့် တတ်နိုင်သရွေ့ ကင်း ကင်းရှင်းရှင်း နေခဲ့သည်။ ဗဟိုကော်မတီက သူ့နယ်မြေထဲ ဝင်ပြီး တိုက်ရိုက်ချုပ်ကိုင်လာမှသာ မကောင်းတတ်၍ ချုပ်ရှားခြင်းမျိုး လုပ်ပြသည်။

ဗိုလ်မြသည် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ညအထိ တပ်မဟာ (၆) နှင့် တပ်မဟာ (၇) ကို ကော်မူးရာအား ကူညီရန် အစွမ်းကုန်ဖိအားပေးနေခဲ့သည်။ တပ်မဟာ (၆) နှင့် တပ်မဟာ (၇) က မလှုပ်။ ထောလသည် ဂျော်နီနှင့် မောင်ထွန်းတို့ လာရောက်ကူညီမည်ကို မျှော်လင့်နေခဲ့သည်။ ဘုန်းတောင်ကြောတိုက်ပွဲများတွင် ထွက်ပြေးခဲ့သော မောင် ထွန်းသည် ထိုင်းနိုင်ငံ ကျည်လွတ်မြေမှသာ ခိုကပ်နေ သည်။ ဂျော်နီသည် ကြက်တူရွေးရွာသို့ ဦးတည်သွားရာ တိုက်ပွဲဖြစ်ပွားသဖြင့် ပြန်ပြေးလာရသည်။ သူသည် ကော့ကရိတ် ဆင်ခြေဖုံးရှိ လူနေရပ်ကွက်ကို ပစ်ခတ်မီးရှို့ ရုံသာ တတ်နိုင်ခဲ့သည်။

ထိန်မောင်သည် သူကိုယ်တိုင်က ထိုင်းနိုင်ငံ ကျည် လွတ်မြေတွင် ခိုအောင်းနေသော်လည်း ဂျော်နီနှင့် မောင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကိုမူ အစွမ်းကုန် ဖိအားပေးခဲ့သည်။ ကျော်နီနှင့် မော
ထွန်းထံမှ လူတွေထုတ်ပြီး ထောလထံ စစ်ကူသွားနိုင်
သည်။ စစ်ကူများသည် ကော်မူးရာသို့ ရောက်၍မလာ
မဲဆောက်မှ စိုးစိုးကလည်း ကော်မူးရာ တစ်ဖက်ကမ်းအ
ရောက်လာကာ ကော်မူးရာကို ကူညီပါမည့်အကြောင်း တ
မဟာ (၆) ကို ဖိအားပေးခဲ့သည်။ မည်သူမျှမလှုပ်။

သို့နှင့် ကေအင်ယူတို့၏ နောက်ဆုံး အခိုင်အမာ
စခန်းကြီးဖြစ်သော ကော်မူးရာ (ခေါ်) ဝမ်ခသစ် ကျဆုံး
ခြင်းပင် ဖြစ်သည်။

❖ ❖ ❖

တပ်မဟာ (၇) မှူး ထိန်မောင်သည် ကော်မူးရာ
ထောလတို့ ဆုတ်ခွာရကြောင်း ကြားသိရသည်နှင့် သူ့
တွေကို အမြန်ပြန်ပေးရန် တောင်းဆိုတော့သည်။

"အကြောင်းကြား အကူအညီတောင်းခံခြင်း ဖြ
သည်။ သင့်ထံသို့ ရောက်ရှိနေသော ကျွန်ုပ်၏ ရဲဘော်မျာ
ကို အမြန်ပြန်ပေးပါ။ ကျွန်ုပ်သည် ဘားအံခရိုင်နယ်မြေသ
ဝင်ရောက်တိုက်ခိုက်ရမည် ဖြစ်သည်"





ထိန်မောင်သည် စစ်ရှုံးသဖြင့် မျက်နှာငယ်နေရသော ထောလကို လေသံမာမာဖြင့် အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ထောလက အကြောင်းမပြန်။ ထောလ ဘယ်ရောက်နေသည်ကိုလည်း ဆက်သွယ်၍မရ။

**DKBA** တပ်များသည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲမှစ၍ ကော်မူးရာစခန်းကြီးထဲသို့ အတားအဆီးမရှိ ဝင်ရောက်လာကြရာ တစ်နာရီအတွင်းမှာပင် စခန်းကို အခုအခံမရှိ သိမ်းပိုက်ရရှိတော့သည်။ ကော်မူးရာစခန်းသိမ်းတိုက်ပွဲသည် မာနယ်ပလော စခန်းသိမ်းတိုက်ပွဲကဲ့သို့ပင် အကျအဆုံး နည်းပါးလှသည်။ ကျဆုံးသူ ၂ ဦးသာ ရှိသည်။ ၁၀ ဦးသာ ဒဏ်ရာရသည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကော်မူးရာတိုက်ပွဲတွင် ကေအင်ယူတို့၏ အဆုံးအရှုံးမှာ ကြီးမားလှသည်။ စုစုပေါင်း လူ ၂၁၂ ယောက် ကျဆုံးခဲ့ရသည်။ ၉၃ လောင်းကို သင်္ဂြိုဟ်နိုင်ခြင်းမရှိဘဲ ပစ်ထားခဲ့ရသည်။ ၂၃၀ ယောက် အပြင်းအထန် ဒဏ်ရာရပြီး အသက်ဘေး စိုးရိမ်ရသည်။ ၄၀၀ ကျော် အနည်းအကျဉ်း ဒဏ်ရာရသည်။ ၁၂၀ မီလီမီတာ



www.burmeseclassic.com

www.burmeseclassic.com



စိန်ပြောင်းကြီး ၂ လက်၊ ၃ ဒသမ ၅ လက်မ လောင်ချာ ၁၁ လက်၊ ၂ ဒသမ ၇၅ ရော့ကက် ၁ လက်၊ ပွိုင့်ဖို စက်သေနတ်ကြီး ၄ လက်၊ အာပီဂျီ ၆ လက်၊ ဘရောင်း နင်စက်သေနတ် ၄ လက်၊ ၃ လက်မ စိန်ပြောင်းကြီး ၁ လက်၊ ၈၂ မီလီမီတာစိန်ပြောင်းကြီး ၃ လက်၊ မီလီမီတာ စိန်ပြောင်းကြီး ၄ လက်၊ ၆၀ မီလီမီတာ စိန်ပြောင်း ၄ လက်၊ ၅၇ မီလီမီတာ နောက်ပွင့် ၄ လက် လက်နက်ငယ်မျိုးစုံ အလက် ၄၀၀ ကျော်ကို DKBA တပ်များက သိမ်းဆည်းရမိသည်။ အချို့ ရေထဲကျကျန် တာလည်း ရှိသည်။

ပျက်စီးခဲ့ရသည့် လက်နက်ကြီး လက်နက်ငယ် များကလည်း အမြောက်အမြားပင် ဖြစ်သည်။ ကွန်ကရစ် ဘန်ကာ အပါအဝင် အခိုင်အမာဘန်ကာ ၂၀၀ ခန့် ပြိုကျ ပျက်စီးကုန်သည်။ သွပ်မိုးအိမ် ၅ လုံးနှင့် အင်ဖက်မိုးအိမ် ၄၅ လုံးလည်း မီးလောင်ပျက်စီးသည်။ ဆက်သွယ်ရေးစက် တွေ ဆုံးရှုံးသည်။

ကော်မူးရာတွင် အကောင်းအတိုင်း ကျန်ရစ်ခဲ့ သည်မှာ သံချပ်ကာ ယာဉ်သုံးစီးဖြစ်သည်။ မာနယ်ပလော

မြရတနာစာပေ



ဒန်းက သံချပ်ကာ ယာဉ်တစ်စီး ဆုံးရှုံးသည်။ ထိုသံချပ် ာယာဉ်များ KNU တို့ထံ ရောက်ရှိလာပုံမှာ ထူးဆန်း ည်ဟု ဆိုနိုင်သည်။ မိုးပေါ်က ကျလာခြင်းတော့ မဟုတ်။ ိုင်းနိုင်ငံနယ်မြေမှတစ်ဆင့် သောင်ရင်းမြစ်ကို ဖြတ်ကျော် ာ ရောက်ရှိလာခြင်း ဖြစ်သည်။ တန်ဖိုးကလည်း သေးလှ။ သို့ရာတွင် Local made များ ဖြစ်၏။

❖ ❖ ❖

မာနယ်ပလောဒေသ တိုက်ပွဲများနှင့် ကော်မူးရာ ိုက်ပွဲဖြစ်စဉ်များအတွင်း KNU စုစုပေါင်း ၄၀၀ ခန့် သေဆုံးခဲ့ရပြီး ပြင်းထန်စွာ ဒဏ်ရာရသူ ၅၀၀ ကျော်ခန့် ှိသည်။ အနည်းငယ် ဒဏ်ရာရသူမှာလည်း မနည်းလှ။ NU တို့၏ တိုက်ခိုက်ရေးအင်အား ၁၀၀၀ ကျော်ခန့်မှာ ုံးဝဆုံးရှုံးသွားခြင်းပင် ဖြစ်သည်။ DKBO အဖွဲ့ ၏ က်နက်ကိုင်တပ်ဖြစ်သော DKBA နှင့် ပူးပေါင်းသူများမှာ ၀၀ ကျော်သည်။ ဆက်လက်၍ ပူးပေါင်းနေသူများလည်း ှိသည်။ တိုက်ပွဲများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ရှောင် ှားနေသူများမှာလည်း မနည်းလှ။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



KNU တို့၏ ပြိုကွဲခြင်းမှာ ခေါင်းဆောင်ပိုင်းမှ
ငယ်သားများအထိ ဝါးအစည်းပြေသကဲ့သို့ ပြိုကွဲခြင်း
ဖြစ်သည်။ ခေါင်းဆောင်များမှာ မညီမညွတ်ဖြစ်၍နေသည်။
ဗိုလ်မြနှင့်အတူ ဆက်၍ မိုက်တွင်းနက်လိုသူက လူနည်း
ဖြစ်သည်။ အများက ငြိမ်းချမ်းရေးရယူချင်သည်။ အချို့က
ကရင်တော်လှန်ရေးကို စိတ်မဝင်စားတော့။ DKBO နှင့်
ပူးပေါင်းသူများတွင် ခရစ်ယာန်ဘာသာဝင်များပါ ပါဝင်လာ
သဖြင့် ဘာသာရေး ပဋိပက္ခ မဟုတ်တာလည်း သေချာ
လေပြီ။ ခရစ်ယာန်ဘာသာဝင် အများစုကလည်း ကိုယ့်
လူမျိုးအချင်းချင်း တိုက်ခိုက်ရန် ငြင်းဆိုနေကြသည်။

ဗိုလ်မြသည် ကြံရာမရဖြစ်သွားရသည်။ ကော်မူး
ရာသည် သူ့အတွက် နောက်ဆုံးသော ကောက်ရိုးမျှင်
ဖြစ်နေသည်။ ထိုကောက်ရိုးမျှင်သည် ကြေမွသွားလေပြီ
သို့သော် ဗိုလ်မြ၏ဆရာများက ပြောက်ကျားစစ် ဆင်နွှဲရန်
ဖိအားပေးလာကြပြန်သည်။ အခိုင်အမာစခန်းများ မထား
ခံစစ်ရှင်လုပ်ဟု ဆိုသည်။ သူတို့သည် KNU ရာဇဝင်
လှည်းဘီးကြီးကို ပြောင်းပြန်လှည့်ပြီး အစမှ ပြန်လည်လည်
ပတ်စေရန် လမ်းကြောင်းချပေးနေသည်။ ယုတ်မာ





ကောက်ကျစ်၍ ညစ်ပတ်စုတ်ပဲ့သော နည်းလမ်းမျိုးစုံကို
သုံးရန်လည်း သူလျှိုများက သင်ကြားပေးနေကြသည်။

မြန်မာစကားပုံတွင် သူခိုးကြီးတော့ ဓားပြ၊ ဓားပြ
ကြီးတော့ သူပုန်ဟူ၍ ရှိနေသည်။ ဗိုလ်မြသည် စိုင်ကော်၍
ခုံပေါ်ရောက်ပြီး အချောင်သူပုန်ခေါင်းဆောင်ဖြစ်လာသူ
ဖြစ်သည်။ ယခုတော့ ထိုစကားပုံသည် ပြောင်းပြန်ဖြစ်ပေ
တော့မည်။ သူပုန်သေးလျှင် ဓားပြဖြစ်မည်။ ဓားပြသေးလျှင်
သူခိုးဖြစ်မည်။ ဗိုလ်မြ၏ ပြောက်ကျားအဖွဲ့များသည်
ဤလမ်းကြောင်းကို လိုက်ရပေတော့မည်။

❖ ❖ ❖

ဗိုလ်မြတွင် အကြောက်ရဆုံးသော အနီးကပ်ဆရာ
တစ်ဆူရှိသည်။ အခြားတော့ မဟုတ်။ သူ၏ဇနီးဖြစ်သူ
နော်လားမူပင်ဖြစ်သည်။ ဗိုလ်မြသည် နော်လားမူပြောသမျှ
လုပ်ရသည်။ နော်လားမူကို သူ မလွန်ဆန်ရဲ။ ဗိုလ်မြ
တစ်ယောက် မယက (ခေါ်) မယားကြောက်ဂိုဏ်းဝင် ဖြစ်
နေသည်ကို KNU ဗဟိုအသိုင်းအဝိုင်းမှ အားလုံးသိကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောနေတာ ကြာပြီ။ ကိုယ်လည်း ဒီလောက်ချမ်းသာနေတာ တော်ရောပေါ့။ အခုတော့ ချမ်းသာသမျှကို အေးအေးဆေးဆေး စည်းစိမ်မခံစားရဘူး ဖင်းမယ်အိမ်မှာဖြစ်ဖြစ်၊ ဗန်ကောက်အိမ်မှာဖြစ်ဖြစ် ဖိမ်နဲ့ သွားနေရင် ရတာပဲ"

ဗိုလ်မြသည် နော်လားမူကို ကြောက်သည်။ သို့ သော် သူချမ်းသာသမျှမှာ KNU ငယ်သားများ၏ အသက် သွေးချွေးတို့ဖြင့် ရင်းနှီးထားရသော ကရင့်တော်လှန်ရေး၏ အဆီအနှစ်ဖြစ်နေသည်။ သူ့ကို မည်သူ ကျေနပ်ပါမည် နည်း။ သူ့ကို ကြိုးဆွဲနေကြသော လက်မည်းကြီးများကရော လက်ခံပါမည်လော။

**KNU** များသည် မာနယ်ပလောစခန်းကြီး ကျဆုံး ရခြင်းမှာ မမျှော်လင့်ဘဲ အလစ်အငိုက်အတိုက်ခံရ၍ ကျဆုံး ခြင်းဖြစ်သည်။ နိုဒေးနှင့်နော်တ ခံစစ်ကြောင်း ကျိုးပေါက်၍ ကျဆုံးရခြင်းဖြစ်သည် စသည်ဖြင့် ယူဆကြသည်။ ကော် မူးရာစခန်းကိုမူ ဘယ်တော့မှ မကျဆုံးနိုင်ဟု အခိုင်အမာ ယုံကြည်ထားကြသည်။ သုံးလလုံးလုံး နေ့စဉ် ပစ်ခတ် တိုက်ခိုက်လျှင်ပင် မရနိုင်ဟု ထင်ကြသည်။ မိုးကျလာလျှင်





ကြီးလာမည်။ စခန်းထဲက လူများပင် သစ်ပင်ပေါ် ာက်နေကြရသေးလေရာ လာတိုက်သူများမှာ ရေထဲ မျောပါသွားရုံသာ ရှိတော့သည်။

မကျစေရ၊ ကော်မူးရာသည် ဘယ်တော့မှ မကျစေရ၊

ကော်မူးရာခံတပ်သည် အလွန်တောင့်တင်းသည်။ ိတာ ၂၀၀ ခန့်သာ ကျယ်ဝန်းသော အိုမီဂါအဝမှ သတ် ှင်းသည် ပြောင်ရှင်း၍နေသည်။ အကာအကွယ်ဟူ၍ လုံးဝ ရှိ။ တက်လာသမျှ ပစ်ရုံသာရှိသည်။ သံဆူးကြိုး အတား အဆီး ၁၁ ထပ်ကြားမှ မိုင်းနှင့် ထောင်ချောက်များကလည်း ခြေချစရာပင် မရှိ။ သစ်သားပြားများပေါ်တွင် သုံးလက်မ၊ လေးလက်မ သံတွေ စိုက်ပြီး လုပ်ထားသည့် သံမြှောင့်တွေ ာလည်း အပြည့်။

ထို့အပြင် သံဆူးကြိုးတန်း တစ်ခုနှင့်တစ်ခုအကြား တွင် နိုင်ငံတကာသုံးဆူးဘာဂျာ (ခေါ်)ခေတ်မီသံဆူးကြိုးခွေ အတားအဆီးတွေ ရှိနေသည်။ ဆူးဘာဂျာများမှာ အရပ် ာက်သုံးပစ္စည်းမဟုတ်။ ကာကွယ်ရေး ပစ္စည်းစက်ရုံများက သာ ထုတ်လုပ်သော စစ်ဖက်သုံးပစ္စည်းများသာ ဖြစ်သည်။ တိုက်ပွဲဖြစ်နေတုန်း ထပ်မံ ရောက်ရှိလာသော ဆူးဘာဂျာ



www.burmeseclassic.com

www.burmeseclassic.com



များမှာ အမဲဆီပင် မချွတ်ရသေး။ KNU များသည် ၂-၉၅ ရက်နေ့တိုက်ပွဲ အပြီးတွင် သံဆူးကြိုးနှင့် ဆူးဘာ အတားအဆီး နှစ်ထပ် ထပ်မံချထားနိုင်လိုက်ကြသေးသည်

ကွန်ကရစ်ဘန်ကာများ၏ ကွန်ကရစ်သားထု လေးပေခန့် ထူသည်။ ကျွန်းလုံးကြီးများမှာ လက်နှစ် ခန့် လုံးပတ်ရှိသဖြင့် လက်နက်ကြီးဒဏ်ကို ကောင်း ခံနိုင်သည်။ တစ်ဖက်နိုင်ငံလုပ် မြေရေခွံအိတ်များအတွ သဲထည့်၍ ပြုလုပ်ထားသော သဲအိတ်များကလည်း တော် မူးရာစခန်းတစ်ခုလုံးတွင် သောင်းနှင့် သိန်းနှင့်ချီ၍ ရှိ သည်။ လက်နက်ကြီး၊ လက်နက်ငယ်များကလည်း ဖော သောချင်းပင်။ တိုက်ခိုက်မည့်လူဦးရေထက် ကိုင်ဆော ရမည့် လက်နက်များကပင် ပိုနေသေးသည်။

ဤမျှခိုင်မာတောင့်တင်းလှသော ခံစစ်စခ ကြီးသည် မည်ကဲ့သို့ ကျဆုံးနိုင်ပါမည်နည်း။ တစ် နိုင်ငံမှ မဟာမိတ်များကလည်း ၁၅၅ မီလီမီတာ အမြော ကြီးဖြင့် ကျည်အတောင့် ၁၀၀ ပစ်ပေးပါမည်ဟု ဆိုသည် ထရပ်ကားပေါ်တွင် တင်ထားသည့် ဒုံးပျံပစ်စင်များကလ ဒုံးကျည်တွေ အတွဲလိုက်ပစ်ပေးဦးမည်။ ပစ်မှတ်ရှာရသ





ဒါများ ကြားဖြတ်သတင်းဖမ်းမည့် ဆက်သွယ်ရေးစက် ကလည်း ပုံမှန်အလုပ်လုပ်နေကြသည်။

ထိုင်းနိုင်ငံနယ်မြေထဲဝင်ပြီး နောက်ကျောမှ တိုက်မခံရရေးအတွက်လည်း KNU အချို့သည် ထိုင်း င်မှ စောင့်ကြပ်နေကြသည်။ ထိုင်းနိုင်ငံကလည်း ထိုသို့ က်ခိုက်ခြင်းကို လက်မခံပါဟု အကြိမ်ကြိမ် ကြေညာ သည်။ ထိုင်းနိုင်ငံသည် နှစ်ဖက်လက်နက်ကိုင်တပ်များ နယ်မြေကို အသုံးပြုခွင့်မပေးဟု ဆိုသည်။ သို့သော် ်င်းလက်နက်ကိုင် တပ်များကိုတော့ တိုးတိုးတိတ်တိတ် လည်မှု ယူပြီး အသုံးပြုနေသည်။ သိုသိုသိပ်သိပ် လာဘ် ပြီး လှုပ်ရှားနေကြသည်။

တကယ်တိုက်ကြသောအခါ တပ်မဟာ (၆) မှ ကူအဖြစ် ဖွဲ့စည်းပေးထားသည့် တပ်ရင်း (၁၆) သည် ်ကျေဝတ်ကုန်သာ ပစ်သည်။ ABSDF ကပ်ပါးများက ည်း လုံးဝ အားမကိုးရ။ တစ်ယောက်ပြီး တစ်ယောက် က်ပြေးနေကြသည်။ ထောလသည် ရေကျော်နင်းကြမ်း ားလေး တစ်ခုရှိရာ ဝင်ပေါက်တစ်ခုကိုသာ ချန်လှပ်ပြီး က်ပြေးသူများကို ပစ်သတ်နိုင်ခဲ့သည်။ ပြေးသူများက



www.burmeseclassic.com

www.burmeseclassic.com



လည်း သံဆူးကြိုးများ၊ မိုင်းကွင်းများကို ဖောက်ထွင်း ရှောင်တိမ်းသွားကြသည်။

''ကြောက်လို့ပြေးတာ မဟုတ်ဘူးဟေ့။ မတိုက် ချင်လို့ကို ပြေးတာ။ အဓိပ္ပာယ်မရှိ အသေမခံချင်လို့ ပြေး တာ။ အရူးတွေ၊ ဦးနှောက်မရှိတဲ့ကောင်တွေပဲ ဆက် အသေခံကြ''

တပ်ရင်း (၁၆) က ရဲဘော်တွေ ပြောသွားသည့် စကားကို ကြားရသောအခါ ထောလတစ်ယောက် အကြီး အကျယ် ဒေါသထွက်ရသည်။

''သတ်ပစ်။ ပြေးတဲ့ကောင်တွေ သတ်ပစ်။ နောက် ဆုတ်တဲ့ကောင်တွေ အရှင်မထားနဲ့''

ထောလ၏သတ်မိန့်များသည် ထွက်ပြေးသူများ မတားဆီးနိုင်ခဲ့။ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး တစ်လက် ပေါ်သို့ လက်နက်ကြီးကျည်တစ်လုံး ကျရောက်ပေါက်ကွဲ စိန်ပြောင်းကျည်များပါ ထပ်ဆင့်ပေါက်ကွဲကုန်ပြီး အစုလိုက် အပြုံလိုက် သေပွဲဝင်ကြရသောအခါ ကေအင်ယူများအ စိတ်ဓာတ်ကို ပို၍ချောက်ချားစေတော့သည်။

❖ ❖ ❖

မြရတနာစာပေ



ထောလသည် တာမလာဘော၏ ခွင့်ပြုချက်ရရှိ သောအခါ အောင်မြင်စွာ ဆုတ်ခွာခြင်း ဖြစ်စေရန် စနစ် တကျ ဆုတ်ခိုင်းဖို့ အမိန့်ပေးသည်။ သို့သော် ကော်မူးရာ စစ်သည် ခွာစစ်မဖြစ်ခဲ့။ ပြေးစစ်သာ ဖြစ်သည်။ လုံးဝ ပ်ကဲလို့ မရ။ ဘာပစ္စည်းမှလည်း မသယ်နိုင်။ လက် ကြီး၊ လက်နက်ငယ်တွေ အမြောက်အမြား ကျန်ရစ်ခဲ့ သည်။ ဆုတ်ခွာမှုမှာ ဖရိုဖရဲ နိုင်လှသည်။ ရုပ်ပျက်ဆင်းပျက် င်လှသည်။ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက် သော စကားအတိုင်း ခြေကုန်သုတ်၍ ပြေးကြခြင်း င်တည်း။

စင်စစ် ကော်မူးရာတွင် စည်းပျက်ကမ်းပျက်ဖြစ် တာ ကြာလေပြီ။ ကော်မူးရာတွင် ရုပ်ပစ္စည်းများကသာ ာင့်တင်းခိုင်မာနေသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာ စုန်မျောနေလေပြီ ဖြစ်သည်။ ကော်မူးရာသည် ၁၉၉၂ စ် ဧပြီလအထိသာလျှင် တပ်မတော်၏ ထိုးစစ်နှင့် ဆိုင်ခဲ့ရပြီးနောက် တပ်မတော်က ထိုးစစ် ရပ်လိုက်သဖြင့် ရာယ် မရှိတော့။ ထိုအခါ လူတွေ ပေါ့ပေါ့နေ၊ ပေါ့ပေါ့ း ဖြစ်လာသည်။ ကော်မူးရာ အထူးဒေသအတွင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွဲပျောက်၊ နွားပျောက်ဖြစ်တိုင်း တရားခံမှာ ကော်မူးရာ စခန်းမှုပင် ဖြစ်နေသည်။ လူထုသည် အပြစ်မတင်ရဲ။ နှင့် ကြိတ်ပြီးမကျေနပ်ဖြစ်နေသည်မှာ ကြာပြီ။

ဒုံရင်းမြို့နယ်သည် ကော်မူးရာအထူးဒေသ လက်အောက်တွင် ရှိသည်။ ဒုံရင်းမြို့နယ်မှ ကရင်လူ သည် ကော်မူးရာမှ KNLA စစ်သားများ၏ နှိပ်စက် ဒဏ်ကို ခံရပေါင်းများပြီ ဖြစ်သည်။ ထို့ကြောင့် ကော်မူး မြို့နယ်မှ KNU ဒုဗိုလ်ခင်မောင်သည် ၁၉၉၄ ခုနှ နိုဝင်ဘာလ ၁၉ ရက်နေ့ကတည်းက တပ်ရင်း (၁၀ ဒုတပ်ရင်းမှူး သန်းမောင်ထံ တိုင်ကြားခဲ့သည်။ တပ်ရင်း (၁၀၁) သည် မည်သို့မျှ အရေးမယူနိုင်ခဲ့။

KNU ခေါင်းဆောင်တို့၏ အကျင့်ပျက်မှုကလည် ကမ်းကုန်နေသည်။

မဲဆောက်မှ ဗိုလ်မှူးကြီး စိုးစိုးသည် ခလောက်နှ မဝင်းတင်ဆိုသူ အမျိုးသမီးကို မကြာခဏ ခေါ်ယူပျော် ပါးနေသည်။ ဒုံရင်းမြို့နယ်ဥက္ကဋ္ဌ မန်းထိန်လင်းကလည် မြပေရွာမှ မူးမူး (ခေါ်) ဖြူဖြူကို ခြေတော်တင်သည် မိန်းမတွေ မှိုလိုပေါက်အောင်ယူပြီး ကရင်အမျိုးသမီးများအာ





မတွက်နိုင်အောင် ဖျက်ဆီးနေသည့် ဂျော်နီကလည်း ပေါက်ရွာမှ နော်မူးနွေ့ကို ခေါ်အိပ်သည်။ ဂျော်နီက မူးနွေ့ကို ရတနာဟု ချစ်စနိုး အမည်ပေးလိုက်သေး သည်။ ဖဒိုမန်းခင်အောင်တို့၊ ဖဒိုသန်းလွင်တို့၊ လုကျော်တို့၊ ဂျက်ခဲတို့၊ ဆရာကူးကူးတို့ကလည်း အိန္ဒူ၊ မြပေ၊ ပေါက်၊ ကော့ခမိတ်ရွာများမှ မိန်းကလေးတွေကို ယူဖျက်ဆီးနေကြသည်။

KNU ခေါင်းဆောင်များသည် မိန်းကလေးများအား ဆီးရုံမကဘဲ သူဌေးများနှင့်ဆက်ပြီး စီးပွားရေး လုပ် လိုက်သေးသည်။ မိန်းကလေးများသည် အစ်ကို ကြီးတို့၊ အစ်ကိုဖဒိုတို့၏ ဆင့်ခေါ်မှုကို စောင့်စားရင်း မှန်းနေကြသည်။ ကော်မူးရာ အပုပ်နံ့ထွက်သည်မှာ ကြာလေပြီ။

❖ ❖ ❖

ကော်မူးရာသည် မဖြေရှင်းနိုင်သော ပြဿနာ ကို ထားရစ်ကာ ကျဆုံးခဲ့ရခြင်းဖြစ်သည်။ လူ ၈၀၀ တွင် ခုခံပစ်ခတ်သူမှာ အရက်မူးနေသူ ဆေးကြောင်



www.burmeseclassic.com

www.burmeseclassic.com



နေသူ၊ ကိုယ့်တပ်တွေ ဆုတ်လို့ဆုတ်မှန်းမသိသူ လေ
ခြောက်ဦးသာလျှင် ရှိသည်။ ထောလသည် ကော်မူ
ကျဆုံးရခြင်းအပေါ်တွင် အဖြေရှာပေးရန် တာဝန်ရှိ
သည်။ သူသည် ဗိုလ်မြထံ နုတ်သံနှောပြီး ဖြေရှင်းရသ
ဗိုလ်မြသည် သူ၏ဆရာနှင့်တူသော မယားဖြစ်သည့်
လားမူနှင့်အတူ မဲဆောက်တွင် စောင့်နေသည်။

''အဓိကတရားခံကတော့ တပ်မဟာ (၆)
တပ်ရင်း (၁၆) က ကောင်တွေ လုံးဝမတိုက်ဘူး။ သူ
ပြေးတော့ တပ်ရင်း (၁၀၁) ပါ စိတ်ဓာတ်ကျတယ်။
ရက်နေ့က မင်းဝေတို့အဖွဲ့ ထွက်ပြေးပြီး လက်နက်ချတာ
မင်းဝေတို့ လက်နက်ချနိုင်အောင်လုပ်ပေးတာ ကျောက်
ဒီကောင်ကို အဖြေထွက်လာအောင် ထုလိုက်တာ
ပါတယ်''

''ဒါဆို ဒီကောင်ကို ဘာလုပ်ဖို့ထားနေရသေး
သတ်ပစ်လိုက်''

ဗိုလ်မြသည် လူတစ်ယောက်၏အသက်ကို ပိုး
တစ်ကောင်၏အသက်မျှပင် တန်ဖိုးမထားတတ်သူ
သတ်မိန့်တွေကို လှိုင်လှိုင်ပေးနေသည်။





''စောချစ်သူဆိုတဲ့ကောင်လည်း စိတ်မချရဘူး''

''ဒီကောင့်ကို စိတ်မချရင် ဘုရားသခင်ဆီ ပို့
လိုက်ပေါ့''

''ကျွန်တော် အမြန်ဆုံးလုပ်ပါ့မယ်''

ထောလတို့ လူစုသည် သောင်ရင်းမြစ်အရှေ့ဘက်
ကမ်းသို့ရောက်မှ ကော့်မူးရာကို ပြန်လည်တိုက်ခိုက်ရန်
ကြံစားကြသည်။ သူတို့ လာဘ်ထိုးထားသူများကတော့
ကော်မူးရာပေါ်သို့ ၁၅၅ မီလီမီတာ အမြောက်ကြီးဖြင့်
ပစ်ကြသည်။ လေကွဲကျည်တွေ ပစ်သည်။ ထရပ်ကား
ပေါ်တွင် တင်ထားသော ဒုံးပျံပစ်စင်များက ဒုံးကျည်တွေ
ပစ်သည်။ လက်နက်ငယ်များနှင့်လည်း ပစ်သည်။ သေမင်း
တမန်လက်နက်ကြီး၊ လက်နက်ငယ် ကျည်မျိုးစုံသည်
ဘစ်ဖက်ထိုင်းနိုင်ငံပိုင်မှ ပျံသန်းလာကြပြီး သောင်ရင်းမြစ်ကို
ဖြတ်ကျော်ကာ မြန်မာနိုင်ငံပိုင်နက်ထဲသို့ ကျရောက်လာ
သည်။ သို့သော် သူတို့သည် ကော်မူးရာကို ပြန်မရနိုင်
တော့ပေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



DKBA မှ ဖားနွီးသည် ဂျော်နီ့ကို ရင်ဆိုင်ရေး လိုက်လံရှာဖွေနေသဖြင့် ဂျော်နီလည်း ဆုတ်ခွာရသည်။ ဂျော်နီသည် မဲဆောက်သို့ ပြေးပြီး ဗိုလ်မြထံ သံတော်ဦး တင်ရသည်။ လူချင်းတွေ့သည်နှင့် ဗိုလ်မြက–

''မြို့တွေကို မီးရှို့၊ လက်နက်ကြီးတွေ ဖိပစ် သယံနိးညီနောင်ကို မြေကြီးပေါ်မှာ မကျန်အောင် ဖျက် ဆီးပစ်'' ဟု ဆီးပြောတော့၏။

ဂျော်နီသည် ဗိုလ်မြ၏မာတ်ပြားဟောင်းကြီးကို နာခံကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြန်လာရသည်။ ထိန်မောင်က ဂျော်နီ့အတွက်စိတ်ပူပြီး သူ့ဆီခေါ်ပြန်သည်။ ဖားနွီးတို့၊ ကျော်ကလဲ့တို့ဆိုတာက ဂျော်နီနှင့် တန်းတူညီ တူ တိုက်ခိုက်ရေးသမားတွေ ဖြစ်သည်။ အတူတူလုပ် လာတာ ကြာခဲ့သဖြင့်လည်း မြွေမြွေချင်း ခြေမြင်သည်။ ဂျော်နီသာ ချေမှုန်းခံလိုက်ရပါက ထိန်မောင်သည် လက် တစ်ဖက် ပြုတ်သွားမည်ဖြစ်သည်။ ထိုအချိန်မှာ ရာထူးကြီး ယူထားကြသည့် မောင်ထွန်းတို့ ဂျော့လေတို့က ဘာမှ မလှုပ်ရှားကြ။

❖ ❖ ❖

မြရတနာစာပေ



DKBA မှ ဗိုလ်မှူးကျော်ကလဲ့သည် ကော်မူးရာ စခန်းကြီးထဲ ဝင်ရောက်လာသည်။ ရှေ့ဆုံးမှ ကွန်ကရီ ဘန်ကာများမှာ ဖရိုဖရဲ ပြိုကျပျက်စီးနေသည်။ ထိုအထဲ တွင် KNU တွေ ပိတ်မိပြီး သေကျေနေကြသည်။ နေပူ လာသောကြောင့် အနံ့ဆိုးများပင် ထွက်နေသည်။ ကျွန်းတုံး ကြီးများမှာ မီးလောင်လို့ ကောင်းဆဲပင် ဖြစ်သည်။ ကော်မူးရာစခန်းကြီးတစ်ခုလုံးမှာ ဖရိုဖရဲနှင့် ပျက်စီး၍ နေသည်။

''ကျွန်တော်တို့ကို ပိတ်မိနေပြီ။ ထွက်လို့မရ တော့ဘူး။ ပြိုကျလာပြီ''

ဗိုလ်မှူးကျော်ကလဲ့သည် ဝေါကီတော်ကီမှတစ် ဆင့် ကြားခဲ့ရသည့် အော်သံများကို ပြန်လည်ကြားယောင် နေသည်။ ရှေ့ဆုံး ဘန်ကာများမှ KNU တွေအားလုံး ကျဆုံးကုန်သည်။ နောက်ကလူတွေ ခံမတိုက်ဘဲပြေးသည်။ ဗိုလ်မြလာလျှင် တည်းခိုဖို့ ဆောက်ထားသည့်အိမ်ကြီးမှာ လက်နက်ကြီးဗုံးဆန်တွေ မှန်ပြီး ဆန်ကာပေါက်ဖြစ်နေ သည်။ ကော်မူးရာတရားရုံးသည်လည်း ကျည်ဆန်ပေါက် တွေ ပွစာကြဲနေသည်။ ဗိုလ်မှူး ကျော်ကလဲ့သည် ထမင်းအိုး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို ရှာတွေ့သည်။ ချက်ထားတာမှ ပူပူနွေးနွေး ရှိသေးသည်။ ဆုတ်ရတော့မည်ကို မသိသည့်သူ ချက်သွားတာ ဖြစ်မည်။ သူသည် မွန်းလွဲ ၃ နာရီမှာ နေ့လယ်စာကို တဝကြီး စားလိုက်သည်။

''ဗိုလ်မှူး ... တံတားထိပ်မှာ ဟိုဘက်ကမ်း အရပ်သားတွေ ရောက်နေတယ်။ ဆန်ဝယ်မလား၊ ဝယ်မလား မေးတယ်။ နောက်ဒီမှာရှိနေတဲ့ ဆူးဘာဂျာ ဝယ်ချင်တယ်။ သွပ်ပြားတွေ ဝယ်ချင်တယ်တဲ့။ တွေလည်း ဝယ်ချင်တယ်တဲ့။ ဘန်ကာမှာ သုံးထား သစ်လုံးတွေ ဝယ်ချင်တာ''

''အဲဒီသစ်တွေကို ခွဲပြီး အိမ်ဆောက်ရင် ခြောက်မှာပေါ့ကွ။ ရှုပ်တယ်ကွာ။ အဲဒီကလူကူးတံတား ဖျက်ပစ်လိုက်''

ဗိုလ်မှူးကျော်ကလဲ့သည် ဘုန်းကြီးကျောင်း ရောက်လာသည်။ ဘုန်းကြီးကျောင်းမှာ သွပ်မိုးပျဉ်ထော ကျောင်းကြီးဖြစ်သော်လည်း ကော်မူးရာကလူတွေ ပစ်ထား သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့အလယ်မှာ ရောက်နေသည် ကျောင်းအဆောက်အအုံတစ်ခုလုံး နှစ်ဖက်ပစ်ကြသည်





တ်နက်ကြီး၊ လက်နက်ငယ်တွေ မှန်ထားလိုက်တာ ပေါက်တွေ မရေမတွက်နိုင်အောင် ဖြစ်နေသည်။ သို့ သော် ဗုဒ္ဓဆင်းတုတော်ကြီးမှာမူ ကျည်ဆန်ထိမှန်ခြင်း မရှိ။ ဗိုလ်မှူး ကျော်ကလဲ့သည် ဗုဒ္ဓဆင်းတုတော်ကြီးအား ည်ဝတ်ရိုကျိုးစွာ ရှိခိုးရင်း နှစ်ဖက်ကျဆုံးသူများအတွက် မျှအတန်းပေးဝေလိုက်သည်။

နှစ်ဖက်လူသူများစွာ ထိခိုက်ကျဆုံး ဒဏ်ရာ ခဲ့သော တိုက်ပွဲကြီးတစ်ပွဲကား ပြီးသွားလေပြီ။ ကော်မူးရာ သည် ယခု ငြိမ်းချမ်းငြိမ်သက်သွားလေပြီ။

**KNU** များမှာကား မငြိမ်းချမ်းနိုင်ကြသေး။ ခေါင်း ဆောင်များသည် **DKBA** တပ်များက ပြန်ပေးလာဆွဲမှာကို ကြောက်လန့်ပြီး ကျိုးလန့်စာစားဖြစ်နေသည်။ တစ်ဖက်နိုင်ငံ စ်တပ်၏ အကြီးအကဲများကလည်း သူတို့ကို မျက်စိ နောက်လာပြီ ဖြစ်သည်။ အောက်ခြေတွင် လာဘ်ထိုးဖို့ ာလည်း ခါတိုင်းလို မပြေလည်။ တိုက်ပွဲတွင် ကူညီပစ် တ်ပေးသူများသည် သေသေချာချာ ထိမှန်အောင် ပစ်ခတ် ခြင်းမရှိဘဲ ဝတ်ကျေဝတ်ကုန် ကျည်ထွက်လျှင်ပြီးရော ပ်သည်ဟု မည်သူက အာမခံချောင်သည်မသိ။ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တင်းမာလာတာက ရှိသေးသည်။ ခါတိုင်းလိုမဟုတ်။

အနောက်အုပ်စု မီဒီယာများက မည်မျှပင် အား... ပေးပါစေ KNU တို့၏ စိတ်ဓာတ်က တက်မလာ။ ... မီဒီယာများသည် KNU များအား မြန်မာလူထုတစ်... လုံးကပဲ အားပေးနေသယောင် လုပ်ကြံပြီး အသံ... ပေးကြသေးသည်။ တပ်မတော်သားများကိုပါ မသိမ... ဆွပေးကြသေးသည်။ သို့သော် KNU များကိုယ်တိုင်... သူတို့ကို မြန်မာတစ်နိုင်ငံလုံးမဆိုထားနှင့် ကရင်လူထု... ပင်မထောက်ခံကြောင်း သိရှိပြီး ဖြစ်နေကြပြီ။ DK... သည်သာ ကရင်လူထု၏ ထောက်ခံမှုရနေကြောင်းလည်း မငြင်းနိုင်တော့ပြီ။

"တပ်မဟာ (၄) နဲ့ တပ်မဟာ (၆) က ပေါ်... ဗိုလ်ချုပ်ကြီးမြကို ဖြုတ်ချမယ်။ ပြီးတော့ နဝတနဲ့ ... ချမ်းရေးယူမယ်တဲ့"

ထိုသတင်းသည် ဗိုလ်မြအတွက် အရှိက်ကို အထိ... ရသော သတင်းပင်ဖြစ်သည်။ သူသည် အော်လီဗာ... ရွှေဆိုင်းကို မကျေမနပ်ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်... ဆီက တပ်မဟာ (၁) နှင့် တပ်မဟာ (၈) က ခေါင်းဆော...





တွေကို အပြတ်ရှင်းသလို ရှင်းပစ်ချင်လာသည်။ ထိုစဉ်က တပ်မဟာ (၅) သည် ဗိုလ်မြလက်ချက်ကြောင့် လုံးဝ ပျောက်ကွယ်ခဲ့ရသည်။ တပ်မဟာ (၁) သည် သူ့ရှေ့ မှောက်တွင် ဒူးထောက်ခဲ့သည်။ သို့သော် တပ်မဟာ (၁) ၏ အင်အားအများစုသည် ယခုအခါ DKBA အဖြစ် သူ့ကို ပြန်လည်၍ ဒဏ်ခတ်နေပြီ။

"ကော်မူးရာကို နဝတစစ်တပ်က တိုက်ပြီး DKBA တိုက်တယ်လို့ ကြေညာတာဟာ မတရားဘူး။ နဝတ စစ်သားတွေအတွက် မခံချင်စရာဖြစ်တယ်ဆိုတဲ့ သဘောမျိုး ရေဒီယိုတွေက လွှင့်ပေးနေတယ်"

အနောက်အုပ်စု မီဒီယာများ၊ KNU တို့၏ ဆရာများမှာ မခံချိ မခံသာတွေ ဖြစ်နေကြသည်။ သူတို့ သည် တပ်မတော်သားများကိုပါ သွေးထိုးလှုံ့ဆော်ရန် ကြံစည်လာကြသည်။ သို့သော် တပ်မတော်သားများသည် တစ်သွေးတစ်သံ တစ်မိန့်သာဖြစ်သည်။ နာမည်ယူလိုသူများ လည်း မဟုတ်။ ထင်ပေါ်ကျော်ကြားလိုသူများ မဟုတ်။ တပ်မတော်က တိုက်ခိုက်ခဲ့သမျှ တိုက်ပွဲများမှာ သမိုင်း တစ်လျှောက်တွင် များလှပေပြီ။ တိုက်ပွဲတိုင်း သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပါသည်မဟုတ်။ DKBA တပ်က တပ်မတော်၏ လိုအပ်တာတွေ ကူညီမည်ဆိုရာတွင်လည်း မည်သည့် အကူအညီမျိုးကိုမဆို ပေးနိုင်သည်။ စင်စစ် ကော်မူးရာ စခန်းကြီး ကျဆုံးသွားရခြင်းသည်သာလျှင် အဓိက အကြောင်းအရာ ဖြစ်နေလေသည်။

ကော်မူးရာစခန်းကြီးကျဆုံးသည် ဆိုသည်နှင့် အနောက်အုပ်စုသည် ဧရာမီးနှင့် အပေါက်ခံရဘီသကဲ့သို့ စပ်ဖျဉ်းဖျဉ်းဖြစ်သွားရတော့သည်။ အမေရိကန်နိုင်ငံက ကန့်ကွက်သည်ဟု ဆိုသည်။ ဩစတြေးလျနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဂါးရက်(သ)အီဗန့်(စ်) Gareth Evans ကလည်း အကြီးအကျယ် ကန့်ကွက်ပြီး အရှေ့တောင် အာရှတွင် မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် ချန်လှပ် ထားခဲ့ရမည်ဟု ဆိုသည်။ KNU ဒုက္ခသည်များကို စာနာ သနားကြဖို့လည်း တစာစာ အော်နေကြသည်။

KNU လက်နက်ကိုင် အကြမ်းဖက်သမားများကို သူတို့က ဒုက္ခသည်ဟု ခေါ်သည်။ မြန်မာလူမျိုးတို့ နား လည်ထားသော ဒုက္ခသည်ဆိုသည်မှာ စားရမဲ့၊ သောက် ရမဲ့၊ နေစရာမရှိ၊ အတိဒုက္ခရောက်နေသူများ ဖြစ်သည်။





KNU များသည် နော်ဝေးနိုင်ငံမှ ဖောချင်းသောချင်း ကူညီ သော ရိက္ခာများကို အဝအပြဲစားပြီး တိုက်ခိုက်ရခြင်း ဖြစ် သည်။ ခေါင်းဆောင်များသည် အကြီးအကျယ် ချမ်းသာ ကြသည်။

အနောက်အုပ်စုသည် မြန်မာနိုင်ငံမှ အကြမ်းဖက် သမားသောင်းကျန်းသူများကို ဒုက္ခသည်ဟု သမုတ်ပြီး ထောက်ပံ့ပေးကမ်းရန် လက်နက် ပြန်လည်တပ်ဆင်ရန် အကြီးအကျယ် ကြိုးပမ်းနေသည်။ KNU တို့သည် အကြမ်း ဖက်လုပ်ငန်းတွေကို ကမ်းကုန်အောင် လုပ်သည်။ စစ်ရှုံး တော့ ဟိုဘက်နိုင်ငံကို ပြေးသည်။ ဟိုဘက်က ဒုက္ခသည် ဆိုပြီး နွေးထွေးစွာ ဆီးကြိုပွေ့ဖက်၍ လက်နက်ပြန်တပ် ဆင်ပေးဖို့ လုပ်သည်။ KNU တို့လက်ချက်ကြောင့် လူတွေ အမြောက်အမြား သေခဲ့ရသည်။ ဤသည်ကိုပင် မကျေနပ် သေးဘဲ ထပ်မံ၍ ရှူးတိုက်ပေးဖို့လုပ်ခြင်းမှာ မြန်မာနိုင်ငံကို ဖျက်ဆီးရန် ညစ်ပတ်စုတ်ပဲ့စွာ ကြံစည်ခြင်းပင်ဖြစ်သည်။

အနောက်အုပ်စု ဒုက္ခသည်ပေါ်လစီသည် လူမိုက် မွေးပြီး ကိုလိုနီလက်သစ်ဝါဒအရ ကျွန်ပြုရန် နည်းလမ်း တစ်ခုသာ ဖြစ်သည်။ လူ့အခွင့်အရေးအော်နေခြင်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသိနေသော လှည့်ကွက်ကြီးသာ ဖြစ်သည်။ မြန်... နိုင်ငံကသာ အိန္ဒိယနိုင်ငံမှ ဗီဆိုသူပုန်တို့ မီဇိုသူပုန်တို... ဒုက္ခသည်ဆိုပြီး ကြိုဆိုလက်ခံကာ ကူညီလျှင် သူတို့ ... ပြောကြမည်နည်း။ ထိုင်းနိုင်ငံမှ မြို့သူပုန်များကို မြန်... နိုင်ငံအတွင်းမှာ စခန်းဆောက်နေထိုင်ခွင့်ပေးမည်ဆိုလျှ... ထိုင်းနိုင်ငံက ဘယ်လိုနေမည်နည်း။ ကုသမဂ္ဂဒုက္ခသည်... မဟာမင်းကြီးရုံးကရော ဘာတွေပေးမည်နည်း။

စင်စစ် ရိုက်စား၊ ဟောက်စား၊ ကြိတ်စား၊ ခိုင်... များသာ ဖြစ်သည်။ ဒုက္ခသည်နာမည်တပ်ပြီး နိုင်ငံပေါ်... က ပိုင်းဝန်းထည့်သွင်းကြသည့် ဒေါ်လာငွေတွေကို ပိုင်... ကြသည်။ အကူအညီတွေကို ဖြတ်စား လျှပ်စား လုပ်ကြ... သည်။ KNU နှင့် ပြည်ပြေးများအတွက် ကြားပွဲစားလုပ်... အကူအညီရှာပြီး စီးပွားဖြစ်ကြသည်။ နော်ဝေးနိုင်... ဩစတြေးလျနိုင်ငံက လူတွေက မြန်မာနိုင်ငံကို ချစ်ကြသည်... ဆိုခြင်းကို မည်သူက ယုံရပါမည်နည်း။

လူကြီးလူကောင်းများသည် ကောင်းသောစကား... ဆိုကြသည်။ ယခုတော့ လူကြီးလူကောင်းများသည် သ... ဖျင်းယုတ်ညံ့သော စကားတွေကို လူပုံအလယ်မှာ အရှက်...





...ပြီး ဗိုလ်မြဆိုသည့် လူသတ်ကောင်ကြီးကို မြှောက်ပေး ...ခြင်းမှာ ရုက်ဖွယ်ကောင်းလှစွတကား။

မည်သို့ပင်ဆိုစေ KNU တို့၏ နောက်ဆုံး အခိုင် ...မာ မဆုတ်တမ်း ခံစစ်စခန်းကြီးဖြစ်သော ဝမ်ခသစ် ...ဒေါ် ကော်မူးရာစခန်းကြီးသည်ကား ၂၁-၂-၁၉၉၅ နေ့တွင် ...မြန်မာ့တပ်မတော်လက်တွင်းသို့ သက်ဆင်းသွားခဲ့လေပြီ။

❖ ❖ ❖

ဗိုလ်မြသည် ကော်မူးရာစခန်းကြီး ကျဆုံးခဲ့ရသော ...ကြောင့် စိတ်ညစ်သွားရသည်မှာ အမှန်ပင်ဖြစ်သည်။ မိမိ၏ ...အပလွှင်သည်ပင်လျှင် လှုပ်ယမ်း၍လာလေပြီ။ သို့သော် ...ဗိုလ်မြသည် ကော်မူးရာစခန်းကြီး ကျဆုံးရသည့်အပေါ်တွင် ...ဖြတ်ထုတ်ရန် ကြံဖြစ်အောင် ကြံလိုက်သေးသည်။

"ကော်မူးရာတိုက်ပွဲမှာ ရန်သူတွေ အဆိပ်ဗုံးသုံး ...ယ် မဟုတ်လား"

ဗိုလ်မြ၏မေးခွန်းကို ထောလက ခေါင်းခါပြီး ...ပြလိုက်ရာ ဗိုလ်မြမျက်နှာကြီး ရှုံ့မဲ့သွားရလေသည်။

"ငါတို့က ဒီကောင်တွေ အဆိပ်ငွေ့ဗုံးသုံးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပြောထားလို့ ရေဒီယိုတွေက နဝတကို ဝိုင်းဆော... နေကြတာကွ။ မင်းမသိလို့ ဖြစ်ပါလိမ့်မယ်။ ဒီကောင်တွေ... အဆိပ်ငွေ့ဗုံးတွေ သုံးကိုသုံးတယ်''

''မဟုတ်ပါဘူး ဗိုလ်ချုပ်ကြီးမြ။ ရန်သူသုံး... အဆိပ်ငွေ့ဗုံး မဟုတ်ပါဘူး။ မီးခိုးဗုံးတွေပါ။ သူတို့ တ... သိမ်းခါနီး မမြင်ရအောင် မီးခိုးဗုံးပစ်တာပါ။ ကျွန်တော်... ရဲဘော်တွေ အသက်ရှူကျပ်နေတာလည်း မီးခိုးကြောင့်... အဆိပ်မိတဲ့လက္ခဏာ တစ်ယောက်မှမရှိပါဘူး''

''ကိစ္စမရှိဘူး။ ဒီကောင်တွေ မသုံးလည်း သုံးတယ်လို့ ပြောရမှာပဲ''

ထောလသည် ဘာမှပြန်မပြောရဲသဖြင့် ငြိမ်... လိုက်ရသည်။

''အခု ဒီကောင်တွေ ကော်မူးရာမှာ ဘာ... နေကြလဲ''

''ငြိမ်နေကြတယ်ခင်ဗျ''

''ဒီဘက်ကမ်းကို လှမ်းမပစ်ဘူးလား''

''မပစ်ပါဘူး''

''ဒါပေမဲ့ ပစ်တယ်လို့ပဲ ပြောရမယ်''





ဗိုလ်မြသည် အနောက်အုပ်စုမီဒီယာများအတွက် သုပ်ကြံသတင်းမျိုးစုံကို ဖန်တီးပေးနေရသည်။ သူ့အနေနှင့် နည်းနည်းသာ လုပ်စရာလိုသည်။ အနောက်အုပ်စုမီဒီယာများသည် ကြမ်းပိုးကိုပင် လိပ်ဖြစ်အောင် ပြောတတ်ဆိုတတ်ပြီးဖြစ်သဖြင့် လွယ်ကူစွာပင် ချဲ့ကား၍ ထုတ်လွှင့်ပေးနေကြသည်။

ကော်မူးရာတွင် အဆိပ်ဗုံးတွေ သုံးသည်ဆိုသော စွပ်စွဲချက် နိုင်ငံရေးအတွက် တစ်ဖက်နိုင်ငံမှ ဆရာဝန်များက KNU များကို စစ်ဆေးခဲ့သည်။ မီးခိုးကြောင့် မျက်စိတွေပါစပ်ပြီး အသက်ရှူကျပ်လာသည်ဆိုသော KNU များတွင် အဆိပ်မိသည့်လက္ခဏာ မရှိ။ တစ်ဖက်နိုင်ငံ စစ်ဖက်အရာရှိများနှင့် ဆရာဝန်များက ကော်မူးရာတိုက်ပွဲတွင် ဓာတုဗေဒဗုံးများ သုံးစွဲခြင်းမရှိပါဟု သတင်းထောက်များ ပြောပြလိုက်သောအခါ ဗိုလ်မြတစ်ယောက်က ကြိတ်ပြီး စိတ်ဆိုးသွားရသည်။

''ဒီကောင်တွေဟာ ဘာမှနားမလည်ဘူး။ မီးခိုးဆိုတာ ဓာတုဗေဒနည်းနဲ့ ထွက်လာတာပေါ့ကွ။ တော်သော် ခက်တဲ့ကောင်တွေပဲ။ ဒါနဲ့ ထောလ ... ရွှေဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



သတင်း ဘာကြားသေးလဲ''

''သူကတော့ ကနဲလေးမှာ ဌာနချုပ်ဖွင့်မှာ မကျေနပ်ဘူးလို့ ပြောနေတာပဲ။ သူ့နယ်မြေထဲမှာ ဌာ ချုပ်လုပ်ဖြစ်ရင် သူ့ဘက်ကို ထိုးစစ်ရောက်လာနိုင်တယ် လို့ ပြောတယ်''

''ဒီကောင်ဟာ ငါ့ကို အာခံနေတာ ကြာပြီ။ နဝ နဲ့လည်း တိုးတိုးတိတ်တိတ် ဆက်သွယ်မှာပဲ။ ရွှေဆိုင်း အော်လီဗာကို သတ်ပစ်တာ ကောင်းတယ်။ သူတို့ဟ မာနေပလောနဲ့ ကော်မူးရာတိုက်ပွဲမှာ ဘာအကူအညီ မပေးခဲ့ဘူး။ ရွှေဆိုင်းရဲ့ စစ်ကူဆိုတာလည်း ဟန်ပြပဲ။ ဒီမှာ ထောလ ... ရွှေဆိုင်းနဲ့ ပတ်သက်လို့ မင်း ကျပ်ကျ သိထား။ ဒီကောင်ကို မင်း လိမ်လိမ်မာမာနဲ့ ရှင်းပစ်ပါလား''

ထောလသည် အသက်ရှူ ကျပ်သွားရသည်။ ရွှေဆိုင်းနှင့် သူသည် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသည်။ ရွှေဆိုင်း၏အနေအထားကို သူ နားလည်သည်။ ဗိုလ်မြ တုန်နေအောင် ကြောက်ရသည်။ သူသည် ဗိုလ်မြနှ ရွှေဆိုင်းကြားမှာ ညပ်နေလေပြီ။ ရွှေဆိုင်းကို သုတ်သင် ရှင်းလင်းဖို့ သူ တကယ်ပဲမလုပ်ချင်။ သို့သော် ဗိုလ်မြ





အမိန့်ကို လွန်ဆန်ရန်လည်း ခက်ခဲသည်။ အတိအလင်း ပြဿနာဖြစ်လာလျှင် သူသည် တစ်ယောက်ယောက်၏ ဝကို သေနတ်ဖြင့် ချိန်ရပေတော့မည်။ ထိုသူသည် ဗိုလ် ဖြစ်မလား၊ ရွှေဆိုင်းဖြစ်မလား သူ မဝေခွဲတတ်။

''ဒီမှာ ထောလ ... ကော်မူးရာစခန်း ကျဆုံးရ ာ မင်းမှာ တာဝန်ရှိတယ်။ မင်းကို စစ်ခုံရုံးနဲ့ သေဒဏ် ပေးလို့ရတယ် ဆိုတာ နားလည်လား''

ဗိုလ်မြက ခြိမ်းခြောက်လာသည်။

''ကျွန်တော် ကော်မူးရာက ဆုတ်လာတာဟာ ုတိယဗိုလ်ချုပ်ကြီး တာမလာဘောရဲ့ အမိန့်ကြောင့်ပါ''

''အေး ... မင်းကသာ ပြောနေ။ တာမလာဘော တော့ မင်းကိုယ်တိုင်က တိုက်လို့မရတော့ပါဘူးဆိုပြီး င်ပြလို့ ဆုတ်ခိုင်းလိုက်ရတာတဲ့ကွ။ ငါ့ကို ကြေးနန်းနဲ့ င်ပြပြီးပြီ''

''ဟာ ... ဒီလူကြီး သက်သက်အပြစ်လွှတ် အောင် လျှောက်ပြောနေတာ။ ကျွန်တော်က ဗိုလ်ချုပ်ကြီး အမိန့်အတိုင်း ဆက်တိုက်ဖို့ လုပ်ပါသေးတယ်''

''အခုမှတော့ ငြင်းမနေနဲ့တော့။ မင်းကို ဗဟိုကော်



www.burmeseclassic.com

www.burmeseclassic.com



မတီဝင်တွေက သတ်ချင်နေတာ။ ငါရှိလို့ မင်း သက်သာ သွားတယ်ဆိုတာ မှတ်ထား''

ဗိုလ်မြသည် ထောလအား လိမ္မာပါးနပ်စွာ တပည့်မွေးလိုက်သည်။

ထို့နောက် ဗိုလ်မြသည် ထောလအား ဆက်လ ၍ မိန့်ခွန်းခြွေပြန်သည်။

''ငါတို့အနေနဲ့ ဆက်မတိုက်လို့ မဖြစ်ဘူး။ နဝ စစ်တပ်ကို ချကို ချရမှာပဲ။ ကမ္ဘာက ငါတို့ကို စောင့်ကြည့် နေတာ။ **KNU** ဆိုတာ မရှိတော့ဘူးလို့ ကမ္ဘာက ထင်သွား လို့ မဖြစ်ဘူး။ ကရင်တော်လှန်ရေးကြီး ပြီးဆုံးသွား လို့လည်း အထင်ခံလို့မဖြစ်ဘူး''

ဗိုလ်မြသည် စစ်ရှုံးလာသူ ထောလကို စိတ်ဓာတ် မြှင့်တင်ပေးနေခြင်း ဖြစ်သည်။ သို့သော် ထောလ၏ စိတ်ဓာတ်သည် မြင့်တက်၍မလာပေ။

''ကျွန်တော်တို့မှာ မာနေပလောလို ကော်မူးရာ အခြေခံစခန်းကြီးတွေမရှိဘဲ ဖြစ်ပါ့မလား ဗိုလ်ချုပ်ကြီး''

ထောလက ဗိုလ်မြအပေါ် မရဲတရဲ စောဒကတက် ကြည့်သည်။





''အခြေခံစခန်းတွေက ခံစစ်သေပဲ။ ဒါဟာ အကန့် အသတ် ရှိတယ်။ တို့က ခံစစ်ရှင် လုပ်ရမယ်။ ပြောက်ကျား စစ် ဆင်နွှဲရမယ်။ မြို့တွေ၊ ရွာတွေကို ဖျက်ဆီးပစ်ရမယ်။ ဒုက္ခသည်စခန်းတွေကလည်း တို့ရဲ့ အခြေခံစခန်းတွေပေါ့ ကွာ။ တကယ်တော့ ဒုက္ခသည်စခန်းတွေဟာ တို့ရဲ့နယ် မြေပဲ''

ဗိုလ်မြက ကြီးမားသော ကိုယ်ခန္ဓာကြီးကို အနည်း ငယ်လှုပ်ရမ်းလိုက်ပြီး လက်တစ်ဖက်ကို ဟန်ပါပါ ဝှေ့ယမ်း လိုက်သည်။

''ဒီလိုလေကွာ။ ငါတို့ရဲ့ အာဇာနည်ဖြစ်တဲ့ ကော် သူဘာစောဘဦးကြီး သတ်မှတ်ခဲ့တဲ့ ကရင်ပြည်နယ်ကို မင်း သိနေပြီလား။ ငါတို့ခေါင်းဆောင်ဟာ ၁၉၄၅-၄၆ ခုနှစ် ကတည်းက လန်ဒန်ကိုသွားပြီး ကရင်ပြည်နယ် တောင်းခဲ့ တယ်။ သူပြောတဲ့နယ်မြေထဲမှာ အင်းစိန်အပါအဝင် ဟံသာဝတီခရိုင် ပါတယ်။ တောင်ငူခရိုင်၊ ညောင်လေးပင် ခရိုင်တွေပါ ပါတယ်။ မြစ်ဝကျွန်းပေါ်ပါတယ်။ ကမ်းရိုးတန်း ဒွတို့၊ သံတွဲတို့ပါတယ်။ ကရင်နီ ပါတယ်။ ပအို့နယ် ပါတယ်။ မယ်ဟောင်ဆွန်ခရိုင်နဲ့ တပ်(ခ်) ခရိုင်တွေ ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကန်ချနာဘူရီအထိ ပါတယ်ကွာ''

ထောလသည် သဘောပေါက်သွားရသည်။ ဗိုလ်... ရည်ညွှန်းသော သီးခြားကရင်ပြည်နယ်တွင် တစ်ဖက်... မှ နယ်မြေအများအပြား ပါဝင်သည်။ ၁၉၄၈ ခုနှစ်... စောဘဦးကြီးသည် ဖဆပလအစိုးရနှင့် ဆွေးနွေးရာ... စစ်ရေးအသာစီးရနေသော နယ်မြေအားလုံးကို ကရင်... နယ်အဖြစ် သတ်မှတ်ရန် တောင်းဆိုခဲ့ဖူးသည်။ စော... ကြီး တောင်းဆိုသော နယ်မြေများတွင် ထိုင်းနိုင်... နယ်မြေအမြောက်အမြား ပါဝင်သည်။

''ဒါဆိုရင် ဘန်ကောက်အစိုးရက ကျေနပ်... မလား''

''ဒါက ရေရှည်ရည်မှန်းချက်လေကွာ။ ငါတို့ အ... သည်စခန်းရှိတဲ့ ရွာတွေဟာ ငါတို့ ကရင်ပြည်ပဲပေါ့... ကရင်လူမျိုးတော်တော်များများကိုလည်း ငါတို့ ရွာ... တည်နိုင်းခဲ့တာပဲ။ ကြာရင် ငါတို့နယ်မြေ အလိုလို ဖြစ်... မှာပဲ။ ဒါမှ လက်မခံရင်လည်း ဗိုလ်လင်းထင်လုပ်သ... လုပ်ရမှာပဲ''

''တပ်မင်းကြီး ဗိုလ်လင်းထင်လား''





''ဒါပေါ့ကွ။ တပ်မဟာ (၅) က တပ်မင်းကြီးလေ။ ...လင်းထင်ဟာ မဲဆောက်မှာရှိတဲ့ ထိုင်းစစ်တပ်ကို ...နက်ဝယ်ဖို့ ငွေတွေ ပေးပြီးပြီ။ ဟိုက လက်နက် ...မပေးလို့ မဲဆောက်ကိုတိုက်ပြီး သိမ်းပစ်လိုက်တယ် ...။ ဒီကောင်တွေ လန့်သွားတာပေါ့။ ငါတို့လည်း ...ဆောက်ကို သိမ်းချင်သိမ်းလို့ရတယ်။ ဒါမှမဟုတ် မဲဟောင် ...နှင့်ပေါ့''

**KNDO** တပ်မဟာ (၅) မှ ဗိုလ်လင်းထင်သည် ...၇၂ ခုနှစ်တုန်းက မဲဆောက်မြို့ကို တိုက်ခိုက်စီးနင်း ...သည်။ ထိုစဉ်က ငွေတိုက်ဖောက်ပြီး ရှိသမျှငွေတွေ ယူ ...ည်။ လက်နက်တွေယူသည်။ အမျိုးသမီး ၃၀ ကျော်ကို ...ားယားပြုကျင့်သည်။ လူအများအပြားကို ပြန်ပေးဆွဲ ...ည်။ ပစ်သတ်ခံရသူတွေလည်း ရှိသည်။ ဗိုလ်မြက ...ဖက်နိုင်ငံက သူ့အလိုအတိုင်း မလိုက်လျောလျှင် ...လင်းထင်၏လမ်းစဉ်အတိုင်း လုပ်ရန် ကြံစည်နေခြင်း ...ဖြစ်သည်။ သို့သော် သူသည် လောလောဆယ် အရှုံး ...သရာများမှပင် မထွက်နိုင်သေးပေ။

''လောဝါးဒီ ... ခေါင်းဝါတွေဘက်က ဘာ



www.burmeseclassic.com

www.burmeseclassic.com



ထူးလဲ''

''ဒီကောင်တွေ သောင်ရင်းမြစ်ကို အလစ်
ကူးကူးလာပြီး ကျွန်တော်တို့ကို လာလာချတယ်''

ဗိုလ်မြသည် DKBA အဖွဲ့ကို ကြောက်ရွံ့သဖြ
ဖွေဘော်လူးမှ ပြေးလာခဲ့ရပြီး ဖြစ်သည်။ KNU ဗ
ကော်မတီဝင်လူကြီးများသည် DKBA အဖွဲ့က ပြန်ပေး
မှာကို ကြောက်နေကြရသည်။ တစ်ဖက်နိုင်ငံ ကျည်လွ
မြေမှာပင် ရဲရဲဝံ့ဝံ့မအိပ်ရဲကြ။ ပုန်းလျှိုးကွယ်လျှိုး ပုန်းအိပ်
ကြသည်။ ကျီးလန့်စာစားဖြစ်နေသည်။

''ဒါကို ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ န
စစ်တပ်က ကျူးကျော်နေပြီဆိုပြီး နယ်ခြားရဲတွေကို တိုင်
မယ်။ မင်းတို့လည်း သတိဝီရိယနဲ့ နေကြ။ တော်
မန်းရင်စိန်လို ပါသွားဦးမယ်''

ဗိုလ်မြသည် ပြောရင်းပြောရင်း ကျောချမ်းသွား
နောက်ကျောမလုံသလို လှည့်ကြည့်သည်။

''ကာတီးထားနဲ့ မယ်ပေါ့်လူထူး စခန်းတွေ
ဝင်တိုက်တာ နဝတစစ်တပ်ပဲလို့ ကျွန်တော်တို့ သတင်း
ထားပါတယ်။ NCGUB ကလည်း ဝါရှင်တန်မှာရှိတဲ့ ထိုင်





သံရုံးရှေ့မှာ ဆန္ဒပြတယ်''

ဗိုလ်မြသည် မျက်လုံးပြူးသွားသည်။

''စိန်ဝင်းက သူ့လူတွေကို ထိုင်းသံရုံးရှေ့မှာ
ဘာကြောင့်ဆန္ဒပြခိုင်းရတာလဲ။ ဒီကောင်ဟာ တော်တော်
အသုံးမကျတဲ့ကောင်ပဲ''

ဗိုလ်မြသည် ဆန္ဒပြသည်နှင့် ကန့်ကွက်သည်၊
ဆန့်ကျင်သည်ဟု ထင်နေသဖြင့် လောဝါဒီက ရှင်းပြရ
သည်။

''သူတို့က ဒုက္ခသည်တွေကို လူသားချင်း
စာနာထောက်ထားတဲ့ အကူအညီတွေပေးဖို့ မေတ္တာရပ်ခံ
ကြတာပါပဲ။ NCGUB ပါတယ်။ ABSDF ပါတယ်။
CRDB ပါတယ်။ အဖွဲ့အားလုံး ၂၃ ဖွဲ့ပါတယ် ခင်ဗျာ့''

''ဒီဗမာတွေက အလုပ်လိုချင်လို့ နိုင်ငံခြားရောက်
နေတာပါ လောဝါဒီရာ။ ဒီလောက်အဖွဲ့တွေများတာ
ဘာလုပ်လို့ရမှာလဲ။ အလကားကောင်တွေပါ။ သူတို့က
ဘာတွေများ ကြီးကြီးကျယ်ကျယ် ပြောကြသေးလဲ''

''အချက် ငါးချက်တောင်းဆိုပါတယ်။ ပထမ
အချက်ကတော့ မြန်မာနိုင်ငံက ထွက်ပြေးလာရတဲ့ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



သည်တွေကို အကူအညီပေးဖို့၊ ဒုတိယအချက်ကတော့ ဒီနိုင်ငံအနေနဲ့ တတိယနိုင်ငံတစ်နိုင်ငံကို ထပ်သွားကြမယ့် ဒုက္ခသည်တွေကို ထပ်ပြီးကူညီဖို့''

''အဲဒါ ဘာကိုဆိုလိုတာလဲ''

''ဗန်ကောက်ကနေ အမေရိကသွားမယ်၊ ဂျပန်သွားမယ်၊ အင်္ဂလန်သွားမယ်ဆိုရင် အကူအညီပေးဖို့ပါ''

''ငါပြောတာ အဲဒါပေါ့။ ဒီကောင်တွေက အနောက်နိုင်ငံတွေမှာ အလုပ်သွားလုပ်ပြီး စီးပွားရှာဖို့ပဲ စိတ်ကူးနေတာပါ''

ဗိုလ်မြသည် သူကိုယ်တိုင် အမေရိကသို့ ပြေးရန် စီစဉ်ခဲ့သည်ကို မေ့လျော့နေခဲ့သည်။

''ပြီးတော့ရော ...''

''တတိယအချက်က နဝတ စစ်တပ်ရဲ့ နယ်စပ်ထိုးစစ်ရပ်သွားအောင် ထိုင်းအစိုးရက ကူညီဖို့''

''အဲဒါ ကောင်းတယ်''

''နောက်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ တခြား NGO တွေကို ဒုက္ခသည်စခန်းတွေဆီ ချဉ်းကပ်နိုင်ခွင့်၊ ကူညီနိုင်ခွင့်တွေ





ပြုဖို့၊ နောက်ဆုံးအချက်ကတော့ အာဆီယံနိုင်ငံတွေက တကို အရေးယူဖို့ပဲ''

''နောက်ဘာသတင်းထူးလဲ''

''မြန်မာနိုင်ငံက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ဗိုလ်ချုပ်တွေ ဗန်ကောက်ကို ရောက်နေတယ်။ အစိုးရ ည့်သည်အနေနဲ့ မဟုတ်ဘူး။ စစ်တပ်ဧည့်သည်အနေနဲ့ပဲ။ ဗိုလ်ချုပ်ကြီး ဇီလ်မိုးက ဖိတ်တာ''

''အဲဒါတော့ မကောင်းဘူးကွာ။ သူတို့ချင်း မပေါင်းစေ့ချင်တယ်။ စိုးစိုးကို ပြောထားဦး။ ဒီသတင်းနဲ့ပတ်သက်ပြီး ည်းနည်းလုပ်မှဖြစ်မယ်''

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စ်ဖက်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာချွန်လီပိုင်က KNU နှင့် ပတ်သက်၍ ကြားဝင်စေ့စပ်ပေးလိုသည်ဟု ပြာကြောင်း သတင်းများထွက်ပေါ်လာသည်။

KNU များသည် ၎င်းတို့ရပ်တည်နိုင်ရေးအတွက် ဟာဗျူဟာမြောက်ဝါဒဖြန့်ချီချက်များကို တစ်ခုပြီး တစ်ခု ဆောင်ရွက်နေသည်။ သို့သော် KNU များကိုယ်တိုင်မှာမူ ဟာဗျူဟာရော နည်းဗျူဟာပါ ရှုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီသည် မြို့ရွာများကို ထပ်မံပစ်ခတ်ရန် လိုက် လံချောင်းမြောင်းနေသော်လည်း အခွင့်မသာပေ။ အ သဖြင့် DKBAတပ်များကလည်း KNU များကို အန္တအပြ လိုက်လံ၍ တိုက်ခိုက်နေသည်။ KNU ယေ်သား တော်တော် များများမှာလည်း DKBA နှင့် တဖွဲဖွဲပူးပေါင်းနေကြသည်

❖ ❖ ❖

ဂျော်နီသည် သူ၏တပ်မဟာမှူးဖြစ်သူ ထိ မောင်ထံသို့ ဆက်သွယ်လိုက်ရသည်။

''ကျွန်တော့်ဆီကို ၁၀၇ မီလီမီတာ လောင်ချ ပို့မယ်ဆိုတာ ဘယ်တော့ပို့မှာလဲ ဗိုလ်ချုပ်။ ကျွန်တော် မြို့တွေနားကို သိပ်ကပ်လို့မရဘူး။ ဗိုလ်ချုပ်ကြီးမြ မဲဆောက်မှာတွေ့တုန်းကလည်း မြို့တွေကို ပစ်ဖို့ပဲ ဖိအား ပေးခဲ့တယ်။ ခပ်ဝေးဝေးက ပစ်မှဖြစ်မှာဆိုတော့ ၁၀၇ လို တယ်။ ဒါကို ဗိုလ်ချုပ် နားလည်သဘောပေါက်မှာပါ''

''မင်းလိုတာ ငါ အကုန်လုံး ကူညီပါ့မယ်။ ငါဟာ မင်းတို့ကို တာဝန်အရသာ ကူညီတာမဟုတ်ပါဘူး။ ပုဂ္ဂိုလ်





ရေးအရလည်း ကူညီတာပါ။ မင်း ပေါ်တာရှာလို့ရရင် လွှတ်လိုက်''

''ကျွန်တော် လွှတ်လိုက်ပါ့မယ်။ ကျွန်တော့်ရဲဘော် တွေ စိတ်ဓာတ်ကျနေကြတယ်။ နဝတစစ်တပ်က ကျွန်တော့်နောက်ကို လိုက်လာသလို ခေါင်းဝါအဖွဲ့က ဖားနွီးနဲ့ ကျော်ကလဲ့ကလည်း လိုက်နေတယ်''

''ဖားနွီးနဲ့ ကျော်ကလဲ့ဟာ မင်းလောက် မတော် ပါဘူး။ သူတို့ကို စစ်တပ်က ဘယ်လောက်ထောက်ပံ့နိုင်မှာ လဲ။ ဒီကောင်တွေ ကော်မူးရာမှာ ပစ်လိုက်တာ ကျည်ဆန် ကုန်သွားပါပြီကွာ။ ဒီမှာ ဂျော်နီ ... မင်း စိတ်ဓာတ်မကျနဲ့။ ကရင်တော်လှန်ရေးဟာ မပြီးသေးဘူး''

''ဗိုလ်ချုပ်ကြီးမြ အခု မဲဆောက်မှာပဲလား''

''သူ ကနဲလေးမှာ ရောက်နေပြီ။ ၂၇ ရက်နေ့က ပြီး လူကြီးတွေ ဆွေးနွေးနေကြတယ်။ အဖြေတစ်ခုခုတော့ ပေါ်မှာပါ''

''ကျွန်တော်တို့ဘက်က အလားအလာကောင်း ရဲ့လား''

''ကောင်းပါတယ်။ နော်ဝေဂျိယံ ဘားမားကောင်စီ



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်စားလှယ်တွေရယ်၊ အမေရိကန်နဲ့ ဩစတေးလျ ကိုယ်စားလှယ်တွေရယ် ဗန်ကောက်ကို ရောက်လာတယ်။ NCGUB က ဝန်ကြီးဦးစန်းအောင်နဲ့ တွေ့တယ်။ ဒေါ်လာ တွေလည်း ပေးသွားတယ်တဲ့ကွာ''

''စန်းအောင်ကတော့ ပွပြီးရင်း ပွနေပါလား။ ဆေးဝါးပစ္စည်းတွေ ဝယ်ဖို့ ဘတ် ခုနစ်သိန်းပေးလိုက်တာလည်း ဘာမှဟုတ်တိပတ်တိ ပြန်မပို့တူး။ ဒီကောင်ဟာ လူလည်ပဲ။ နှစ်ဖက်ချွန်လုပ်နေတယ်လို့လည်း ကျွန်တော် သတင်းရထားတယ်။ တစ်နေ့ ဂျော်နီအကြောင်းသိအောင် ပြရမယ် ဗိုလ်ချုပ်''

''ဒါတွေက လုပ်ရမှာ အများကြီးရှိသေးတယ်ဟေ့''

KNU တို့၏ ကျဆုံးခန်းသို့ ရောက်သည်နှင့် ပယောဂမျိုးစုံသည် တစ်ဖက်နိုင်ငံတွင် ခြေရှုပ်၍လာသည်။ အမေရိကန် စစ်သံမှူးဟောင်းများဖြစ်ကြသည့် Robert Helvy နှင့် Michael Mitchell တို့ နှစ်ဦးသည် သောင်ရင်းမြစ်ကမ်းအထိရောက်ရှိလာပြီး KNU တို့ အသက်ဆက်နိုင်ရေးအတွက် ဩဝါဒတွေ ခြွေကြသည်။ ပြောက်ကျားစစ် ဆင်နွှဲရေး၊ အကြမ်းဖက်လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်





ရေးတို့ကို မြှောက်ပင့်သွေးထိုး ပေးကြသည်။

နော်ဝေဂျီယံဘားမားကောင်စီမှ ကိုယ်စားလှယ်သုံးဦး၊ အမေရိကန်ပြည်ထောင်စုမှ လူ့အခွင့်အရေး NGO အဖွဲ့မှ မိုရင်းအောင်သွင်နှင့် ဩစတေးလျမှ လူရှုပ်များသည် ဘန်ကောက်သို့ ရောက်ရှိလာပြီး စိန်ဝင်း၏ စစ်ပြိုင်အစိုးရ NCGUB မှ ဝန်ကြီးစန်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်ပြုတ် မောင်မောင်လတ်တို့နှင့် ဆွေးနွေးကြသည်။ ဒေါ်လာငွေအနည်းငယ်ကိုလည်း စန်းအောင်နှင့် မောင်မောင်လတ်သုံးဖို့ ဖွဲ့ဖို့ စွန့်ကြဲခဲ့ကြသည်။ ဤအချက်ကို KNU က မကျေနပ်။ သူတို့အပေါ် ကျောသည်ဟု ယူဆနေသည်။ စန်းအောင်ကို KNU များက လူလည်ကြီးသားသမီးအဖြစ် မြင်နေသည်မှာ ကြာပေပြီ။

ရောဘတ်ဟဲ(လ်)ဗီ.နှင့် မိုက်ကယ်(လ်) မစ်ချယ်(လ်)တို့သည် KNU လက်နက်ကိုင်များ စုဝေးရာ တစ်ဖက်နိုင်ငံ ဟွေးကလုတ် ဒုက္ခသည်စခန်းတွင် အတူတကွလာရောက် နေထိုင်ကြသည်။ NGO မျက်နှာဖုံးစွပ် Republican International Organization ဟု အမည်ပေးထားသော အဖွဲ့ကလည်း လာရောက်အားပေးကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သို့ပင်ဆိုစေ KNU များမှာ စိတ်ဓာတ်တက်ကြ လာခြင်း မရှိတော့။ နှုတ်၏စောင်မခြင်း၊ လက်၏ စောင် ခြင်းများ မည်မျှပင်ရှိပါစေ KNU များအတွက် မထိရောက် တော့။

ထိုအချိန်တွင် DKBA တပ်မှ ဖားန္ဒီးသည် ဂျော်နီ ကို ခြေရာခံမိသွားလေပြီ။ မကြာမီပင် KNU ဂျော်နီနှင့် DKBA ဖားန္ဒီးတို့ အကြီးအကျယ် တိုက်ခိုက်ကြပေတော့ မည်။

❖ ❖ ❖

ဤသည်မှာ ကရင်ပြည်နယ်သားတစ်ဦး အမည်ခံ စာရေးဆရာ တင်သန်းဦး၏ ဖော်ပြချက်များပါ ခင်ဗျား။ စာရှုသူများ ဖတ်ရှု၍ ဆက်စပ်သုံးသပ်ကြည့်ကြပါခင်ဗျား။

■



## အခန်း ( ၄ )

## တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ

ဤ ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီးမှာ သောင်ရင်းမြစ်ကမ်းတွင် KNU တို့၏ အခိုင်အမာ ကမ္ဘာသိ စခန်းကြီးဖြစ်၏။ မာနေပလောပြီးပါက KNU တို့၏ ဒုတိယ အကြီးဆုံးစခန်းကြီးလည်း ဖြစ်၏။ မဆုတ်တန်းခံစစ်စခန်း။ ဘယ်တော့မှ မကျစေရစခန်း။ နိုင်ငံခြားက Military Expert များရဲ့ အကူအညီနဲ့ တည်ဆောက်ထားတဲ့စခန်း။



www.burmeseclassic.com

www.burmeseclassic.com



Mercenary ကြေးစားတွေ ခဏခဏ လာကြည့်ရတဲ့စခ
စသည်ဖြင့် ဂုဏ်ပုဒ်ပေါင်းများစွာ ပိုင်ဆိုင်ထားသော စခ
ကြီးဖြစ်ပါ၏။

ဤစခန်းကြီးကို ကွပ်ကဲရန်အတွက် KNU ဥက္က
ဗိုလ်ချုပ်ကြီးစောဘိုမြကြ သူအားအကိုးရဆုံး ထောလ
ဗိုလ်မှူးချုပ်ရာထူးဖြင့် ခန့်အပ်ကာ တာဝန်ပေးထားသည်
ဒုတပ်မှူး ဒုဗိုလ်မှူးကြီးသန်းမောင်မှာလည်း လွှန်ခဲ့သည်
အနှစ် ၃၀ ကျော်လောက်ကတည်းက သူနှင့် အနီးကပ်
ခဲ့သည့် ဗိုလ်ကြီးသန်းမောင် ဖြစ်သည်။ ၁၉၇၁ ခုနှစ်
တပ်မဟာ (၁) က အရာရှိများကို သုတ်သင်သတ်ဖြတ်
သန်းမောင်သည် သူနှင့်ပါသွားသည့် အနီးကပ်အ
ဖြစ်၏။ တစ်နည်းဆိုရသော် ထောလနှင့် သန်းမောင်တို့
ဗိုလ်မြ၏အတွင်းလူ လူယုံများတည်း။

ဗိုလ်မြတွင် လက်နက်ကိုင်ထားကြသည့် KN
လူကြီးများထဲ၌ သူ အယုံကြည်ဆုံးလူကြီး ၂ ဦးသာ ရှိသည်
တစ်ဦးက ဗိုလ်ချုပ်ထိန်မောင် တပ်မဟာ (၇)
မဟာမှူး။


သူနှင့် အမျိုးတော်သည်။ မယားညီအစ်

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com



မှူးရာ စခန်း မှ ထိုင်းနိုင်ငံသို့သွားသည့် သောင်ရင်းမြစ်ကူးတံတား

www.burmeseclassic.com

www.burmeseclassic.com



သိချုပ်ထိန်မောင်၏ဇနီးနှင့် ဗိုလ်မြဇနီးက ညီအစ်မ။

တစ်ဦးက ဗိုလ်မှူးချုပ်ထောလ။

ထောလက သူ့ငယ်တပည့်။

၁၉၇၀ ခုနှစ်လောက်ကတည်းက သန်းမောင်တို့ ာလတို့ဆိုတာ သူနဲ့အနီးကပ်နေလာသူတွေ။

ဒါကြောင့် KNU ၏ ဒုတိယ အခိုင်အမာစခန်းကြီး ၎င်သည့် ကော်မူးရာကို သူ တာဝန်ပေးထားတာ။ KNU ှင် နဝတတက်လာသည့်ကာလ၌ ကြွားစရာ အခိုင်အမာ ခန်းကြီးဆို၍ မာနေပလောနှင့် ကော်မူးရာ ၂ ခုသာ သည်။ ကျန်စခန်းများက အခိုင်အမာမဟုတ်ပါ။ လွယ် ကူစွာ စွန့်ပစ်၍ရပါသည်။ ထိုစခန်းကြီး ၂ ခုကတော့ ားလုံး အခိုင်အမာတွေ၊ မဆုတ်တမ်းခံစစ်စခန်းတွေ၊ နချုပ်တွေ၊ ပြယုဂ်ကောင်းကြီးတွေ။ ဒါကြောင့် လူ င်အားကလည်း ကော်မူးရာတွင် ၈၀၀ ခန့် အမြဲချထား သည်။ ဒါသာမကပါ သောင်ရင်းမြစ် အရှေ့ဘက်ကမ်း ိုင်းနိုင်ငံဘက်၌ လူ ၂၀၀ ခန့်က စခန်းကို အကူအညီ ပေးရန် Stand By အမြဲ အဆင်သင့်ရှိနေကြပါသည်။ က်နက်များကလည်း လက်နက်ကြီး လက်နက်ငယ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပုံရာပုံရှိသည်။ သံချပ်ကာကားတောင် သုံးစီးလော
ရှိသည်။ ရိက္ခာကလည်း လိုလေသေးမရှိ စုပုံထားသ
ထိုင်းနိုင်ငံဘက်က ကူပစ်ပေးမည့် ၁၅၅ မီလီမီ
အမြောက်ကြီးများနဲ့ ဒုံးပျံပစ်စင်များပါ ရှိသေးသည်။

ဒီလိုစခန်းကြီး ဘာကြောင့်ကျသွားသလဲ။

မြန်မာ့တပ်မတော်က ဘယ်လိုစစ်နည်းဗျူဟာ
ကျင့်သုံးသွားပါသလဲ။ မြန်မာ့တပ်မတော်ရဲ့ စစ်အေ
ရာသော အကြောင်းတရားကြီးတွေက ဘာတွေပါ
စစ်အောင်ရာသော အကြောင်းတရားကြီးများနဲ့ ချိန်ထိုး
ကော်မူးရာတိုက်ပွဲကြီးအား သုံးသပ်ပါမည်ခင်ဗျာ။

❖ ❖ ❖





## စစ်အောင်ရာသော အကြောင်းတရားကြီးများနှင့် ချိန်ထိုးသုံးသပ်ခြင်း

၁။ ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း

၁၉၉၅ ခုနှစ် နှစ်စတွင် KNU ၏ အခိုင်အမာ
ခန်းကြီး ၂ခုသာ ကျန်တော့သည်။ ကျန်တာတွေက
ပြောပလောက်။ ၎င်းစခန်းကြီး ၂ ခုမှာ KNU ဗဟို
မာနေပလောနှင့် ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီး
ဖြစ်၏။ မာနေပလောက ဖန်နှဝါရီလကုန်ခါနီးတွင် ကျခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကော်မူးရာသာ ကျန်သည်။ ကျန်သည့် ကော
မူးရာကို အပြတ်ရှင်းရန် နိုင်ငံတော်အကြီးအကဲ
တပ်မတော်အကြီးအကဲများက ဆုံးဖြတ်ခဲ့ပြီးပြီ။
ရအောင် တိုက်ကြမည်။ တိုက်ရမည်။ တိုက်ပွဲကို
မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မောင်
ကိုယ်တိုင် ဦးစီးခဲ့သည်။ စစ်မြေပြင်ကို ဦးစီးချုပ်ကိုယ်
ဆင်းကြည့်သည်။ လိုတာတွေ ဖြည့်ဆည်းပေးခဲ့သည်။

ထို့ကြောင့် ကော်မူးရာကို မရ၊ ရအောင် တိုက်
ဆိုသည့် ရည်ရွယ်ချက်ကား တိကျခိုင်မြဲကြောင်း ပေ
ပါသည်။

**၂။ စိတ်ဓာတ်ကောင်းမွန်ခြင်း**

KNU ဇဟိုကိုရခဲ့ပြီးဖြစ်၍ မိမိတပ်မတော်
များမှာ စိတ်ဓာတ်တက်ကြွလျက် ရှိပါသည်။ စိတ်ဓာ
ကောင်းမွန်စေရန်အတွက် အုပ်ချုပ်ထောက်ပံ့မှု အ
အစုံအား အထက်ဌာနချုပ်များမှ စီစဉ်ထားရှိပေးထား
ဖြစ်ပါသည်။ ခဲယမ်းမီးကျောက် ရိက္ခာ ဆေးဝါး အား
ပါသည်။ ဒါသာမကပါ ပစ်ကူအတွက် အမြောက်ကြီး





မျိုးခုံ အလက် ၃၀၊ ၄၀ ခန့်ရှိပြီး နေ့စဉ်ပစ်ကူပေးလျက်
ပါသည်။ တပ်မှူးကြီးများအားလုံးလည်း တိုက်ပွဲတွင်
တန်းကျကျ လိုက်ပါ၍ တိုက်ပွဲဝင်စစ်သည်များနှင့်
နေသဖြင့် ရန်သူ၏နောက်ဆုံးခံစစ်စခန်းကြီးဖြစ်သော
ကော်မူးရာစခန်းကြီးအား အပြီးသတ်ချေမှုန်းရန် သန္နိဋ္ဌာန်
ဖြင့် စစ်သည်များ၏ စိတ်ဓာတ်မှာ တက်ကြွလျက်
ပါသည်။

**တိုက်စစ်ဆင်နွှဲခြင်း**

ကော်မူးရာကို ၄ ကြိမ် တိုက်ခဲ့ရသည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာမှာ ၂ ကြိမ်

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီမှာ ၂ ကြိမ်

အကြိမ်တိုင်းပင် မိမိတပ်မှ အထိအနိုက် အကျ
ဆုံးများ ရှိခဲ့သည်။ တပ်ရင်းမှူး အဆင့်ပင် ကျဆုံးခဲ့
သည်။ သို့ရာတွင် မိမိတပ်များသည် သန္နိဋ္ဌာန်ချပြီးဖြစ်၍
ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်၊ တစ်ရင်းပြီးတစ်ရင်း တက်
ဖြင့် အလှည့်ကျ အဆက်မပြတ်တိုက်သွားခဲ့ရာ နောက်
၌ မိမိတို့တိုက်စစ်ဒဏ်ကို မခံနိုင်တော့ဘဲ ကော်မူးရာ



www.burmeseclassic.com

www.burmeseclassic.com



စခန်းကြီးမှ KNU များ ဒရောသောပါး ဆုတ်ခွာပြေး ကြောင်း တွေ့ရပါသည်။

၄။ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း

မိမိတို့တိုက်စစ်ကို ပထမ သုံးကြိမ်လုံးလုံး လ… နက်ကြီးပစ် ချဉ်းကပ်အနီးကပ် ထွေးလုံးရစ်ပတ် တို… ဟူသော သမားရိုးကျနည်းကို သုံးခဲ့သည်။ မအောင်မြင်… အကျအဆုံးများစွာနှင့် ပြန်ခွာခဲ့ရသည်။ အဓိကမှာ ရန်သူ… ၏ ကွန်ကရိဘန်ကာကြီးများက အလွန်ကောင်းနေပြီ… ထုထည်ကြီးမားလှသည်။ ၎င်းဘန်ကာကြီးများထဲမှ ရန်သူ… က ခံချနေသည်။ ထိုဘန်ကာကြီးတွေကို ၇၆ မီလီမီတာ… နောက်ပွင့်ရိုင်ဖယ် အကြီးစားများဖြင့်ပင် ဖြို၍ မရခဲ့ပါ… ဒါကြီးတွေ မဖြိုနိုင်ရင် စခန်းတွင်းဝင်၍ မရပါ။ ဒါကြီးတွေ… ဖြိုနိုင်အောင် ၁၀၅ မီလီမီတာ အမြောက်ကြီးများကို Di- rect Fire ရအောင် ရွှေ့၍ ဘန်ကာကြီးများအား ပြောင်… ထိုးပြီး တည့်တည့်ချိန်ပစ်ရပါသည်။ စတုတ္ထအကြိမ်… နောက်ဆုံးတိုက်ပွဲကို ဤနည်းဖြင့် ဘန်ကာကြီးများ ဖြိုနိုင်ပြီး… အောင်ပွဲရခဲ့ပါသည်။





ပြောင်းလွယ်ပြင်လွယ်ရှိမှု ဖြစ်ပါသည်။ အမြောက် …Principle ကိုသာ အသေဆုပ်ကိုင်ထားခဲ့ပါက ယခုလို …အောင်မြင်မှုရမည် မထင်ပါ။

…။ ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း

ဤစစ်ဆင်ရေးမှာ Higher Formation မှ တိုက် …ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ကစထမှူး၊ တိုင်းမှူး၊ …မှူးများ၊ ဗျူဟာမှူးများ၊ တပ်ရင်းမှူးများ အားလုံး …ညီတညွတ်တည်း တစ်သွေးတစ်သံ တစ်မိန့် ဆောင် …ခဲ့ကြသည်။ အကူလက်ရုံးဝန်ထမ်း တပ်မှူးကြီးများ …လည်း လိုလေသေးမရှိ ပူးပေါင်းဆောင်ရွက်သည်။ …ထူးသဖြင့် အမြောက်နဲ့ သံချပ်ကာ ကျောင်းအုပ်ကြီး …နောက်ကကသံညွှန်မှူး)၊ ဗိုလ်မှူးကြီး လွန်းသိ (နောင် …မှူးချုပ်)က Highter Formation က ဖြစ်ချင်တာကို …အောင်လုပ်ပေးခဲ့သည်။ ၁၀၅ အမြောက်ကြီးများကို …ပြောင်းထိုးပစ်ကြခဲ့သည်။ ဤနည်းဖြင့် ကော်မူးရာကို …အောင်နိုင်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း၏ ရလဒ်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



၆။ သတင်းစုံစွာရယူခြင်း

ကော်မူးရာအား တိုက်ခိုက်ရန်အတွက် ကြိုးစား… သတင်းထောက်လှမ်းမှုများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်… ခဲ့ပါသည်။ No information no operation မို့ သတင်း… မရပါက စစ်ဆင်ရေးလုပ်၍ မရပါ။

သတင်းရရေးအတွက် ထိုင်းနိုင်ငံဘက်သို့ … ဖောက်အထောက်တော်များ လွှတ်ခဲ့သည်။ ထိုင်းဘက်… မှနေပြီး ကော်မူးရာကို သွားကြည့်နိုင်သည်။ အကြော… အမျိုးမျိုးပြကာ ကော်မူးရာကို ချဉ်းကပ်နိုင်သည်။ ဓာတ်… မှတ်တမ်းများ ရယူစေသည်။ စခန်းတွင်းအနေအထား … လက်နက် ချထားမှုများကို သိအောင် ကြိုးစားခဲ့သည်။

၎င်းပြင် နေ့စဉ် KNU ဆက်သွယ်ရေးစက်များ… ကြားဖြတ်ဖမ်းယူပြီး ဘာသာပြန်စေခဲ့သည်။ KNU စက်… တွေက ကရင်လိုပြောသည်။ အမည်ဝှက် သညာဝှက်… သုံးသည်။ ကြေးနန်းတွေကို အင်္ဂလိပ် Morse တွေ… ပို့သည်။ ဒါတွေကို ရအောင်ဖမ်းပြီး ဘာသာပြန်သည်။ ဝှက်စာဖော်သည်။ ဤနည်းဖြင့် သတင်းရအောင် ကြိုးစား… ခဲ့သည်။





ထို့ပြင် DKBA အဖွဲ့မှ ဗိုလ်ကြီးကျော်ကလဲ့အား တိုက်ပွဲကာလ၌ ကော်မူးရာဒေသသို့ ခေါ်ယူခဲ့သည်။ သူသည် ယခင်က ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီး၌ အချိန်အတော်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ သူ့အား ကာလုကုန်းရှုရပ်မှ ဝမ်ခသစ်စခန်းအတွင်းရှိ အရေးကြီးနေရာများဖြစ်သော တပ်မှူးကြီးထောလ၏ ကွပ်ကဲမှုဌာနချုပ်၊ ၎င်း၏အိမ် ဆက်သွယ်ရေးစက်များထားသည့်နေရာ၊ ဒုတပ်မှူးသန်းမောင်၏ ကွပ်ကဲမှုနေရာ၊ ရိက္ခာဂိုဒေါင်များ၊ လက်နက်ခဲယမ်းဂိုဒေါင်များ၊ ဆေးရုံနေရာများ စသည်တို့ကို အမြောက်တပ်မှူးအား ပြသစေပြီး ထိုနေရာများကို မျက်မြင်အကဲကြည့်၍ အမြောက်များဖြင့် ပစ်ခတ်ချေမှုန်းခဲ့ရာ ရန်သူ၏ကွပ်ကဲမှု ပျက်ပြား၍ စိတ်ဓာတ်ကိုပါ ချောက်ချားစေခဲ့ပါသည်။

ဤကား သတင်းစုံစွာ ရယူခြင်း၏ အကျိုးဆက်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



**၃။ သတင်းလုံခြုံမှုရှိခြင်း**

ရန်သူ့သတင်းကို မိမိက ရအောင်ကြိုးစားခဲ့သော် လည်း မိမိသတင်းများကိုမူ ရန်သူမသိအောင် အစွမ်းကုန် ထိန်းသိမ်းခဲ့သည်။ ဆက်သွယ်ရေးအခန်းကဏ္ဍတွင် KNU များကား ခပ်ညံ့ညံ့တော့ မဟုတ်ကြပါ။ ခေတ်မီ စက်များကို ၁၉၈၀ ခုနှစ်လောက်ကတည်းက သုံးနေကြပါ၏။ ကျွန်တော် တို့ ၁၉၉၀ ခုနှစ်လောက်မှ သုံးသည့် Icom တွေကို သူတို့က ၁၉၈၀ ခုနှစ်လောက်ကတည်းက သုံးနေကြပြီ။ ကျုန် Relaystation တင်ရသည့် ဆင့်ကမ်းစက်ကြီးများလည်း သူတို့သုံးတတ်ပါသည်။ ကျွန်တော် ဗျူဟာမှူးဘဝက ကျွန်တော် တာဝန်ကျရာ သထုံမြောက်ခြမ်း၌ သူတို့ Relay Station အား ကမမောင်း အနောက်ဘက်က မီးဖိုင်း တောင်ကြီးပေါ်မှာ တပ်ထားသည်။ တက်တိုက်ရန် စီမံချက် တင်ခဲ့သော်လည်း ခွင့်ပြုချက်မရ၍ မတိုက်ခဲ့ရပါ။ KNU များက intercept လည်း မညံ့ပါ။ လုပ်တတ်ကြပါသည်။ ထို့ကြောင့် သာမန်ပို့ရိုးပို့စဉ် ကြေးနန်းများကို စက်ပေါ် တက်သော်လည်း တကယ့်အဆုံးအဖြတ်ပေးရမည့် ကိစ္စ များကို လူလွှတ်၍ By hand ဆက်သားဖြင့် စာပို့ကာ သိ





ပါသည်။ အချို့နေရာများတွင် စစ်မြေပြင်သုံး တယ်လီ နံးများ ကြိုးဆွဲကာ ပြောရပါသည်။ ထိုစဉ်က IT ခေတ် ရောက်သေး၍ ထိုမျှဆိုလျှင်ပင် အတော်လုံခြုံနေပါပြီ။

**း အုပ်ချုပ်ထောက်ပံ့မှုကောင်းခြင်း**

ကော်မူးရာ ခေါ် ဝမ်ခသစ်စခန်းအား တိုက်ခိုက် ာတွင် ရိက္ခာအား ရှေ့တန်းတပ်များနေရာအထိ မော်တော် ာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။ ခဲယမ်းများလည်း ုံလောက်စွာ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းပေးနိုင်ခဲ့ ါသည်။ ခဲယမ်းများသာမက ဆက်သွယ်ရေးကျင်းများ အဆက်မပြတ် တူးနေရသဖြင့် ကျင်းတူးဂေါ်ပြားများ လိုအပ် နေရာ ပေါက်ပြား၊ ဂေါ်ပြား၊ ကျင်းတူးကိရိယာများကို သည်း လိုအပ်သလောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ ဏာရာရစစ်သည်များအား မော်တော်ယာဉ်များဖြင့် က်ချင်း သယ်နီးညီနောင်သို့ ပို့ပေးခဲ့ပါသည်။ ရန်ကုန်ပို့ရန် လိုအပ်သည့်လူနာများအား ရဟတ်ယာဉ်များဖြင့် စီစဉ် ပို့ဆောင်ပေးခဲ့ပါသည်။

ကော်မူးရာဒေသမှာ ကားလမ်းများပေါက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်များကို မော်တော်ယာဉ်များ အသုံးပြုကာ ချက်ချင်းပို့ဆောင်ပေးနိုင်ခဲ့ရာ အုပ်ချုပ်ထောက်ပံ့မှုကိစ္စ လိုလေသေးမရှိ ပြည့်စုံသည်ဟု ဆိုရပါမည်။

လက်နက်၊ ခဲယမ်း၊ ရိက္ခာ၊ ရေ၊ ဆေးဝါး၊ ဝတ်ပစ္စည်း အစစအရာရာ ပြည့်စုံခဲ့ပါသည်။ ထို့ကြောင့် အောင်မြင်မှုရခဲ့သည်ဟု ထင်မြင်ယူဆပါသည်။

**၉။ အငိုက်မမိနိုင်ခြင်း**

ကော်မူးရာတိုက်ပွဲမှာ မည်သို့မျှ အငိုက်မရသည့် တိုက်ပွဲဖြစ်ပါသည်။

စခန်းအဝင်ဝက ကိုက် ၂၀၀ သာရှိသည်။ သံဆူးကြိုး ၁၁ ထပ် ကာရံထားသည်။ မြောင်းတွေ တူးထားသည်။ မိုင်းတွေ ခင်းကျင်းထားသည်။ သတ်ကွင်းတွေ အပြောင်ရှင်းထားသည်။ ဘယ်လိုမှ အငိုက်မရနိုင်။ နေ့နေ့ ညည ဘယ်လိုတက်တက် သိပ်မလွယ်လှပါ။ သေဖို့အရာများပါသည်။ အဓိကမှာ အဝင်ဝက ဘန်ကာကြီးများ ဖြစ်၏။ ဒါကြီးတွေ ခံနေ၍ဖြစ်သည်။

**KNU** တွေက ဒါကြီးတွေအားကိုးနှင့် ဆက်မိုက်





နေကြသည်။ အတော်ကျေနပ်နေကြသည်။

ဖေဖော်ဝါရီ ၈ ရက်တိုက်ပွဲတွင် မိမိတို့ဘက်က ပေးဆပ်ရမှုများခဲ့၏။ ဒီဘန်ကာကြီးတွေကြောင့် ဒါကြီးတွေ ရှိမှ အေးမည်။ စုပေါင်းအဖြေရှာသည်။ တွေ့သည်။ ထို အဖြေအတိုင်း ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ဆောင်ရွက် လိုက်သည်။ ထိုဘန်ကာတန်းကြီးကို ၁၀၅ မီလီမီတာ အမြောက်ကြီးများဖြင့် **Direct Fire** ပြောင်းထိုးပစ်ခဲ့ရာ **KNU** တွေ လုံးဝမယုံနိုင်ဘဲ ကယ်ပါ ယူပါ တစာစာဖြစ် ကုန်ကြတော့သည်။ ဘန်ကာထဲရှိသူတွေ မီးလောင်တိုက် အသွင်းခံရပြီး ငုတ်တုတ် အသက်ပျောက်ခဲ့ရသည်။ ပြေးမရ အောင် ခြေထောက်များတွင် သံကြိုးများ ခတ်ထား၍ ဖြစ်ပါသည်။

ဤနည်းနာကြောင့် **KNU** တွေ အငိုက်မိသွားပြီး နောက်တစ်နေ့တွင် ကော်မူးရာမှ ခွာစစ်ဆင်သွားကြောင်း တွေ့ရပါသည်ခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အမြောက်တပ်၏စွမ်းဆောင်နိုင်မှုအပေါ် သုံးသပ်ချက်

ဤသုံးသပ်ချက်မှာ အခြားတိုက်ပွဲကြီးများနှင့်မတူ တစ်မူထူးခြားသော သုံးသပ်ချက် ဖြစ်၏။

ကော်မူးရာတိုက်ပွဲသည် အမြောက်တပ်၏ အောင်ပွဲဟု ဆိုသင့်သည်။ ၁၀၅ အမြောက်ကြီးများသည် ကော်မူးရာတိုက်ပွဲကို အဆုံးအဖြတ်ပေးသွားသည်။ အမြောက်တပ်၏ Principle ကို ပြောင်းပြန်လှန်ပြီး တိုက်ပြသွားသည်။ အပိုင်းလိုက် သုံးသပ်ပါမည်။





၁။ ကော်မူးရာတိုက်ပွဲကြီးတွင် အမြောက်တပ်သည် ၎င်း၏စွမ်းဆောင်နိုင်မှုတာဝန် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း တွေ့ရ၏။

(က) မိမိတပ်များ စုရပ်စီရပ်ကို ဝင်ရောက်နေရာယူရာတွင် အကာအကွယ် ပေးနိုင်ရေးအတွက် ကြိုတင်ပစ်ခတ်မှု ဆောင်ရွက်ခဲ့သည်။

(ခ) တိုက်ပွဲစဉ်တစ်လျှောက်လုံး ကြိုတင်ချေမှုန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

(ဂ) စခန်းသိမ်းတိုက်ပွဲမတိုင်မီအထိ တိုက်ရိုက်ပစ်ခတ်ခြင်း အပါအဝင် ထိရောက်သော အနီးကပ် ပစ်ကူပေးခဲ့သည်။

(ဃ) ရန်သူမှ ခံစစ်သေဖြစ်သော်လည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မိမိခြေလျင်တပ်များအား ပစ်ခတ်နေမှုအပေါ် တန်ပြန်အမြောက်၊ တန်ပြန်စိန်ပြောင်းများပစ်၍ နှိမ်နင်းထားခဲ့သည်။

(င) မိမိခြေလျင်တပ်ဖွဲ့များ ရည်မှန်းချက်များ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီး ပြန်လည်ဖွဲ့စည်းနိုင်ချိန်အ ထိရောက်သော ပစ်ခတ်မှု အကာအကွ များ ပေးနိုင်ခဲ့သည်။

၂။ ပစ်ခတ်မှုနည်းစနစ်များနှင့် ပတ်သက်၍ နိုင်းယှ သုံးသပ်ခြင်း

(က) စွမ်းအင်နှိမ်ပစ်ခတ်ခြင်း **Neutralizati** ။ မိမိ၏ကျည်ဆန်များ ကျရောက်ပေါ ကွဲနေစဉ် ရန်သူများသည် ၎င်းတို့ လက်နက်များအား ထိရောက်စွာ ပြ လည်ပစ်ခတ်ခြင်း မပြုနိုင်ဘဲ နောက်ပိ သို့ ရွှေ့ပြောင်းပြီး မိမိပစ်ကူများ နော ပိုင်းသို့ ရွှေ့ပြောင်းပြီးမှသာ မူလနေရာ ပြန်လည်ဝင်ရောက်ကာ ပစ်ခတ်ခဲ့သည် မိမိတို့ပစ်ခတ်မှု ထိရောက်မှုရှိကြော တွေ့ရပါသည်။

(ခ) စိတ်ဓာတ်ကျဆင်းစေရန် ပစ်ခတ်ခြ **Demoralization** ။ **TOT** နည်းပြ



၁၉၉၅-ခုနှစ်က ကော်မူးရာ စခန်းသိမ်းတိုက်ပွဲအပြီးတွင် ဖမ်းဆီးရမိ လက်နက်ကြီးများကို ဗိုလ်ချုပ်ကြီးမောင်အေး နှင့် ဗိုလ်ချုပ်ကြီး ခင်ညွှန့် စစ်ဆေးကြည့်ရှုနေစဉ်

မြရတနာစာပေ

www.burmeseclassic.com


www.burmeseclassic.com



၁၉၉၅ – ခုနှစ်က ကော်မူးရာ စခန်းသိမ်းတိုက်ပွဲအပြီးတွင် ဖမ်းဆီးရမိ လက်နက်များ

www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံခြားထုတ်စာစောင်များမှ ပြထားသည့် ကော်မူးရာစခန်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်မှုကြောင့် ရန်သူများ စိတ်ဓာတ်ကျဆင်း၍ ချောက်ချားတုန်လှုပ်စေပြီး စုပြုံပစ်ခတ်မှုကြောင့် ထိရောက်မှုများ ရှိကြောင်း တွေ့ရပါသည်။

(ဂ) ဖျက်ဆီးပစ်ခတ်ခြင်း **Destruction** ။ ကော်မူးရာ စခန်းသိမ်းတိုက်ပွဲတွင် ဖျက်ဆီးပစ်ခတ်ခြင်းအား တိုက်ရိုက်ပစ် အမြောက်ကြီးများဖြင့် ရန်သူ့ဘန်ကာကြီးများအား ထိရောက်စွာ ဖျက်ဆီးချေမှုန်းနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

(ဃ) နှောင့်ယှက်ပစ်ခတ်ခြင်း **Harrassing** ။ ကော်မူးရာ စခန်းသိမ်းတိုက်ပွဲ တစ်လျှောက်လုံးတွင် သာမန်အချိန် တပ်နားချိန်များတွင် နေ့စဉ် ညဘက်ပိုင်းနှင့် နံနက်ခင်းပိုင်းများတွင် ရန်သူ၏ စစ်ပြင်ဆင်မှုများအား အနှောင့်အယှက်ဖြစ်အောင် နှောင့်ယှက်ပစ်ခတ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(င) ပိုင်းဖြတ်ပစ်ခတ်ခြင်း **Interdiction** ... **Barrage**။ နောက်ပိုင်းစစ်ကူနယ်မြေ... နောက်ပိုင်းနယ်မြေသည် ထိုင်းနိုင်ငံ... နယ်မြေကန့်သတ်ချက်ရှိသဖြင့် ရန်... နောက်ပိုင်းအား ဟန့်တား ပိုင်းဖြ... ပစ်ခတ်ခြင်းကိုမူ မဆောင်ရွက်နိုင်ခဲ့...

(စ) မှတ်ပုံတင်ပစ်ခတ်ခြင်း **Registrat**... ။ ကော်မှူးရာစခန်းသိမ်းတိုက်ပွဲ... ရန်သူစခန်းရှိ ပစ်မှတ်ဘန်ကာများအ... မှတ်ပုံတင် ဆောင်ရွက်မှုများရှိခဲ့ပြီး ... အချက်အလက်များပေါ် မူတည်၍ ... ရောက်စွာ ပစ်ခတ်ချေမှုန်းမှုများ ဆော... ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

၃။ တိုက်စစ်တွင် ပစ်ကူပေးပုံ အမျိုးအစားနှင့်... သက်၍ နှိုင်းယှဉ်သုံးသပ်ခြင်း

(က) ကြိုတင်ချေမှုန်းခြင်း။ တိုက်ပွဲ... တစ်လျှောက်လုံး ဆောင်ရွက်နိုင်ခဲ့သ...





တိုက်စစ်မစမီ ကြိုတင်ချေမှုန်းခြင်းအား သွေးတိုးစမ်းတိုက်ပွဲများမှာပင် အသုံးပြု ခဲ့သည်ကို တွေ့ရပါသည်။

(ခ) ကာပစ်ပစ်ခတ်ခြင်း။ မိမိတပ်များ စမျဉ်းများဖြတ်ကျော်ချိန်၌ ပစ်ခတ်ပေး ခဲ့သည်။ ရန်သူ၏ လက်နက်ကြီး ပစ်ခတ် နေချိန်တွင် တန်ပြန်ပစ်ခတ်ပေးခဲ့သည်။ ကာပစ်ပစ်ခတ်မှုထိရောက်စေရန် အကဲ ကြည့်များဖြင့် ထားရှိပြီး ပစ်ခတ်မှုစီမံချက် များ ရေးဆွဲကာ စနစ်တကျ ပစ်ကူပေးခဲ့ ကြောင်း တွေ့ရပါသည်။

(ဂ) ခံစစ်ပစ်ခတ်ခြင်း။ မိမိတို့သည် ခံစစ် မဟုတ်ဘဲ တိုက်စစ်ဖြစ်၍ ခံစစ်ပစ် ပစ် ခတ်ခြင်း မရှိပါ။ သို့ရာတွင် အရေးပေါ် ပစ်မှတ်များ **On call** ခေါ်ပစ်တောင်းခံ လာပါက ပစ်ကူပေးခဲ့ကြောင်း တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၄။ ပစ်ကူပေး အမြောက်တပ်ဖွဲ့နှင့် ချေမှုန်းရေးတပ်များ ညှိနှိုင်း၍ အောင်မြင်စွာ ပစ်ကူပေးနိုင်ခြင်း ရှိ၊ မရှိ သုံးသပ်ခြင်း

၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှစ၍ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့ထိ တိုက်ပွဲကြီးဖြစ်ပွားမှု ၅ ကြိမ် ရှိခဲ့သည်။ မိမိမှ ၄ ကြိမ်တိုက်စစ်ဆင်နွှဲခဲ့သည်။ တိုက်ပွဲစဉ်ကြီး ၄ ခုလုံး ပစ်ကူယူတပ်ဖွဲ့နှင့် ပစ်ကူပေးတပ်ဖွဲ့တို့ ပစ်ခတ်မှု စီမံချက်အပေါ်တွင် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

သို့သော်လည်း ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၁ ရက် တိုက်စစ်များတွင် မိမိ ပစ်ကူပေးအမြောက်အဖွဲ့တွင် ၁၂၀ မီလီမီတာ K 6 နစ်လက်နှင့် ယူဂို ၂ လက်။ ၁၀၆ မီလီမီတာ နောက်ပွင့် ၁ လက်တို့သာ ရရှိခဲ့သဖြင့် စီမံချက်အတိုင်း ပစ်ခဲ့သော်လည်း ပစ်အား အစွမ်းကုန်မခြေင်း ပစ်အား စုပြုံမသုံးနိုင်ခြင်း၊ ခေါ်ပစ်များအတွက် ကျည် ကန့်သတ်ချက်များ ရှိခဲ့ခြင်း တွေ့ရပါသည်။

ထို့ကြောင့် ပစ်ခတ်မှုနှင့် စစ်ကစားမှုတွင် တပ်ဆက်ကွာဟသွားမှုဖြစ်ခဲ့ရပါသည်။ ပစ်ခတ်မှုပေါင်းစပ်





ညှိနှိုင်းမှု ရှိခဲ့သော်လည်း လူအင်အား၊ မြေအခြေအနေနှင့် လက်နက်အင်အားများအရ အောင်မြင်သော တိုက်ပွဲအတွက် အဆုံးအဖြတ်ပေးနိုင်သော ပစ်ကူများပေးရာတွင် အားနည်းမှုရှိခဲ့ကြောင်း တွေ့ရပါသည်။

မာနေပလောစခန်းကြီးအား သိမ်းပိုက်ရရှိပြီးသောအခါတွင် မိမိအမြောက်တပ်ဖွဲ့ကြီးအားလုံး ကော်မူးရာဒေသသို့ ပြောင်းရွှေ့ရောက်ရှိခဲ့လေသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၈ရက်နှင့် ၂၁ ရက်နေ့ တိုက်ပွဲများတွင် အမြောက်တပ်ဖွဲ့မှူး ဗိုလ်မှူးကြီး လွန်းသိန်းစိုး၏ ပစ်ခတ်မှု ပေါင်းစပ်ညှိနှိုင်းခဲ့ပြီး လက်အောက်ခံ အမြောက်တပ်ခွဲမှူး တပ်စုမှူးများနှင့် ပစ်ခတ်မှုအား ပေါင်းစပ် ညှိနှိုင်းပေးနိုင်ခဲ့ပါသည်။

ဖေဖော်ဝါရီ ၈ ရက်နေ့ တိုက်ပွဲဖြစ်စဉ်တွင် တိုက်ပွဲကနဦးပိုင်း၌ စီမံချက်ပါအတိုင်း ထိရောက်စွာ ပစ်ခတ်နိုင်ခဲ့ပါသည်။ ပစ်ကူပေး အမြောက်တပ်ဖွဲ့၏ ထိရောက်သော ပစ်ကူပေးမှုအောက်တွင် ရန်သူ၏ ခြံစည်းရိုးများ မိုင်းကွင်းများ ဖျက်ဆီးနိုင်ခြင်း၊ ရန်သူ၏ သွယ်ဝိုက်လက်နက်များကို ဦးနှိမ်ထားပြီး ပစ်ခတ်နိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရန်သူ၏အဓိကရေ့တန်း ဘန်ကာ တန်းကြီး အခိုင်အမာ ခံစစ်တည်ဆောက်ထားမှုအား ထိ ရောက်စွာ မဖျက်ဆီးနိုင်ခဲ့ပါ။ ခြေလျင်တပ်ဖွဲ့များ ဘန်ကာ တန်းအနီးသို့ ရောက်ပြီး မကျော်နိုင်သည့်အတွက် ပစ်ခတ် မှုနှင့် ရွေ့လျားမှုဖြင့် စစ်ကစားပေးနိုင်မှုတို့ ဟန်ချက်ညီစွာ ပေါင်းစပ်ရန် အခွင့်အရေး နည်းပါးခဲ့ရလေသည်။

မိမိအမြောက်လက်နက်ကြီးများ ပစ်ခတ်မှု ရပ် ဆိုင်းချိန်တွင် ရန်သူအနေဖြင့် တန်ပြန်တိုက်စစ်ဆင်နိုင် ခြင်းဖြစ်သည်။ ၎င်းအချက်ကို ကျော်လွှားနိုင်ရေးအတွက် ခြေလျင်တပ်သုံး လက်နက်ကြီးများဖြင့် တိုက်ရိုက်ပစ်ကာ တစ်ရှိန်ထိုးကျော်သွားရမည် ဖြစ်သော်လည်း ကျော်လွှား နိုင်ခြင်း မရှိခဲ့ပါ။ တပ်အဆက်ပြတ်သွား၍ ရှေ့က တပ်ဖွဲ့ ဆောင်ရွက်နေသည်ကို နောက်တပ်ဖွဲ့က လိုက်ပါကူညီ နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ရည်မှန်းချက်များကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခြင်းမရှိခဲ့ပါ။

ဖေဖော်ဝါရီ ၂၁ ရက်နေ့ တိုက်ပွဲကြီးတွင်မူ ယခင် ယခင် တိုက်ပွဲအတွေ့အကြုံများပေါ် အခြေခံပြီး ပြီးပြည့်စုံ သောပစ်ခတ်မှု စီမံချက်ဖြစ်ပေါ်စေရေးအတွက် အမြောက်

မြရတနာစာပေ



ပွဲ့မှူးနှင့် ခြေလျင်တပ် အကြီးအကဲများ ပေါင်းစပ်ညှိနှိုင်း ပြီးပြည့်စုံသော ပစ်ခတ်မှု စီမံချက်ကို ရေးဆွဲနိုင်ခဲ့ သည်။

ရန်သူ၏အဓိက အားထားရာ ဘန်ကာတန်းကြီး ဖျက်ဆီးရေးအား အဓိကဦးစားပေး စီမံချက် ရေးဆွဲ သည်။ အဆိုပါ ဘန်ကာတန်းကြီးဟာ ဖျက်ဆီးပစ်ခတ်ရေး တစ်ရက်ကြိုတင်၍ တိုက်ရိုက်ပစ်အမြောက်ကြီးများဖြင့် ဘန်းကျကျ ရွေ့ပြောင်းပစ်ခတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ပစ်ခတ်ချေမှုန်းနိုင်မှုကြောင့် ရန်သူများမှာ ဘန်ကာတန်း ကြီး ပျက်စီးသွားချိန်တွင် စိတ်ဓာတ်ပါ ပျက်ပြားသွားကြပြီး နောက်နေ့တွင် လျင်မြန်စွာ ခွာစစ်ဆင်သွားသည်ကို တွေ့ရပါသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် အမြောက်ကြီးများ ပစ်ခတ်မှုထိရောက်ခြင်း၊ ပစ်ကူထိရောက်စွာပေးနိုင်ခြင်း၊ ပစ်ခတ်မှုနှင့် စစ်ကစားမှု ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှု များကြောင့် မိမိဘက်မှ အကျအဆုံးနည်းစွာဖြင့် ရန်သူ့ စခန်းအား အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါသည်။

အထက်ပါစခန်းသိမ်းတိုက်ပွဲဖြစ်စဉ်များအရ ၁၉၉၅

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့ တိုက်ပွဲဖြစ်စဉ်တွင် အမြော
တပ်ဖွဲ့အနေဖြင့် ပစ်ကူယူချေမှုန်းရေးအား ခြေလျင်
များနှင့် ညှိနှိုင်း၍ အောင်မြင်စွာ ပစ်ကူပေးနိုင်ခဲ့ကြော
တိုက်ပွဲဖြစ်စဉ်သမိုင်းအရ အထင်ကရ မှတ်တိုင်ဖြ
ကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။

❖ ❖ ❖

## သင်ခန်းစာဖော်ထုတ်ချက်များ

သင်ခန်းစာ ဖော်ထုတ်ချက်များကို မြန်မာ့တပ်မတော်ဘက်ကရော KNU ဘက်ကပါ ဘက် ၂ ဘက်လုံးအတွက် စဉ်းစားပြီး ဖော်ထုတ်ကြည့်ပါမည်။ စာရှုသူများမှ ဝိုင်းဝန်းသုံးသပ်ဆုံးဖြတ်ကြရန် ဖြစ်ပါသည်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော်အတွက် သင်ခန်းစာဖော်ထုတ်ချက်များ

၁။ ပထမ ဒီဝမ်ခသစ် ဒေါ် ကော်မူးရာစခန်းကြီးကို မြဝတီနဲ့ ၁၀ မိုင်လောက်မှာ အနိုင်အမာ တပ်စွဲခွင့်ပြု တဲ့ကိစ္စပါ။ ကိုယ့်ဆီက မြို့နဲ့ ဒီလောက်နီးနီး။ ဒီလောက် စခန်းကြီးကို ဘာဖြစ်လို့ ခွင့်ပြုထားရတာလဲ။ စောစော ကတည်းက တစ်နည်းနည်းနဲ့ ဖျက်ဆီးပစ်လို့ မရဘူးလား။ ၁၉၅၆ ခုနှစ်လောကတည်းက ဒီစခန်းကြီး စဆောက် နေပြီတဲ့။ အဲဒါမသိဘူးလား။ မသိဘူးဆိုတာတော့ မဖြစ် နိုင်ဘူး။ သိရင်ရော ဘာလုပ်နေသလဲ၊ ဘာလို့သွား မတိုက် သလဲ။ အချိန်တွေကြာလာတော့ သူ့ခံစစ်က ပိုပိုပြင်လာပြီး





တိုက်ရခက်သွားရော။ အပ်နဲ့ထွင်းရမယ့် ကိစ္စ ပေါက်ဆိန် ပေါက်ရရော။ ကိုယ့်ဘက်က လူတွေ ရာနဲ့ချီ သေကြေ ဘ်ရာရပြီးမှ အများကြီးပေးဆပ်ပြီးမှ ဒီစခန်းကြီးကို ဆိုက်ပါသည်။ တပ်မတော်က လူတော်တွေ သေကုန် ကြရသည်။ ကျွန်တော်နဲ့ ဗိုလ်မှူး သန်းဆွေ (ခမရ ၁၁၈ င်းမှူး) တို့ ဗထူးတိုက်ခိုက်ရေးကျောင်းမှာ အတူတူနေခဲ့ ပါသည်။ အလွန်တော်သူ ဖြစ်ပါသည်။ ရိုးသား ကြိုးစားသူ ဖြစ်ပါသည်။ သူ ကျဆုံးသွားသည်ကို အလွန်နှမျောမိ ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့နှင့် လက်လှမ်းတမီ ရန်သူ အခြေချပါက ခွင့်မပြုသင့်ပါ။ ဆောလျင်စွာ သွားရောက် ရှင်းလင်းသင့်ပါကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိပါသည်။

(ယခုရခိုင်ပြည်နယ်ဘက်မှာလည်း အဲဒီလို ချေလာ ချေလာတွေ ရှိနေသည်ဟု ကြားနေပါသည်။ လက်မနှေး သင့်ပါ။ အမြန်အရေးယူသင့်ပါသည်။)

၂။ မိမိတပ်များသည် ကော်ရာမူးစခန်းကြီးအား ၁၉၉၄ ခုနှစ် ဒီဇင်ဘာမှ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီထိ ၂ လကြာမျှ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခဲ့ရသည်။ လူတွေအများကြီး သေကျေဒဏ်ရာ
စခန်းသိမ်းနိုင်သည်။ ကျွန်တော်တို့ရဲ့ တိုက်စစ် န
ဗျူဟာက တရုတ်နီနည်းဗျူဟာလို လူလှိုင်းစစ်ဆင်
ဖြစ်နေသည်။ တစ်သုတ်ပြီး တစ်သုတ် လူတွေအသေ
တက်ကြသည်။ ဒီဘက်က လူများတော့ အသေခံနိုင်သ
KNU က လူ ၈၀၀ ပဲရှိသည်။ ဒီဘက်က တစ်ရင်
တစ်ရင်း လဲတက်သည်။ KNU က ထပ်ဖြည့်စရာ လူ
တိုက်ပွဲတိုင်းလိုလို အရှုံးနဲ့ချည်းဖြစ်၍ စိတ်ဓာတ်ကလ
မကောင်းတော့။ ကြာတော့ ဒဏ်ရာရတာ၊ ကျ
ပြေးတာနဲ့ လူတွေ ပြုန်းတီးသွားကြသည်။ ဒါတောင်
လကြာမှ ဒီစခန်းကြီးကို ရသည်။ ကျွန်တော်တို့ဘက်
တာဝန်ရှိသူတွေကို မေးလိုပါသည်။

လူအသေမခံဘဲ တိုက်တဲ့နည်း မရှိတော့ဘူးလား

ABC Warfare လုပ်လို့ မရဘူးလား။

ဒီဝင်ပေါက်ကလေးကပဲ ပြုတိုးနေကြတော့မှာလား

အဝကနေပြီး Flame Thrower သုံးပြီး သူ

ကြီးကို မီးတင်ရှို့လို့ မရဘူးလား။ ဥမင်လိုဏ်ခေါင်းတူး
ဖောက်ခွဲလို့မရဘူးလား။

မြရတနာစာပေ



ဒါမှမဟုတ် သံချပ်ကားတွေ သယ်လာပြီး အဲဒီက
မြောက်ကြီးတွေနဲ့ ဘန်ကာကြီးတွေကို လှမ်းဖြိုလို့ မရ
လား။

ကားလ်ဂူးစတတ် လောင်ချာကရော ဒီဘန်ကာကြီး
မတိုးဘူးလား။

မတိုးရင် တိုးတဲ့ သေနတ်မရှိဘူးလား။

ကိုယ့်ဘက်က လက်ဖြောင့်သေနတ်သမားတွေနဲ့
န်ကာထဲက လူတွေကို တစ်ယောက်ချင်း ချေမှုန်းရင်
ာ မရဘူးလား။

မီးစုန်းပါတဲ့ မီးလောင်ဗုံးတွေ ပစ်သွင်းလို့ မရဘူး
လား။ M 79, 57, 60 MM နဲ့ ပစ်လို့ မီးလောင်သွားတာ
ိုက်ပွဲတွေမှာ ကျွန်တော် ခဏခဏ တွေ့ခဲ့ဖူးပါသည်။
စ်ကိုယ်တော် စွန့်စားဝံ့ရဲတဲ့သူရှိရင် ခွင့်ပြုပြီး စခန်းကြီးကို
ဘင်ရှို့ရင် ရှို့၊ ဖောက်ခွဲဖျက်ဆီးရင်လည်း ဖျက်ဆီး
Commando Raid လုပ်ရင်ကော မရဘူးလား။ The Guns
of Navarone ထဲကလိုပေါ့ဗျာ။ Ninja တွေလိုပေါ့။

ဒါတွေက ကျွန်တော် စိတ်ကူးယဉ်ကြည့်တာပါ။
ကြီးတွေကတော့ လူကြီးဆိုတော့ လူကြီးသိက္ခာနဲ့ သမား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိးကျ စဉ်းစားကြမှာပါ။

ကျွန်တော်ကတော့ လူငယ်လို တွေးတာပါ။ ချင်တာ၊ ရချင်တာပါပဲ။

စာရှုသူများလည်း ဝိုင်းတွေးပေးကြပါခင်ဗျာ။

၃။ ဒီတိုက်ပွဲမှာ စခန်းအဝင်ဗူးဝအထိ တပ်မတော် က Trench လိုက် ကျင်းတွေတူးခဲ့သည်ဟု ဆိုပါသည် လိုက်ကျင်းအစား အတွင်းထဲကို ဥမင်လိုဏ်ခေါင်းတူး ရော မရဘူးလားဗျာ။ ပါလက်စတိုင်းမှာ အဲဒီ ကျင်းကြီးတွေတူးပြီး ဒုံးပျံတွေတောင် ခိုးသွင်းနေတာ ဗီယက်နမ်စစ်ပွဲမှာလည်း ဗီယက်ကောင်းတွေက ဒီလို Tunnel တွေ တူးသွားကြတာ။ ဒါနဲ့ပဲ အမေရိကန် ဗုံးအ က ကာကွယ်သွားကြတာ။

ဒင်ဗင်ဖူးတုန်းကလည်း စခန်းကြီးပတ်ဝန်းကျင် ဗီယက်မင်းတွေက ပြင်သစ်ဗုံးဒဏ်ကြောက်ပြီး ကျင်းတွေ ချဉ်းကပ်ခဲ့တာ။ Trench Warfare နဲ့ ပြင်သစ်ကို အ တိုက်ခဲ့တာ။ အဲဒီလို Tunnel တွေ တူးပြီး ဝင်ရင် မရနိုင်ဘူးလားခင်ဗျာ။

မြရတနာစာပေ



အကျအဆုံးနည်းအောင် စဉ်းစားတာပါ။

KNU ကတော့ ကျင်းရော ဂလိုင်ရော တကယ်တူး ပါသည်။ ပထမအကြိမ် မာနေပလောတိုက်စစ် ၁၉၉၂ ခုနှစ်က ကျွန်တော် တကယ်တွေ့ခဲ့တာပါ။

သူတို့ ကျင်းတူး၊ ဂလိုင်တူး မပျင်းကြပါ။

သူတို့တောင် တူးနိုင်ရင် မြန်မာ့တပ်မတော်က သည်း တူးနိုင်ရမှာပေါ့။

၃။ အကျအဆုံးနည်းနည်းနဲ့ စခန်းရအောင် လုပ်နည်း နောက်တစ်နည်း စဉ်းစားကြည့်ကြပါမည်။

ဗီယက်နမ်ရှိ အမေရိကန်စခန်းများကို ဗီယက် ကောင်းတွေက နေ့တိုင်း လက်နက်ကြီးများနဲ့ မှန်မှန် အလုံး ချိန်ပြီး ပစ်နေပါသည်။ ကြာတော့ အမေရိကန်တွေ သွေး သန့်လာပြီး တိုက်ပွဲတကယ်ဖြစ်တော့ ကြောက်စိတ်ဝင်ပြီး အရှုံးနဲ့ နိဂုံးချုပ်သွားကြပါသည်။

ကျွန်တော်တို့လည်း ကော်မူးရာကြီးကို စပြီး ဗိုက်ကတည်းက နေ့စဉ် မရပ်မနား အထူးသဖြင့် သူတို့ အိပ်ချိန်၊ ထမင်းစားချိန်၊ အိပ်ရာထချိန်များတွင် မနားရ၊

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မစားရ၊ မအိပ်ရအောင် လူကို Breakdown ဖြစ် သွား အောင် လုပ်နေရပါမည်။ Shock ဖြစ်နေအောင် လုပ်နေ ပါမည်။ ကျွန်တော် ဗကပနဲ့ ၁၅ နှစ် စစ်တိုက်လာသူ ဗကပက ကျွန်တော်တို့ကို အဲဒီနည်းနဲ့ ဖိအားပေး ဒုက္ခပေး ခဲ့တာပါ။ KNU ကိုလည်း ကျွန်တော်တို့ အဲဒီနည်း ပြန်သုံးသင့်သည်ဟု ထင်မြင်ယူဆပါသည်။

တကယ်တိုက်တော့ အဖက်ဖက်က ချွတ်ချုံ ချို့တဲ့နေသူနဲ့ Fresh ဖြစ်တဲ့ မိမိနဲ့ယှဉ်ရင် မိမိက နိုင် လိမ့်မည်။

၅။ ကော်မူးရာက ကေ ၁၅၀ လောက်ရှိတာ လေယာဉ်က ဗုံးနဲ့ကြဲရင် အလုံး ၁၀၀၊ ၂၀၀ လောက် ကြဲလိုက်ရင် စိစိညက်ညက်ကျေသွားမှာ။ ထိုင်းနဲ့ကပ်နေ ဗုံးမချချင်ရင်လည်း Rocket တွေနဲ့ပစ်နေရင် မရဘူးလား အတွင်းကို Penetration Power ပြင်းတဲ့ Rocket ကြီး တွေနဲ့ ပစ်ရင်ရော မဖြစ်ဘူးလား။ လုပ်သင့် မလုပ်သင့်တော့ မသိဘူး Napalm ဗုံးတွေ၊ Cluster ဗုံးတွေ ချလိုက်ရင် တော့ တစ်ခါတည်း ကိစ္စပြီးသွားမယ် ထင်တယ်။

ဒါတွေက ကျွန်တော့်အတွေးတွေပါ။





စစ်ဆိုတာကတော့ နိုင်တဲ့ဘက်က တရားတာပဲ။ နိုင်အောင်လုပ်ဖို့ အဓိကဟု ကျွန်တော် မြင်ပါသည်။ စာရှုသူများကတော့ နှစ်သက်သလို ယူကြရန်ပါ င်ချား။

စစ်နည်းဗျူဟာ ကျင့်သုံးမှုအပိုင်းကို ပြောချင်ပါသည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာတွင် တိုက်ပွဲ ၂ ပွဲ တိုက်ခဲ့ရာ သွားတိုးစမ်းဆိုသော်လည်း ရနိုင်က ယောင်ပြမှ တကယ့် က်ပွဲကြီးသို့ ကူးပြောင်းရန် စီစဉ်ထားပါသည်။ သို့ရာတွင် သမစီမံချက်မှာ ယောင်ပြသာဖြစ်သောကြောင့် ပစ်ကူ စ်ကူများ ထိရောက်စွာ မပေးနိုင်ခဲ့ပါ။ တပ်မမှူးက ဝေးက ကွပ်ကဲနေခဲ့ပြီး တိုက်ပွဲ အနီးကပ်ကွပ်ကဲရန် တွက် သဃန်းညီနောင် ဗျူဟာမှူးအားသာ တာဝန် ခဲ့ပါသည်။ တကယ် မရ, အရ တိုက်ကြတော့ ရတခ င်းမှူးကိုယ်တိုင် တိုက်ပွဲကို အနီးကပ်ကြီးကြပ်ခဲ့ရပါသည်။ တောင် တစ်ကြိမ်တည်းနဲ့ မရခဲ့ပါ။ ၂ ကြိမ်တိုက်မှ ပါသည်။

သို့ဖြစ်၍ ပစ်ကူစစ်ကူ လုံလုံလောက်လောက် ရပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ စီစဉ်ပြီးမှ အခိုင်အမာ စခန်းကြီးများကို တိုက်သ
ကြောင်း သင်ခန်းစာဖော်ထုတ်ရရှိပါသည်။

၇။ အောင်မြင်မှုမရခဲ့သည့် တိုက်ပွဲသုံးကြိမ်လုံး
မိမိတပ်များ စမျည်းအထိ ကင်းထောက်မှုအားနည်းခြ
ပစ်ကူပစ်အား အစွမ်းကုန် အသုံးချမှု မရှိခြင်း၊ ပစ်ခ
စီမံချက်အတိုင်း အမြောက်ကြီးများမှ ပစ်ခတ်ပြီးချိန်
ရန်သူမှ ခေါင်းထောင်လာကာ မိမိခြေလျင်တပ်များအ
ပစ်ခတ်ခြင်း၊ မိမိချေမှုန်းရေးတပ်များ ဟန်ချက်မညီခြ
အထူးသဖြင့် တပ်အဆက်ပြတ်ပြီး ရှေ့နှင့်နောက် Mutu
**Support** အပြန်အလှန် အထောက်အကူ မပြုနိုင်ခြ
ခြင်း ရှေ့ပိုင်းကျုံ့ဝင်သွားသော မိမိတပ်ဖွဲ့များနောက်
**Rare Force** မှ ရေအလျင်လို လိုက်ပါ မစီးဝင်နိုင်ခြ
ကြောင့် အောင်မြင်မှုမရကြောင်း သင်ခန်းစာ ဖော်ထု
ရရှိပါသည်။

၇။ ၈-၂-၉၅ နေ့ တိုက်ပွဲဖြစ်စဉ် မိမိပစ်ကူ အင်အ
တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး အသေးစိတ်လည်း ညှိနှိုင်းခဲ့ပါသည်





ရာတွင် တကယ်တိုက်သည့်အခါ ပစ်ခတ်မှုနှင့် ရွေ့လျား
ကစားမှု ဟန်ချက်မညီဘဲ ရန်သူ၏ အဓိကခံစစ် ဘန်ကာ
န်းကြီးအား မဖျက်ဆီးနိုင်ခဲ့ပါ။ ရန်သူ၏ ပုံသေ
ကြောင်းအောက်တွင် မိမိချေမှုန်းရေး တပ်များ ပိတ်မိ
ားပြီး အပစ်ခံခဲ့ရပါသည်။ ရှေ့နောက်တပ်ဆက်လည်း
တ်သွား၍ နောက်မှရှေ့သို့ မကူမညီနိုင်ဘဲ တကွဲတပြားစီ
စ်ခဲ့ရပါသည်။

မိမိဘက်မှ လက်နက်ကြီးငယ် အမျိုးစုံ ပစ်ခတ်
ကြောင့် စခန်းတွင်း၌ ဖုန်လုံးကြီးများ အလိပ်လိပ်တက်
သဖြင့် အမြောက်အကဲကြည့်များအတွက် မည်သို့မျှ
ကဲကြည့်မရတော့ဘဲ အရေးပေါ် ခေါ်ပစ် ပစ်မှတ်
စ်ကူများအတွက် အားနည်းခဲ့ပါသည်။

ဤကိစ္စအတွက် အဖြေမှာ ကော်မူးရာစခန်း
စ်ခုလုံး ပစ်မှတ်များ မှတ်ပုံတင်ထားပြီး ဘယ်နေရာ
ကို ပစ်ရန်။ ဘယ်ပစ်မှတ်ကို ပစ်ရန်ဆိုသည်ကို ပစ်မှတ်
ကြည့်ဘဲ ပစ်နိုင်အောင် အသေချိန်ထားသင့်ပါသည်။
KNU က မိမိသတ်ကွင်းဝင်လာသည့် တပ်များကို ဒီလို
အသေချိန်ပြီး ပစ်သွားတာ မဟုတ်လား။ **KNU** တောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ရင် မြန်မာ့တပ်မတော်ကလည်း လုပ်နိုင်ရမှာ… အမြောက်ပစ်ပညာကို ခြေလျင်တပ်မှူးကြီးများ သိအော… သင်ထားသင့်ပါသည်။ မသိရင်လည်း ကိုယ့်ဟာကို… သင်ထားသင့်ပါသည်။ ကျွန်တော် တပ်ရင်းမှူးဘဝ… အမြောက်က ခြေလျင်ဆင်းလာတဲ့ အရာရှိကလေး… အိုင်အိုအေကြှုခန့်ထားပြီး လက်နက်ကြီးများ တာဝန် … ပေးထားပါသည်။ စိန်ပြောင်းကြီးပစ်နည်း ၇၅ မီလီမီ… နောက်ပွင့်ပစ်နည်းများ သူ့ဆီက ပြန်သင်ပါသည်။ ည… အချိန် ဖယောင်းတိုင်ထွန်းပြီး စိန်ပြောင်းပစ်နည်းကို သင်… ထားခဲ့ရာ အလွန်ကတ်သီးကတ်သတ်နိုင်တဲ့ ဗျူဟာမှူး… စခန်းလာစစ်ရာတွင် အကုန်လုံးကျေနပ်သွား၏။ အား… စစ်ပြီးသွားမှ "ကဲ . . . တပ်ရင်းမှူး မင်း ငါ့ကို ည… စိန်ပြောင်းပစ်ပြကွာ" ဟု ခိုင်းရာ အမြောက်အရာရှိလေး… ညအချိန် ဖယောင်းတိုင်ထွန်းပြီး စိန်ပြောင်းကြီးပစ်နည်း… ပစ်ပြပြီး ဗျူဟာမှူးရဲ့ စာမေးပွဲကို အောင်ခဲ့ပါသည်။

ကြွားဝါနေတာ မဟုတ်ပါ။ တပ်မတော်က ခေါင်း… ဆောင်ငယ်များ နောင်တစ်ခေတ်ရဲ့ အောင်စစ်သည်များ… တတ်စေချင်၊ တော်စေချင်၍ဖြစ်ပါသည် ခင်ဗျား။





သိပ်ပြောနေရင် ကိုယ်ရည်သွေးရာကျမည်။ …စဉ်က တာဝန်ရှိ တပ်မတော်အရာရှိကြီးများ၏ နာခေါင်း …တာ ခံရနိုင်သည်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ တပ်မတော် …က သင်ခန်းစာ ဖော်ထုတ်ချက်ကို ဒါလောက်နဲ့ ရပ် …ပါမည်။ ပြောမည်ဆိုက ပြောစရာတွေ ရှိပါသေးသည်။

ဥပမာ **Under water demolishing** လုပ်ရင်ရော …ရဘူးလားဗျာ။ သောင်ရင်းမြစ်တစ်ခြမ်း ကိုယ့်ဘက်က …င်တာပဲ။

သူတို့ ရိက္ခာတွေပြတ်အောင်လုပ်ရင်ရောဗျာ။ မရ …ဘူးလား။

ရှေးခေတ်ကလို မီးခိုးမှိုင်းတိုက်တာတွေ၊ ညှော် …တိုက်တာတွေလုပ်ရင်ရော မရဘူးလား။ ရန်သူ အမျိုးမျိုး …တ်ညစ်နေအောင် နည်းမျိုးစုံသုံးရပါမည်။ ကျွန်တော်တို့ …ငယ်တွေ အပြောနဲ့ဆိုက ညစ်နည်းတစ်ထောင်ပေါ့ဗျာ။

ကဲ . . . တော်ပါပြီ။ သိပ်ရေးရင် စာရှုသူများက ကျွန်တော့်ကို အတော်ညစ်ပတ်စုတ်ပွဲတဲ့ လူဆိုးကြီးဟု …င်သွားပါဦးမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## KNU အတွက် သင်ခန်းစာဖော်ထုတ်ချက်များ

၁။ မာနေပလော ကျသွားပြီဖြစ်၍ နဝတ အစိုးရ နောက်ဆုံးကျန်တဲ့ ကော်မူးရာကို သေချာပေါက် အပြ တိုက်တော့မှာ ဗေဒင်မေးနေစရာ မလိုပါ။ ဗေဒင်မေး ဆန်ကုန်နေပါဦးမည်။ အဲဒီတော့ KNU ဗဟိုက ဘာလု မှာလဲ။ ခံတိုက်မှာလား။ ခွာပေးမှာလား။ အဓိက KN ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဖြစ်သည်။ သူက ဗဟိုကို ဒီမှာ ရွှေ့ရ ရွှေ့ချင်သည်။ မဖြစ်နိုင်ပါ။ ဒီလောက် မြဝတီနဲ့ နီး နေရာမှာ ဘယ်နေလို့ ရပ့ါမလဲ။ နဝတကရော ဒီအတိုင်





ည့်နေမှာလား။ စစ်အစိုးရ ဆိုနေပါမှ။ မာနေပလော ာင် တိုက်ပြီးပြီပဲ။ ကော်မူးရာကို ဘယ်ထားပါ့မလဲ။ လောက်တော့ အပျော့ပေါ့။

KNU က မိုက်မဲစွာ ခံတိုက်သည့်နည်းကို ရွေးခဲ့ ည်။

ကျွန်တော်သာဆို ခံမတိုက်ပါ။ ကိုယ့်ရဲဘော်တွေ သေခံ မနိုင်းပါ။ ဆုတ်နိုင်းပါမည်။ ပြီးမှ ဗဟို အသစ် ေရာရှာပြီး အစိုးရစစ်တပ်နဲ့ ဝေးတဲ့နေရာမှာ စခန်းပြန် ဆာက်ပါမည်။ ဥပမာ ဖာပွန် မြောက်ခြမ်း၊ ကယား ယ်စပ်။ အဲဒီနေရာတွေက တောထူသည်။ အရှေ့ဘက်က ိုင်းနိုင်ငံထဲက မဲဟောင်ဆွန်နဲ့ နီးသည်။ ဒါဆို ကိုယ့် က်က အတော်ခံသာသွားပါမည်။ လမ်းပန်းအဆက် သွယ် မြန်မာနိုင်ငံဘက်က မကောင်းသဖြင့် အင်ကြီး ားကြီးနဲ့ ထိုးစစ်မဆင်နိုင်ပါ။ မာနေပလောတောင် တော်လုပ်ယူခဲ့ရတာ။ DKBA ကူညီလို့သာပေါ့။ ကူညီရင် နောက်ထပ် မြန်မာ့တပ်မတော်သားတွေ သေကြ ဦးမည်။ လမ်းတွေကလည်း မကောင်းပါ။

အခုတော့ KNU က ခံတိုက်သည့်နည်းလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ခဲ့သဖြင့် KNU အမာခံတပ်တွေ ကျေပြုန်
သည်။ ဥက္ကဋ္ဌကို သစ္စာခံသည့် ဗိုလ်မှူးကြီးသန်းမော
ကော်မူးရာမှာ ဘုရားသခင်က ခေါ်သွားသည်။ တပည့်
ကြီး ဗိုလ်မှူးချုပ် ထောလလည်း တိုက်ပွဲပြီးတော့ အ
တွေ ချွတ်ခြုံကျကာ စခန်းပိုင် အတည်တကျ မ
သူပိုင်တပ်တွေလည်း ကောင်းကောင်းမရှိနှင့်။ ဟိုတုန်းက
ထောင်ထောင်မလုပ်နိုင်တော့ဘဲ နောက်ဆုံးတော့ စိ
ထိခိုက်ပြီး ကွယ်လွန်သွားခဲ့ရသည်။

၂။ နောက်တစ်ချက်က စခန်းတွေကျပြီး နော
နဝတ က ငြိမ်းချမ်းရေးခေါ်သည့်အခါ KNU က
မာန်ယစ်ပြီး ငြိမ်းချမ်းရေးကို ငြင်းပယ်ခဲ့သည်။ KN
အဖွဲ့တွေ ကွဲသွားကြသည်။ DKBA ကြောင့်သာ မဟုတ်
မာနေပလောနှင့် ကော်မူးရာစခန်းကြီး ကျသွားသောအ
KNU မှာ သူ့ကြောင့် ငါ့ကြောင့် ဖြစ်ကုန်ကြသည်
ကနဲလေးမစ်ရှင်ကျောင်း အစည်းအဝေးမှာ စကားတွေ
များကုန်ကြသည်။ ဥက္ကဋ္ဌကို အယုံအကြည်မရှိ အဆိုတ
သွင်းလာကြသည်။ အလွန်မာနကြီးသော ဗိုလ်ချုပ်ကြီး





အတွက် ပထမဆုံးအကြိမ် ပါတီတွင်းတိုက်ပွဲနှင့် ကြုံရ
သည်။ သူ့ကို ပြင်းပြင်းထန်ထန် ပြောင်ဝေဖန်သူမှာ အထွေ
ထွေအတွင်းရေးမှူး ဖဒိုမန်းရှာ ဖြစ်သည်။ မန်းရှာက အနီ
ရောင်သန်းသူ ဖြစ်သည်။ တက္ကသိုလ်ပညာတတ် ဖြစ်သည်။
စ်သားမဟုတ်။ နိုင်ငံရေးသမားဖြစ်သည်။ နိုင်ငံရေး
ရိယာယ် ကြွယ်သည်။ ဗိုလ်မြကြ သေနတ်သမား KNU
ဒိုမန်းရှာကို ထောက်ခံသူတွေ များလှသည်။ နောက်ဆုံး
လ်မြ KNU ဥက္ကဋ္ဌက ဆင်းပေးရသည်။ သူ့နေရာကို
ဒိုဘသင် တက်လာသည်။ နွားကွဲ ကျားကိုက်ဖြစ်သွား
သည်။ KNU လူငယ်တွေက လူကြီး လူအိုတွေ ဖယ်ပေး
ဖို့ပြောသည်။ ဤနည်းဖြင့် လူငယ်အုပ်စုတွေ ရောဘတ်ဖံ
တို့၊ ဒေါက်တာမာတာတို့လည်း နေရာမရ၍ KNU က
ထွက်သွားကြသည်။ ဖဒိုမန်းရှာလည်း လုပ်ကြံခံရ၍
သေဆုံးခဲ့သည်။ နဝတက လုပ်ကြံခိုင်းတာဟုလည်း ပြော
ကြသည်။ DKBA က လုပ်တာဟုလည်း ပြောသည်။
သူတို့အချင်းချင်း လုပ်ကြံတာဟုလည်း ပြောသည်။ နဝတ
က မလုပ်ကြံတန်ရာပါ။ ကော်မူးရာတိုက်တာတောင်
လူတွေအသေခံပြီး ရိုးရိုး သမားရိုးကျ တိုက်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာညစ်ပတ်စုတ်ပဲ့သည့်နည်းမှ သုံးသွားတာမရှိပါ။ KNU မှာ Conservatic ဖြစ်သူတွေ အများကြီး ရှိပါသည်။ လူမျိုးရေး အဓိကသမားကြီးတွေပါ။ လူအို လူဟောင်း ဂိုဏ်းပေါ့ဗျာ။ အဲဒီလူတွေ အခုထိ ရှိပါသေးသည်။ နာမည် မဖော်သင့်ဟု ထင်ပါသည်။ သူတို့တစ်တွေက လုပ်ကြံခိုင်း တာရော မဖြစ်နိုင်ဘူးလား။ ဖဒိုမန်းရှာက စစ်ရေးစစ်ရာမှာ လူရိုး။ နိုင်ငံရေးသမား။ သေနတ်သမားမဟုတ်။ သူ့ကို သူတို့ထဲက သေနတ်သမားတွေက လုပ်ကြံလိုက်တာရော မဖြစ်နိုင်ဘူးလား။ ဖဒိုမန်းရှာက ၂၀၀၄ မှာ သေသည်။ အဲ ... ဗိုလ်ချုပ်ကြီးမြကာ ၂၀၀၆ မှာ သေခဲ့ပါသည်။ မန်းရှာကို ဘယ်သူက လုပ်ကြံတာလဲဆိုတာ စာရှုသူများ စဉ်းစားကြပါ ခင်ဗျား။

၃။ မာနေပလောနှင့် ကော်မူးရာ စခန်းကြီးများ ကျပြီး သည့်နောက် KNU သည် ကြက်ဥကွဲသလို အစိတ်စိတ် အမြွာမြွာ ကွဲသွားခဲ့၏။ မြန်မာ့တပ်မတော်ကလည်း လက်ရှေ့ ပွဲများတွင် တစ်ဖက်လူ အရေးနိမ့်ပြီး ဆုတ်ခံ ခံနေရသည့် အနေအထား၌ အတင်းဖိလုံးသလို KNU အား အတင်းဖိ ကာ လိုက်တိုက်ပါတော့သည်။ အဲဒီ စစ်ဆင်ရေးတွင် ကျွန်တော်ကိုယ်တိုင် ပါခဲ့ပါသည်။ KNU ဥက္ကဋ္ဌကြီး ဗိုလ်မြ တို့ ကနဲလေးမော်ခီးဂွင် ရှင်းလင်းရေးလုပ်တော့ ဗိုလ်မှူးကြီး သုရအေးမြင့်နဲ့ ဗျူဟာက လိုက်တိုက်သည်။ ကျွန်တော့် ဗျူဟာက တပ်ရင်းတစ်ရင်းပါ ပါသည်။ အဲဒီတုန်းက ကျွန်တော့်ဗျူဟာက သဃ်နီးညီနောင်မှာပါ။ KNU မှ အဖွဲ့တွေ အများကြီး ထပ်ကွဲသွားကြသည်။ မကွဲသွားမီ ၁၁တက ငြိမ်းချမ်းရေးခေါ်တာ KNU က လက်ခံ သင့်သည်။ လက်မခံခဲ့ပါ။ ခေါင်းမာနေခဲ့သည်။ မှားပါသည်။ ကိုယ့်ရည်ရွယ်ချက် ဦးတည်ချက် ပျောက်သွားပြီ။ KNU ခေါင်းဆောင်တွေ အိုကုန်ပါပြီ။ ဒါတွေကို ဖက်တွယ်မထား သင့်တော့ပါ။ (ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အတုယူ သင့်ပါသည်။ ဤကား စကားချပ်) ငြိမ်းချမ်းရေးလုပ်ပြီး လူငယ်တွေကို တာဝန်လွှဲသင့်ပါသည်။ Conservatic ဖြစ်သော လူကြီးတွေကြောင့် လူငယ်တွေ KNU က ထွက်သွားကြသည်။

ဥက္ကဋ္ဌကြီးဗိုလ်မြ ကိုယ်တိုင် ၂၀၀၄ ဖဒိုမန်းရှာ သေဆုံးပြီးသည့်နောက် စဉ်းစားစရာတွေ ရလာသည်။ နိုင်ငံရေးအရလည်း ဗိုလ်မြ ဥက္ကဋ္ဌ မဟုတ်တော့။ ဒု-



မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌသာ ဖြစ်၏။ ဥက္ကဋ္ဌက ဖဒိုဘသင်။ သူက ဖဒိုမန်းရှ တို့အုပ်စုက ဖြစ်သည်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးမြကား စစ်တပ်ကိုကား ဆုပ်ကိုင်ထားနိုင်ဆဲ ဖြစ်၏။

စစ်တပ်ကို ဆုပ်ကိုင်ထိန်းချုပ်ထားနိုင်ဆဲ ဖြစ်သော် လည်း သူတို့တွင် အခိုင်အမာပြစရာစခန်းတွေ မရှိတော့ သူကလည်း အိုပါပြီ။ ၁၉၂၇ က သူမွေးတာ။ အခုဆို သူ့အသက် ရှစ်ဆယ်နီးပါးရှိပြီ။ သူ့တွင် အသက်ကြီးလူအ များဖြစ်တတ်သော **Diabetes Type two** ရောဂါရှိသည် ဒီရောဂါက သူ့အား ဒုက္ခပေးနေတာ ကြာပြီ။ စိတ်သာ ရှိတာ။ ရုပ်က စိတ်ကို မလိုက်နိုင်တော့။

ဤသို့နှင့်ပင် ဗိုလ်ချုပ်ကြီးမြသည် ရောဂါဖိစီး နှိပ်စက်ခံနေရချိန်တွင် ငြိမ်းချမ်းရေးကို စဉ်းစားမိသဖြင့် နဝတနှင့် ဆက်သွယ်ပြီး ငြိမ်းချမ်းရေးကိစ္စကို ကိုယ်တိုင် ကိုယ်ကျ ဆောင်ရွက်ခဲ့သည်။ ဖဒိုမန်းရှာ မကွယ်လွန်မီ ၂၀၀၃ လောက်က ဖြစ်သည်။ ထိုကာလတွင် သူသည် **Diabetes** ကို အတော်ခံစားနေရပြီ ဖြစ်၏။ နဝတ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ဗိုလ်ချုပ်ကြီး မြနှင့်အဖွဲ့ ရန်ကုန်လာသွားသည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်





နှင့် တွေ့သည်။ သို့ရာတွင် သူတို့တွေ့ဆုံမှုမှာ ရာနှုန်းပြည့် အောင်မြင်မှုမရခဲ့ပါ။ အဖျက်အမှောင့်များ ရှိခဲ့၏။ အထူး သဖြင့် အတွင်းရေးမှူး ဖဒိုမန်းရှာက အပြင်းအထန် ဝေဖန် ခဲ့သည်။

နောက်ဆုံးတော့ ၂၀၀၄ တွင် ဖဒိုမန်းရှာ သေ သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်လည်း အနားပေးခံရသည်။ ဗိုလ်ချုပ်ကြီးမြလည်း ဆီးချိုရောဂါနှင့် မဲဆောက်တွင် ကွယ် လွန်ခဲ့သည်။ အဲဒီတော့ ဘာပြောချင်တာပါလဲ။ ခေါင်း ဆောင်ဆိုတာ သမိုင်း တရားခံမဖြစ်အောင် လုပ်သင့် လုပ်ထိုက်တာကို ကိုယ်လုပ်နိုင်တုန်း လုပ်ပိုင်ခွင့်ရှိတုန်း လုပ်သွားရန် သင်ခန်းစာ ဖော်ထုတ်ရရှိပါသည်ခင်ဗျား။ ယခု **KNU** ဗဟိုလူကြီးများ စဉ်းစားကြပါရန်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၅ )

## နောက်ဆက်တွဲဖော်ပြချက်များ

ကော်မူးရာတိုက်ပွဲကြီးနှင့် ပတ်သက်ပြီး သုံးသပ်ချက်နှင့် သင်ခန်းစာ ဖော်ထုတ်ချက်များ ပြီးသွားပြီဖြစ်သဖြင့် စာအုပ်ပြီးသလောက်ဖြစ်ပြီဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ယခုတိုက်ပွဲကြီးနှင့် ပတ်သက်၍ တာဝန်အရှိဆုံး ရာထူးအကြီးဆုံး ယူသွားသူ KNU ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီး စောဘိုမြနှင့် ပတ်သက်၍ ပြောစရာတွေ အများကြီးရှိပါ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်။

ဗိုလ်မြနှင့် ပတ်သက်ပြီး စာရေးဆရာ မောင်စင်ကြွယ်က ''မာနေပလော ခရီးသည်'' အမည်ရ စာတစ်အုပ်ရေးခဲ့သည်။ ထိုစာအုပ်ထဲ၌ ဗိုလ်မြအကြောင်း မာနေပလော စခန်းကြီးအကြောင်း၊ ဗိုလ်မှူးချုပ်ထောလ အကြောင်း ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းအကြောင်း သူသိမြင်သမျှ ရေးသားခဲ့သည်။ ထိုစာတွေကို စာရှုသူများသို့ ဝေမျှလိုပါသည်။ သို့ဖြစ်၍ မောင်စင်ကြွယ်၏ မာနေပလော စခန်းကြီးနှင့်ရော ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းနှင့်ပါ သက်ဆိုင်သည့် စာပိုဒ်များကို နောက်ဆက်တွဲအဖြစ် ကူးယူဖော်ပြအပ်ပါသည်။

**KNU** ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြသည် ၂၀၀ ခုနှစ်က ဆီးချိုရောဂါဖြင့် မဲဆောက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ မကွယ်လွန်မီ ၂၀၀၃ လောက်က ရန်ကုန်လာပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေး ဆွေးနွေးသွားခဲ့ပါသေးသည်။ ကိစ္စမပြီးပြတ်မီမှာပင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ပါသည်။

သူ မကွယ်လွန်မီက သူ၏ ကိုယ်ရေးရာဇဝင်ကို





မာနေပလောခရီးသည်စာအုပ်ကိုရေးသားခဲ့သည့်
မောင်စင်ကြွယ်ခေါ်မန်းညွန့်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝဖြတ်သန်းမှု အစစ်အမှန်'' အမည်ရ အုပ်တစ်အုပ်အား ရေးသားခဲ့၏။

ထိုစာအုပ်တွင် မာနေပလောစခန်းကြီး ကျဆုံးခြင်းအကြောင်းနှင့် ဝမ်ခသစ် ခေါ် ကော်မူးရာ စခန်း ကျဆုံးသွားခြင်းအကြောင်းတို့ကို သူ့အမြင် သူ့အတွေးနှင့် ရေးသားခဲ့ပါသည်။

ဒါကိုလည်း စာရှုသူများ သိသင့်သည် ထင်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းအကြောင်းအရာများကိုလည်း ဗိုလ်ချုပ်ကြီးစောဘိုမြ၏ စာအုပ်ပါအတိုင်း ကူးယူဖော်ပြပေးပါသည် ခင်ဗျား။

ဦးစွာပထမ မောင်စင်ကြယ်၏ ရေးသားချက်များအား စတင်ဖော်ပြသွားပါမည်။

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မောင်စင်ကြယ်၏ ဖော်ပြချက်များ

**မြစ်ဆုံအရေးအခင်း**

နိုင်ငံရေးဆိုသည်မှာ ပြောရခက်သောအရာ ဖြစ်သည်။ အချိန်တန်သောအခါ ရန်သူဘက်မှ တစ်စုံတစ်ခု ဖြစ်လာနိုင်သလို မိမိဘက်မှလည်း တစ်စုံတစ်ခု ဖြစ်လာနိုင်သည်။ **NCGUB** ကိုစိန်ဝင်းဘက်မှ အပုပ်နံ့တွေ လှိုင်လာပြီးနောက် **KNU** ဘက်တွင်လည်း အကွဲအပြဲ ဇာတ်လမ်းက စတင်လာသည်။

နဝတ(နအဖ) အစိုးရသည် ရောဝတီတိုင်းတွင်





...ည်းကောင်း၊ ကရင်လူမျိုးများအတွင်း၌ ပိုးနှင့် စကော ...သည်ကို သိကြသည့်နည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ...တူကွဲပြားစွာ ကိုးကွယ်နေသည်ကိုလည်း သိကြသည်။ ...ယင်းအကွဲအပြဲ ပြဿနာသည် ယခုမှ စတင်လာသည် ...ဟုတ်ဘဲ မန်းဝင်းမောင်၏ နောက်ပိုင်း ဒေါက်တာ စော ...လှတွန်း၊ ပိုလ်မှူးကြီးမန်းစံမြတ်ရွှေနှင့် ပိုလ်မှူးစောဘာနီ ...တို့လက်ထက် နောက်ပိုင်းကပင် မီးသည် တစစဖြင့် လောင် ...ကျွမ်းနေခြင်း ဖြစ်သည်။

ဤတွင် ဘုရားတည် ကျောင်းဆောက်လိုသော "မြိုင်ကြီးငူ" ဆရာတော်နှင့် **KNU** ထဲမှ အရာရှိ မဟုတ်သူများအဆင့်တို့သည် ရုတ်တရက် ပုန်ကန်ခြားနားလိုက်သောအခါ **KNU** ခေါင်းဆောင်သော ကရင် တော်လှန်ရေးသည် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ခဲ့ရလေသည်။ ထိုအချိန်တွင် ကျွန်တော်သည် မာနေပလောမှ ထွက်လာ၍ မနီလွိုင် ဒုက္ခသည်စခန်းသို့ ရောက်စဖြစ်နေသည်။ ယင်းအကြောင်းကို နအဖ သတင်းစာများတွင်လည်း တခမ်းတနားဖြင့် ရေးသားနေတော့သည်။ အထူးသဖြင့် ကရင်လူမျိုးထုထဲ၌ ကိုးကွယ်ဝတ်ပြုမှုတွင် ခရစ်ယာန် ၂၂



www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်းရှိ၍ ဗုဒ္ဓဘာသာ ၇၈ ရာခိုင်နှုန်းရှိကြောင်း ရေးသားဖော်ပြထားခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် မြစ်ဆုံအရေးအခင်းအကြောင်းကို VOB ၌ အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"မြစ်ဆုံ" အရေးအခင်း စတင်လာသောအခါ ကျွန်တော်သည် ဘန်ကောက်သို့ ရောက်ရှိနေပြီဖြစ်သည်။ မြစ်ဆုံဟု ခေါ်ဝေါ်ခြင်းမှာ သောင်ရင်းမြစ်သည် သံလွင်မြစ်အတွင်း စီးဝင်ခြင်းနှင့် ပေါင်းဆုံခြင်းကို အကြောင်းပြု၍ ခေါ်ခြင်းလည်း ဖြစ်သည်။ မြစ်ဆုံအရေးအခင်း ဆိုသည်မှာ KNU ထဲမှ မြိုင်ကြီးငူဆရာတော်ကို အကြောင်းပြု၍ ခွဲထွက်သွားသော ဗုဒ္ဓဘာသာ ကိုးကွယ်သူများ၏ ထောင်ထားခြင်းနှင့် ပုန်ကန်ခြားနားခြင်းကို ခေါ်ဆိုခြင်း ဖြစ်သည်။

မြစ်ဆုံဒေသသည် သောင်ရင်းမြစ်နှင့် သံလွင်မြစ်ပေါင်းဆုံသည့် သံလွင်၏အနောက်ဘက်ကမ်းတွင် ရှိသည်။ ယင်းမြစ်ဆုံတွင် မြိုင်ကြီးငူဆရာတော်၏ ကျောင်းသခ်မ်းတစ်ခု ရှိသည်။ ထောင်းထားပုန်ကန်မှု ပေါ်ပေါက်လာသောအခါ ယင်းကျောင်းသခ်မ်းသည် ပုန်ကန်သူတို့၏ ဌာနချုပ်ဖြစ်၍လာလေသည်။





ကျွန်တော်သည် မာနေပလောနှင့် စောလဲထသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ရာတွင် ခရီးသည်များ ပါရှိလေ ဘိုင်း စက်လှေသည် ယင်းမြစ်ဆုံတွင် ဆိုက်ကပ်လေ့ရှိသည်။

သံလွင်၏ အနောက်ဘက်ကမ်းတွင် မြစ်ဆုံသည်သာ သဲသောင်ပြင် အကျယ်ပြောဆုံးနှင့် အပြန့်ပြူးဆုံးနေရာလည်း ဖြစ်သည်။ ကျွန်တော်သည် သံလွင်ကို ချစ်သကဲ့သို့ သံလွင်ကလည်း ကျွန်တော့်ကို ချစ်လှ၏။ လွတ်မြောက်ဒေသသို့ မရောက်မီကပင် ကျွန်တော်သည် မဒမ(မုတ္တမ)မှ မင်းဇီအထိ သံလွင်ကို စုန်ဆန်ခဲ့ဖူးပါသည်။ သံလွင်အရှေ့ကမ်းမှ အကြိမ်ကြိမ်ပင် ကူးခပ်ခဲ့ဖူးပါသည်။ ဤသို့ဖြင့် "သံလွင်ကတော့ စီးမြဲပင်" နှင့် "ဒို့ရဲ့ သံလွင်" အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းနှစ်ပုဒ်ကို ကျွန်တော် ရေးသားနိုင်ခဲ့၏။ ထိုမှ ကျွန်တော်သည် လွတ်မြောက်ဒေသသို့ ရောက်ရှိလာပြီးနောက်၌ သံလွင်နှင့် သောင်ရင်းကို စုန်ဆန်၍ ခုန်ပျံကာ သွားလာနေရစဉ် သံလွင် ဂန္ထဝင်ကဗျာရှည်ကြီးကို ရေးဖွဲ့နိုင်ခဲ့ပြန်လေသည်။ ယင်းသံလွင်၏ ဂန္ထဝင်ကဗျာတွင် မြစ်ဆုံကို အောက်ပါအတိုင်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဆိုခဲ့ပါသည်။

သံလွင်နှင့်သောင်ရင်း
မြစ်နှစ်စင်းညီအစ်ကို
ချစ်ကြပေသကို။
သောင်ရင်းက မြစ်ကြောင်းကို
သံလွင်ဆို မြစ်ရှည်လျား
တိဗက်ဆို အခေါင်ဖျားက
စီးခဲ့ပေတကား။
တစ်ဦးက အချစ်ပို တစ်ဦးကအချစ်သဲ
မြစ်ဆုံဆို အကွေ့ဝဲ တွေ့ကြပြီပဲ။
အစ်ကိုကြီးသံလွင် သံယောဇဉ်ကြီးမား
သောင်ရင်းညီ
ကျောက်ဆောင်ကြားက
စီးဆင်းရာ လမ်းစဉ်မမှားအောင်
လမ်းညွှန်လို့သွား။
ညီအစ်ကို ပေါင်းဆုံတွေ့တဲ့
မြစ်အကွေ့ သံလွင်
နောက်ဘက်ကမ်းတွင်
ကြည်စင်စွာ သဒ္ဒါတေးနဲ့
စေတီမှာ ထုံးဖြူဖွေးတယ်
သာဓုသံပေး ...။

ကျွန်တော်၏ သံလွင်ရဲ့ ဂန္ထဝင်ကဗျာပါ မြစ်ဆုံအဖွဲ့တွင် ကြည်စင်စွာ သဒ္ဒါတေးနဲ့ စေတီမှာ ထုံးဖြူဖွေးတယ်။ သာဓုသံပေးဟု ဖွဲ့ဆိုထားသော်လည်း ယင်းမြစ်ဆုံတွင် စေတီဟူ၍ မရှိပါ။ ကဗျာရေးသူ၏ နိမိတ်ပုံနှင့် အာရုံထဲတွင်သာ စေတီရှိနေခြင်းသာ ဖြစ်သည်။ သို့ရာတွင် ယင်းမြစ်ဆုံဒေသတွင် ''စေတီတည်လိုသူ''နှင့် ''မတည်လိုသူ''တို့ အားပြိုင်မှုများ ဖြစ်ပွားခဲ့ကြပေသည်။ ဤအချက်သည်ပင် မြစ်ဆုံအရေးအခင်းကို စတင်စေခဲ့ခြင်းလည်း ဖြစ်ပေတော့သည်။

မြိုင်ကြီးငူဆရာတော်သည် သူသွားရာနှင့် ရောက်ရာဒေသတွင် သူ၏ ဘာသာရေးအရ ဘုရား အရင်တည်သည်။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်မြ၏ အမြင်တွင် စစ်ရေးအရနှင့် နိုင်ငံရေးအရ ရန်သူကို ဖိတ်ခေါ်ခြင်းဖြစ် သည်။ ဤသည်နှင့် ပတ်သက်၍ ဗိုလ်ချုပ်မြသည် သူ၏ စာအုပ်တွင် သူ၏အမြင်ကို အောက်ပါအတိုင်း ရေးသားထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကျွန်တော် တင်ပြလိုသည့် ပထမဦးဆုံး ပုဂ္ဂိုလ် တစ်ယောက်မှာ ခေါ်တော်ဘုန်းကြီးပင် ဖြစ်သည်။ သူသည် ဘာသာရေးကို အရေခြုံထားသူဖြစ်ပြီး ကျွန်တော်တို့ တော်လှန်ရေးကို ဖျက်ဆီးရန်အတွက် ရန်သူအသုံးချခြင်း ခံရသူဖြစ်သည်။ သူရောက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ တပ်စခန်းများရှိရာ တောင်ကုန်းများပေါ်တွင် ဘုရား၊ စေတီတည်ရန် ကြိုးပမ်းသည်။ စစ်ရေးတွင် ဤ နေရာသည် အလွန် သေနင်္ဗျူဟာအရ အချက်အချာ ကျ သည့် နေရာများဖြစ်ကြသည်။ မာနေပလောသည် ... အစိုးရ စစ်အာဏာရှင်စနစ်ဖြုတ်ချရေးအတွက် ဆန့်ကျင် တိုက်ခိုက်သည့် ဗဟိုဌာနချုပ်တစ်ခု ဖြစ်သည်။ မာနေ ပလော နယ်မြေတည်တံ့ခိုင်မြဲရန် ကျွန်တော်တို့အတွက် အရေးကြီးသကဲ့သို့ မာနေပလော ပြိုကျပျက်စီးစေ ရန်သူ့အတွက် အလွန်အရေးကြီးပါသည်။ ဘုန်းကြီး (ခေါ်တော်) ယခုကဲ့သို့ လာရောက်ဆောင်ရွက်ခြင်းသည် ရန်သူအတွက် အခွင့်ကောင်း အခါကောင်းကို ဖြစ်ပေါ်စေ သည်။" (ဗိုလ်ချုပ်မြ၏ ကျွန်တော်တင်ပြလိုသည့် ကျွန်တော်





ဖြတ်သန်းမှု အစစ်အမှန် စာအုပ်) ဤသည်ပင် မြစ်ဆုံ အရေးအခင်းအပေါ်၌ ဘာသာရေးအရ၊ စစ်ရေးအရ ချဉ်း ကပ်ပုံခြင်း ခြားနားချက်များကိုလည်း မြင်တွေ့နိုင်ကြမည် ဖြစ်ပေသည်။

### မာနေပလော ကျဆုံးပြီ

ကျွန်တော်သည် စာရေးဆရာ တစ်ဦးအနေနှင့် မာနေပလော ကျဆုံးသွားသောအခါ ကဗျာတစ်ပုဒ်နှင့် ဝတ္ထုတစ်ပုဒ်ကို ရေးသားနိုင်ခဲ့ပါသည်။ ယင်းအဖြစ်အပျက် များကို ထပ်ဆင့်၍ **VOB** တွင် ရေးသားခဲ့ပါသည်။

မြစ်ဆုံအရေးအခင်းကို ကုစားရန်အတွက် အနည်း နည်း အဖုံဖုံ ကြိုးပမ်းခဲ့ကြပါသည်။ ဗိုလ်ချုပ်မြနှင့်တကွ KNU ခေါင်းဆောင်များအပြင် မာနေပလောရှိ ဒီမိုကရေစီ ခေါင်းဆောင်နှင့် လူမျိုးစုခေါင်းဆောင်များ အပါအဝင် ဝိုင်းဝန်းကြိုးပမ်းကြလေသည်။ သို့ရာတွင် ကြိုးပမ်းမှုများမှာ အရာမထင်ခဲ့ပါ။ တစ်ဖက်ကို တစ်ဖက် ထိမှန်ထားသော မြားချက်မှာ စူးနစ်ကာ စိုက်ဝင်နေလေသည်။

သုဝဏ္ဏသာမ ဇာတ်တော်တွင် ဖွဲ့သကဲ့သို့ မြား



www.burmeseclassic.com

www.burmeseclassic.com



ချက်သည် လက်ယာဘက် နံစောင်းမှ လက်ဝဲဘက် နံစောင်းသို့လည်းကောင်း၊ လက်ဝဲဘက် နံစောင်းမှ လက်ယာဘက်နံစောင်းသို့လည်းကောင်း ရှူးနစ်ကာ စိုက်ဝင်နေလေသည်။

(၁) ဘာသာရေး မြားချက်
(၂) ရန်သူပစ်ခတ်သော နိုင်ငံရေးမြားချက်
(၃) အဖွဲ့အစည်းအတွင်း ကွာခြားမှုမြားချက်

သုဝဏ္ဏသာမ ဇာတ်တော်တွင်ကား ဒုကုလနှင့် ပါရိက ရသေ့မောင်နှံသည် လည်းကောင်း၊ သားဖြစ်သူ သုဝဏ္ဏသာမသည်လည်းကောင်း၊ သစ္စာကို တိုင်တည်ကြခြင်းအားဖြင့် သိကြားမင်းကြီးသည် မနေသာဖြစ်ကာ ရသေ့ကြီးနှင့် ရသေ့မတို့သည်လည်း စက္ခုနှစ်ကွင်းတွင် ပြန်၍ လင်းကြ၏။ မြားဆိပ်ပျောက်ကာ သိကြားမင်းကြီး ပေးသော ရွှေအိုးကိုထမ်းကာ အိမ်လမ်းသို့ ပြန်လာ၏။ ဤနေရာတွင် စစ်အစိုးရသည် သိကြားမင်းကြီးကား မဟုတ် ပါပေ။ သူသည် သားသတ်မုဆိုးစင်စစ်သာ ဖြစ်ပါသည်။

ဆက်လက်၍ ကျွန်တော် ရေးသားထားသည်မှာ





သင်းမြစ်ဆုံအရေးအခင်းအတွက် နှစ်ဖက်ဆီမှ ထုတ်ပြန်သော ကြေညာချက်များစွာသည် ထိုစဉ်က ဘန်ကောက်မြို့ပေါ်တွင်လည်းကောင်း၊ မနီလို့ဂ် ဒုက္ခသည်စခန်းတွင်သည်းကောင်း တစ်စောင်ပြီး တစ်စောင် ပလူပျံ၍ ပျံ့နှံ့နေလေသည်။

"သားတို့ မြေးတို့ တူမောင်တို့ ပြန်လာကြပါကွယ်။ အားလုံးကို ခွင့်လွှတ်ပါတယ်။ အားလုံးကို အဆင်ပြေအောင် အဘိုးလုပ်ဆောင်ပေးပါမယ်"

ထိုစဉ်က ဗိုလ်ချုပ်မြခမျာသည် သူ၏ ကြေညာချက်ကို ယခုကဲ့သို့ မောဟိုက်နွမ်းနယ်စွာ ထုတ်ပြန်ခဲ့လေသည်။ ကျွန်တော်သည် ထိုစဉ်က နှစ်ဖက်ထုတ်ပြန်သော ကြေညာချက်များကိုမျှမက နဝတ သတင်းစာများတွင် နေ့စဉ်ရက်ဆက် အခန်းဆက်ဆောင်းပါးအဖြစ် ရေးသားဖော်ပြထားသော **KNU** ဘာလဲ၊ ဘယ်လဲ ဆောင်းပါးများကိုပါ ဖတ်ရှုခဲ့ပါသည်။ ယခု ဩစတြေးလျရောက်သည်အထိ ယင်းအားလုံးကိုပင် သိမ်းဆည်း၍ ထားပါသည်။ ထူးဆန်းသည်မှာ ယင်းနဝတ၏ နေ့စဉ် အခန်းဆက် ဆောင်းပါးတိုင်းတွင် မြိုင်ကြီးငှက်ဆရာတော်၏



www.burmeseclassic.com

www.burmeseclassic.com



သပိတ်ကို လွယ်ထားသော ဓာတ်ပုံနှင့် ဗိုလ်ချုပ်မြ
တပ်မဟာ (၁) မှ စစ်ခေါင်းဆောင်အချို့အား လုံ့စွပ်
ကိုယ်တိုင် အရေးယူကွပ်မျက်နေသည့် ဓာတ်ပုံနှစ်ပုံ
နေ့စဉ်ထည့်သွင်း ဖော်ပြထားခြင်းပင် ဖြစ်လေသည်။ ယ
ဓာတ်ပုံနှစ်ပုံကို နေ့စဉ်သတင်းစာများ၌ ထည့်သွင်းဖော်
ခြင်းအားဖြင့် စစ်အစိုးရသည် KNU ပြိုကွဲရေးကို ဘာသ
ရေးဖြင့် လှုံ့ဆော်တိုက်ခိုက်ထားကြောင်းမှာ များစွာ သိသ
ထင်ရှားလှပေသည်။

ယင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်မြသည် သူ၏စာအု
''ဘာကြောင့် မာနေပလော ရန်သူ့လက်သို့ ကျရောက်
သလဲ'' ခေါင်းစဉ်အောက်ရှိ နောက်ဆုံးစာပိုဒ်တွ
အောက်ပါအတိုင်း ရေးသားထားလေသည်။

''၁၉၉၆ ခုနှစ်အတွင်း ကျွန်တော် ရန်သူစစ်ဗိုလ်
များနှင့် တွေ့ဆုံခဲ့ရာတွင် (ရန်သူနှင့် တွေ့ဆုံဆွေးနွေး
စတင်ချိန်ဖြစ်သည်။) ရန်သူ စစ်ထောက်လှမ်းရေ
ဗိုလ်စန်းပွင့် (ယခု ဗိုလ်မှူးကြီး) နှင့် ဗိုလ်ကျော်သိန်း (ယ
ဗိုလ်မှူးချုပ်) တို့သည် ကျွန်တော်တို့ကို မဲဆောက်တွ
လျှို့ဝှက်စွာ လာရောက်တွေ့ဆုံခဲ့သည်။ မာနေပလော





KBA အကူအညီ မရဘူးဆိုရင် ကျွန်တော်တို့ တိုက်ဖို့
လွယ်ပါဟု သူတို့ကဆို၏။ တစ်ဖန် ရန်သူ့ စစ်ဗိုလ်က
၉၂ ခုနှစ်၊ မာနေပလော ရရှိရေး (ခွေးအိပ်တောင်)
က်ပွဲတွင် ၎င်းတို့သေဆုံးသည့်စစ်သားများ၏ အလောင်း
 တစ်ယောက်ပြီး တစ်ယောက် တန်းစီလိုက်ပါက
နေပလောက စလျှင် မော်လမြိုင်အထိ ရောက်သွားနိုင်
ည်။ ရန်သူ့ အသေအပျောက် မနည်းပါ။ DKBA
ကူအညီမရလျှင် မာနေပလောအား ရရန်မလွယ်ကူ
ကြောင်း ဝန်ခံသွားသည်'' (ဗိုလ်ချုပ်မြ၏ ကျွန်တော်ဖြတ်
န်းလိုသည့် ကျွန်တော့်ဖြတ်သန်းမှု အစစ်အမှန်စာအုပ်)

**အဖ ၏ KNU ဘယ်လဲ**

နအဖ စစ်အစိုးရ၏ သတင်းစာများတွင် KNU
ယ်လဲ၊ ဘာလဲ အခန်းဆက် ဆောင်းပါးရှည်ကြီးကို
၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊
တ်လ ၁၀ ရက်နေ့အထိ နေ့စဉ် ရေးသားဖော်ပြခဲ့ပေသည်။
ဖြစ်ဆုံ အရေးအခင်း စတင်သည်မှာ ၁၉၉၄ ခုနှစ်၊ ဒီဇင်
ာလအတွင်း ဖြစ်သည်။ အရေးအခင်းကို စတင်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့သူများမှာ အရာရှိအဆင့်များ မဟုတ်ကြဘဲ အရာခံဗိုလ်အဆင့်များသာ ဖြစ်ကြသည်။ ယင်းတို့မှာ ဗိုလ်ကျော်ဟဲ၊ ဗိုလ်ကျော်သန်း၊ ဗိုလ်ပြားပြား၊ ဗိုလ်ကြည်နှင့် နောက်ပိုင်းတွင် ဖဒိုစိန်ထွန်း၊ ဖဒိုမင်းသူ၊ ဖဒိုထီကော့၊ ဗိုလ်ချာတိတ်၊ ဗိုလ်ကျော်ကလဲ့နှင့် ဗိုလ်တာတီးတို့ ပါဝင်လာကြသည်။ ထိုမှ တပ်မဟာ ၁ ဥက္ကဋ္ဌဖြစ်သူ ဖဒိုသာထူးကျော်နှင့် ဖဒိုလာဘတို့ကို အားဖြည့်လိုက်ရာ KNU ထဲမှ ခွဲထွက်သွားသူများသည် အားတက်သွားကြလေသည်။

ဤသို့ရှိစဉ် KNU ဗိုလ်ချုပ်စောတာမလာဘော ခေါင်းဆောင်သောအဖွဲ့နှင့် KNU မှ ခွဲထွက်သွားသူများ ဆွေးနွေးကြသော်လည်း မအောင်မြင်ပေ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ ဦးသုဇန အပါအဝင် ကရင်သံဃာတော်များပင် ပါဝင်သည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် **DKBA (Democratic Kayin Buddhist Army)** နှင့် **DKBO** အစည်းအရုံးတို့ကို ဖွဲ့စည်းခဲ့လေသည်။

ထိုမှ **DKBA** သည် နအဖ အကူအညီဖြင့် KNU စခန်းများအား ၁၉၉၅ ခုနှစ် ဇန်နဝါရီလ တစ်လလုံး





ထိုးစစ်ဆင်လေရာ မာနေပလောနှင့် အနီးဆုံး စခန်းဖြစ်သော ဘီနသည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျဆုံးခဲ့လေသည်။ ထိုမှ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မာနေပလောဌာနချုပ် ကျဆုံးပြန်လေသည်။

နအဖ နှင့် **DKBA** သည် စစ်ဆင်ရေးကို မာနေပလော တစ်ဖက်တည်းတွင်သာ ထိုးစစ်ဆင်သည် မဟုတ်ဘဲ ဘားအံခရိုင်မှ (ဗိုလ်ချုပ်ထိန်မောင်)၏ ဒေသနှင့် ဝမ်ခ ဗိုလ်မှူးကြီးတော်လှ အုပ်ချုပ်သည့် ဒေသတို့ကိုပါ စစ်ဆင်သောကြောင့် မာနေပလော ကျပြီးနောက်ပိုင်း ဖေဖော်ဝါရီလ ၈ ရက်နေ့နှင့် ဖေဖော်ဝါရီလ ၂၁ ရက် နေ့တွင် နအဖ၏ ပူးပေါင်းစစ်ဆင်ရေးတွင် ဝမ်ခနှင့် ဘားအံခရိုင်တို့ပါ ကျဆုံးသွားလေသည်။

မာနေပလော ဘားအံခရိုင်နှင့် ဝမ်ခတို့ ကျဆုံးသွားပြီးနောက် နအဖ သည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။ ယင်းသတင်းစာ ရှင်းလင်းပွဲတွင် **DKBO** တို့ **KNU** အတွင်းမှ ခွဲထွက်ရသည့်အကြောင်းနှင့် မာနေပလောနှင့် ဘားအံခရိုင်၊ ဝမ်ခတို့ကို မည်သို့မည်ပုံ စစ်ဆင်ပုံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းကြလေသည်။

ကျွန်တော်သည် ဘားအံခရိုင် မယ်လနှင့် ဝမ်ခသို့ လသာချိန်နှင့် ထော့မဲပါ စာစောင်ထွက်လာချိန်၌ အကြိမ်ကြိမ် ဗိုလ်ချုပ်ထိန်မောင်ထံသို့ ဗိုလ်မှူးစိုးစိုး၏အစ်ကို စောတာမလာဝါးနှင့် ရောက်ခဲ့ရ၏။ ထိုအခါ ဗိုလ်ချုပ် ထိန်မောင်နှင့် ဗိုလ်မှူးကြီးဂျော်နီ၊ အိန္ဒိယပြန် ဗိုလ်ချုပ် ထိန်မောင်၏သမက်ဖြစ်သူတို့ကို တွေ့ရသည်။ မဲဆောက် နှင့် မနီးမဝေးတွင်ရှိသော ဗိုလ်မှူးကြီးထောလ၏ ဝမ်ခသို့မှ ဗိုလ်မှူးစိုးစိုး ခေါ်တိုင်း ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့၏။

ယခုကဲ့သို့ မာနေပလော၏ နောက်ဆက်တွဲအဖြစ် ဘားအံခရိုင်နှင့် ဝမ်ခတို့ ကျဆုံးသွားသောအခါ ကျွန်တော့် ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေရပေတော့သည်။

**မာနေပလော ကျပြီးနောက်ပိုင်း**

ဤသို့ဖြင့် မာနေပလော ကျပြီး ဘားအံခရိုင်နှင့် ဝမ်ခတို့ပါ ကျခဲ့လေရာ KNU တစ်ခုလုံးသည် ကြက်ဥ တစ်လုံး ကွဲအက်ကျိုးကြေသွားသည့်ပမာ အားလုံး ကွဲအက် ကျိုးကြေခဲ့ရပေတော့သည်။ အင်းစိန် ကျပြီးနောက်တွင်

မြရတနာစာပေ



ကော်မူးရာတိုက်ပွဲအပြီး ဘိုမြကို ဖယ်ရှား၍ဥက္ကဋ္ဌဖြစ်လာသည့် ဖဒိုဘာသင်(ယခုကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



KNU တပ်မဟာ(၅) တပ်မဟာမှူး ဗိုလ်ချုပ်ဟဲ
(လက်ရှိအချိန်တွင် ဗဟိုနှင့် သဘောထားကွဲလွဲနေသည်ဟု
သတင်းထွက်နေသည်)


www.burmeseclassic.com

www.burmeseclassic.com



ကော်မူးရာစခန်း ကျဆုံးပြီးနောက် KNU တွင် ဥက္ကဋ္ဌဖြစ်လာသည့်
ဖဒိုဘသင် ( ယခုကွယ်လွန် )

www.burmeseclassic.com



ဗိုလ်မြ၏စစ်ဆင်ရေးမှူး ဗိုလ်မှူးကြီးလောဝါးဒီ
(ယခုကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဝကျွန်းပေါ်ဘက်၌ ရပ်တည်နိုင်သေးသော်လည်း ယခုသော်ကား ကရင်ပြည်နယ်နှင့် သောင်ရင်းတွင် အခြေပြုထားသောကြောင့် ရပ်တည်မှုမှာ ခက်ခဲကျဉ်းမြောင်းသွားပေသည်။

မာနေပလော မိုးကောင်းစဉ်တွင် တစ်နေ့ ယင်းအဖြစ်မျိုးမှာ ဖြစ်ကောင်းဖြစ်လာနိုင်ကြောင်း ဗိုလ်ချုပ်မြနှင့် သူ၏ လက်ထောက်များမှာ စဉ်းစားကောင်းမှ စဉ်းစားကြပေမည်။ ယခုကား ဖြစ်ပျက်ခဲ့လေပြီ။ ဘာလုပ်ကြမည်နည်း။ ဗိုလ်ချုပ်မြ အပါအဝင် KNU ခေါင်းဆောင်များသည် လွတ်မြောက်နယ်မြေအမည်ခံ မဲဆောက်နှင့် ဗိုလ်ချုပ်ရွှေဆိုင်း၏ အမှတ် ၆ နယ်မြေသို့လည်းကောင်း၊ အချို့မှာ အလုံးအရင်းဖြင့် တတိယနိုင်ငံများသို့ လည်းကောင်း၊ ဒုက္ခသည်များအဖြစ် ထွက်ခွာလာခဲ့ကြရလေသည်။

မာနေပလော ကျဆုံးပြီးနောက် မဲဆောက်နှင့် မနီးမဝေးတွင်ရှိသော အမှတ် ၆ နယ်မြေ ကနဲလေး မစ်ရှင်ကျောင်းဝင်းတွင်း၌ KNU ခေါင်းဆောင်များ၏ အစည်းအဝေးကို ပထမဆုံးနှင့်နောက်ဆုံး ကျင်းပကြသည်။ ယင်းအစည်းအဝေးမတိုင်မီ အခြေအနေနှင့် အဖြစ်အပျက်ကို



www.burmeseclassic.com

www.burmeseclassic.com



VOB တွင် အောက်ပါအတိုင်း ကျွန်တော် ရေးသားထားခဲ့သည်။

စစ်အစိုးရသည် ၁၀ လက်နက်ကိုင်တပ်များအပြင် NDF အဖွဲ့ဝင် လူမျိုးစုလက်နက်ကိုင်တပ်များနှင့် ပထမဦး အဆင့် အပစ်အခတ် ရပ်စဲကြောင်း သဘောတူညီချက် ရသဖြင့် ဗွေဆော်ဦး နိုင်ငံရေးအရနှင့် စစ်ရေးအရ အကျိုးအမြတ်ရခဲ့လေသည်။ ထိုမှ KNU ထဲမှ DKBA အမည်ဖြင့် ပုန်ကန်ခြားနားမှု ပေါ်ပေါက်လာပြန်သဖြင့် မာနေပလောနှင့် ဝမ်ခကိုပင် သိမ်းပိုက်နိုင်ပြန်၍ ထပ်မံ၍ စစ်ရေးအရနှင့် နိုင်ငံရေးအရ အကျိုးအမြတ် ရခဲ့ပြန်သည်။ ထိုမှ KNU တပ်မဟာ ၆ လက်အောက်ခံ စောသမူဟဲ၏ တပ်ရင်း ၁၆။ ထိုမှ တပ်မဟာ ၂ သံတောင်ဒေသမှ စောပယ်ရီမိုးနှင့် သံတောင်မြောက်ပိုင်းမှ စောကိုကြီးတို့၏ တပ်ဖွဲ့။ ထိုမှ ဖဒိုအောင်ဆန်း ခေါင်းဆောင်သောအဖွဲ့ တို့သည် စစ်အစိုးရထံသို့ အသီးသီး ပြန်သွားကြပြန်သဖြင့် ထပ်ဆင့်၍ နိုင်ငံရေးအရနှင့် စစ်ရေးအရ အကျိုးအမြတ်ကို ရရှိကြပြန်လေသည်။

ဤသို့ဖြင့် စစ်အစိုးရသည် နိုင်ငံတကာနှင့်





ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရများအား လှည့်စားရန် ကြိုးပမ်းသည့်အနေနှင့် သက္ကရာဇ် ၂၀၀၀၊ ဇန်နဝါရီလ ၄ ရက်နေ့စွဲဖြင့် မြန်မာစစ်အစိုးရ၏ အမျိုးသားပေါင်းစည်းရေး ကြိုးပမ်းတည်ဆောက်မှု (**Endeavours of the Myanmar Armed Forces Government for National Reconsolidation**) အမည်ဖြင့် သားသားနားနား ဓာတ်ပုံပေါင်းများစွာ ပါဝင်သော စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့လေသည်။ ယင်းစာအုပ်ထဲတွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူထားသော လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့ ၁၇ ဖွဲ့ဟု ဖော်ပြထားရာ၌ ဗိုလ်ချုပ်အောင်သန်းလေး၏ KNPP ကရင်နီအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီအမည်နှင့်တကွ လူအင်အား၊ လက်နက်အင်အားတို့ကိုပါ လွဲမှားစွာ ဖော်ပြထားခြင်းပင် ဖြစ်လေသည်။ ထိုမှ ရခိုင်ပြည်နယ် စောထွန်းဦး၏ ရခိုင်(ဗကက)နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ (ဗကပ) တစ်ဖြစ်လဲ သုံးဖွဲ့လောက်ကိုလည်း အပစ်အခတ် ရပ်စဲထားသော လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များစာရင်းတွင် ထည့်သွင်းထားပြန်ခြင်း ဖြစ်သည်။ ပဒိုအောင်ဆန်း အပါအဝင် KNU



www.burmeseclassic.com

ထဲမှ ခွဲထွက်သွားသော ၄ ဖွဲ့ကိုမူ အပစ်အခတ်ရပ်စဲရေး စာရင်း၌ မထားဘဲ လက်နက်နှင့် ငြိမ်းချမ်းရေးလဲ (လက်နက်ချ) သူများအဖြစ် ဖော်ပြထားပြန်၏။ အထူးသဖြင့် DKBA အား အပစ်အခတ်ရပ်စဲထားသော စာရင်းနှင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲသော စာရင်းနှစ်ခုစလုံးတွင် ထည့်သွင်းဖော်ပြမထားခြင်းပင် ဖြစ်သည်။

ဆက်လက်၍ ကျွန်တော်သည် နအဖ၏ စာအုပ် ထဲပါ တချို့သောအချက်များကို ကျွန်တော်၏ VOB ဆောင်းပါး၌ အောက်ပါအတိုင်း ဆက်လက်ဖော်ပြထား ပေသည်။

စစ်အစိုးရသည် သူ၏ စာအုပ်ထဲတွင် ဝမ်းသာ အားရ ဖော်ပြထားသည်မှာ သူသည် သဘောထားကြီးမား စွာဖြင့် KNU နှင့် လေးကြိမ်မြောက်ထိ အပစ်အခတ် ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ (သို့ရာတွင် လက်နက် ချခိုင်းသည့်အချက်ကိုကား ဖော်ပြထားခြင်းမရှိပါ။) ပြီးလျှင် KNU အတွင်းမှ DKBA ခွဲထွက်သွားခြင်းနှင့် ပတ်သက်၍ KNU အတွင်း၌ ခရစ်ယာန်ဘာသာ ကိုးကွယ်သူမှာ ၂၂ ရာခိုင်နှုန်းရှိ၍ ဗုဒ္ဓဘာသာကိုးကွယ်သူမှာ ၇၈ ရာခိုင်နှုန်း





ရှိကြောင်း၊ ဤတွင် မြိုင်ကြီးငူဆရာတော်၏ သာသနာပြု လုပ်ငန်းကို အကြောင်းပြု၍ KNU ထဲမှ DKBA အနေနှင့် ပုန်ကန်မှုကို စတင်ခဲ့ကြောင်းကိုပါ ဖော်ပြထားပေသည်။ ဆက်လက်၍ ယင်းစာအုပ်၌ပင် KNU အတွင်း အကွဲအပြဲ ကိစ္စကို ဖော်ပြထားရာ၌ စောဘိုးနီ (ယခင် မဆလ ဗဟို ကော်မတီဟောင်းနှင့် ကရင်ပြည်နယ်ဒေသ ကော်မတီ ဟောင်း) နှင့် ရောဘတ်ဇန် (မန်းဘဇန်၏သား၊ ယခင် DAB ကော်မတီဟောင်း) တို့ ပူးပေါင်း၍ ကိုယ်ပိုင်အဖွဲ့ ဖြစ်သော "ကရင်သွေးစည်းညီညွတ်ရေးအဖွဲ့" KSO ကို ဖွဲ့ကြ၍ ဒေါက်တာမာတာ (ယခင် KNU နိုင်ငံခြားရေး တာဝန်ခံ) မှ ကရင်အမျိုးသား ပြန်လည်ပေါင်းစည်းရေး အလုပ်အဖွဲ့ကို ဖွဲ့စည်းကြောင်းကိုလည်း ဖော်ပြထားပေ သည်။ KNU ခေါင်းဆောင် ဗိုလ်ချုပ်မြနှင့် သူ၏လက် ထောက်များသည် မာနေပလော ကျပြီးနောက် မိမိတို့၏ အခြေအနေကို မှန်ကန်စွာ မသုံးသပ်ဘဲ အကွဲအပြဲ ဇာတ် လမ်း Spirit story ကို စတင် ကပြကြပြန်လေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မန်းရောဘတ် ဇန်က (မဆလ)ဟောင်း စောဘိုးနီနှင့် KSO ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်၊ ဒေါက်တာမာတာက သီးခြားဇာတ်လမ်းတစ်ပုဒ်နှင့် ပဒိုမန်းရှာက ဗိုလ်ချုပ်မြအား ဒုတိယဥက္ကဋ္ဌနေရာသို့ မြှ ဆောင်ပြီး၊ ဖဒိုစောဘသင်အား KNU ဥက္ကဋ္ဌ တင်ဆ သော အကွဲအပြဲဇာတ်လမ်းများကို အသီးသီး ကပြခဲ့ကြ လေသည်။

**ဗိုလ်ချုပ်မြ၏ နောက်ဆုံးနေ့**

မာနေပလော ကျဆုံးပြီးနောက် KNU ခေါင်း ဆောင်များ နောက်ဆုံးကျင်းပသော ကနဲလေး အစည်း အဝေးသည် KNU အတွက် အရေးကြီးသကဲ့သို့ ကရင် အမျိုးသားသမိုင်းအတွက်လည်း အရေးကြီးပေသည်။ ယင်း အစည်းအဝေးတွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မြနှင့် အတွင်းရေးမှူး မန်းရှာတို့ ထိပ်တိုက်တွေ့ကြသည်။

ဥက္ကဋ္ဌ ဗိုလ်ချုပ်မြနေရာတွင် ဖဒိုဘသင်မှာ ဥက္ကဋ္ဌ ဖြစ်လာသည်။ မာနေပလော ကျဆုံးရာတွင် ဗိုလ်ချုပ်မြက သူ့တွင် တာဝန်ရှိသည့်နည်းတူ ထိုစဉ်က မာနယ်ပလော၌ KNU ဗဟိုကော်မတီများမှာ သူ့စကားနားမထောင်ကြ၍ တာဝန်တွေရှိကြောင်းကိုပါ ပြောပြသည်။





ယင်းအကြောင်းကို ကျွန်တော်သည် VOB တွင် အောက်ပါအတိုင်း ရေးသားထားပေသည်။ ယင်း KNU တွင်း အကွဲအပြဲကိစ္စ ထိုနောက်ဆုံး ဖော်ပြရာ၌ နဝတ ဘက်တွင်လည်းကောင်း KNU နှင့် ဗိုလ်ချုပ်မြ ဘက်တွင် လည်းကောင်း "မယ်သရောထာ သဘောတူညီချက်" သည် အဓိကအချက်ဖြစ်၍လာလေသည်။ ၁၉၉၇ ခုနှစ်တွင် ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ဆက်လက် ဆွေးနွေး နိုင်ရန် ယင်းမယ်သရောထာ သဘောတူညီချက်ကို ရုပ် သိမ်းပေးဖို့ စစ်အစိုးရက KNU အပေါ် ဖိအားပေးလာ၏။ ဤတွင် ဗိုလ်ချုပ်မြသည် ဆွေးနွေးပွဲများ ပြန်လည်စတင် နိုင်ရန်အတွက် မယ်သရောထာ သဘောတူညီချက်များ အနက်မှ ၄ ချက်ကို ယာယီ ရုပ်သိမ်းပေးလိုက်၏။ ဤတွင် အဖွဲ့အတွင်း၌ ပြဿနာတက်လာလေသည်။ ယင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်မြသည် သူ၏စာအုပ်တွင် ခံစား ချက်များဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြထားပြန် လေသည်။

"မာနေပလော ရန်သူ့လက်ထဲ ကျရောက်သွားပြီး နောက်တွင် ကျွန်တော်တို့ ကနဲလေး မစ်ရှင်ကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီ အစည်းအဝေး ပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးတွင် လူအများက ဥက္ကဋ္ဌ စောဗိုလ်မြအပေါ် အပြစ်တင်ကြသည်။ သူတို့က အခုလို မာနေပလော ရန်သူလက်ထဲကျခဲ့သည်မှာ ဥက္ကဋ္ဌကြီးတွင် တာဝန်ရှိသည်။ ဥက္ကဋ္ဌကြီးကြောင့်သာ ကျခဲ့ရသည်ဟု ဆိုကြသည်။ ယင်းကြောင့် ဥက္ကဋ္ဌကြီးအနေဖြင့် တာဝန်မှနုတ်ထွက်ရမည်'' (စာ-၉၃) ဆက်လက်၍ မယ်သရောထာ သဘောတူညီချက်ကို ဗိုလ်ချုပ်မြက ဖော်ပြထားပြန်သည်မှာ ''ထိုအချိန်တွင် ခွန်ဦး (ဦးခွန်မြ ငြိမ်းချမ်းရေးအကျိုးဆောင်ပွဲစား) ရောက်လာပြီး အခုလို ပြောသည်။ ရန်သူက ပြောသည် မယ်သရောထာ သဘောတူညီချက်ကို ရုပ်သိမ်းပါက ကျွန်တော်တို့နှင့် ပြန်၍ ဆွေးနွေးမည်ဟု ဆိုသည်။ ယင်းကြောင့် ပြန်လည်ပြီး ဆွေးနွေးနိုင်ရန်အတွက် ဒီသဘောတူညီချက်များထဲမှ အချက် ၄ ချက်ကိုသာ ယာယီ ရုပ်ဆိုင်းလိုက်မိသည်။ မယ်သရောထာ သဘောတူညီချက်အားလုံးကို ကျွန်တော် ဖျက်သိမ်းခြင်း မလုပ်ခဲ့ပါ။ ဤကိစ္စနှင့်ပတ်သက်ပြီး ဖဒိုမန်းရှာကို ပြောပြပါသည်။ ဖဒိုမန်းရှာက ယခုကဲ့သို့ ပြုလုပ်ခြင်းဖြင့် တော်လှန်ရေးကို ထိခိုက်သည်ဟုဆိုသည်''။





(စာ-၉၅) ဆက်လက်၍ပင် ဗိုလ်ချုပ်မြသည် ခံစားချက်များဖြင့်ပင် ရေးသားထားပြန်သည်မှာ ''ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့အချင်းချင်း ပြေလည်အောင် ပြောကြဆိုကြပြီး ဖြစ်သည်။ သို့ရာတွင် ၁၂ ကြိမ်မြောက် ကွန်ဂရက် အစည်းအဝေးကြီး နီးလာချိန်တွင် ဖဒိုမန်းရှာက ခင်ဗျား မယ်သရောထာ သဘောတူညီချက်ကို ရုပ်သိမ်းလိုက်တာဟာ ကရင်တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေတယ်ဟု ဆိုပြန်သည်။ ကျွန်တော့်စိတ်ထဲတွင် ပြန်၍ ကွန်ဂရက်လုပ်သည့်အချိန် နီးကပ်လာမှ အဘယ်ကြောင့် ဤကဲ့သို့ ပြောရသနည်း။ ကျွန်တော် တွေးမိသည်မှာ ကွန်ဂရက် ကိုယ်စားလှယ်များက ကျွန်တော့်အပေါ် ယုံကြည်မှုနှင့် လေးစားမှု လျော့နည်းကျဆင်းသွားရန်အတွက် လုပ်တာသာဖြစ်သည်။ ယင်းကြောင့် ကျွန်တော်က သူ့ကို ပြောပါသည်။ မယ်သရောထာကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်မှာ အပြစ်ရှိတယ်လို့ ပြောကြရင် ကျွန်တော် လက်ခံပါသည်။ သို့သော် မာနေပလောတွင် ဖြစ်ခဲ့သည့် ပုန်ကန်မှုမှာ ဌာနချုပ်မှာ ရှိကြသည့် ဗဟိုကော်မတီဝင်များက ဥက္ကဋ္ဌ၏စကားကို နားမထောင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကရင်တော်လှန်ရေး၏ ဂုဏ်သိက္ခာသည် မယ်သရောထာ ကိစ္စထက် အဆပေါင်းများစွာ ထိခိုက်ခံရသည်။ ယင်း ကြောင့် မယ်သရောထာ ကိစ္စနှင့်ပတ်သက်သည့် မှတ် တမ်းတင်မှုကို ကျွန်တော် လက်ခံသည်။ ထိုနည်းတူစွာ ဗဟိုကော်မတီဝင်အားလုံးကလည်း ဥက္ကဋ္ဌကို မနာခံသဖြင့် မာနယ်ပလော ရန်သူ့လက်ထဲသို့ ကျဆုံးခဲ့ရကြောင်းကို လည်း မှတ်တမ်းတင်ရမည်''။ (စာ–၉၆)

ကျွန်တော်သည် ယင်းစာပိုဒ်နှင့် စာသားများကို ဖတ်ရှုရင်း များစွာပင် မောဟိုက်သွားလေသည်။ အချို့ သောကိစ္စများမှာ ယခင် ကျွန်တော် လုံးဝ မသိရသော ကိစ္စများပင် ဖြစ်ပေသည်။

ထိုအခိုက်၌ ဖဆပလ အကွဲအပြဲအပေါ်တွင် ပြန်ကြားရေးဝန်ကြီးဟောင်း သခင်သာခင်မှ စာရေးဆရာ ခင်နှင်းယုကို ပြောသည့်စကားများကို ကျွန်တော် ပြန် လည်၍ အမှတ်ရလိုက်မိပါတော့သည်။

''မယုရေ ...ဖဆပလ ကွဲတဲ့ကိစ္စဟာ ငါတို့ တစ်တွေ အသည်းခွဲတမ်း ကစားကြတာပါ'' (ခင်နှင်းယု ၏ ကျွန်မချစ်သူများ စာအုပ်)





မာနေပလော ကျဆုံးပြီးနောက်နှင့် KNU ဥက္ကဋ္ဌ ဒေါ်ဘောဘသင် ဖြစ်လာပြီးနောက်တွင် ဘာမျှ မညီမညွတ် ရှိ မလုပ်နိုင်တော့ပါ။

(၁) ဒေါက်တာမာတာ၊ ဖဒိုကော်စိုး၊ ရောဘတ်ဇန်နှင့် ဒုတိယခေါင်းဆောင်များသည် အမေရိကန်သို့ ထွက်ခွာကုန်ကြသည်။

(၂) KNU ဥက္ကဋ္ဌဖြစ်လာသော ဖဒိုဘသင်မှာ ကျန်း မာရေးလည်း မကောင်း၊ နိုင်ငံရေးလမ်းစဉ်တစ်ခု မှလည်း မချမှတ်နိုင်မီ ကွယ်လွန်သွားလေသည်။

(၃) ကျန်းမာရေးမကောင်းတော့သည့် ဗိုလ်ချုပ်ကြီး မြသည် ဗိုလ်ချုပ်ခင်ညွန့်နှင့် ဆက်သွယ်၍ မိမိ ကိုယ်တိုင် ရန်ကုန်မြို့သို့ သွားရောက်ကာ ငြိမ်း ချမ်းရေး ဆွေးနွေးမှုကို ပြုလုပ်ခဲ့သေးသည်။

(၄) ဗိုလ်ချုပ်ကြီးမြ ရန်ကုန်မြို့မှ ပြန်ရောက်ပြီးနောက် ၂၀၀၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ အရာမှ ကျ၍ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရပြီး သူ့ ထောက်လှမ်းရေးအုပ်စု တစ်ခုလုံးပါ ရှင်းလင်းခံရ သည်။ ထိုကာလမှာပင် ဗိုလ်ချုပ်ကြီးမြကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့ရရှာလေသည်။

မောင်စင်ကြယ်က ကော်မှူးရာစခန်း တာဝန်း ဗိုလ်မှူးချုပ်ထောလနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ရေးခဲ့ပြန်ပါသည်။

(ဗိုလ်မှူးချုပ် တော်လုဟုလည်း ရေးကြသည် ထောလု ဟုလည်း ရေးကြသည်။ အားလုံး မှားပါသည် အမှန်မှာ ထောလ ဖြစ်သည်။ ထောလ ဆိုသည်မှာ စကောကရင်စကား။ ထော်က ထန်းပင်၊ လက အရွက် ထောလ ဆိုသည်မှာ ထန်းရွက်ဟု အဓိပ္ပာယ်ရပါသည် စာရေးသူ)

**ဝမ်ခက ဗိုလ်မှူးကြီးထောလ**

ကျွန်တော်သည် ထိုင်း–မြန်မာ နယ်စပ်နှင့် မာ ပလောတွင် နေထိုင်စဉ် ဗိုလ်မှူးစိုးစိုးနှင့် အတူတ ဝမ်ခသို့လည်း အကြိမ်ကြိမ် ရောက်ခဲ့သည်။ ဟွေခလု သို့လည်း အကြိမ်ကြိမ်ရောက်ခဲ့သည်။ တစ်ခေတ်က ဝမ် နှင့်အတူ နာမည်ကြီးထင်ရှားသူမှာ ဗိုလ်မှူးကြီးထောလ

မြရတနာစာပေ



ဖြစ်သည်။ ကျွန်တော်သည် ၁၉၇၈ ခုနှစ် ဝမ်ခရောက်စဉ်က ဗိုလ်မှူးကြီးထောလနှင့် သူ၏လက်ထောက် ဗိုလ်မှူး သန်းမောင်တို့နှင့် ဆုံခဲ့ရပြီး ဖြစ်လေသည်။

ထိုစဉ်က ဝမ်ခနှင့်အတူ နာမည်ကြီးလှသော ဗိုလ်မှူးကြီးထောလအား ကျွန်တော်က ဗြိတိသျှစစ်တပ်က ပါလာသူထင်၍ မေးမိသေး၏။ ဗိုလ်မှူးစိုးစိုးသည် ဝမ်ခတွင် အပေါက်ဂိတ်မှူးလုပ်ခဲ့သဖြင့် ဗိုလ်မှူးကြီးထောလသည် သူ၏ဆရာသမားဟောင်း ဖြစ်ခဲ့၏။ သို့ဖြစ်၍ သူသည် ဗိုလ်မှူးကြီးထောလအား အမြဲတမ်း ရှိသေလေးစား၏။ ဗိုလ်မှူးစိုးစိုးနှင့် ကျွန်တော်သည် ဝမ်ခရှိ တပ်စခန်းသို့သာ မဟုတ် ဗိုလ်မှူးကြီးထောလ၏ မိသားစုရှိရာ ဟွေခလုတ် သို့လည်း ရောက်ကြ၏။

ညတစ်ညတွင် ဗိုလ်မှူးကြီးထောလ၊ ဗိုလ်မှူး စိုးနှင့် ကျွန်တော်တို့သည် အနာဂတ် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုပုံစံတစ်ခုကို ဆွေးနွေးမိကြ၏။ ဗိုလ်မှူးကြီး ထောလက အနာဂတ်ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပုံစံတွင် ပြည်ထောင်စုရှိ နိုင်ငံရေးပါတီများနှင့် ပြည်နယ်များရှိ ပါတီများပုံစံကို ဆွေးနွေးကြသည်။ ကျွန်တော်သည်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးထောလ ဆွေးနွေးလာသည့်အချက်ကို ချက်ချင်း သဘောပေါက်၏။ ဗိုလ်မှူးစိုးစိုးကလည်း ယင်းအချက်ကို အလေးအနက် ပြန်လည်ဆွေးနွေးရန် အချက်ပြနေ၏။

အမှန်မှာ ဗိုလ်မှူးကြီးထောလ အစပျိုးလာသော ဖက်ဒရယ်ပြည်ထောင်စုတွင် တည်ရှိလာမည့် နိုင်ငံရေး ပါတီများနှင့် ပြည်နယ်များတွင် ဖွဲ့စည်းတည်ရှိလာမည့် နိုင်ငံရေးပုံစံပြဿနာသည် လွယ်မယောင်နှင့် ခက်သည့် တိမ်မယောင်နှင့် နက်သည်။ လက်ရှိ စစ်အစိုးရသည် စစ်တပ်ပါဝင်ရမည့် ဖွဲ့စည်းပုံကိုသာ ရေးဆွဲနေပြီး အထက် ကပြဿနာကို စဉ်းစားချင်မှ စဉ်းစားပေမည်။ တော်လှန် ရေးနှင့် နိုင်ငံရေးပါတီများအနေနှင့်လည်း အများစု မဲအနိုင် ရသော နိုင်ငံရေးပါတီသည်သာ ပြည်ထောင်စု ဖက်ဒရယ် မှုကို လက်ခံထားကြပေမည်။ ဤသို့ဆိုလျှင် ဝန်ကြီးချုပ် ဦးနုလက်ထက် ဖဆပလပြိုကွဲပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးပြဿနာတွင် အချင်းချင်း ကရင်ပြည်နယ်တို့၏ အဖြစ်အပျက်တို့ကို ကြည့်သင့်ကြပေသည်။ အထူးသဖြင့် ကချင်ခေါင်းဆောင် ဦးဆန်ထားဇင်၏ ဒီမိုကရေစီ ပြောင်း ပြန်ကို နှလုံးသွင်းကြရပေမည်။ လောလောဆယ်အားဖြင့်





တနှင့် မြန်မာ့စစ်ခေါင်းဆောင်များသည် သူတို့ သက်လုမ်းမမီသေးသောကြောင့် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရေးကို ရှောင်လွှဲနေကြသည်။

ထိုဖက်ဒရယ်ပြည်ထောင်စုသည် လူမျိုးရေးကို အခြေခံမှာလား။ ဒေသကို အခြေခံမှာလား။ ဒါကို ရှောင် လွှဲနေကြသည်။ ထိုမှ နိုင်ငံရေးပါတီများသည် နိုင်ငံရေး ဝါဒနှင့် ဒဿနပေါ်မှာ အခြေခံမှာလား၊ လူမျိုးရေးအပေါ် မှာ အခြေခံမှာလား။ ဒါကို အသေအချာ မစဉ်းစားနိုင် သေးသ၍ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးနှင့် ပါတီနိုင်ငံရေး ထူထောင်ရေးသည် ရှုပ်ထွေးနေဦးမည်သာ ဖြစ်ပေသည်။

ဤတွင် မောင်စင်ကြယ်၏ ရေးသားချက်များ ပြီးဆုံးပါပြီ။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ရေးသား ချက်များကို ဖော်ပြသွားပါမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ဖော်ပြချက်များ

ဗိုလ်ချုပ်ကြီးမြသည် သူ မသေမီက ရှားရှားပါး
စာအုပ်ကလေးတစ်အုပ် ရေးထုတ်သွားသည်။ ကျွန်တော်
ဘ၀ ဖြတ်သန်းမှု အစစ်အမှန်ဟု အမည်ရ၏။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ကိုယ်တိုင်
ရေး ''ကျွန်တော့်ဘ၀ဖြတ်သန်းမှုအစစ်အမှန်'' စာအုပ်
ယခုကိစ္စများနှင့် ဆက်စပ်နေသည့် ကောက်နုတ်ချက်
ကို ဖော်ပြပါမည်။


မြရဓာနာစာပေ



ော်မူးရာတိုက်ပွဲကာလက KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြ

www.burmeseclassic.com


www.burmeseclassic.com



ကျော်မှူးရာတိုက်ပွဲအပြီး ဗဟိုကော်မတီအစည်းအဝေးတွင်
ဗိုလ်ချုပ်ကြီးမြအားပြစ်တင်ရှုံ့ချပြီး ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးရန်
တောင်းဆိုခဲ့သည့် ဗဟိုကော်မတီ အတွင်းရေးမှူး ဖဒိုမန်းရှာ

www.burmeseclassic.com

www.burmeseclassic.com




ကော်မူးရာတိုက်ပွဲအပြီး ပြုလုပ်သည့် ဇဟိုကော်မတီအစည်းအဝေးတွင်
KNU ဥက္ကဋ္ဌချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြအား
ပြောင်းဆန့်ကျင်ခဲ့သည့် လူငယ်အုပ်စုမှ ဗိုလ်မှူးရော်ဂျာ



ဗိုလ်ချုပ်မြ၏ကေအင်ယူ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ နှင့်
ထောက်လှမ်းရေးမှူး ဗိုလ်မှူးကြီး စိုးစိုး (ခ) နေမိုး

www.burmeseclassic.com

www.burmeseclassic.com




ကော်မူးရာတိုက်ပွဲအပြီးတွင် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့်
KNU သစ်တောရေးရာဝန်ကြီး ဖဒိုအောင်ဆန်း



ကော်မူးရာတိုက်ပွဲ ကာလက DKBA နှင့် ပူးပေါင်းသွားသည့်
KNU ဘားအံခရိုင်ဥက္ကဋ္ဌ ဖဒိုမန်းရင်စိန်

www.burmeseclassic.com



ကော်မှူးရာတိုက်ပွဲအပြီး ဖပဟိုကော်မတီ အစည်းအဝေးတွင် KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြနှင့်
သဘောထား မတိုက်ဆိုင်သည့် လူငယ်ဖပဟိုကော်မတီဝင် အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမာဘာ



ကော်မှူးရာတိုက်ပွဲအပြီး ဖပဟိုကော်မတီ အစည်းအဝေးတွင် KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြနှင့်
သဘောထား မတိုက်ဆိုင်သည့် လူငယ်ဖပဟိုကော်မတီဝင် အဖွဲ့မှ
တပ်မဟာ (၄) တပ်မဟာမှူး ဗိုလ်မှူးကြီး အောင်လီဗာ

www.burmeseclassic.com



ကော်မှူးရာတိုက်ပွဲအပြီး ဗဟိုကော်မတီ အစည်းအဝေးတွင် KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြအား ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးရန်တောင်းဆိုခဲ့သည့် လူငယ်အုပ်စုမှ ဗဟိုကော်မတီဝင် ဖဒိုယောရှ



အကြောင့်မာနေပလော ရန်သူ့လက်သို့ ကျရောက်ရသလဲ

ဤအကြောင်းသည် သမိုင်းဖြစ်သည်။ အရေး သည်။ အလွန်ကြီးသည်။ ဥက္ကဋ္ဌတစ်ယောက် ဖြစ်ခဲ့သဖြင့် ျွန်တော့်တွင် တာဝန်ရှိသည်။ အတတ်နိုင်ဆုံးလုပ်ခဲ့သော် သည်း နောက်ဆုံး မာနေပလောသည် ရန်သူ့လက်သို့ ျရောက်ခဲ့ရသည်။ အပြစ်တင်ပြောဆိုခြင်းများစွာကို ျွန်တော် ကြားခဲ့ရသည်။

ဤကိစ္စမှာ ကျွန်တော့်တွင် တာဝန်ရှိသကဲ့သို့ ျွန်တော် လုပ်ခဲ့သမျှ ကျွန်တော့်အမြင်များကို ကျွန်တော် တ်တမ်းတင်သင့်သည်။ အစီရင်ခံတင်ပြသင့်သည်ဟု ုံကြည်သည်။ ကျွန်တော့်မှာ တာဝန်အရှိဆုံးဟု ခံယူ သည်။ ထို့ကြောင့် ကျွန်တော့်အမြင်ကို ရှင်းရှင်းလင်းလင်း ငင်ပြလိုသည်။ ကျွန်တော့်အမြင်နှင့် အခြားသူများ အမြင် ူချင်မှ တူမည်။ ကျွန်တော်နှင့် အမြင်မတူသူများ ရှိနိုင် သည်။

အထက်တွင် ကျွန်တော်ဖော်ပြခဲ့သလို ဤကိစ္စ သည် သမိုင်းဖြစ်သည်။ အလွန်အရေးကြီးလှသည်။ ျွန်တော် မြင်သမျှတင်ပြပါမည်။ အခြားမတူညီသည့်

www.burmeseclassic.com



အမြင်ရှိပါက ရေးသားတင်ပြကြရန် တိုက်တွန်းလိုသည် ယခုကဲ့သို့ တစ်ဦးတစ်ယောက်အား အပြစ်တင်ရန် ရည်ရွ ချက်ရှိ၍ မဟုတ်ပါ။ ကျွန်တော့်အမြင် အစစ်အမှန် တင်ပြလိုခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့ ခေါင်းဆောင်များထဲတွင် ညီညွ မှုမရှိ၍ ဤကဲ့သို့ ထိခိုက်နစ်နာမှု ရှိလာခဲ့ရသည် ကျွန်တော်တို့ ညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့သော်လည် စိတ်ပါလက်ပါ ကြိုးပမ်းနိုင်ခြင်း မရှိသဖြင့် အကွဲအ ဖြစ်ခဲ့ရသည်။ တော်လှန်ရေးအတွက် ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်စေခဲ့သည်။ ဤသည်မှာ ကျွန်တော်တို့အတွ သမိုင်းကပေးသည့် သင်ခန်းစာဖြစ်သည်။ အဖိုးအ ကြီးမားစွာပေးပြီး ရရှိသည့် သမိုင်းသင်ခန်းစာကြီး ဖြစ် သင်ခန်းစာယူကြပါစို့။ နောင်တွင် ခေါင်းဆောင်မှုပေး ယခုကဲ့သို့ မဖြစ်စေရန် ကျွန်တော်တို့ အလေးအနက်ထာ သင်ခန်းစာယူကြရန် ဖြစ်ပါသည်။

ကျွန်တော် တင်ပြလိုသည့် ပထမဦးဆုံး ပုဂ္ဂိုလ် အကြောင်းမှာ ခေါ်တော်ဘုန်းကြီးပင် ဖြစ်သည်။ သူသည် ဘာသာရေးကို အရေးခြုံထားသူဖြစ်ပြီး ကျွန်တော်





တော်လှန်ရေးကို ဖျက်ဆီးရန်အတွက် ရန်သူ၏ အသုံးချ ခြင်းကို ခံရသူဖြစ်သည်။ သူ ရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ အခြေခံဒေသအတွင်းရှိ တော တောင်အနှံ့ သွားရောက်ခဲ့လေသည်။ ကျွန်တော်တို့ တပ်စခန်းများရှိရာ တောင်ကုန်းများပေါ်တွင် ဗုဒ္ဓဘာသာ ဘုရားစေတီများ တည်ရန် ကြိုးပမ်းလေသည်။ စစ်ရေးတွင် ဤနေရာများသည် သေနင်္ဗျူဟာအရ အလွန်အချက် အချာကျသည့် နေရာများဖြစ်ကြသည်။ မာနေပလောသည် စစ်အစိုးရ စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ဆန့်ကျင်တိုက်ခိုက်သည့် ဗဟိုဌာနချုပ်ကြီးဖြစ်သည်။ မာနေ ပလောနယ်မြေ တည်တန့်ခိုင်မြဲရန် ကျွန်တော်တို့အတွက် အရေးကြီးသကဲ့သို့ မာနေပလော ပြိုကျပျက်စီးသွားရန် လည်း ရန်သူ့အတွက် အလွန်အရေးကြီးလေသည်။ ဘုန်းကြီးခေါ်တော် ယခုကဲ့သို့ လာရောက်လုပ်ကိုင်ဆောင် ရွက်နေခြင်းသည် ရန်သူ့အတွက် အခွင့်ကောင်း အခါ ကောင်းကြီးတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့လေသည်။

ထို့ကြောင့် ဘုန်းကြီးခေါ်တော်နှင့် ကျွန်တော်တို့ အခါအားလျော်စွာတွေ့ပြီး ယခုကဲ့သို့ မလုပ်ရန် ဖျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျပြောခိုခဲ့သည်။ ယခုအချိန်သည် ငြိမ်းချမ်းရေးမရသေးပါ။ စစ်ဖြစ်နေသေးသည်။ ပြည်တွင်းစစ်ဖြစ်ပြီး ဖောက်ပြန်ရေးသမား စစ်အာဏာရှင်စနစ်နှင့် ဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်သည့် ပြည်တွင်းစစ်ပင် ဖြစ်သည်။ ဤစနစ်များ ပြိုကျသည်အထိ အနိုင်တိုက်နိုင်မှ ငြိမ်းချမ်းရေးရမည်။

ကျွန်တော်တို့ ကရင်လူမျိုးများလည်း လွတ်လပ်သည့်ဘဝကို ရရှိမည်။ သာယာဝပြောသည့်ဘဝကို ထူထောင်နိုင်မည်။ ဖွံ့ဖြိုးတိုးတက်မှု ရှိနိုင်မည်။

ထို့ကြောင့် ဘုန်းကြီးခေါ်တော်ကို လျှောက်ခဲ့သည်။

"ဘုန်းကြီး ... အခု ဘုန်းကြီးလုပ်ချင်သည့် အလုပ်များ မလုပ်သေးပါနဲ့။ မလုပ်သင့်သေးပါ။ အချိန်မကျသေးပါ။ မကောင်းပါ"

ဤဘုန်းကြီးသည် ယခုကဲ့သို့ တင်လျှောက်သော်လည်း မရပါ။ သူသည် အကောက်ကြံကာ မရမက လုပ်ရန် ကြိုးစားလုံးပမ်းလာသည်။ ကျွန်တော်တို့ စစ်သားအချို့ကိုခေါ်ပြီး သူ လုပ်ချင်သည်များကို မရအရ လုပ်ရန် စိုင်းပြင်းတော့သည်။ ဤကိစ္စကို ကျွန်တော်တို့ လုံးဝခွင့်မပြုနိုင်ချေ။ စစ်ရေးသေနင်္ဗျူဟာအရ ဤလုပ်ရပ်ကို





တင်းတင်းကျပ်ကျပ် တားဆီးရမည်သာ ဖြစ်သည်။ တာဝန်ရှိသူများကလည်း တားဆီးကြလေသည်။

ထို့ကြောင့် သူတို့သည် စေတီ မဖြစ်မနေ တည်ဆောက်ရန်အတွက် ရောက်လာကြရာ ကျွန်တော်တို့ တာဝန်ရှိသူ အောက်ခြေတပ်မှူးများက မုချဟန့်တားရတော့၏။ ရိုးရိုးဟန့်တားရာ မရသဖြင့် နှင်ထုတ်ရတော့၏။ ဤကဲ့သို့ဖြစ်ရသည့်အပေါ် ဘုန်းကြီးခေါ်တော်က လုံးဝမကျေနပ်ချေ။ ကောက်ကျစ်စဉ်းလဲစွာဖြင့် မဆီမဆိုင် ခရစ်ယာန်များက ဗုဒ္ဓဘာသာဝင်များကို အနိုင်ကျင့်သည်ဟု ဆိုလာ၏။ အမှန်မှာ ဤကဲ့သို့ လိမ်လည်ပြောဆိုမှုများသည် ရန်သူ့အစီအမံအားလုံး ဖြစ်ကြ၏။

ဘုန်းကြီးခေါ်တော်သည် ရန်သူစစ်အစိုးရ၏ အစီအမံများအား လိုက်နာလုပ်ဆောင်ရန် ပထမဦးဆုံး ရန်သူ၏ လိမ်လည်မှုကို လက်ခံလိုက်ရသည်။ ရန်သူက ၎င်းတို့အား ယခုကဲ့သို့ ပြောဆိုလှည့်စားခဲ့သည်။ KNU အား ဆန့်ကျင်ပြီး သူတို့နှင့် ပူးပေါင်းဆောင်ရွက်ပါက ရန်သူသည် ကရင်တို့၏ လွတ်လပ်ရေးကို ဘုန်းကြီးခေါ်တော် လက်ထဲအပ်မည်ဟု ဆိုသည်။ ဤရန်သူ၏ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ဖျားမှုကို ဘုန်းကြီးခေါ်တော် ယုံကြည်ခဲ့သည်။ ထို့ကြောင့် ၎င်းအား ရန်သူခိုင်းစေသည့်အတိုင်း ဘုန်းကြီးခေါ်တော် လုပ်သည်။ ရန်သူသည် ကရင်များကွဲပြဲရန်နှင့် ကရင်တော်လှန်ရေး ပြိုပျက်ရန် နည်းမျိုးစုံ ကြိုးပမ်းခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ခေါ်တော် ဘုန်းကြီးကိုယ်တိုင် ပြန်လည်ဖော်ထုတ် ပြောဆိုခဲ့သည်။ သူ့နောက်လိုက်များအား ဖြောင်ကျစွာ ပြောဆိုခဲ့သည်။ သူက ခင်ညွန့် သူ့လက်ထဲသို့ လွတ်လပ်ရေးအပ်မည်ဟု ပြောခဲ့သည်။ ဤကဲ့သို့ ပြောဆိုပြီး ၎င်း၏နောက်လိုက်များအား စည်းရုံး စုစည်းနေသည်။

ဤလိမ်လည်မှုများသည် ဤမျှနှင့် မပြီးဆုံးသေးပေ။ ခေါ်တော်၏ နောက်လိုက်များသည် ၎င်းတို့၏ ဘုန်းကြီး ဘုန်းတန်ခိုးရှိကြောင်း၊ အရှိန်အဝါလည်းကြီးကြောင်း၊ တစ်နေရာ၌နေပြီး တစ်နေရာသို့ သွားလိုပါက စိတ်ကူးလိုက်ရုံဖြင့် ရောက်သွားကြောင်း ပြောဆိုကြ၏။ သူ့နောက်လိုက်များက ယခုလို ပြောဆိုခြင်းမှာ သူကိုယ်တိုင်က သူ့နောက်လိုက်များအား အမှန်တကယ် ပြောပြလို့သာဖြစ်သည်။ တစ်ပါးသူများအား တမင်သက်





သက် လိမ်လည်ခြင်းဖြစ်သည်။ ဘုန်းကြီးခေါ်တော်နှင့် တစ်ချိန်တွင် တွေ့ကြရာ၌ ကျွန်တော်က ယခုကဲ့သို့ လျှောက်သည်။

''ဘုန်းကြီး ... ဘုန်းကြီးရဲ့ နောက်လိုက်တပည့်များက ဘုန်းကြီးမှာ တန်ခိုးအာနုဘော်နဲ့ ပြည့်စုံတယ်လို့ ပြောကြတယ်။ ဘုန်းကြီးက သောင်ရင်းမြစ်ကနေ ခေါ်တော်နေရာကို ပြန်ချင်ရင် စိတ်ကူးလိုက်တာနဲ့ တစ်ပြိုင်နက် ရောက်သွားတယ်ဆိုတာ ဟုတ်ပါသလား''

ဘုန်းကြီး ...

''ဟာ ... ဒီအရူးတွေက အလကား လျှောက်ပြောနေတာ။ စိတ်ကူးလိုက်ရုံနဲ့ရောက်တယ်ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ''

ဟုဆို၏။

ဘုန်းကြီးက ဒါကို သူ မပြောပါကြောင်း သူ့နောက်လိုက်များက ရမ်းပြောနေကြခြင်းသာဖြစ်ကြောင်း ပြန်လည်ပြောဆိုလေသည်။ မြစ်ဆုံကိစ္စမဖြစ်မီ ကျွန်တော် သူ့ကို အကြိမ်ကြိမ် ကြိုးစားတွေ့ဆုံခဲ့ပါသည်။ သူ့ကို မေတ္တာထားပြီး ဖျောင်းဖျခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီး . . . ဒီလိုအရမ်းမလုပ်ပါနဲ့။ ကျွန်တော် တို့ ကရင်အချင်းချင်း စည်းလုံးကြရမယ်။ ရန်သူက ဘုန်းကြီးကို ခိုင်းတယ်။ အဲဒီအတိုင်း ဘုန်းကြီးလိုက်လုပ်တာ မကောင်းဘူး။ ဒီလို မလုပ်ပါနဲ့တော့"

ထိုအခါ ဘုန်းကြီးက . . .

"အို . . . ဘုန်းကြီး နောက်မလုပ်တော့ပါဘူး" ဟု ဆို၏။

ဘုန်းကြီးခေါ်တော်သည် ယခုကဲ့သို့ ပြောသော်လည်း နောက်ထပ် လုပ်ပြန်တာပါပဲ။ သူ ယခုကဲ့သို့ လုပ်ဆောင်ခဲ့သောကြောင့် ပြဿနာသည် ကြာလေ ကြီးလာလေဖြစ်ခဲ့ရ၏။ ဤကဲ့သို့ ဖြစ်လာခြင်းကြောင့် ကျွန်တော် ရဲရဲကြီးပြောရဲပါသည်။ ဤကဲ့သို့ ဖြစ်လာခြင်းကား ရန်သူ၏အစီအမံသာ ဖြစ်လေသည်။

ပြဿနာမှာ ပုန်ကန်မှုအထိ ကြီးထွားလာပါသည်။ KNU ကို ပြောင်းဆန့်ကျင်လာကြသည်။ ဤပြဿနာနှင့် ပတ်သက်ပြီး ရန်သူ၏အစီအမံဖြစ်ကြောင်း ကျွန်တော်ပြော ခဲ့ပြီး ဖြစ်သည်။ ကျွန်တော်တို့က မဟန့်တားနိုင်ခဲ့သဖြင့် ယခုဆိုလျှင် ဆန့်ကျင်ပုန်ကန်သည်အထိ ဖြစ်လာရလေပြီ။





ကျွန်တော်တို့ကို ပုန်ကန်နေပြီဆိုလျှင် နှိမ်နင်းဖို့သာ ရှိသည်။ မေတ္တာတရားနှင့် လုပ်၍ မရနိုင်တော့ပါ။ သို့ရာတွင် အထူးသဖြင့် KNU ခေါင်းဆောင် အများစုက ဤကိစ္စကို အရမ်းကိုင်တွယ်ရန် မဖြစ်။ ကိုးကွယ် ယုံကြည်မှုနှင့် ပတ်သက်နေတယ်။ ဒါကြောင့် အကြမ်းမဖက်ပါနဲ့။ အေးဆေးတဲ့နည်းလမ်းနဲ့ ဖြေရှင်းကြပါမယ်ဟု ပြောဆိုကြလေသည်။

ရန်သူ၏အကြံအစည်မှာ ညီညွတ်ရေးကို လက်ခံရန်မဟုတ်ပါ။ ရန်သူ့အကြံမှာ ကျွန်တော်တို့ တော်လှန်ရေးအား ဖြိုချပစ်ရန်သာဖြစ်သည်။ ယင်းကြောင့် ငြိမ်းချမ်းရေးသည် ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုမှန်သမျှ စိတ်ကူးယဉ်မှုများသာ ဖြစ်လေသည်။

ခေါင်းဆောင်မှုအတွက် အမြင်မတူမှုကြောင့် ကျွန်တော်က မိမိတို့အား ဆန့်ကျင်သူကို တိုက်ရမည်ဟု အမိန့်ပေးသည်။ သို့ရာတွင် တခြားခေါင်းဆောင်များက ယခုကဲ့သို့မလုပ်ရန် ဟန့်တားသည်။ ဤသည်မှာ ကျွန်တော်တို့ အတွင်းဖြစ်ပေါ်ခဲ့သည့် ကြီးမားသောအမှားဖြစ်သည်။ ဤအမှားကြီးကြောင့် KNU ပြိုကျမှုကို ဖြစ်ပေါ်စေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဗျူဟာမှူးလောဝါးဒီအား တိုက်ရန် အမိန့်ပေးထားသည်။ သို့ရာတွင် ဗဟိုကော်မတီပင်အချို့ ဖြစ်ကြသည့် ဖဒိုကော်စိုး၊ ဆရာမာတာ၊ ပဒိုယိုရှူး စသည်တို့က လောင်ဝါဒီဘေးမှ စောင့်နေပြီး "ဥက္ကဋ္ဌကြီး ခိုင်းတာ အရမ်းမလုပ်နဲ့" ဟု ပြောကြသည်။ ကျွန်တော်ပြောသည့်အတိုင်း မလုပ်ကြသဖြင့် နောက်ဆုံးတွင် မာနေပလောသည် ရန်သူ့လက်ထဲသို့ ကျရောက်သွားရတော့၏။ ယခုကဲ့သို့ မပြတ်မသားဖြစ်နေချိန်တွင် ကျွန်တော်က ခေါင်းဆောင်များအား ပြောပါသေးသည်။

"ဒီပြဿနာကို အခုရင်ဆိုင်ဖြေရှင်းခြင်းမပြုရင် နောင်မှာ ခင်ဗျားတို့ ဒုက္ခရောက်ကြလိမ့်မယ်"

ကျွန်တော်တို့ တကယ်အခက်အခဲများ ရင်ဆိုင်ရပြီး မရှုနိုင် မကယ်နိုင်ဖြစ်နေချိန်တွင် ထိုပုဂ္ဂိုလ်များသည် တော်လှန်ရေးမှ ခွဲခွာရှောင်ကြဉ်သွားကြလေသည်။

ခေါင်းဆောင်မှုအတွင်း ညီညွတ်မှုမရှိသဖြင့် အောက်ခြေရဲဘော်များ တော်လှန်ပုန်ကန်မှုများကို တိုက်လိုသော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေသည်။ နောက်

မြရတနာစာပေ



ဆုံး၌ တချို့က အောက်ပါအတိုင်းဆိုလာသည်။

"အို . . . မထူးတော့ပါဘူးကွာ။ ဘုန်းကြီးနဲ့အတူ သွားလုပ်တော့လည်း ပြီးတာပဲ မဟုတ်လား"

ယခုကဲ့သို့ဖြစ်လာရခြင်းမှာ **KNU** ဗဟိုခေါင်းဆောင်အချို့က စစ်မတိုက်ချင်သောကြောင့် ဖြစ်သည်။ မာနေပလောလည်း ရန်သူ့လက်ထဲ ကျဆုံးရသည်။ မာနေပလောသည် ရန်သူချည်းတိုက်လျှင် မရနိုင်ပါ။ ကျွန်တော်တို့လူတွေက ရန်သူကို ကူညီ၍သာ ဖြစ်သည်။ ယခုလိုမဖြစ်ပါက ရန်သူသည် မာနေပလောကို ရမည် မဟုတ်ပါ။

၁၉၉၆ ခုနှစ်အတွင်း ကျွန်တော်သည် ရန်သူ ဗိုလ်ချုပ်များနှင့် တွေ့ဆုံခဲ့သည်။ ရန်သူနှင့် တွေ့ဆုံဆွေးနွေးရေးစတင်ချိန်မှာ ဖြစ်၏။ ရန်သူစစ်ထောက်လှမ်းရေးမှ ဗိုလ်စန်းပွင့်နှင့် ဗိုလ်ကျော်သိန်းတို့သည် ကျွန်တော့်ကို မဲဆောက်တွင် လျှို့ဝှက်စွာ လာရောက်တွေ့ဆုံသည်။

"မာနေပလောဟာ **DKBA** အကူအညီ မပါဘူးဆိုရင် ကျွန်တော်တို့တိုက်ဖို့ မလွယ်ပါဘူး"

ဟု သူတို့က ဆိုခဲ့၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂ ခုနှစ် မာနေပလောရရှိရေးတွက် တိုက်ပွဲ ခွေးအိပ်တောင်တိုက်ပွဲမှာ ၎င်းတို့သေဆုံးသည့် စစ်သားများ အလောင်းတွေကို တစ်ယောက်ပြီးတစ်ယောက် တန်းစီ လိုက်ရင် မာနေပလောကနေပြီး မော်လမြိုင်အထိ ရောက် သွားနိုင်သည်ဟု ရန်သူစစ်ဗိုလ်များက ဆိုခဲ့ကြသည်။

**DKBA** အကူအညီသာမရရင် မာနေပလောအား ရရန်မလွယ်ကူကြောင်း သူတို့ ဝန်ခံသွားကြလေသည်။

နိဂုံးအနေနဲ့ ပြောလိုသည့်အချက်

ယခုတင်ပြသည့် နိဂုံးပါ အကြောင်းအရာမှာ ကျွန်တော် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် **KNU** ခေါင်းဆောင်များအား တင်ပြအသိပေးထားပြီး ဖြစ်သည်။ ကျွန်တော် အစီရင်ခံခဲ့သည့်အတိုင်း အများ ပြည်သူကိုလည်း အသိပေးလိုပါသည်။ ကျွန်တော် နှစ်ပေါင်း များစွာ တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့သည်။ အဆင်း‌ခဲ့ အပင်ပန်းခံကာ အခက်အခဲမျိုးစုံကို ရင်ဆိုင်ဖြေရှင်းခဲ့ သည်။ ကျွန်တော့်တာဝန်ကို ကျွန်တော် ကြိုးစားပြီး ဆောင်ရွက်ခဲ့သည်။ နေပူမရှောင် မိုးရွာမရှောင် သွား





ရောလာစရာရှိပါက ကျွန်တော် သွားခဲ့လာခဲ့သည်။ လုပ် ရောများကို လုပ်ခဲ့သည်။

ယနေ့ ကျွန်တော် လက်ခံရရှိသည့် တာဝန်နှင့် ရာထူးများ အလွယ်တကူရယူခဲ့ခြင်း မဟုတ်ပေ။ ကျရောက် သမျှတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ခြင်းကြောင့် ဖြစ်၏။ စစ်တိုက်ရာတွင် ရန်သူကို အကြိမ်ပေါင်းများစွာ အနိုင် တိုက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်သာ ကျွန်တော် ဗိုလ်ချုပ်ကြီးအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်၏။

ထို့အပြင် **KNU** ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့ သည်။ တော်လှန်ရေးထဲတွင် အမြင့်ဆုံးတာဝန် ဖြစ်ပေ သည်။ ဤကဲ့သို့ တာဝန်များကို ထမ်းဆောင်ရာတွင် ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်အား တိုးတက် ကြီးထွားလာရန်အတွက် ကျွန်တော် ကြိုးပမ်းတည်ဆောက်ခဲ့ သည်။ တစ်ပြည်လုံးအတိုင်းအတာအရ အင်အား နှစ် သောင်းကျော်ရှိလာခဲ့သည်။ မာနေပလောကို သိမ်းပိုက် ရရှိရေးအတွက် ချီတက်လာကြသည့် ရန်သူစစ်သားများအား ကြီးမားသည့်တိုက်ပွဲ အကြိမ်ကြိမ် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ ဤကဲ့သို့သော တိုက်ပွဲမျိုးကို တိုက်ခဲ့ကြောင်း ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဂုမ်းက သိကြပါသည်။

မာနေပလောကို သိမ်းပိုက်ရရှိနိုင်ရေးအတွက် ရန်သူရာပေါင်းများစွာ အသေခံပြီး တိုက်ခဲ့သော်လည်း မရခဲ့ပါ။ ရန်သူသည် လက်နက်ကြီး အမြောက်အမြားကို သုံးသည်။ ကုန်းတပ်၊ လေတပ် အင်အားအများအပြားကို သုံးပြီး ထိုးစစ်ဆင်ခဲ့သည်။ သို့ရာတွင် ရန်သူသည် ကျွန်တော်တို့ကို အနိုင်မတိုက်နိုင်သဖြင့် ယာယီ တိုက်ခိုက်မှုကို ရပ်စဲလိုက်ပြီး ဘာသာရေးဘက်ကနေ ယုတ်မာပက်စက်စွာ ကြံစည်လာခဲ့တော့၏။

ဤကဲ့သို့ ရန်သူ၏လုပ်ကြံမှုကို ကျွန်တော်တို့ ခေါင်းဆောင်အချို့မှ နားမလည်လိုက်သဖြင့် သူတို့က ဒီကိစ္စနှင့်ပတ်သက်ပြီး ဘာသာရေးနှင့် သက်ဆိုင်နေသည် အရမ်းမလုပ်ပါနဲ့ဟု ဆိုလာကြသည်။ ကျွန်တော် က KNU ဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ယခုကဲ့သို့ ပြောခဲ့ပါသည်။

"ဤလုပ်ရပ်သည် မိမိအဖွဲ့အစည်းကို ထောင်ထားခြားနားပုန်ကန်သည့် လုပ်ရပ်ဖြစ်သည်။ ကျွန်တော်တို့ကို ပုန်ကန်လာသူများအား ကျွန်တော်တို့ တိုက်ရပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော် တိုက်မိန့်ပေးသည်"





ကျွန်တော်က ဤသို့ပြောသောအခါ ခေါင်းဆောင်အချို့က ဗျူဟာမှူးလောဝါးဒီကို ချဉ်းကပ်ပြီး ယခုလို ပြောပြသည်။

"ဒီကိစ္စက ဘာသာရေးနဲ့ ပတ်သက်နေတယ်။ ခင်ဗျား ဥက္ကဋ္ဌကြီးခိုင်းတိုင်း အရမ်းမလုပ်ပါနဲ့"

ဗဟိုကော်မတီအချို့က ကျွန်တော့်စကားနားမထောင်ခဲ့ကြသည့်အတွက် ဗဟိုမာနေပလော ရန်သူ့လက် ကျခဲ့ရသည်။ ထိုအချိန်ပွင် လူငယ်ပိုင်းခေါင်းဆောင်အများစု အထူးသဖြင့် အရန်ဗဟိုကော်မတီဝင်များက အာဏာလက်ဝယ် ရရှိရေးအတွက် အလွန်စိတ်စောနေကြပြီး ခေါင်းဖြူစွယ်ကျိုးခေါင်းဆောင်ဟောင်းကြီးများကို ဖြုတ်ချလိုကြသည်၊ ကြိုးပမ်းကြသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး သူတို့လူငယ်ထဲက တစ်ယောက်က ကျွန်တော့်ကို လာတင်ပြသဖြင့် ကျွန်တော် သိခဲ့ရခြင်းဖြစ်သည်။

မာနေပလော ရန်သူ့လက်ထဲ ကျရောက်သွားပြီးနောက်တွင် ကျွန်တော်တို့ ကနဲလေးမစ်ရှင်ကျောင်းတွင် ဗဟိုကော်မတီအစည်းအဝေး ပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးတွင် လူအများက ဥက္ကဋ္ဌစောဘိုမြအပေါ် အပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

သူတို့က အခုလို မာနပလော ရန်သူ့လက်ထဲ ကျခဲ့ရသည်မှာ ဥက္ကဋ္ဌတွင် တာဝန်ရှိသည်။ ဥက္ကဋ္ဌကြီးကြောင့်သာ ကျခဲ့ရသည်ဟု ဆိုကြ၏။ ယင်းကြောင့် ဥက္ကဋ္ဌကြီးအနေဖြင့် တာဝန်မှ နုတ်ထွက်ရမည်ဟု ဖဒိုကွယ်ထူးက ဆိုလာသည်။

''တောင်ကိုရီးယားနိုင်ငံမှာ တံတားတစ်စင်းကျိုးကျသဖြင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးရာထူးကနေပြီး နုတ်ထွက်ခဲ့ရတယ်။ အခုလည်း ဥက္ကဋ္ဌကြောင့် မာနေပလော ကျရတာဖြစ်လို့ ဥက္ကဋ္ဌကြီးတာဝန်မှ နုတ်ထွက်ပါ''

ဖဒိုကွယ်ထူးသည် ဤစကားကို အစည်းအဝေးတွင် အကြိမ်ပေါင်းများစွာ ပြောဆိုခဲ့သည်။


ဤသို့ဆိုသော် မြိုတ်၊ ထားဝယ်ခရိုင်ကို ရန်သူမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာတွင် ရက်သတ္တတစ်ပတ် မကြာပါ။ ရန်သူ့လက်ထဲ ကျရောက်ခဲ့ရသည်။ ဤကဲ့သို့ဖြစ်ခြင်းကြောင့် ကွယ်ထူးနှင့် အော်လီဗာတို့က မည်ကဲ့သို့ ဆိုကြမည်နည်း။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်က သူတို့ကို ဘာမျှမပြောခဲ့ပါ။

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ KNU စစ်သည်များ၏ လေးစားကြည်ညိုမှု ရရှိခဲ့သော
မြိုင်ကြီးငူ ဆရာတော် ဦး သုဇန



ထိုအချိန်က လူငယ်ခေါင်းဆောင်အချို့မှာ အာဏာလက်ဝယ်ရောက်ရှိရေးကို လောနေကြသည်။ ၎င်းတို့က အသက်ကြီးရင့်သည့် ခေါင်းဆောင်များအား ဖယ်ရှားရေးအတွက် လိုက်စည်းရုံးနေကြသည်။ ဤလူငယ်များထဲတွင် ဗိုလ်ရော်ဂျာနှင့် သူ့ပတ်ဝန်းကျင်တွင် ရှိကြသူများ ပါဝင်လေသည်။

ကျွန်တော်သည် တော်လှန်ရေးကို အကောင်းဆုံး ကြိုးစားလုပ်ခဲ့ပါသည်။ ရန်သူနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ရန်သူက တောင်းဆိုခြင်းသည် လူမျိုးစုများ၏ ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ရန်သူက ကျွန်တော်တို့ကို လက်နက်ချစေခြင်းသာ ဖြစ်သည်။ ယင်းကြောင့် ကျွန်တော်တို့ KNU ခေါင်းဆောင်များ လက်ခံနိုင်ခြင်း မရှိပါ။ အချို့က လုပ်ချင်ကြသည်။ သူတို့ ပြောနေကြသည်ကို ကျွန်တော် ကြားပါသည်။ ကချင်များ လုပ်ခဲ့သလိုလုပ်လျှင် ရသည်ဟု ဆိုကြသည်။

ဖဒိုကွယ်ထူးနှင့် အော်လီဗာက ကျွန်တော်တို့ ခေါင်းဆောင်မှုအဖွဲ့ ပြောကြပါသည်။ ယခုအကျပ်အတည်း အချိန်မှာ ထွက်ပေါက်ရှာရန် ဖြစ်သည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောသည့် ထွက်ပေါက်ကိုတော့ မတွေ့ပါ။ ရန်သူ ဆီ အညံ့ခံပြီးသွားဖို့ ဝင်ပေါက်တော့ ရှာရင် တွေ့နိုင်ပါ သည်ဟု ပြန်ပြောလိုက်၏။

ရန်သူသည် ကျွန်တော်တို့ လက်နက်မချသဖြင့် တွေ့ဆုံဆွေးနွေးရေးကို ဖြတ်လိုက်သည်။ တွေ့ဆုံဆွေးနွေး ရေး ဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ကို စတင်၍ ထိုးစစ်ဆင်တိုက်ခိုက်ပါတော့သည်။ ယခုကဲ့သို့ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့အတွင်းတွင် လေသံအမျိုးမျိုး ထွက်လာကြတော့၏။ အချို့က ထွက်မည် ပြောသည်။ အချို့က နိုင်ငံခြားသွားမည် ဆို၏။ ထိုအချိန် တွင် ခွန်မြရောက်လာသည်။ ယခုလို ပြောသည်။

''ရန်သူက ပြောပါသည်။ မယ်သရောထ သဘော တူညီချက်ကို ရုပ်သိမ်းပါ။ ကျွန်တော်တို့နှင့် ပြန်လည် ဆွေးနွေးမည်ဆို၏''

ယင်းကြောင့် ပြန်လည်ဆွေးနွေးနိုင်ရန်အတွက် ဒီသဘောတူညီချက်များထဲမှ အချက် ၄ ချက်ကို ယာယီ ရပ်ဆိုင်းလိုက်ရန် ကျွန်တော် ဆုံးဖြတ်ခဲ့သည်။ သဘော တူညီချက်အားလုံးကို ကျွန်တော် ဖျက်သိမ်းခဲ့ခြင်း မလုပ်





ခဲ့ပါ။ ဤကိစ္စနှင့် ပတ်သက်ပြီး ဖဒိုမန်းရှာကို ပြောပြရာ ဖဒိုမန်းရှာက ...

''ယခုကဲ့သို့ ပြုလုပ်ခြင်းသည် **KNU** တော်လှန် ရေးကြီးကို ထိခိုက်သည်'' ဟု ဆိုလာ၏။

ကျွန်တော်က ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ရန်သူနှင့် ပြန်လည်ဆွေးနွေးနိုင်ရန် ယာယီသဘောလုပ်ခြင်းသာ ဖြစ်ကြောင်း ရှင်းပြခဲ့၏။

ရန်သူက ကျွန်တော်တို့နှင့် မတွေ့တော့ဘဲ ကျွန်တော်တို့ကို ဆက်လက်တိုက်ခိုက်လေတော့သည်။ ကျွန်တော်တို့ပြည်သူတွေကို ဆက်လက်သတ်ဖြတ်နေလျှင် ဤ ယာယီသဘောတူညီချက်ကို မဖျက်သိမ်းနိုင်ပါ။ ကျွန်တော်တို့ တစ်လခန့် စောင့်ကြည့်ခဲ့၏။ ရန်သူက ဘာမျှမလုပ်သဖြင့် မယ်သရောထ သဘောတူညီချက်မှာ မူလအတိုင်းသာ ဖြစ်နေပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့အချင်းချင်း ပြေလည်အောင် ပြောကြဆိုကြပြီးဖြစ်သည်။ သို့ရာတွင် ၁၂ ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးကြီး နီးလာ ချိန်တွင် ဖဒိုမန်းရှာက ...



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား မယ်သရောထ သဘောတူညီချက်ကို ရုပ်သိမ်းလိုက်တာဟာ ကရင်တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေတယ်'' ဟု ဆိုလာပြန်၏။

ကျွန်တော့်စိတ်ထဲတွင် ပြန်၍ တွေးမိသည်။ ဤပြဿနာသည် ပြော၍ဆိုကြ၍ ပြီးဆုံးသည်မှာ ကြာမြင့်ပါပြီ။ ဤကွန်ဂရက်လုပ်မည့်အချိန် နီးကပ်လာမှ အဘယ်ကြောင့် ဤကဲ့သို့ ပြောရသနည်း။ ကျွန်တော် တွေးမိသည်မှာ ကွန်ဂရက် ကိုယ်စားလှယ်များက ကျွန်တော့်အပေါ် ယုံကြည်မှုနှင့် လေးစားမှု လျော့နည်းကျဆင်းသွားရန်အတွက် လုပ်တာသာ ဖြစ်သည်။

ယင်းကြောင့် ကျွန်တော်က သူတို့ကို ပြန်ပြောပါသည်။

''မယ်သရောထ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ အပြစ်ရှိတယ်လို့ ပြောကြရင် ကျွန်တော် လက်ခံပါတယ်။ သို့သော် မာနေပလောမှာဖြစ်ခဲ့တဲ့ ပုန်ကန်မှုမှာ ဌာနချုပ်မှာရှိကြတဲ့ ဗဟိုကော်မတီဝင်များက ဥက္ကဋ္ဌရဲ့စကားကို နားမထောင်ကြလို့ ကရင်တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာဟာ မယ်သရောထကိစ္စထက် အဆပေါင်းများစွာ ထိခိုက်ခဲ့





ရပါတယ်။ ဒါကြောင့် မယ်သရောထကိစ္စနဲ့ ပတ်သက်ပြီး မှတ်တမ်းတင်မှုကို ကျွန်တော် လက်ခံတယ်။ အဲဒီအတိုင်းလည်း ဗဟိုကော်မတီဝင်အားလုံးကလည်း ဥက္ကဋ္ဌကို မနာခံကြလို့ မာနေပလောစခန်းကြီး ရန်သူလက်ထဲ ကျဆုံးခဲ့ရတယ်ဆိုတာကိုလည်း မှတ်တမ်းတင်ရပါမယ်''

နောက်ပိုင်း မကြာသောအချိန်ကာလတွင် ရန်သူသည် ကျွန်တော်တို့ထံ ကိုယ်စားလှယ်စေလွှတ်ပြီး တွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်သည့် ကျွန်တော်တို့ သဘောထားကို လာရောက်မေးမြန်းစုံစမ်းလေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်က ရန်သူကို ဖြေကြားရာတွင် တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်နိုင်ရန်အတွက် ကျွန်တော်တို့ အမြဲတမ်း တံခါးဖွင့်ထားပါသည်။ စစ်မှန်ပြီး အကျိုးရှိသည့် တွေ့ဆုံဆွေးနွေးရေးဖြစ်ပါက ကျွန်တော်တို့လုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

ဤကဲ့သို့ ဖြေကြားခြင်းကို ကျွန်တော်က မန်းရှာကို ရှင်းပြပါသည်။ သို့သော် မန်းရှာက ဤသဘောထားသည် ဗိုလ်ရွှေဆိုင်း၏ IPC နှင့်အတူတူဖြစ်သည်ဟု ဆိုလေသည်။ ဤကဲ့သို့ပြောခြင်းကို ကျွန်တော် လက်မခံနိုင်ပါ။ IPC



www.burmeseclassic.com

www.burmeseclassic.com



နှင့်မတူပါ။ IPC သည် အဖွဲ့အစည်း၏ ခေါင်းဆောင်မှု အသစ်ကို ထူထောင်ခြင်း ဖြစ်သည်။

ဥက္ကဋ္ဌ ဗိုလ်ရွှေဆိုင်း

ဒုဥက္ကဋ္ဌ အော်လီဗာ

အတွင်းရေးမှူး ထူးထူးလေး

အဖွဲ့ဝင်များမှာ – ရော်ဂျာ၊ ခလီဒေး၊ ကွယ်ထူး၊ မာတာ၊ မူတူးနှင့် ဒေးဗစ်ထော စသူတို့ဖြစ်ကြ၏။

ကျွန်တော်သည် ကရင်တစ်ယောက်အနေဖြင့် ရန်သူနှင့်ပတ်သက်ပြီး မည်သည့်အခါမျှ အရှုံးပေးမည် မဟုတ်။ ကျွန်တော် ချစ်သည့် ရဲဘော်များနှင့်အတူ ကျွန်တော့်ကို ချစ်မြတ်နိုးကြသည့် ကရင်လူထုအတွက် ဆက်လက်ပြီး တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

အမှန်တရားသည် အင်အားဖြစ်သည်။

အမှန်တရားသည် မုချအောင်ပွဲခံရမည်။

❖ ❖ ❖





ဤနေရာတွင် ဗိုလ်ချုပ်ကြီး စောဘိုမြ၏ ရေးသားချက်များကို ရုပ်တန့်ရန် ကြံရွယ်ခဲ့ပါသည်။ သို့ရာတွင် ကျွန်တော် ငယ်စဉ်အရာရှိကလေးဘဝ ဖာပွန် ခလရ (၁၉) တွင် ရှိနေစဉ်က ဗိုလ်မြသည် တပ်မဟာ (၁) မှ စစ်ခေါင်းဆောင်များကို မလိမ့်တစ်ပတ်ဖြင့် ကတိုင်တီနှင့် ကမမောင်း အရှေ့ခြမ်းသံလွင်မြစ်ကြီးဘေးက ဘောသရောရွာသို့ ခေါ်ယူပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ဖူးပါသည်။ ဘပ်ရင်းမှူး ၂ ဦး အပါအဝင် အရာရှိ ၁၀ ဦး ဖြစ်၏။ သူ၏စာအုပ်၌ ထိုကိစ္စအကြောင်းကို အတော်ပြည့်ပြည့်စုံစုံ ဖော်ပြထား၏။

ထိုကိစ္စနှင့် ပတ်သက်ပြီး ထိုစဉ်က ကမမောင်း ခလရ (၈) တွင် ဒုတပ်ရင်းမှူးဘဝမှ ခလရ (၉၆) ကျိုက်ထို၌ တပ်ရင်းမှူးဖြစ်သွားသည့် ဗိုလ်မှူးကြီးမျိုးခင်နှင့် စကားစပ်မိ၍ ပြောကြားရာ၌ ကျွန်တော်က ...

''အဲဒီဘောသရောကိစ္စတုန်းက ဗိုလ်မြကြီးက တပ်မဟာ (၁) က လူတွေကို မလိမ့်တပတ်နဲ့ ခေါ်ပြီး အားလုံး သူ သတ်လိုက်တာ ဆယ်ယောက်နော် ဗိုလ်မှူးကြီး''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ထိုကိစ္စကို ကျွန်တော့်ထက် ပိုသိသည့် ဗိုလ်မှူးကြီးမျိုးခင်က ...

''မဟုတ်ဘူး။ အားလုံး ၃၂ ယောက်''

''ဗျာ''

''ဟုတ်တယ်။ ၃၂ ယောက်။ အရာရှိက ၁၈ ယောက်။ ကျန်တာ အငယ်တွေ။ သူက အရာရှိတွေကို ကိုယ်တိုင်သတ်တာ။ သူ့တပည့် ကျော်ဟိုးနဲ့အဖွဲ့က ကျန်တဲ့အငယ်တွေကို သတ်တာ''

''ဩော်''

မနေ့တစ်နေ့ကမှ ဗိုလ်မှူးကြီး မျိုးခင် ပြော၍ ထိုကိစ္စကို သိရပါတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးစောဘိုမြကသူ၏ ''ကျွန်တော့်ဘဝ ဖြတ်သန်းမှု အစစ်အမှန်'' ၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့ သိထားခဲ့သည်များနှင့် အတော်ကွာခြားသဖြင့် စာရှုသူများလည်း သိသင့်သည်ဟု ယူဆပါသဖြင့် နောက်ဆုံးခေါင်းစဉ်အနေဖြင့် ကူးယူဖော်ပြအပ်ပါသည်ခင်ဗျား။

မြရတနာစာပေ



**တပ်မဟာ (၁) အပေါ် အဘယ့်ကြောင့် ကျွန်တော် အရေးယူခဲ့ရသနည်း**

ဤတော်လှန်ရေးအတွင်း ပထမ အကြွေအပြဲ ဖာတ်လမ်း ပြီးဆုံးသောအခါ ကော်ကဆာစောဟန်တာသာမွေးနှင့် အဖွဲ့သည် ရန်သူ့ထံ လက်နက်ချလိုက်သည်။ ထိုအချိန်တွင် တပ်မဟာ (၅) တပ်မဟာမှူး ဗိုလ်လင်းထင်နှင့် ၎င်း၏တပ်မဟာတစ်ခုလုံး ဟန်တာနှင့် အတူပါသွားပြီး လက်နက်ချကြသည်။ မကြာပါ လင်းထင်ကို ရန်သူက သတ်လိုက်သည်။ လင်းထင် သေဆုံးပြီးနောက် သူ့လူများကို ကျွန်တော်တို့ထံ ပြန်လည် ထွက်ပြေးရောက်ရှိလာသည်။ ယင်းအချိန်တွင် ကျွန်တော်သည် ကော်သူးလေ အရှေ့တိုင်း တိုင်းမှူးဖြစ်သည်။ ယခုလို သူတို့ ပြန်ရောက်လာကြသဖြင့် ၎င်းတို့က စုစည်းပြီး ယခုကဲ့သို့ ကျွန်တော်မှ ပြောဆိုဆုံးမခဲ့သည်။

''ခင်ဗျားတို့ အခုကဲ့သို့ ပြန်လည်ရောက်ရှိလာတာ ကောင်းတဲ့ကိစ္စ ဖြစ်တယ်။ နောက်နောင် ခင်ဗျားတို့ ရမ်းရမ်းကားကား မလုပ်ကြဖို့လိုပါတယ်။ အရင်က ခင်ဗျားတို့လုပ်ခဲ့တဲ့အတိုင်း ဆက်လုပ်လို့မဖြစ်ပါ။ ကျွန်တော်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ပါ။ ဓားပြတိုက်တာ၊ အမျိုးသမီးတွေကို မုဒိမ်းကျင့် စော်ကားတာတွေ လုံးဝ ရှောင်ကြဉ်ရမယ်။ ဒါတွေကို ကျွန်တော် လုံးဝ လက်မခံနိုင်ပါ။''

ကျွန်တော်က အထက်ပါအတိုင်း ပြောဆို ဆွေးနွေးပြီး၊ သူတို့က ပြန်လည် မေးမြန်းသည်။ သူတို့သည် နောက်နောင်တွင် အထက်ပါ ဒုစရိုက်မှုများကို မလုပ်တော့ကြောင်း ဝန်ခံကတိပေးကြပါသည်။ ထို့ကြောင့် ဝန်ခံချက်စာချုပ် ရေးသားပြီး အောက်တွင် ၎င်းတို့အား လက်မှတ်ရေးထိုးစေခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်ပြီးမှ ၎င်းတို့ကို **KNLA** တပ်မတော်ထဲသို့ ပြန်လည်သိမ်းသွင်းခဲ့သည်။ ဤတပ်ဖွဲ့သည် လင်းထင် အုပ်ချုပ်ခဲ့စဉ်က တပ်မဟာ (၅) ဟု ခေါ်ခဲ့သည်။ သို့သော် ယခုကဲ့သို့ သူတို့ ပြန်လာပြီးနောက်တွင် ကျွန်တော်က ၎င်းတို့အား တပ်မဟာ (၁) အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့သော်လည်း ဤတပ်ဖွဲ့သည် ယခင်ကအတိုင်း၊ ဆိုးသွမ်းမြဲ ဆိုးသွမ်းလျက်ရှိခဲ့သည်။ အမျိုးသမီးများကို သားမယားအဖြစ် ပြုကျင့်ကြသည်။ စော်ကားကြသည်။

လေးကေရွာတွင် သူတို့၏ လက်ချက်ကြောင့်



ရွာသူအမျိုးသမီး အတော်များများ စော်ကားခံကြရ၏။ အချို့ဆိုလျှင် ဂိုဏ်းဖွဲ့ပြီး မုဒိမ်းကျင့်ကြသည်အထိ မိုက်ရိုင်းစွာ လုပ်ဆောင်ကြသည်။ မိန်းကလေးတစ်ယောက်ကို သူတို့လူသုံးလေးယောက် တစ်လှည့်စီ ပျော်ပါးပြီးနောက် လွှတ်လိုက်သည်။ ထို့ကြောင့် ဒေသခံ အမျိုးသမီးများသည် ၎င်းတို့အပေါ် အလွန်စိတ်နာကြသည်။ သူတို့က ကိုယ့်ကရင်အမျိုးသားအချင်းချင်း အခုလောက် မိုက်မိုက်ရိုင်းရိုင်း စော်ကားနေကြသော သူတို့ကို လင်သားများအဖြစ် မှတ်ယူလို့မဖြစ်ဟု အမျိုးသမီးထုများက ပြောဆိုနေကြသည်။ ထို့ကြောင့် လေးကေနယ်မြေမှ ကရင်အမျိုးသမီး အတော်များများမှာ ဗမာစစ်သားကိုသာ ယူနေကြသည်ကို တွေ့ရပေသည်။

ဤတပ်ဖွဲ့သည် ကြာလေ ဆိုးလေဖြစ်လာသည်။ နောက်ဆုံး အမျိုးသမီးတစ်ဦးကို သူတို့ လူ ၄၀ ခန့် က ဝိုင်းဝန်း မုဒိမ်းကျင့်ကြောင်း ကြားသိရသည်။ အစော်ကားခံရသော မိန်းကလေးမှာ သေလုမျောပါး အခြေအနေသို့ ရောက်သွားသည်။ သူမကို မော်လမြိုင်ပို့ပြီး ကုသကြရတော့သည်။ ဤသတင်းကို ကျွန်တော် ကြားသိသည့်အခါ

www.burmeseclassic.com



နယ်ဘက်မှ စကောဦးတည်အား ဤကဲ့သို့ လုပ်ကြသူများ အမည်စာရင်း တောင်းခိုင်းလိုက်၏။ ထိုအချိန်တွင် သထုံခရိုင်အတွင်း၌ နယ်ဘက်မှ တာဝန်ရှိသူများမှာ ဖဒိုယဉ်စိုးနှင့် စကောဦးတည် စသူများ ဖြစ်ကြ၏။ သူတို့က စာရင်းမယူရဲကြောင်း၊ မကောက်ရဲကြောင်း တင်ပြကြ ငြင်းဆန်ခဲ့ကြ၏။ သူတို့လုပ်ပါက ဤလူမိုက်များသည် သူတို့အား လိုက်လံသတ်ဖြတ်မည်ကို စိုးရိမ်ကြသည်။ ထိုအတိုင်း ပြောလာကြသည်။ ထိုအခါ ကျွန်တော်က . . .

''သူတို့ သတ္တိရှိလို့ လုပ်ရဲရင် လုပ်စမ်းပါစေ။ ကျွန်တော် ရှိပါသေးတယ်။ ဒီအတိုင်း အလကား ကြည့်မနေပါဘူး'' ဟု ပြောရတော့သည်။

ထိုအခါ မနေသာတော့ဘဲ ဖဒိုယဉ်စိုးနှင့် စကောဦးတည်တို့မှ ပြစ်မှုကျူးလွန်သူများ အမည်စာရင်းကို ကောက်ယူပြီး ဗဟိုသို့ တင်ပြလာ၏။

ဤလူဆိုးလူမိုက်တို့သည် ယခုကဲ့သို့ အရေးယူမည်ဟု ကြားသိသောအခါ စကောဦးတည်နှင့် ဖဒိုယဉ်စိုးတို့အား လက်မြန်ခြေမြန်နှင့် သတ်ဖြတ်လိုက်ကြသည်။ မြို့နယ်ခေါင်းဆောင်အချို့လည်း အသတ်ခံကြရ၏။





ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး လာရောက်အစီရင်ခံရန် သူတို့အား ဆင့်ခေါ်လိုက်သည်။ သူတို့ မလာကြပါ။ မလာသည့်အပြင် စိတ်ဆိုး ဒေါသထွက်ပြီး သူတို့နေရာ အရပ်များ၌ သေနတ်များ အရမ်းမဲ့ပစ်ဖောက်ကာ သောင်းကျန်းကြ၏။ ရွာသူရွာသားများလည်း သူတို့ကို လွန်စွာကြောက်ရွံ့နေကြလေသည်။

ခေါင်းဆောင်အချို့ကလည်း ဒီလူတွေဟာ တိုက်ပွဲမှာ သုံး၍ရသေးကြောင်း၊ သူတို့အပေါ် အရေးမယူသင့်ပါကြောင်း ပြောကြသည်။ ဤကဲ့သို့ ပြောဆိုမှုကို ကျွန်တော် လက်မခံပါ။ သို့သော် ကျွန်တော် ဘာမျှမပြောခဲ့။ အမိန့်ထုတ် ဆင့်ခေါ်သော်လည်း သူတို့မလာကြသဖြင့် ၎င်းတို့၏ နယ်မြေကို ပိတ်ဆို့ရန် ကျွန်တော် အမိန့်ပေးရတော့သည်။ လက်နက် ခဲယမ်းမီးကျောက်များ သွားမရောင်းရ။ ဓာတ်ခဲများ မရောင်းရ၊ စစ်နဲ့ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများမရောင်းရ။ သူတို့နှင့် အရောင်းအဝယ်လုပ်သူအားလုံး သေဒဏ်ကျခံစေ၊ သေဒဏ်အပြစ်ပေးမည်ဟု အမိန့်ထုတ်လိုက်သည်။

ကျွန်တော် ယခုကဲ့သို့ အပြစ်အမိန့်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မည်သူမျှ ၎င်းတို့နှင့် အဆက်အသွယ် မလုပ်ရဲကြ တော့ပါ။ နောက်ဆုံး သူတို့သည် ရွေးချယ်စရာလမ်း မရှိတော့သဖြင့် ကျွန်တော့်ထံသို့ မှာသည့်အတိုင်း ရောက် လာကြရတော့သည်။ သူတို့လာကြသော်လည်း ကျူးလွန် သည့် အမှားများအပေါ် နောင်တရပြီး လာကြခြင်းမဟုတ်ပါ။ သူတို့အခြေအနေကို သိရှိရန်အတွက် လာခြင်းဖြစ်ကြောင်း ကျွန်တော်မှ လျှို့ဝှက်စွာ လူလွှတ်ပြီး လေ့လာ စုံစမ်း စေခဲ့ပါသည်။ လေ့လာချက်အရ ဤလူများသည် အမှားများ ပြင်လိုသူများ မဟုတ်ကြောင်း သိရသည်။ ကျွန်တော်နှင့် တွေ့ဆုံရန် ထွက်လာရာ၌ လမ်းခရီးတွင် ယခုလို ပြောဆို လာကြသည်ဆို၏။

"ဗဟိုလည်း နည်းလမ်း မမှန်ရင် ဗဟိုခေါင်း ဆောင်အားလုံးကို ပစ်သတ်မယ်"

ဟု ကြိမ်းဝါးပြောဆိုကြသည် ဆို၏။

သူတို့သည် ရမ်းကားနိုင်ရန်အတွက် သူတို့ သေနတ်ပြောင်းများထဲတွင် ကျည်ထိုးထားရှိကြသည်။ အချိန်မရွေး ပစ်ခတ်နိုင်ရန်အတွက် အသင့်ပြင်ထားခြင်း ဖြစ်သည်။ ထိုအခြေအနေကို ကြားသိရသော် ကျွန်တော့်

မြရတနာစာပေ



စိတ်ထဲတွင် အခုလို မှတ်ချက်ချမိပါသည်။

"အေး ...မင်းတို့ စမ်းကြည့်။ မင်းတို့ကို ကြောက်မယ်များ ထင်သလား"

ကျွန်တော် သူတို့ကို ရဲရဲတင်းတင်း သွားရောက် တွေ့ဆုံပါသည်။

ကျွန်တော်နှင့်အတူ ဗိုလ်ကြီးထွန်းကြည်၊ ဗိုလ် ကြီး သန်းမောင်တို့ ပါလာသည်။ ဒုစစ်ဦးစီးချုပ် တာမလာဘောလည်း လိုက်ပါလာသည်။ ကျွန်တော်တို့ အင်အားမှာ လူ ၄၀ ခန့် ဖြစ်သည်။ ကျွန်တော့်လူများကို ကျွန်တော် ဘာလုပ်မည်ဆိုတာ မပြောခဲ့ပါ။ ကျွန်တော်က ပြတ်ပြတ်သားသား အရေးယူမည်ကို သူတို့ သဘော မတူနိုင်သောကြောင့် ဖြစ်ပါသည်။

သတ်မှတ်ထားသည့် အစည်းအဝေးလုပ်မည့် နေရာကို ကျွန်တော်မှ သေသေချာချာ ဆောက်စေသည်။ အစည်းအဝေးခန်းမကို စနစ်တကျ ခြံခတ်ခိုင်းလိုက်သည်။ ဤကဲ့သို့ ပြင်ဆင်ပြီးနောက် အစောင့်ချထားကာ အစည်း အဝေးခန်းမအား အမြဲတမ်း စောင့်ကြပ်စေသည်။ အစည်း အဝေးခန်းမထဲတွင် မည်သူမျှ လက်နက်များကို ယူသွား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုရဟု အမိန့်ထုတ်ထားလိုက်သည်။

သတ်မှတ်ရက်ရောက်လာသောအခါ သူတို့လည်း ရောက်လာကြတော့သည်။ သူတို့အား လက်နက်များကို အစည်းအဝေးခန်းမအတွင်း ယူဆောင်ခွင့်မပြုသဖြင့် အစည်းအဝေးခန်းမတွင်းသို့ သူတို့မဝင်လိုကြပါ။ ကျွန်တော်က အမြန်ဝင်ကြရန် ဟိန်းဟောက်လိုက်ပြီး သေနတ်တွေကို လုံးဝယူခွင့်မပေးနိုင်ကြောင်းလည်း တင်းတင်းမာမာ ပြောလိုက်သည်။ ထိုအခါ သူတို့သည် မလုပ်ချင် လုပ်ချင်ဖြင့် သေနတ်များအား ချန်ထားကြကာ အစည်းအဝေးခန်းမထဲသို့ ဝင်သွားကြလေသည်။

ဗိုလ်ကြီးသန်းမောင်က သူတို့ သေနတ်အားလုံးကို လိုက်သိမ်းလိုက်၏။

ဤအစီအစဉ်အတွက် ကျွန်တော့်ရဲဘော်များအား စကားဝှက်ပေးထားသည်။ ကျွန်တော်က ''လက်ဖက်ရည်ဟေ့''ဟု အော်လိုက်သည်နှင့် အားလုံးကို ဝင်ရောက်ဖမ်းဆီးရန်ဖြစ်သည်။

သူတို့အားလုံး အစည်းအဝေးခန်းမထဲသို့ ရောက်ရှိပြီးနောက် ကျွန်တော်က ပြောထားသည့်အတိုင်း

မြရတနာစာပေ



၁၉၇၁-ခုနှစ်က KNU တပ်မဟာ(၁)မှအရာရှိများအား ကိုယ်တိုင်လုံ့ဆွပ်နှင့် ထိုးသတ်နေသည့် KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြ

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၄ ခုနှစ်က ငြိမ်းချမ်းရေးဆွေးနွေးရန် ရန်ကုန်သို့ရောက်နေသည့် KNU ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဘိုမြအား
ဗိုလ်ချုပ်ကြီးခင်ညွန့်မှ (၇၆) နှစ်မြောက် မွေးနေ့ပွဲ ကျင်းပပေးနေပုံ

www.burmeseclassic.com



www.burmeseclassic.com



"လက်ဖက်ရည်ပေ့" ဟုပင် ကျယ်လောင်သည့်အသံဖြင့် အော်လိုက်သည်။ ထိုအခါ ကျွန်တော့် ရဲဘော်များသည် အစည်းအဝေးခန်းမထဲသို့ ပြေးဝင်လာကြပြီး သူတို့အားလုံးကို ဝိုင်းဝန်းဖမ်းဆီး တုတ်နှောင်ထားလိုက်ကြတော့သည်။ ဤကဲ့သို့ သူတို့အတွက် မမျှော်လင့်ဘဲ ဖြုန်းစားကြီးဖြစ်လာသဖြင့် သူတို့ အလွန် အံ့အားသင့်သွားကြသည်။ သူတို့က ယခုလို ပြောလာသည်။

"ဘယ်လိုလဲ အစည်းအဝေးအတွက် လာခိုင်းတာဆို။ အခု ဘာဖြစ်လို့ ကျုပ်တို့ကို ဖမ်းသလဲ"

ကျွန်တော်က ...

"မင်းတို့ ဘာလုပ်ခဲ့သလဲ မသိဘူးလား။ မင်းတို့ ဆိုးသွမ်းရမ်းကားခဲ့တယ်။ အမျိုးသမီးတွေကိုလည်း မုဒိမ်းကျင့်စော်ကားခဲ့တယ်။ ဒါတွေ မင်းတို့ သိကြရဲ့လား"

ဟု ပြောပြီး ကျွန်တော့်ရဲဘော်များဘက်သို့ လှည့်ပြီး ...

"ဒီကောင်တွေ မလှုပ်စေနဲ့။ လှုပ်ရင် အကုန်ပစ်သတ်လိုက်" ဟု ထပ်ပြောလိုက်ပါသည်။

အပြင်တွင် ကျန်ခဲ့သည့် ၎င်းတို့၏ တပ်များကို



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ချကြရန် စာရေး အကြောင်းကြားစေသည်။ သူတို့အားလုံး လက်နက်ချကြသည်။ ၎င်းနောက် ဗိုလ်ကျော်ဟိုးကိုခေါ်ပြီး ယခုလို ကျွန်တော်က ပြောလိုက်သည်။

"ဗိုလ်ကျော်ဟိုး ... ဒီလူတွေထဲက အပြစ်ရှိသူတွေ ဘယ်သူတွေလဲ၊ အပြစ်ရှိသူအားလုံး ရွေးပြီး ထုတ်လိုက်ပါ"

ဗိုလ်ကျော်ဟိုးလည်း အပြစ်ရှိသူများအား တစ်ယောက်ပြီး တစ်ယောက် ရွေးထုတ်လေတော့သည်။ ရွေးထုတ်ခံရသူအားလုံး သေဒဏ်အပြစ်ပေးလိုက်သည်။ ကျန်အားလုံးကိုမူ ချုပ်ထားသည့် ကြိုးဖြေပြီး ပြန်လွှတ်ပေးလိုက်သည်။ စုပြီး ပညာပေး ဆုံးမစကားကို အောက်ပါအတိုင်း ပြောဆိုသည်။

"ယခုကဲ့သို့ သတ်ပစ်ရသူများမှာ အပြစ်ရှိလို့ဖြစ်သည်။ အမှန်တော့ သူတို့ကို မသတ်လို့မဖြစ်ဘူး။ အခုကျန်ရစ်တဲ့ မင်းတို့အားလုံး ငါယုံတယ်။ ငါတို့အားလုံး တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်ရတာဖြစ်တယ်။ မကောင်းတာတော့ မလုပ်ရဘူး။ ဆိုးသွမ်း ရမ်းကားသူတွေကိုတော့ ငါတို့ အရေးယူရမှာပဲ။ အခု မင်းတို့အားလုံး





ကို သေနတ်ပြန်ပေးမယ်"

ကျွန်တော်က အနည်းငယ် အသံရပ်လိုက်ပြီးနောက် ထပ်ပြီး သူတို့အား ယခုကဲ့သို့ ရဲရဲတင်းတင်းကြီး ပြောလိုက်သည်။

"မင်းတို့ကို ငါတစ်ယောက်မှ မကြောက်ဘူး။ ငါ့ကို လုပ်ကြံဖို့ မစဉ်းစားကြနဲ့"

ထိုညမှာပင် သူတို့အားလုံးကို လက်နက်များ ပြန်အပ်ပေးလိုက်သည်။ ထို့နောက် သူတို့ကို ကျွန်တော် အခုလို ထပ်ပြောပါသည်။

"အခု မင်းတို့ ခေါင်းဆောင်မယ့်သူဟာ ဗိုလ်ကျော်ဟိုး ဖြစ်တယ်"

ထိုသူတို့သည် ယခုထက်တိုင် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်၍ အထက်အမိန့်ကို နာခံသူများ ဖြစ်လေသည်။

လူနည်းစုသာ ရန်သူထံ ပြန်ရောက်ပြီး လက်နက်ချသွားကြသည်။ တပ်မဟာ (၅) သည် မိန်းမနှင့် ပတ်သက်ပြီး အင်မတန် နာမည်ကြီးသူများဖြစ်သည်။ သို့ရာတွင် ဗိုလ်စိုးနှင့် လင်းထင်တို့မှာ မတူကြပါ။ လင်းထင်သည်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများကို ပြောင်ကျစွာ စော်ကားမှုဒိမ်းကျင့်သူ ဖြစ်သည်။ ဗိုလ်စိုးမှာမူ လင်းထင်ကဲ့သို့ မလုပ်ပါ။ ဗိုလ်စိုးသည် ဇာတ်တစ်ဖွဲ့ကို တည်ထောင်ထားသည်။ ဤဇာတ်ဖွဲ့အတွင်းရှိ မိန်းကလေးများကို ဆိုတတ်ကတတ်ရန် အသေအချာ သင်ကြားပေးထားသည်။ ဤမင်းသမီးလေးများအားလုံးကို ဗိုလ်စိုးက သမီး သမီးဟု ခေါ်ပြီး မိန်းကလေးအားလုံးနှင့် ဗိုလ်စိုး ပျော်ပါးခဲ့သည်။ သို့သော် ပြင်ပရှိ အရပ်သား ပြည်သူသားသမီးများကိုတော့ ဗိုလ်စိုး ဘာမျှမလုပ်ခဲ့ပါ။

အထက်ပါအကြောင်းအရာများမှာ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှ ကောက်နုတ်ဖော်ပြချက်များ ဖြစ်ပါသည်ခင်ဗျား။



# အခန်း ( ၆ )

## နိဂုံးချုပ် ဖော်ပြချက်

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ **KNU** တို့၏ နောက်ဆုံးခံစစ်စခန်းကြီးဖြစ်သည့် ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းကြီးကို အပြီးအပိုင် သိမ်းပိုက်ရယူနိုင်ခဲ့လေသည်။ ယခုဆို ဤတိုက်ပွဲကြီးမှာ အနှစ် ၂၀ ခန့် ကြာမြင့်သွားခဲ့ပေပြီ။ ဤတိုက်ပွဲကြီးကို ဦးစီးတိုက်ခဲ့ကြသည့် မြန်မာ့တပ်မတော်ဘက်မှ ခေါင်းဆောင်များရော **KNU** ဘက်က ခေါင်းဆောင်များပါ



www.burmeseclassic.com

www.burmeseclassic.com



စစ်သားများ မဟုတ်ကြတော့ပါ။ တာဝန် မှ အနားယူသွား သူများက အနားယူသွားကြပါပြီ။ ကွယ်လွန်သူများကလည်း ကွယ်လွန်သွားခဲ့ကြပါပြီ။

မြန်မာ့တပ်မတော်ဘက်က စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒုစစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးတို့ အနားယူသွားကြပါပြီ။ ကစထမှူး ဒုဗိုလ်ချုပ်ကြီး မောင်လှ ကွယ်လွန်သွားပါပြီ။ ဗိုလ်ချုပ်ကက်စိန်နှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့ အနားယူသွားကြပါပြီ။ ဗိုလ်မှူးကြီး လွန်းသီ၊ ဗိုလ်မှူးကြီးသူရအေးမြင့်၊ ဗိုလ်မှူးကြီး အောင် သိန်းလင်းတို့ လွှတ်တော်အမတ်များ ဖြစ်နေကြပါပြီ။ ခမရ (၁) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဝဏ္ဏမောင်လွင်ပင်လျှင် ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒီမိုကရေစီ အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်၍နေပါပြီ။

KNU ဘက်ကဆိုပါက ကော်မူးရာစခန်းကြီးကို တာဝန်ယူပြီး မြန်မာ့တပ်မတော်လက် မကျရအောင် နှစ်လမျှ အပြင်းအထန် ခုခံကာကွယ်ပြီး ခံတိုက်သွားသည့် ဗိုလ်မှူးချုပ် ထောလ ကွယ်လွန်သွားခဲ့ပါပြီ။ အလားတူ ပင် ထိုစဉ်က KNU ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီး စောဘိုမြ





သည်လည်း ၂၀၀၆ ခုနှစ်က မဲဆောက်တွင် ဆီးချိုရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါပြီ။ သူ၏စစ်ဖက်လက်ထောက် ဗျူဟာမှူး ဗိုလ်မှူးကြီးလောဝါးဒီလည်း ကွယ်လွန်သွားခဲ့ပါပြီ။ ဗိုလ်မြအား KNU ဥက္ကဋ္ဌနေရာမှ နုတ်ထွက်ပေးရန် တောင်းဆိုကြသူ KNU အရန်ဗဟိုကော်မတီဝင် လူငယ်များ ဖြစ်သည့် ဒေါက်တာမာတာတို့၊ ဖဒိုယဉ်စိုးတို့တစ်တွေ အမေရိကန်နိုင်ငံကို ထွက်ခွာသွားကြခဲ့ကြသည်။ အထွေထွေ အတွင်းရေးမှူး ဖဒိုမန်းရှာသည်လည်း ထိုင်းနိုင်ငံအတွင်းတွင် အချင်းချင်းလုပ်ကြံ၍ ၂၀၀၄ ခုနှစ်က သေဆုံးခဲ့ရသည်။ ဗိုလ်မြအား KNU ဥက္ကဋ္ဌမှ ဖယ်ရှားပြီး အများက ရွေးတင်လိုက်သည့် ဖဒိုဘသင်လည်း ကွယ်လွန်ခဲ့ပါပြီ။ တပ်မဟာ (၆) တပ်မဟာမှူး ဗိုလ်ချုပ်ရွှေဆိုင်းလည်း ကွယ်လွန်သွားပါပြီ။ ယခု အချိန်တွင် သူတို့ထဲ၌ KNU များအား ကော်မူးရာတိုက်ပွဲကြီးမှ ဆုတ်မိန့်ပေးခဲ့သည့် ဒုဗိုလ်ချုပ်ကြီး တာမလာဘောတစ်ဦးသာ သက်ရှိထင်ရှားကျန်တော့၏။ သူပင်လျှင် အသက် ၉၀ နားကပ်နေပါပြီ။

ယခုတိုက်ခဲ့သည့် ကော်မူးရာတိုက်ပွဲကြီး၌ KNU ဘက်မှ လူ ၂၀၀ ကျော် ကျဆုံး၍ ၂၀၀ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရခဲ့ပါသည်။ (ကျဆုံး ၂၁၂ + ဒဏ်ရာရ ၂၃၁) စုစုပေါင်း လူ ၄၀၀ ကျော် ကျေပြုန်းသွားခဲ့၏။

အလားတူပင် မြန်မာ့တပ်မတော်ဘက်မှလည်း ၁၃၁ ဦး ကျဆုံး၍ ၂၉၉ ဦး ဒဏ်ရာရခဲ့ရာ လူ ၄၀၀ ကျေပြုန်းခဲ့ရပါသည်။

နှစ်ဖက်အကျအဆုံး ဒဏ်ရာရ ပြုန်းတီးမှုများမှာ သိပ်မကွာလှပါ။

နှစ်ဖက်လုံး အထိနာခဲ့ကြရပါသည်။ အထိနာသွားကြရသော်လည်း KNU ဘက်ကမူ နိုင်ငံရေးသိက္ခာပါ ကျဆုံးသွားရပြီး ဥက္ကဋ္ဌကြီးစောဘိုမြကို ဥက္ကဋ္ဌရာထူးမှ ဖယ်ပေးနိုင်းပြီး အများက ဖဒိုဘသင်ကို ဥက္ကဋ္ဌ တင်ခဲ့ကြပါသည်။ KNU အဖွဲ့အစည်းကြီးမှာ သေသူ သေ ထွက်သူ ထွက်နှင့် ဖရိုဖရဲဖြစ်ခဲ့ရလေတော့သည်။

ဤကိစ္စနှင့်ပတ်သက်ပြီး မာနေပလောတွင် လပေါင်းများစွာနေသွားသည့် စာရေးဆရာ မောင်စင်ကြယ် က သူ၏ ''မာနေပလောခရီးသည်'' စာအုပ် စာမျက်နှာ ၂၄၄ တွင် အောက်ပါအတိုင်း ရေးခဲ့၏။

''မာနေပလောကျပြီးနောက်ပိုင်း၌ ဘားအံခရိုင်နှင့်





ဝမ်ခစခန်းပါ ကျခဲ့လေရာ KNU တစ်ခုလုံးသည် ကြက်ဥ တစ်လုံး ကွဲအက်ကျိုးကျေသွားသည့်ပမာ အားလုံးကွဲ အက်ကျိုးကျေခဲ့ရပေတော့သည်''

မာနေပလောနှင့် ဝမ်ခသစ် ခေါ် ကော်မူးရာ မရှိတော့သည့်နောက်ပိုင်း KNU ခေါင်းဆောင်အချို့သည် သူတို့၏ နောက်လိုက်များနှင့်အတူ အစိုးရထံ ဝင်ရောက် ခဲ့ကြလေသည်။ ခေါင်းမာသော ဗိုလ်ချုပ်ကြီးစောဘိုမြက တင်းခံနေခဲ့သည်။ နောက်မှ အားလုံးက တိုက်တွန်းကြ၍ ၂၀၀၃ ခုနှစ်တွင် ရန်ကုန်သို့လာရောက်၍ ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးခဲ့ပါသည်။ ငြိမ်းချမ်းရေးကိစ္စ မပြီးပြတ်မီမှာပင် ၂၀၀၆ ခုနှစ်၌ ကွယ်လွန်သွားခဲ့၏။

ယခုအခါတွင်တော့ KNU မှ နောက်တက်လာသည့် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့မှ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီး အပစ်အခတ် ရပ်စဲခဲ့ပါပြီ။ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဖေဖော် ဝါရီလက ကျွန်တော် ကော်မူးရာနှင့် ရွှေကုက္ကိုမြို့ဘက်သို့ ခရီးထွက်ခဲ့ရာ တစ်လမ်းလုံး အေးချမ်းသာယာသည်ကို မြင်ခဲ့ရပါသည်။ လူတွေ လမ်းဖောက်၊ တံတားဆောက်နေ

www.burmeseclassic.com



သည်ကို တွေ့ရပါသည်။ လမ်းတွေမှာ ကတ္တရာလမ်းတွေ ဖြစ်ပြီး များစွာ ကောင်းမွန်လှပါသည်။ စောချစ်သူ၏ ရွှေကုက္ကိုမြို့င်မြို့မှာလည်း မြဝတီတို့ သယ်နီးညီနောင် တို့ထက်ပင် သန့်ရှင်းသပ်ရပ်လှပနေသည်ကို မြင်တွေ့ခဲ့ရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ မုဒိတာလည်း ပွားရ ပါသည်။ ဤသည်မှာ ငြိမ်းချမ်းရေး၏ အရသာများပါပေ။

စစ်ပွဲတွေရှိနေသမျှတော့ သွေးချွေးမျက်ရည်များက ရှိနေမည်သာဖြစ်ပါသည်။ ကျွန်တော်သည် ကရင်ပြည် နယ်တွင် ၁၅ နှစ်တာမျှ စစ်သားလုပ်ပြီး စစ်တိုက်လာခဲ့ သူဖြစ်၏။ ကရင်အမျိုးသမီးနှင့် အကြောင်းပါထားသူ ဖြစ်၏။ ကရင်ပြည်နယ်ကို သံယောဇဉ်ရှိသူဖြစ်၏။ ထို့ ကြောင့် ကရင်ပြည်နယ်မှ သေနတ်သံများကို မကြားလိုပါ။ ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေး ချိုးငှက်ကလေးများ၏ အသံသာများကိုသာ ကြားလိုပါသည်။

မနှစ်က ဘားအံ ဆွေးနွေးပွဲတွင် ဖဒိုမန်းငြိမ်း မောင်က ကျွန်တော့်ကို ပြောဖူးပါသည်။

''ဗိုလ်မှူးကြီးရယ် စစ်တိုက်ကြရင် အနိုင်အရှုံး ကတော့ ရှိကြမှာပဲ။ ပြီးတော့ နှစ်ဖက်စလုံးကတော့





အကျအဆုံးလည်း ရှိကြမှာပဲ။ အဲဒီအထဲမှာ နှစ်ဖက်လုံးက လူတော်တွေ ပါသွားကြတော့ အားလုံးအတွက် နစ်နာ ပါတယ်။ ဒီပုဂ္ဂိုလ်တွေ တိုင်းပြည်အတွက် အတူတူဝိုင်း လုပ်ကြရင် တိုင်းပြည်ကြီး တိုးတက်လာမှာပေါ့ ခင်ဗျာ''

ဖဒိုမန်းငြိမ်းမောင် ပြောတာ ဟုတ်ပါသည်။

ကော်မူးရာတိုက်ပွဲကြီး၌ **KNU** မှ အထူးတပ်ရင်း (၁၀၁) ဒုတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သန်းမောင် ကျဆုံး ခဲ့သည်။

မြန်မာ့တပ်မတော်က ခမရ (၁၁၈) တပ်ရင်းမှူး ဗိုလ်မှူးသီဟသူရ သန်းဆွေ ကျဆုံးခဲ့သည်။

နှစ်ယောက်လုံး လူတော်တွေ။ ကိုသန်းဆွေကမူ ကျွန်တော်နှင့်အတူနေခဲ့ဖူး၍ သူ တော်မှန်း ကျွန်တော် သိပါသည်။ **KNU** က ဒုမှူးကြီးသန်းမောင်သည်လည်း ဗိုလ်ချုပ်ကြီးမြ၏လက်ရင်း လူယုံတပည့်ကြီး ဖြစ်သည်။ သူလည်း လူတော်ပါဟု **KNU** က ပုဂ္ဂိုလ်များက ပြောကြ ပါသည်။ ဘာပဲဖြစ်ဖြစ် တော်သူတွေမို့ ဒီအဆင့်ရောက် လာကြတာပေါ့ဗျာ။

နိဂုံးချုပ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲတွေ ရပ်ကြပြီး တိုင်းပြည်တည်ဆောက်ရေးတွေ လုပ်ကြရအောင်ပါ။ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးလက်နက်ကိုင်သူများ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါ။ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ရောင်းပန်းသာဝယ်ပန်းလှပြီး ပြည်သူတွေ ဝဝလင်လင် စားသောက်နေထိုင်နိုင်အောင် ဝိုင်းပြီးလုပ်ပေးကြပါ။

ဘာပဲဖြစ်ဖြစ် စစ်ပွဲတွေ မရှိတော့သဖြင့် နောက်တစ်ခါက် ဒေါနတောင်ကြီး အရှေ့ခြမ်းရောက်ရင်ဖြင့် ကရင်ပြည်နယ်က ငြိမ်းချမ်းရေးချိုးငှက်ကလေးများ၏ တွန်ကျူးသံကို ဒါ့ထက်ပိုပြီး ကျယ်ကျယ်လောင်လောင် သာသာယာယာ ပိုပြီး ကြားရမည်ဟု မြင်ယောင်ရင်းဤတိုက်ပွဲကြီးကို နိဂုံးချုပ်လိုက်ပါသည်ခင်ဗျား။

ကရင်ပြည်နယ်ကြီးတစ်ခုလုံး ထာဝရ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေသတည်း။

ရှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**
၁၄-၅-၂၀၁၄

မြရတနာစာပေ



**မှီငြမ်းကိုးကားသည့် စာအုပ်များ**

၁။ စစ်သားဘဝအမှတ်တရများအတွဲ(၄) သောင်းဝေဦး
၂။ KNU ဘယ်လဲ
ကရင်ပြည်နယ်သားတစ်ဦး
၃။ မာနေပလော ခရီးသည်
မောင်စင်ကြယ်
၄။ ကျွန်တော့်ဘဝဖြတ်သန်းမှုအစစ်အမှန်
စောဗိုလ်မြ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ထောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ဣတ္ထိယခေါ် မိန်းမတို့သည်

၉။ ယောကျ်ားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ဂျပါသားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မူးမြစ်မှသည် ရောဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ

၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

၁၈။ ဣတ္ထိယခေါ် မိန်းမတို့သည်နှင့် ယောကျ်ားတို့အကြောင်း

၁၉။ အစ်ကိုတို့စစ်သား

၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)

၂၁။ ကျွန်တော် ဂေါက်သီးသမား

၂၂။ နို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ

၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)

၂၄။ ကပ္ပတိန်ကျော်ညွန့်၏ စွန့်စားခန်းများ

၂၅။ အချစ်နဲ့ စစ်သား

၂၆။ စစ်မြေခန်းက လွမ်းပုံပြင်

၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ

၂၈။ မလွမ်းပို မငိုနဲ့နော်

၂၉။ စီစီဝမ်တာပန်တိုက်ပွဲကြီး

၃၀။ မြန်မာ့မြေမှ အင်္ဂလိပ် - ဂျပန်တိုက်ပွဲများ

၃၁။ လူစွန့်စားကြီးကပ္ပတိန်စောနားမူး

၃၂။ မိုင်းယန်းတိုက်ပွဲ

၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)

၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ပို့င့် ၆၀၄၁ တိုက်ပွဲကြီး

၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ

၃၆။ ဟော့ . ဒို့ကွန်မန်ဒို

၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ

၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ

၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ

၄၀။ ကပ္ပတိန်စောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ပထမပိုင်း)

၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြသေ့်စစ်ဆင်ရေးများ

၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး


www.burmeseclassic.com

www.burmeseclassic.com

၄၃။ ဗိုလ်ချုပ်ကြီးဝီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ
၄၄။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ
၄၅။ ကမ္ဘာ့တိုက်စောနာမှု၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ဒုတိယပိုင်း)
၄၆။ ထင်ရှားကျော်ကြားပဲခူးရိုးမတိုက်ပွဲများ
၄၇။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်နှင့် ဂါဇာလာတိုဘရပ်တိုက်ပွဲ
၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ
၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ
၅၀။ မော်ဖဒေသတိုက်ပွဲများ
၅၁။ ဗိုလ်ချုပ်ကြီးဇုးကော့ဗ်နှင့် မော်စကိုစတာလင်ဂရက်တိုက်ပွဲများ
၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ
၅၃။ ခြူးရွှေပန်ကောက်တိုက်ပွဲကြီး
၅၄။ ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီယက်နှင့် ကမ္ဘာကျော်ဒင်ဗင်ဖူးတိုက်ပွဲကြီး
၅၅။ ရဲဝံ့စွန့်စားတကယ့်ကွန်မန်ဒိုများ
၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)
၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ
၅၈။ မိုင်းယောင်းတိုက်ပွဲ
၅၉။ ကြံ့ခိုင်ဖူးသော မြစ်ကူးစစ်ဆင်ရေးများ
၆၀။ မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက် တိုက်ပွဲကြီး
၆၁။ ဘာ့တ္တိုယခေါ်မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း(ဒုတိယအကြိမ်)
၆၂။ ကြံ့ခိုင်ဖူးသော ချုံခိုတိုက်ပွဲများ

၆၃။ သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ
၆၄။ မြဝတီတိုက်ပွဲ
၆၅။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၂)
၆၆။ မဲသဝေါတိုက်ပွဲ
၆၇။ အစ်ကိုတို့ရေတန်း
၆၈။ ၁၉၄၉ ခုနှစ်က သမိုင်းဝင်အင်းစိန်တိုက်ပွဲကြီး
၆၉။ ဌါသားများစစ်ထဲဝင်ရင်လေ
၇၀။ ကျွန်တော်တို့ KNU ကေအင်ယူဗဟို မာနေပလောကို တိုက်ခဲ့စဉ်က
၇၁။ သူတို့တိုက်ခဲ့သော ဟိုက်ကမ်းပါးနှင့် ခြူးရွှေပန်ကောက်တိုက်ပွဲကြီးများ

## ထုတ်ဝေရှိသည့်စာအုပ်

၇၂။ ဝမ်ခသစ် ခေါ် ကော်မှူးရာစခန်းသိမ်းတိုက်ပွဲကြီး

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၇၃။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၃)
၇၄။ ကျွန်တော်နဲ့ ပြောက်ကျားတိုက်ပွဲများ

www.burmeseclassic.com